www.burmeseclassic.com



# ပျား

မေတ္တာစေကျွန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဗျူး

မေတ္တာစောကျွန်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ၈တာ/နေ၁က် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်

အတွင်းဇလင်
ကိုပေါက် ☎ ၀၉ ၄၂၀၂၄၃၃၂၇

ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဇွန်လ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၁၈၄၊ ၀၁ ၈၅၀၀၆၉၄

၈၉၅. ၈၃
ဗျူး
မေတ္တာစေကျွန်
ဗျူးစာပေ ၊ ၂၀၁၄။
၂၄၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) မေတ္တာစေကျွန်

# အခန်း (၁)

"အင့်"

"ဆောရီး ကိုကို"

တိုက်လိုက်မိတာက အရှိန်မပြင်း။ မျက်နှာလေးပင့်မော့ပြီး တောင်းပန်လိုက်တာကတော့ ကပျာကယာပင်။

ရင်းနှီးသိကျွမ်းမှုမရှိပါဘဲ ကိုကိုဆိုသည့် နာမ်စားကိုသုံးလိုက်တာကတော့ ခုခေတ်မိန်းကလေးတွေရဲ့ အထာပဲဖြစ်မည်ထင်၏။

ဆယ်ကျော်သက်အရွယ် မိန်းကလေးတွေက သူမတို့ထက်အသက်နည်းနည်းကြီးမည်ထင်သည့် ယောက်ျားလေးတွေကို ဒီလိုတွေပြီး ရောနှောပတ်သက်ဖို့ ကြိုးစားတတ်တာမို့ လင်းရောင်နီ တစ်ချက်ပြုံး၍ လှည့်ထွက်လိုက်သည်။

"ဟင် ဘယ်လိုကြီးမှန်းမသိဘူး၊ သူများတောင်းပန်တာကိုနှုတ်တိုက်တဲ့အပြုံးပိစိကွေးလေးနဲ့ပဲ တုံ့ပြန်ရလား မုန်းဖို့ကောင်းလိုက်တာ"

www.burmeseclassic.com



ကျောခိုင်းလျက်က ကြားလိုက်ရသည့် အသံလေးက မှုန့်ချွဲပျစ်လွန်းလှသည်။ ဒီကောင်မလေးအသက် အလွန်ဆုံးရှိမှ ဆယ့်ရှစ်ကျော်ကျော်ပေါ့။ မျက်နှာဝိုင်းဝိုင်းပါးဖောင်းဖောင်း၊ နှုတ်ခမ်းတွဲတွဲလေးနှင့် တကယ့် ကလေးဆန်ဆန်ချစ်စရာလေးပါ။ ဒါပေမဲ့ ဝတ်ပုံစားပုံက ကျပ်ကျပ်ကပ်ကပ်နှင့် အရမ်းဟော့လွန်းနေတာကတော့ မျက်စိဆံပင်မွှေးစူးစေသည်။

"လင်းရောင် ဘာတွေပြုံးလာတာလဲ"

"ဪ ခုနက စင်တာထဲဝင်လာတဲ့ကောင်မလေးတွေနဲ့ တိုက်မိလာလို့ပါ"

ကားပေါ်ကထိုင်စောင့်နေသည့် သက်တင်က လင်းရောင်နီ စကားကြောင့် ပခုံးတွန့်ကာ ရယ်လိုက်ပြီး

"ဘာလဲ နောက်ဖာတ်လမ်း ထွင်လာတာလား"

"ဒီလို ကလေးအသေးအမွှား ပိစိကွေးတွေနဲ့တော့ မလန်းဘူးငါကောင်၊ ရင့်ပုလို့ သက်တူရွယ်တူတွေနဲ့ ကစားရတာ ရင်မလေးဘူး"

"တစ်ယောက်နဲ့မှ အလေးအနက်ရှိတာလည်း မဟုတ်ဘဲနဲ့ အပိုတွေ ကျွေးနေသေးတယ်၊ အကြောင်းသိတွေ၊ ကိုယ့်ရှေ့ရောက်လာသမျှ ကြီးကြီးငယ်ငယ် မင်းရှောင်လို့လား"

"သိရင်လည်း ပြီးရောကွာ ရွှေ့မယ်"

လင်းရောင်နီ ပြောပြီး ကားပေါ်တက်ထိုင်တော့ သက်တင် ကားကိုလိုမ့်ထွက်လိုက်၏။ သူငယ်ချင်းနှစ်ယောက်က လုပ်ငန်းချင်းမတူပေမယ့် တစ်ပတ်တစ်ခါတော့ အမြဲလိုဆုံဖြစ်ကြ၏။

လင်းရောင်နီက မြေနှင့်ကားအရောင်းအဝယ်ဘက်မှာ ဝါသနာထုံပြီး သက်တင်က အဆောက်အဦး ကန်ထရိုက်ဘက်မှာ ဆရာကြီးပင်။





နှစ်ယောက်လုံးက ငွေအရရှောင်သည့်အလုပ်တွေ လုပ်နေကြတာမို့ အသုံးအဖြုန်းနှင့် စိတ်တူကိုယ်တူရှိတာ တစ်ခုတော့ရှိ၏။

သက်တင်ရော ရောင်နီရော ရည်းစားသာများပြီး မိန်းမယူဖို့ စိတ်ကူးမရှိကြခြင်းပင်။

"သက်တင် ရှေ့က စားသောက်ဆိုင်မှာ ရပ်လိုက်ကွာ"

"စောသေးသလားလို့ အိမ်ပြန် ရေမိုးချိုးပြီးမှ တစ်ခေါက်ပြန်ထွက်တာ မကောင်းဘူးလား"

"အိမ်ပြန်ပြီး ကားမယူချင်လို့ မင်းကားနဲ့လာပါတယ်ဆိုမှ မင်းက ကျိုင်လာပူနေသေးတယ်"

"ညက မင်းအဖေအိမ်မှာ အိပ်တာလား"

"ခေါ်လို့သွားလိုက်တာ၊ မနက်လင်းတော့ သွားစရာရှိလို့ ကားထားခဲ့တဲ့၊ ကင်းအောင်နေချင်လို့ ကိုယ့်ဘာသာ ကွန်ဒိုဝယ်ပြီးနေတာ တောင် ဖယားတွေက လာငြိနေတယ်"

"သူက မိဘပဲကွ၊ လိုအပ်လို့ ပေးသုံးတာ ဘာဖြစ်လို့လဲ"

"စမောလေးကို ရှောပင်လိုက်ပို့ဖို့ ငါ့ကားကိုသုံးတာ မကြိုက်တာ"

"စမောလေးက မင်းအဖေ မိန်းမ၊ မင်းမိထွေးလေ၊ သူတို့ ပေါင်းလာတာ ဆယ့်ခြောက်နှစ်ကျော်နေပြီ၊ မင်းအခုထိ အသိအမှတ်ပြုဖို့ မစဉ်းစားသေးတာတော့ မင်းလွန်တာပေါ့"

"ငါလည်း ဖေဖေရဲ့အသိအမှတ်ပြုမခံရတာ ဆယ့်ခြောက်နှစ်ကျော်ပြီလေ၊ သက်တမ်းရင့်လေ အမုန်းရင့်လေပဲ၊ ငါ့ရင်ထဲမှာ အနာတွေ ရှိတယ်၊ ဖြေဆေးမရှိဘူး၊ ကဲပါကွာ ဆိုင်ရှေ့မှာ ကားရပ်စမ်းပါ"

"အေးပါကွာ မင်းကလည်း"



www.burmeseclassic.com

www.burmeseclassic.com



လင်းရောင်နီ နည်းနည်းပေါက်ပြီဆို သက်တင် သိပ်ပြီးစောဒက မတက်။ စိတ်တိုင်းကျ လိုက်လျှောပေးတာက လင်းရောင်နီ ခံစားချက်တွေကို နားလည်ပေးမိလို့ပါ။

"ဘာသောက်မှာလဲ"

"ဘီယာပဲချ"

"အသက်က နည်းနည်းရလာပြီနော်၊ ဗိုက်ရွဲနေဦးမယ်"

"အရက်ကရော ဘယ်နေရာကောင်းနေလို့လဲ၊ ဘီယာက များများသောက်မှ မူးတယ်၊ အရက်က မြန်မြန်မူးတယ်၊ အိမ်ကိုနောက်ကျပြန်ပြီးမှ ကားသွားယူမှာမို့ ဘီယာပဲသောက်မယ်၊ ဒီဆိုင်မှာ ကြာကြာနေရတော့ အကုသိုလ်ကင်းတယ်၊ အမြည်းကြိုက်တာမှာ သက်တင်၊ စကားမများနဲ့"

ဖွင့်ပေးလိုက်တော့ သက်တင် စိတ်ကြိုက်မှာသည်။

သူတစ်ပြန် ကိုယ်တစ်လှည့်ဆိုပေမယ့် ကိုယ်တိုက်ရသော အလှည့်ဆိုလျှင် သက်တင် သွားဖြဲနားဖြဲ စီးပိုးတတ်၏။

"ငွေရှာနိုင်တာချင်းတူပေမယ့် ငါရှာလို့ရတာက မိသားစုကို ထောက်ပံ့ရတယ်၊ မင်းက မိသားစုရှိရဲ့နဲ့ ထောက်ပံ့ရမှန်းမသိ၊ တစ်ယောက်တည်း သုံးဖြုန်းနေတဲ့ကောင်၊ အဲဒါကြောင့် မင်းအလှည့်ဆိုရင် ငါ့ကို ပိုသောက်တာ မငြိုငြင်သင့်ဘူး"

အဲလိုမျိုး မျက်နှာပြောင်လျှက် ပြောတတ်သူပါ။ ကိုယ်ကလည်း သဒ္ဓါစိတ်ရှိပြီးသားမို့ ပြောနေဖို့လည်း စိတ်ကူးမရှိပေ။ အခုနောက်ပိုင်းဆိုလျှင် ကိုယ်ကပဲ ဒကာခံလိုက်တာရှိပြီး အဖော်အဖြစ် တစ်ပတ်တစ်ခါလောက် အနားမှာရှိပေးနေတာပဲ ကျေးဇူးတင်လှပါပြီ။

"သက်တင် အခုတလော တိုက်ခန်းဈေးတွေ ဘယ်လိုနေလဲ၊



တန်ဖိုးနည်းအိမ်ရာတွေပေါ်လာတော့ မင်းတို့မချောင်တော့ဘူးပေါ့"

"တန်ဖိုးနည်းအိမ်ရာက ငါတို့နဲ့ဈေးမှမကွာတာ၊ တုန်လှုပ်စရာဘာမှမရှိပါဘူး၊ မြေဈေးမာတာကို မလျှော့သရွေ့ တို့အတွက်က အခြေအနေကောင်းနေဦးမှာပဲ၊ လှုပ်လှုပ်ခတ်ခတ်ဖြစ်လည်း ခဏပေါ့ကွာ၊ ကားဈေးကွက်လို အရှုံးကြီးတယ်ဆိုတာမျိုး မရှိဖူးဘူး"

"အေးကွာ ငါလည်း အခုကားဆက်မှာ ခဏထိုင်ပြီး မြေကစားချင်ရာ စိတ်ဝင်စားနေတယ်"

"ဟိုတစ်ပတ်က ငါးရာလောက်မြတ်လိုက်တယ်ဆို"

"ပေါက်ဈေးထက်စာရင် အရနည်းပါတယ်၊ ကားဆက်က အရှုံးကြောင့် အရင်းနည်းမှာစိုးလို့ ထုတ်လိုက်တာ"

"မင်းအဖေ အလုပ်သိပ်မကောင်းဘူးမဟုတ်လား၊ နည်းနည်းဖဲ့ကျွေးလိုက်ပါလား"

"သူ့မိန်းမနဲ့သမီးအတွက် သူ့ဘာသာ ရှန်းကန်လိမ့်မယ်၊ ငါနဲ့ဘာမှမဆိုင်ဘူး"

"မိထွေးကို ထည့်မတွက်ချင်တောင် မင်းအဖေရဲ့သမီးက မင်းညီမလေးလေ၊ သူ လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ မင်းမှာလည်း တာဝန်ရှိတယ်"

လင်းရောင်နီ ဟက်ခနဲ ရယ်သည်။ ကိုင်မြှောက်ထားသော ဘီယာခွက်ကို မသောက်ဘဲ ပြန်ချလိုက်ပြီး

"လင်းရောင်နီ ဘဝမှာ ညီမလည်းမရှိဘူး၊ အဖေလည်းမရှိဘူး သွေးသားဆိုတာ နွေးထွေးမှုရှိမှ အပြန်အလှန် စီးဆင်းတာ၊ ဘယ်သူက ငါ့အပေါ် ကြင်နာလို့လဲ၊ အဲဒီညီမဆိုတာလည်း မိထွေးရဲ့ဒိုင်ယာလော့တွေနဲ့ အိုင်ဒီယာတွေနဲ့ ငါ့ကိုမျက်မုန်းကျိုးနေတာ"

www.burmeseclassic.com



"အဲဒါ အပြန်အလှန် တုံ့ပြန်မှုကြောင့် ဖြစ်ပါလိမ့်မယ်၊ မေတ္တာဆိုတာ အပေးအယူရှိတယ်၊ မင်းပေးသလောက် မင်းပြန်ရမှာ"

"ငါ မေတ္တာငတ်မွတ်နေတဲ့ကောင် မဟုတ်ဘူး သက်တင်၊ အပြင်မှာလိုသလောက် ရှာလို့ရတယ်"

"မတူတာက မိသားစုမေတ္တာ မဟုတ်ဘူးလေ၊ မင်း သိပ်ရှာစရာမလိုဘဲ အလကားလိုရနေတာတွေက လမ်းဘေးက အပူတွေ"

"အဲဒီအပေါ်မှာ ငါ ကျေနပ်တယ်၊ ငါပျော်တယ်၊ ငါ့အဖေက ငါ့အမေသေမှ နောက်မိန်းမယူခဲ့တာမဟုတ်ဘူး၊ အဲဒီလမ်းဘေးက စမော်နဲ့ ဖေဖေ အပြင်မှာရှုပ်နေလို့ မေမေက အဲဒီစိတ်နဲ့သေတာ၊ မေမေသေလို့ အဲဒီမိန်းမကို အိမ်ပေါ်ခေါ်တင်လာတော့ ကိုယ်ဝန်က ပါလာပြီ၊ ငါ့အတွက် အဲဒီအချိန်တွေက ငရဲခန်းပဲ"

ဘီယာခွက် ဆောင့်ခနဲ ချသံက လင်းရောင်နီရဲ့ခံပြင်းမှုတွေအတွက် သက်သေပဲဖြစ်၏။ ကြမ္မာဆိုးတစ်ခုလို့ ယူဆထားခဲ့သော ထိုကဏ္ဍကို မီးလောင်တိုက်သွင်းပြီး ဖျောက်ဖျက်ပစ်လို့ မရသရွေ့ ဒီအတိုင်းအာဃာတတစ်ခုလို အမြဲစိတ်တွယ်နေမှာပဲဖြစ်၏။

ဘဝက မှန်တိုင်းမဟုတ်သော်လည်း အနားသတ်က မျဉ်းဖြောင့်တစ်ကြောင်းမဟုတ်ဘဲ။

ထိုကြမ္မာကို ပုံဖော်ထုဆစ်ခဲ့သော ဖေဖေ့ကို . . . ။

■ ■ ■

## အခန်း (၂)

"မင့်ကား ပြန်လာယူတာလား၊ ဖအေဆီ နှစ်ရက်သုံးရက်လောက် ထားလိုက်တော့ ဘာဖြစ်မှာမို့လဲ"

"ကျွန်တော် အလုပ်လုပ်နေတာ ဖေဖေ၊ ကားမရှိရင် ခြေချိုးထားသလိုပဲ၊ အလုပ်လုပ်ရတာ အဆင်မပြေဘူး"

"ဝယ်ရောင်းလုပ်ပြီး ကားထည်လဲစီးနေတဲ့သူက ဖအေအတွက် ကားလေးတစ်စီးလောက် ပေးထားတော့ ဘာဖြစ်မှာမို့လဲ"

"အဲလောက် အပိုဝင်ငွေရှိအောင် စုဆောင်းမထားဘူး ဖေဖေ၊ ကိုယ်ရှာတာ ကိုယ့်ဘာသာ သုံးလို့တောင် မလောက်ဘူး"

"မင်းခေါင်းထဲမှာ မိသားစုဆိုတာရော မရှိဘူးလား နီနီ၊ ဖအေ ငိုးမွှားရေးပျက်နေတဲ့အချိန်မှာ အဆင်ပြေနေတဲ့သားက ထောက်ပံ့ရကောင်းမှန်းမသိတာ ရင်နာဖို့ကောင်းတယ်"

ကားသော့ကို လက်ထဲထည့်မပေးသေးဘဲ ပြောနေသော ဖေဖေ့

www.burmeseclassic.com



စကားတွေကြောင့် ဂုတ်အထက်နားမှာရှိသည့် ဆံပင်တွေကို လက်နှင့် ထိုးဖွ၍ လင်းရောင်နီ မချိုးမခန့် ရယ်လိုက်သည်။ ဒဏ်ရာက အနာ မဆွေးဘဲ အသစ်လိုဖြစ်ပြီး နာကျင်နေတာကြောင့်ပါ။

"ကျွန်တော် ရင်နာတာက မေမေ မဆုံးခင် ဖေဖေ့ကြောင့် မျက်ရည်နဲ့မျက်ခွက် နာကျင်နေရတဲ့အချိန်တွေတည်းကပါ ဖေဖေ၊ အဲဒီ အချိန်တွေကရော ကျွန်တော်တို့သားအမိကို ဖေဖေ ငဲ့ညှာစာနာခဲ့လို့ လား၊ အဲဒီ ဒေါ်ကေသွယ်မျိုး ဆိုတဲ့ အငယ်အနှောင်းဖြစ်မယ့် မိန်းမ အပေါ်မှာပဲ စာနာစိတ်တွေ ငဲ့ညှာစိတ်တွေ တာဝန်ယူရမယ်ဆိုတဲ့မေတ္တာ စိတ်တွေနဲ့ ကျွန်တော်တို့သားအမိရဲ့နာကျင်မှုတွေကို ဖေဖေ လျစ်လျူရှု ခဲ့တာ မဟုတ်ဘူးလား"

"ကြာခဲ့ပြီ နီနီ၊ အဲဒီအချိန်က ဖေဖေ တကယ်ကို ဘေးကျပ် နံကျပ်နဲ့ ဒုက္ခတွေရောက်နေခဲ့လို့ပါ၊ ယောကျ်ားသဘာဝ အပျော်ရှာရင်း ငြိစွန်းမိတယ်၊ ဒီလိုပဲ ငွေနဲ့ရှင်းပြီး ရှောင်တိမ်းထွက်သွားဖို့ စဉ်းစားပြီး သား၊ ဒါပေမဲ့ ကေသွယ်မျိုးရဲ့အစ်ကိုတွေ မောင်တွေက ဓားကြိမ်းကြိမ်း ပြီး တာဝန်ယူဖို့ ခြိမ်းခြောက်တယ်"

"ကြောက်လန့်တာထက် ဒေါ်ကေသွယ်မျိုးအပေါ် မေတ္တာသက် ဝင်ချစ်ခင်လို့ တာဝန်ယူဖို့ ဆုံးဖြတ်လိုက်တာရော ငြင်းမလား ဖေဖေ၊ ယောကျ်ားပဲ မလိုချင်ရင် ရှောင်လို့တိမ်းလို့ရတယ်၊ မိသားစုကို အကြောင်း ပြပြီး ငွေနဲ့ရှင်းလို့ရတယ်၊ ဒါမှမဟုတ်ရင် မိသားစုကိုခေါ်ပြီး အဝေးကို ထွက်သွားလို့ရတယ်၊ အဲဒီအချိန်က မေမေ မျက်ရည်တွေနဲ့ နေ့စဉ်ရက် ဆက် တားဆီးခဲ့တာ မဟုတ်ဘူးလား"

"အေး မိန်းကလေးတစ်ယောက်ကို ငြိစွန်းပြီးရင် မင်းအလည့် ကျမှ ဘယ်လိုရုန်းထွက် ရှောင်တိမ်းမလဲဆိုတာ ကြိုစဉ်းစားထား၊ ဒီ





အမေကို အပြစ်တွေပြောပြီး အငြိုးနဲ့ပဲ တိုက်ခိုက်မနေနဲ့၊ လူ့ဘဝကို ကျင်လည်ဖြတ်သန်းနေတာ အဲလောက်မလွယ်ဘူး၊ အပျော်ရှာရင်းက လူပီပီသသ တာဝန်ယူလိုက်ရတာတွေ ရှိတယ်၊ နောက်တစ်ခုက မိသားစု အပေါ် တာဝန်ကြေနေရတာတွေ ရှိတယ်"

"နောက်မိသားစုအပေါ်တာဝန်ကြေဖို့ အရင်မိသားစုကို သေ ကွဲကွဲတဲ့အထိ ဖျက်ဆီးမိတာကိုရော ဖေဖေ နောင်တမရဘူးလား"

သူ့ရဲ့မေးခွန်းအတွက် ဖေဖေ မှိုင်ကျသွား၏၊ ဆိုဖာခုံကို နောက် မှီချလိုက်ပေမယ့် လက်ထဲက ကားသော့ကိုတော့ စားပွဲပေါ်မတင်သေးပေ။

"ဆုပ်လည်းဆူး စားလည်းရူးဘဝနဲ့ ရှေ့တိုးမရ နောက်ဆုတ် မရတဲ့အခြေအနေတွေ ရှိခဲ့တယ် သား၊ ကေသွယ်မျိုးကို တခြားမှာ တိုက်ခန်းဝယ်ပေးလိုက်မယ်၊ တာဝန်ယူတဲ့အနေနဲ့ လက်မှတ်ထိုးရုံပဲ ငါကို မင်းပိုင်ပါတယ်လို့ မင်းအမေကို အသနားခံကြည့်တယ်၊ မင်းအမေက လုံးဝကို ခါးခါးသီးသီးနဲ့ လက်မခံဘူး၊ ယောကျ်ားတိုင်းမှာ မှားတတ်တဲ့ အမှားဆိုပေမယ့် မင်းအမေကို နားလည်ပေးပါလို့ တောင်းဆိုခဲ့တာ မဟုတ်ဘူး၊ အပြစ်ပေးတဲ့အနေနဲ့ သူ့စိတ်တိုင်းကျလုပ်လို့ ပြောခဲ့တာ၊ အဲဒါလည်း မကျေနပ်နိုင်ဘဲ မင်းအမေက"

"ဖောက်ပြန်ခဲ့တာကိုက ဖေဖေ့အမှားလေ၊ မေမေ့မှာ ဘာ ချို့ယွင်းချက်ရှိလို့လဲ၊ မိန်းမပီပီသသ အိမ်ထောင်မှုထိန်းသိမ်းနိုင်တယ်၊ အဆင့်အတန်းရှိတဲ့ ပညာတတ်မျိုးရိုး၊ လင်ယောကျ်ားကို အိမ်ဦးနတ် လို ကိုးကွယ်ပြီး ရိုသေလေးစားတယ်၊ မိသားစုအပေါ် သစ္စာရှိတယ်၊ တန်ဖိုးထားတယ်"

"သား"

သားပြောတာတွေ မမှားတာမို့ ရင်မှာမချမ်းမြေ့ပေ၊ သားအမေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာအပြစ်မှမရှိပါ။ ကိုယ်ကလည်း အိမ်ထောင်ရေး အဆင်မပြေလို့ ဖောက်ပြန်ခဲ့တာမဟုတ်ဘဲ တကယ်ကို အပေါင်းအသင်းတွေဖြင့် သောက်စားမူးယစ်ပါးရင်းက ကေသွယ်မျိုးနဲ့ တွေ့ခဲ့တာ။

ကေသွယ်မျိုးက ကိုယ့်ထက်အများကြီးငယ်ရွယ်သလို သွက်လက်ထက်မြက်တာမို့ အပေါင်းအသင်းတွေကြားမှာ ကြွားဝါဂုဏ်ယူချင်စိတ်တွေနှင့် တွဲခဲ့သည်။ တခြားလူတွေကြားမှာ အရေးပေးခံရတာကိုလည်း ကျေနပ်ခဲ့၏။ အပေါင်းအသင်းတွေကလည်း ဒီလိုငယ်ရွယ်သူနှင့် ပတ်သက်ရတာကို အားပေးအားမြှောက်စကားတွေဖြင့် ပို့ပေးနေတာမို့ အလွန်အကျွံ မူးသည့်နေ့မှာတော့ . . . ။

"ပြောလေ ဖေဖေ၊ မေမေ ဘာမှားလို့လဲလို့"

"မမှားပါဘူး သားအမေဘက်က ဘာမှမမှားခဲ့ဘူး ဒါပေမဲ့"

"ဆင်ခြေတွေက မေမေ အသက်ကို ပြန်တောင်းယူလို့မရတော့ပါဘူး ဖေဖေ၊ မေမေက အဲဒီစိတ်နဲ့ သေဆုံးခဲ့တာ၊ ကျွန်တော်က အဲဒီဒဏ်ရာတွေနဲ့ မိသားစုနဲ့ကင်းကွာခဲ့တာ၊ ဒါပါပဲ၊ ဖေဖေကရော ကျွန်တော် ဒီလိုနေတာ ဘာမကျေနပ်စရာရှိလို့လဲ"

"လင်းရောင်နီ မင်း"

"ကားသော့ပေးပါ၊ နောက်အကြောင်းကိစ္စ အရေးမကြီးရင် ခဏခဏ မခေါ်ပါနဲ့၊ ကျွန်တော် အချိန်တိုင်း အားနေတဲ့သူမဟုတ်ဘူး ဖေဖေ"

"အေးပါ မင်းပြောတာကို မှတ်ထားပါမယ်၊ ဒီလိုအချိန်မှာ သားကြီးတစ်ယောက်အနေနဲ့ အားကိုးချင်ပေမယ့် မင်းက ဥပေက္ခာပြုရက်မှတော့ ဘာတတ်နိုင်မှာလဲ"

လက်ထဲကို ကားသော့ထည့်ပေးရင်း ပြောလိုက်သည့် ဖေဖေ့





စကားအတွက် ရင်မှာ ဘာမှမခံစားရ။ ဒီလိုနေနိုင်အောင် ဖေဖေ မေမေ့အတွက် သူ ကြေကွဲဝမ်းနည်းနေချိန်တွေမှာ သူ့အပေါ် နှစ်သိမ့်ဖျောင်းဖျမှုမရှိဘဲ ဒေါ်ကေသွယ်မျိုး ကျေနပ်အောင် ချော့မြူဖေးမရင်းဖြင့် အချစ်မြိုးနေကြတာ သူ မမေ့နိုင်ပေ။

နှစ်တွေကြာပေမယ့် ဒဏ်ရာတွေက အလတ်ကြီးရှိပါသေးတယ်ဖေဖေ . . . ။

■ ■ ■

www.burmeseclassic.com

## အခန်း (၃)

ဒီနေ့ သက်တင်နှင့်ချိန်းဆိုထားခြင်း မရှိတာမို့ နိုက်ကလပ်ကို သူ တစ်ယောက်တည်း ရောက်လာခဲ့သည်။ သီချင်းသံဆူဆူညံညံဖြင့် စိတ်လွတ်ကိုယ်လွတ် ကခုန်နေတာတွေ မြင်ရလျှင် ကိုယ့်ရဲ့စိတ်တွေပါ တက်တက်ကြွကြွ ရှိလှတာမို့ စိတ်အပန်းဖြေချင်တိုင်း ဒီနေရာကိုတော့ ရောက်လာတတ်၏။

ကိုယ်သောက်ချင်သော ဝိုင်တစ်ခွက်ကို ဘားက ယူလာရင်း တီးလုံးအတိုင်း လူက လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ထိုအချိန်မှာ ကနေသည့် မိန်းကလေးတစ်ယောက် သူ့အနားရောက်လာကာ

"အဖော်မဲ့နေရင် တို့နဲ့တွဲကပါလား"

"စိတ်မပါသေးဘူး၊ တစ်ယောက်တည်း လန်းချင်လို့"

"တို့က ပိုလန်းအောင် လုပ်ပေးနိုင်ပါတယ်"

"ငါ စိတ်မပါတဲ့အချိန်ဆို ဘယ်သူ့မှ အားမနာတတ်လို့ မင်း ဒိုးတော့"





အပြတ်ပြောလိုက်မှ သူ့ကိုနှမြောသလိုကြည့်ပြီး ကောင်မလေး ရွေ့တော့သည်။ ဒီလိုနေရာမှာ ယောက်ျားတွေကိုလာပြီး ရောနှောပတ်သက်ချင်သော မိန်းကလေးတွေကို သူ အထင်မကြီးတတ်ပါ။ တချို့မိန်းကလေးတွေကျတော့လည်း ကျန်းမာရေးကြောင့်ဖြစ်ဖြစ် စိတ်ထွက်ပေါက်ရချင်လို့ဖြစ်ဖြစ် အတွေ့အကြုံရချင်တာမျိုးကြောင့်ဖြစ်ဖြစ် သူငယ်ချင်းအစုအဖွဲ့ဖြင့် ရောက်လာတတ်ကြသည်။

ဒီလိုနေရာလေးက စိတ်လွတ်ကိုယ်လွတ် ထွက်ပေါက်ရှာချင်သည့်လူတွေအတွက်တော့ အဆင်ပြေသော နေရာလေးပါ။

"ကိုကို"

"ဟင်"

"သူမျှားကို မှတ်မိလား"

"ဘာ"

ပခုံးချင်းတိုက်၍ လက်တို့ပြီး မေးနေသော ကောင်မလေးကို ဘယ်နေရာမှာ တွေ့ဖူးပါလိမ့်ဟု ဇဝေဇဝါ ဖြစ်နေမိသည်။ မျက်နှာဝိုင်းဝိုင်း ပါးဖောင်းဖောင်း နှာခေါင်းချွန်ချွန်၊ နှုတ်ခမ်းဖူးဖူး။

"ဟား"

"မှတ်မိပြီလား ကိုကို"

သေချာတာပေါ့။ စင်တာရှေ့မှာ လူချင်းဝင်တိုက်တုန်းက ဆောရီး ကိုကိုလို့ ပြောခဲ့သည့် ကောင်မလေး။ အဝတ်အစားက ကလို့အဆင်ပြေအောင် ဝတ်ထားတာမို့ တကယ့်အလန်း။

"ကိုကို"

"အင်း ဇဝေဇဝါပဲ၊ ညည်းက ဒီကို ဘဲနဲ့လာတာလား"

"မဟုတ်ပါဘူး သူမျှားမှာ ဘဲမရှိဘူး။ သူငယ်ချင်းတွေနဲ့လာတာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ ကနေတယ် တွေ့လား၊ အပြာရောင်အုပ်စု၊ ယောကျ်ားလေးတစ်ယောက်မှ မပါဘူး''

''ဩော်''

သူမ မေးငေါ့ပြရာ လှမ်းကြည့်လိုက်တော့ သူမအရွယ် သုံးလေးယောက် မီးကုန်ယမ်းကုန် ကနေတာ တွေ့လိုက်ရသည်။ သူငယ်ချင်းနှင့် စကားပြောနေသော သူ့ကိုလည်း စိတ်ဝင်တစားရှိုးသည့် သူလည်းရှိသည်။

''သွားလေ ညည်း ကနေတာမဟုတ်လား''

''ကိုကိုရော မကာဘူးလား၊ သူများတို့နဲ့ ကမယ်လေ''

''ဟင့်အင်း ညည်းတို့လို ကလေးတွေနဲ့ ကိုယ် မကာဘူး''

''အံမယ် သူများတို့ကိုများ ကလေးတဲ့၊ ဆယ့်ရှစ်နှစ်ပြည့်လို့ ဒီခန်းမထဲ ဝင်လို့ရတာပေါ့၊ အဲဒါတောင် မသိဘူးလား''

''သိလည်း မင်းတို့က ကိုယ့်ထက်ငယ်တာပဲ၊ ဒါနဲ့ ညည်းက ငါ့ကို ဘယ်လိုလုပ် မှတ်မိတာလဲ''

''ကိုကိုက စမတ်ကျလို့လေ၊ တိုက်မိတဲ့နေ့က မှတ်မှတ်ရရဖြစ်သွားတာ၊ သူငယ်ချင်းတွေကိုတောင် ပြန်ပြောပြဖြစ်တယ်၊ ကိုကိုက ရုပ်တည်ကြီးနဲ့ ကြည့်လို့ကောင်းတယ်လို့၊ ဟိုလေ ကိုကို့နာမည် ပြောပြပါလား၊ သူများသိချင်လို့''

''လင်းရောင်နီ''

''လင်း ရောင်နီ''

သံယောင်လိုက် ရေရွတ်လျက် သူမမျက်နှာလေး ပြုံးသွားသည်။ ပြီးတော့ ကလေးဆန်ဆန် အပြုအမူလေးဖြင့် သူ့မျက်နှာရှေ့မှာ လက်မလေးထောင်ပြပြီး



''လူလည်းမိုက်တယ်၊ နာမည်လည်း ဂွတ်တယ်၊ ပိုင်ခွက်ကိုင်ထားတာလည်း ဆွဲဆောင်မှုရှိတယ်''

လင်းရောင်နီ မျက်နှာလွှဲလျက် တစ်ချက်ရယ်လိုက်မိသည်။ ခုခေတ် ဆယ်ကျော်သက်မိန်းကလေးတွေ အဲလိုပဲ ရဲတင်းကြသလား။ ငယ်တူကောင်လေးတွေကိုကျော်လျက် ကိုယ့်ဆီရောက်လာတာတော့ အံ့သြစရာပင်။ သူ ပိုင်ခွက်ကို ကိုင်လျက် လှည့်ထွက်မည်အပြုမှာ

''ကိုကို နေပါဦး၊ ပြန်တော့မလို့လား၊ သူများတို့နဲ့ သီချင်းတစ်ပုဒ်လောက် ကမယ်လေ''

''ငါပြောတာ ညည်း နားမလည်ဘူးလား၊ ငါက ညည်းတို့လို ကလေးတွေနဲ့ မပတ်သက်ချင်ဘူး၊ ပြောရင် တစ်ခါနဲ့ နားမလည်ဘဲ ဒို့ကျတတ်လွန်းလို့ ပြီးတော့''

အထင်မကြီးဘူးဆိုတာပါ ထည့်ပြောချင်သည်။ ဒီအရွယ်လေးတွေနှင့် ဒီလိုနေရာမျိုးကို လာတာ မိဘတွေမသိကြဘူးလား။ များသောအားဖြင့် ပျက်စီးလွယ်သည့်နေရာကို မိဘတွေသိလျှင်တော့ ခွင့်ပြုမှာမဟုတ်ပေ။ မိဘတွေ မသိအောင် ခိုးလာကြတာပဲ ဖြစ်မှာပါ။ တကယ့်ဆတ်သုတ်ခ အရှုပ်ထုပ်တွေ။

''ပြီးတော့ ဆက်ပြောလေ ကိုကို''

''မပြောချင်ဘူး ညည်း ဖယ်တော့''

''ဟွန်း မုန်းဖို့ကောင်းလိုက်တာ''

ပေကပ်ကပ် လုပ်နေသော ကောင်မလေးကို တွန်းဖယ်ပြီး ထွက်လာတော့ ပါးစပ်က ဗျစ်တောက်ဗျစ်တောက်ပြော၍ ကျန်ရစ်ခဲ့သည်။ စိတ်မပါတော့တာမို့ အိမ်ကိုပဲ တန်းပြန်လာခဲ့၏။ ရေချိုးခန်းဝင်မည့်အချိန်မှာပဲ ဖုန်းသံက မြည်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အဝင်ဖုန်းကို ကြည့်လိုက်တော့ စိမ်းသဖင်ဆိုသည့် ရည်းစားဟောင်းလေး ဖြစ်နေသည်။ မွေ့ရာကြီးပေါ် ပက်လက်လှန် လှဲရင်းလိုက်ကာ

"ဟော စိမ်း"

"မောင် အခုတလော စိမ်းကို လာမတွေ့လို့ ဘယ်ကိုလွင့်နေသလဲ မောင်"

"ဒီရက်ပိုင်း မောင် အလုပ်မအားလို့ပါ"

"ဖုန်းဆက်ဖို့တောင် အချိန်မရှိဘူး ဖြစ်နေတာလား၊ ဒီမှာ လွမ်းလို့သေတော့မယ်"

"ဆောရီး ကိုယ်က အလုပ်ဖိစီးခံရရင် ကျန်တာတွေပါ စိတ်မပါတော့လို့ပါ၊ စိမ်းနဲ့တွေ့တဲ့အချိန်က ပျော်ရွှင်နေမှ ကောင်းမယ်လေ စိမ်းကို မောင်က စိတ်ချမ်းသာစေချင်တယ်"

"သွားပါ အပိုတွေ၊ ကွယ်ရင်မေ့ တွေ့သေအောင်လွမ်းတတ်တဲ့ သူဆိုတာ မသိဘူးမှတ်နေလား၊ ကဲပါ စိမ်းကို ဘယ်နေ့လာတွေ့မှာလဲ"

"စိတ်ရော လူရောအားတဲ့နေ့ ကိုယ် ကွန်တက်လုပ်လိုက်မယ် စိမ်းကလည်း မအားတဲ့အချိန်က များတယ်မဟုတ်လား"

"အင်း အဲဒါဆိုလည်း ပြီးရော၊ ဒါပဲနော် မောင်"

"အိုကေ"

စိမ်းသဖင်က ရုံးဝန်ထမ်းဖြစ်သလို ကိုယ်နဲ့သက်တူရွယ်တူ သိပ်စကားအခြေအတင် မပြောရဘဲ သဘောပေါက်လွယ်သည်။ အရှိန်လည်း ကဂျိုကကျောင်မကျတာမို့ သူနှင့်ရည်းစားသက်တမ်း ခြောက်လကျော်မျှ တွဲလာသည့် အရှည်ကြာဆုံးလည်းဖြစ်၏။

သက်တင်ကတော့ မေးသည်။

"မင်း ဒီတစ်ယောက်ကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားသလား"

တဲ့။ ဟင့်အင်းလို့ သူ ကပျာကသီပဲ ခေါင်းယမ်းပြခဲ့သည်။ သူ့အတွက်တော့ တကယ်ချစ်သည့်မိန်းကလေး တွေ့ခဲ့ရင်တောင် လက်ထပ်ဖြစ်မည် မထင်။

အိမ်ထောင်တစ်ခုရဲ့ ချုပ်ကိုင်မှုကို သူ ဘယ်တော့မှ ခံမည်မဟုတ်ပါ။ ဖေဖေက မိန်းမတစ်ယောက်ရဲ့လွှမ်းမိုးမှုကြောင့် မေမေနှင့်သူ့ကိုတောင် ဥပေက္ခာပြု စွန့်ပစ်ရက်သူမဟုတ်ပါလား။

သူ ဘယ်တော့မှ အိမ်ထောင်တစ်ခုရဲ့ ထောင်ချောက်၊ မိန်းမတစ်ယောက်ရဲ့ချုပ်ကိုင်လွှမ်းမိုးမှု ခံမှာမဟုတ်ပေ။

အနာမဆွေးသရွေ့ ဒဏ်ရာမကျက်သရွေ့ ဆိုပါတော့ . . ။

■ ■ ■





www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"ရိုးမကိုင်ထားတဲ့ မြေဈေးက မာနေလို့ ငါ့သူဌေးက ဈေးဆစ်နိုင်းနေတယ်၊ အလျှော့အတင်း တာဝန်ယူနိုင်ရင် မင်းကို ပွဲခကောင်းကောင်းရအောင် ငါ တောင်းပေးမယ် ဟိတ်ကောင်"

ဖုန်းပိတ်ပြီး အိပ်တာတောင် အိပ်ရာနိုးလို့ ဖုန်းဖွင့်လိုက်သည်နှင့် သက်တင် ဖုန်းက တန်းခနဲ ဝင်လာသည်။ ရေချိုးသဘက်ကို ပခုံးပေါ်တင်လိုက်ရင်း

"ဒီဘက်မှာလည်း ဝယ်လက်ရှိတယ်လို့ သတင်းကြားတယ်ကွ၊ စိတ်ဝင်စားတဲ့သူများလို့ ပေါက်ဈေးမဟုတ်ဘဲ ဈေးတင်နေလို့ အားလုံးတရေ့မတိုးဘဲ နေနေကြတာ၊ ငါသေချာစုံစမ်းကြည့်လိုက်မယ်လေ၊ အုပ်မိချင် တယ်ဆိုရင်တော့ ဈေးညှိကြည့်ရမှာပေါ့၊ အရမ်းလည်း မျှော်လင့်မနေနဲ့ ငါက ပွဲခရမယ်ဆိုပြီး အောက်ကနေတော့ ဈေးဆစ်ပေးမှာမဟုတ်ဘူး"



"ဈေးကစားတဲ့သူတွေက မင်း ဖြဲခြောက်လိုက်ရင် ကြောက်ကြတယ်ဆိုတာ ငါ သိပါတယ်၊ အခု ဘရိတ်ဖတ်စ် ဆွဲပြီးပြီလား"

"အခုမှ နိုးတာ၊ မင်းထွက်လာမလို့လား"

"သတင်းစုံစမ်းခိုင်းထားတော့ ငါ နည်းနည်းလွတ်နေတယ်ကွ၊ နောက်တစ်ခု အဆင်ပြေချင်လို့ မင်းနည်းနည်းလှုပ်ရှားပေးကွာ၊ ငါ ထွက်လာခဲ့ပါမယ်၊ ဆိုင်က စောင့်နေ၊ ငါဒကာခံမယ်"

သက်တင်က အခွင့်အရေးတစ်ခုရဖို့ဆိုလျှင် အဲလို မက်လုံးပေး၍ မြူဆွယ်တတ်၏။ ဘာဖြစ်ဖြစ် ကိုယ့်အတွက်လည်း အကျိုးအမြတ်ရှိနိုင်သည့်ကိစ္စမို့ သက်တင်နှင့်တွေ့ရန် ယမုံနာ ကော်ဖီဆိုင်ကို ထွက်လာခဲ့သည်။ သက်တင်က ဝိရိယရှိစွာ ကိုယ့်ထက်တောင် ကြိုရောက်နေ၏။

"သူငယ်ချင်း ကြိုက်တာဆွဲ၊ မှာချင်တာမှာ"

"မဖားနဲ့ ပုံမှန်အတိုင်း ဆက်ဆံ"

ခုံမှာဝင်ထိုင်ရင်းပြောတော့ သက်တင် ပြုံးဖြီးဖြီးလုပ်နေသည်။

"ဘာထူးလဲ"

"ဖုန်းနဲ့ချက်ကြည့်တာတော့ ကြားခံပွဲစားတစ်ယောက်ရှိသေးတယ်ကွ၊ သူက ဘယ်၍ဘယ်လောက်ဆိုတာ အော်နေတာ၊ ကုမ္ပဏီအတွက် အကျိုးများရင် သူ့အတွက် အမြတ်များများရမယ်လေ၊ မတန်တဆဆိုရင် ဝယ်လက်တွေတန့်ပြီး နေရာရွှေ့သွားမှာကို သူ နားမလည်ဘူး၊ အဲဒါ သူ့ကိုဖယ်ပြီး ငါ ဝင်လုံးဖို့ စဉ်းစားထားတယ်"

"စည်းကျော်သလို ဖြစ်မနေဘူးလား။ ပုပ်ကုန်မဟုတ်လို့ ကုမ္ပဏီကလည်း မလွှတ်ချင်တာလားမှ မသိတာ"

"ရိုးမကုမ္ပဏီက အရင်သူဌေးမဟုတ်တော့ဘူးကွ၊ ဖောင်းကစားနဲ့ အီသွားလို့ နာမည်ရောင်းပြီး နိုင်ငံခြားပြေးပြီ၊ အခုက သူဌေး

www.burmeseclassic.com



အသစ်၊ အကျိုးအမြတ်ပဲလိုချင်တာ၊ ဘာမှနားလည်တာ သိတာ မရှိဘူး"

"ဒါဆို"

"ခဏပဲစောင့် အဆင်ပြေသွားလိမ့်မယ်၊ ဒေါ်လာဈေးကစားလို့ ကျရိုပ်ပြရင် ဝင်စီမယ်၊ ငါ့ကိုယုံတယ်မဟုတ်လား"

"ဒီဥပမိရှုပ်နဲ့ လုပ်စားနေတာ၊ မယုံဘဲရှိမလားကွာ"

သူ့ရဲ့ရုပ်ကို တင်စားတော့ သူများလို့ပြောတတ်သည့် ကောင်မလေးကိုတောင် သတိရလိုက်မိ၏။

"ဟကောင် ရုပ်တည်ကြီးကနေ ဘာလို့ ပြုံးတာလဲ"

"ဟိုတစ်ခါ ကောင်မလေးကို သတိရလို့ပါ၊ စင်တာမှာတွေ့တဲ့ ချာတိတ်လေ"

"ကလေးတွေ အပူကပ်မခံချင်ဘူးဆို၊ ဘာလဲ ငြိနေပြီလား"

"မငြိပါဘူး၊ ကလပ်မှာ နောက်တစ်ခါတွေ့တယ်ကွ၊ မိတ်တွေက မနိုင်လို့ လွှတ်ထားတာလား၊ သူ့ဘာသာ မသိအောင် လွှတ်နေတာလား မသိဘူး၊ တကယ့် အကဲအလန်လေး"

"မင်းကို လာရောလို့လား"

"အထာလေးကတော့ ချစ်စရာလေးပါ၊ ဒါပေမဲ့ ဒီအရွယ်တွေက အလိုက်မသိတော့ အစတည်းက မပတ်သက်ဘဲ နေတာကောင်းတယ်"

"လွှတ်ပေးလိုက်ရင် ခွာသွားမယ် ထင်လား၊ ဒီအရွယ်တွေက ကပ်မိကပ်ရာ တွယ်တတ်တယ်၊ နာမည်တွေ ဘာတွေရော သိပြီလား"

"ငါ့နာမည်တော့ မေးလို့ပြောပြလိုက်တယ်၊ သူ့နာမည်တော့ မသိချင်လို့ မေးမကြည့်မိလိုက်ဘူး၊ သူများကလို့ ပြောတတ်တာလေးက တော့ စတိုင်ထွင်တာလား မသိဘူး၊ စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်"





"ငယ်တဲ့သူတစ်ယောက်လောက် ထားကြည့်ရင် ဘယ်လိုလဲ"

လင်းရောင်နီ ဆတ်ခနဲ ခေါင်းခါလိုက်သည်။ ရောက်လာသော မုန့်တွေကို ပလုပ်ပလောင်းစားပြီးမှ ကော်ဖီနှင့်မျှောချပြီး

"ငါက အပျင်းပြေအောင် ရည်းစားထားနေတာ၊ ညစ်အောင် လုပ်မယ့်သူနဲ့ဆို အဆင်မပြေဘူး၊ အရွယ်တူ ရည်းစားထားတာက စိတ်ကုန်လို့ဖြတ်မယ့်ဆို နားလည်သဘောပေါက်လွယ်တယ်၊ ကလေးတွေ တွယ်ကပ်နေရင် ရှင်းထုတ်ရခက်တယ်ကွ၊ ငါ ဘာကြောင့် အိမ်ထောင် မပြုချင်တာလဲဆိုတာ မင်းလည်း သိသားနဲ့"

"အဲလောက် ကြောက်လန့်နေရင်လည်း စိမ်းသဇင်ကိုပါ ဖြတ် လိုက်ပါလားကွ၊ ကြာကြာတွဲလာရင် သူလည်း လက်ထပ်ရအောင်တွေ ဘာတွေ ပြောလာနိုင်တယ်"

"စိမ်းက အပူတပြင်း ခွာထုတ်စရာမလိုအောင် အေးဆေးပါ တယ်၊ ခဏခဏ မတွေ့ရလို့လည်း ငြိုငြင်တာမရှိဘူး၊ တွေ့ကြတော့ လည်း ဟိုဟာဒီဟာ ကဂျီကဂျောင် ကျတာ သိပ်မရှိဘူး၊ စိတ်သက်သာ တာပေါ့ကွာ"

"မင်း တကယ် အိမ်ထောင်ပြုဖို့ စိတ်မကူးဘူးလား"

"ငါ မိန်းမတွေ နှောင်ဖွဲ့တာကို မခံချင်ဘူး သက်တင်၊ သူတို့ တွေကို အချိန်ပေးနေရရင် ငါ့ရဲ့လွတ်လပ်ခွင့်တွေ ဆုံးရှုံးသွားမယ်၊ ဖေဖေ တာ ငယ်ရွယ်တဲ့ဒေါ်ကေသွယ်မျိုးရဲ့ အလှတွေ တက်ကြွမှုတွေမှာ ယစ်မူး သွားလို့ မိသားစုကိုတောင် စွန့်ပစ်ရဲတယ်၊ အဲဒါ ဒေါ်ကေသွယ်မျိုးက ဖေဖေ့ရဲ့အသိဉာဏ်ရှိတဲ့စိတ်နဲ့ ဦးနှောက်ကိုပါ ဖမ်းစားထားလိုက်လို့လေ ငါ ဘယ်တော့မှ ဖေဖေ့လို အဖြစ်မခံဘူး"

"မင်းက လူပျိုလူလွတ်လေ၊ မိန်းမတစ်ယောက်နဲ့ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ နောက်ကြောင်းကို ငဲ့ညှာစရာ စာနာစရာ ဘာရှိလို့ ပြဿနာ တက်မှာလဲ''

"မင်းက ငါ့ကို အိမ်ထောင်ပြုကြည့်ပါလားလို့ တိုက်တွန်းနေသလိုပဲ၊ မင်းဘာသာ မိန်းမယူချင်ယူပါလား"

--- သူ့စကားကြောင့် သက်တင် ရယ်သည်။ ကော်ဖီကို ခွက်လိုက်မော့သောက်ပြီး စားပွဲပေါ်ပြန်တင်၍

"ငါက မိန်းမယူလို့ မဖြစ်သေးပါဘူးကွာ၊ အမေမရှိတော့ အိမ်ရဲ့ပြေလည်မှုအတွက် ငါ့မှာတာဝန်ပိုတယ်ကွ၊ အဘွားဆီငယ်ငယ်လေးတည်းကပို့ထားတဲ့ ညီမလေးကလည်း အဘွားဆုံးလို့ပြန်ရောက်နေတယ်"

"မန္တလေးမှာ မင်းသွားသွား တွေ့နေတဲ့ တစ်ယောက်လား"

"အေးလေ ငါ့မှာ အဲဒီညီမ တစ်ယောက်ပဲရှိတာ၊ ကျန်တာက အစ်ကိုလင်မယားနဲ့ တူလေးနှစ်ယောက်ပဲ၊ သူတို့ကိုလည်း တတ်နိုင်သလောက် ထောက်ပံ့ရသေးတယ်၊ ညီမလေးကလည်း ကျောင်းကိုအဝေးသင်နဲ့ဖြေပြီး သူငယ်ချင်းတွေနဲ့ ဘာလုပ်ချင်တယ်ဆိုလား မသိပါဘူးကွာ၊ အဘွားက အလိုလိုက်ခဲ့တော့ ပိုက်ဆံသုံးတာ ကြမ်းတယ်''

သက်တင် ညည်းညူနေသလားဟု လှည့်ကြည့်လိုက်တော့လည်း ပျော်နေသလိုပါ။ မိသားစုအတွက် ထောက်ပံ့ စောင့်ရှောက်ခွင့်ရှိတာကို ကြည်နူးနေသည့်ပုံမို့ စိတ်ထဲမှာတစ်မျိုးတော့ ဖြစ်သွားသည်။

"သက်တင် မင်း အခုငွေရှာနေတာ ဘယ်လောက်စုမိပြီလဲ"

"ဘယ်စုမိမှာလဲကွ၊ အိမ်မှာလိုအပ်တာရှိတာတောင် ပြည့်စုံအောင် မဝယ်နိုင်ဘူး၊ ညီမလေးက ကားပူဆာတာလည်း ဝယ်မပေးနိုင်သေးဘူး၊ ငါတောင် ဖွတ်ချက်စီးနေတာ ကြည့်ပါလား''

"မင်းကြည့်တော့လည်း ပင်ပန်းတဲ့ပုံ မပေါ်ပါဘူး"



"အမေနဲ့ညီမလေးကို လုပ်ကျွေးနေတာ ပင်ပန်းတယ်လို့ ထင်စရာလား၊ သူတို့က အဖေမရှိတဲ့အချိန်ကစပြီး ငါ့ကိုအားကိုးနေရတာ၊ အဲဒါကြောင့် ငါ အိမ်ထောင်မပြုတာ၊ ရည်းစားထားတာတောင် ကိုယ့်ဆီက ခြုံမြှုံက်စားမယ့်မိန်းကလေးမျိုးဆိုရင် စောစောစီးစီး လမ်းခွဲပြီးထားပစ်ခဲ့ရတာ၊ ယောကျ်ားလေးဆိုတော့ ရည်းစားမရှိဘဲလည်း မနေနိုင်ဘူးမဟုတ်လား၊ အာသာဖြေစရာလေးကလည်း ရှိဦးမှ''

အကြောင်းသိတွေမို့ သက်တင် ပွင့်ပွင့်လင်းလင်းပင် ပြောသည်။ ဒီအလုပ်ကိုလုပ်မှ တွဲမိသည်ဆိုပေမယ့် သက်တင်နှင့်က ငယ်ပေါင်းကြီးဖော်တွေလို တစ်ယောက်အကြောင်း တစ်ယောက် ရင်ဖွင့်ရင်းသံယောဇဉ်ကြီးကြသည်။ သက်တင် သူ့ထက်ပိုပြီး ကံကောင်းသည်က အမေအရင်း ညီမအရင်းနှင့်နေရပြီး မိသားစု နွေးထွေးမှုကို အပြည့်အဝ ခံစားရခြင်းပင်။ သူ့အတွက်ကတော့ အရာရာက သူစိမ်းဆန်ဆန်ပါ။

ဒါကြောင့်မို့ သူကရော ဘာကြောင့် ခင်တွယ်နေရမှာလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ကိုကြီးသားက လွန်လွန်းတယ်၊ မိဘဒီလောက် အဆင်မပြေ ဖြစ်နေတာတောင် ငွေလေးကြေးလေး ထောက်ပံ့ရကောင်းမှန်းမသိဘူး။ သွားဖို့လာဖို့ ကားလေးငှားတာလည်း တွန့်တိုငြိုငြင်လိုက်တာလွန်လို့၊ စီးပွားရေးက အရမ်းကိုကျပ်တည်းနေပြီ၊ ဘယ်လိုလုပ်မှာလဲ ကိုကြီး။ သမီးဆယ်တန်းအောင်တာ တက္ကသိုလ်ဆက်မထားဘဲ အလုပ်လုပ်ခိုင်း ရမှာလား"

"မျိုးရယ် ခဏလေး"

ဦးထင်ကျော် စားပွဲပေါ်က သံပုရာရည်ခွက်ကို အရင်ယူသောက် ပြီးမှ အသက်ကိုမျှင်းမျှင်းရှူရသည်။ အခုတလော ရင်ပူရတာတွေများလို့ အသက်ပင် ကောင်းကောင်းရှူလို့မဝပါ။

"သမီးကို ဘာလို့ တက္ကသိုလ်မတက်ခိုင်းရမှာလဲ မျိုးရယ်၊ ကိုယ် ဒီအလုပ်မကောင်းရင် နောက်အလုပ်ပြောင်းလုပ်မှာပေါ့၊ အဆင်





မပြေလည်း ခဏပါပဲ"

"ခဏပါပဲဆိုတာ ဘယ်လောက်ကြာနေပြီလဲ၊ ကားကိုလည်း အရှုံးခံရောင်းပြီးပြီ၊ အတွင်းပစ္စည်းဆိုတာလည်း မရှိတော့ဘူး၊ အခု ကုမ္ပဏီတွေက အသက်ကြီးတဲ့သူတွေဆိုရင် အလုပ်မခန့်ချင်တော့တာ ကိုကြီးလည်း သိသားနဲ့၊ အရင်ကလို တစ်ခုမကောင်းရင် တစ်ခုပြောင်း လို့လွယ်မယ်ထင်လား၊ ကိုကြီးမှာ ပညာနဲ့လုပ်သက် ဘယ်လောက်ရင့်နေ နေ ဘယ်သူကမှ အလုပ်မခန့်ချင်တော့လို့ ဒီလောက်အဆင်မပြေဖြစ် သွားတာလေ"

"ကိုကြီး သိပါတယ် မျိုးရယ်၊ ကိုကြီးလုပ်ခဲ့တဲ့ ကုမ္ပဏီ ဒေဝါလီ ခံသွားတည်းက ဘာအလုပ်မှ အဆင်မပြေလို့ ကိုကြီးလည်း စိတ်ညစ်နေ တာပါ၊ မန်နေဂျာရာထူးနဲ့ မဟုတ်ဘဲ ကုမ္ပဏီတွေမှာ ကားဒရိုင်ဘာ အလုပ်ရမလားလို့တောင် လျှောက်ကြည့်ပါသေးတယ်"

"အသက်ငါးဆယ်နားကပ်နေလို့ ဘာအလုပ်မှမပေးချင်ကြဘူး မဟုတ်လား။ အစတည်းကသာ စုမိဆောင်းမိရှိပြီး ကိုယ်ပိုင်လုပ်ငန်းတစ်ခု လောက် ထူထောင်ခဲ့မယ်ဆိုရင် ဒီလိုပူပင်စရာ ရှိပါ့မလား အခုတော့"

ရတဲ့ငွေကို ချို့တဲ့စွာသုံးနေရတာလို့ အပြစ်တင်ခဲ့တာ ဘယ် သူလဲလို့ ဦးထင်ကျော် မေးလိုက်ချင်သည်။ ကေသွယ်မျိုးက သားအမေလို စီးတဲ့ရေ ဆည်တဲ့ကန်သင်း။ အိမ်ထောင်မှုမထိန်းသိမ်းတတ်ခဲ့တာတော့ အမှန်ပါ။ ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်လုပ်စဉ်က လစာအနည်းဆုံး ရှစ်သိန်းလောက်ရခဲ့သည်။ မိန်းမဆီအပ်ပြီးမှ တောင်းမသုံးချင်တော့ တစ်ဝက်လောက်ယူပြီး အပြင်မှာ ထင်သလိုသုံးခဲ့၏။

ဒါတောင် သားတို့အမေက ပိုလျှံလောက်အောင် သုံးလေ့သူ ပါ။ အိမ်ထောင်ပရိဘောဂလည်း စုဆောင်းတတ်ပြီး သားအတွက်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း လိုလေသေးမရှိခဲ့ပေ။

ကေသွယ်မျိုးနှင့်ကျမှ အကုန်အပ်တာတောင် မလောက်ငနိုင်ဘူးတဲ့။ ဒါပေမဲ့ မိန်းမငယ်ငယ်ယူထားမိသည်မို့ ဒီနေ့ထိ မငြိုငြင်ရက်ခဲ့ပါ။

"ဟူး"

"ကိုကြီး ဘာတွေသက်ပြင်းချတာလဲ၊ မျိုးကတော့ ဒီလောက်ကြီး ချို့တဲ့တာကို မနေနိုင်ဘူးနော်၊ ဒီအိမ်ကြီးကို ပေါင်တာရောင်းတာ တစ်ခုခုဖြစ်အောင်လုပ်"

"မျိုး ဒီအိမ်ကိုလုပ်လိုက်ရင် ဘယ်မှာသွားနေမှာလဲ၊ သားဆီ ကိုယ်ပြောကြည့်ပါဦးမယ်"

"ဒီလောက်အပြောခံထားရတာတောင် မျှော်လင့်နေသေးလား"

"သားက မိသားစုမေတ္တာ မရဘူးထင်နေလို့ပါကွယ်၊ ကိုယ်လည်း သူ့ကိုဥပေက္ခာပြုသလို ဖြစ်ခဲ့တယ်မဟုတ်လား၊ မျိုးလည်း သူ စိမ်းဆန်ခဲ့တယ်လေ၊ သူနေမကောင်းဖြစ်တဲ့အချိန်မှာတောင် ကြင်နာခဲ့လို့လား"

"သူလည်း မိထွေးလို့ပဲ သတ်မှတ်ခဲ့တာလေ၊ မအေတစ်ယောက်အဖြစ် အသိအမှတ်ပြုခဲ့လို့လား၊ ကလေးဘဝတည်းက မျိုးကိုရန်စောင်ခဲ့တာ ကိုကြီးလည်းအသိပဲ၊ မျိုးက မိထွေးမို့ ထားပါဦး၊ ကိုကြီး သွေးသားဖြစ်တဲ့သမီးအပေါ်မှာရော သူ ညီမတစ်ယောက်လို အခုချိန်ထိ ဆက်ဆံလို့လား"

"အနေဝေးလို့ သွေးစိမ်းနေတာပါ၊ မျိုးက နားလည်ပေးလိုက်ပါကွယ်"

ဒေါ်ကေသွယ်မျိုး နှုတ်ခမ်းတစ်စုံလုံး ရွဲ့သွားသည်။ ကိုယ်က သားတစ်ယောက်လို သဘောထားချင်တာတောင် ဒင်းက တန်ဖိုးထားရ





မှန်းသိလို့လား။ မြင်လိုက်တာနှင့် မျက်နှာလွှဲပြီး တိုက်ခိုက်ဖို့ပဲ ပြင်နေတာ။

မိထွေးဆိုတာနှင့် အကောင်းမြင်မခံရဖို့ ဝဋ်ကြွေးပါလာတာပဲ ဖြစ်လိမ့်မည်။

"မျိုးလည်း မာနရှိပါတယ်၊ သူ့ဘက်က ပျော့ပျောင်းမလာသရွေ့ မျိုးဘက်ကလည်း နားလည်ပေးဖို့ စိတ်ကူးမရှိဘူး ကိုကြီး၊ ကိုကြီးလို သားတစ်ယောက်အဖေ မုဆိုးဖိုကိုယူလိုက်ရတာကလွဲရင် မျိုး ဘာအပြစ်မှလုပ်မထားဘူး၊ နာချင်းနာ မျိုးဘက်ကသာ နာရမှာပါ၊ အဲဒီအချိန်က မျိုးက အပျိုစင်လေ၊ သူများအိမ်ထောင်ရေးကို ပြိုကွဲလိုစိတ်နဲ့မဟုတ်ပေမယ့် ဘယ်လိုမှ မလွှဲသာမရှောင်သာ"

"အခုချိန်မှ ကံကြမ္မာကို မလွှဲချပါနဲ့တော့၊ သားကို ကိုကြီး နားဝင်အောင် ပြောကြည့်ပါဦးမယ်၊ သားက အလုပ်အကိုင်ကောင်းလို့ ကွန်ဒိုဝယ်ပြီးတောင်နေနိုင်တယ်၊ မိဘက အိမ်တောင်ရောင်းရမယ့်အခြေအနေဖြစ်နေတော့ သား ဒီအတိုင်းကြည့်နေရက်မှာ မဟုတ်ပါဘူး"

"ဒီသားဟိုများ အမြဲတမ်း အထင်ကြီးစကားပြောတယ်၊ အကူအညီပဲ တောင်းကြည့်ပါဦး ရမလားလို့"

မဲ့ကာရွဲ့ကာ ပြောပြီး နောက်ခန်းထဲဝင်သွားသော ဒေါ်ကေသွယ်မျိုးကိုကြည့်၍ ဦးထင်ကျော် သက်ပြင်းတွေဖြင့် မောသွား၏။ မရှိတာထက် သိတာခက်၊ ဝင်ငွေနှင့်ထွက်ငွေမျှအောင် အသုံးအဖြုန်း ဘာလဲ နားလည်လို့ အခြေအနေက ခဏချင်းမှာ ဒီလိုချွတ်ခြုံကျသွားတာပါ။

အစတည်းက သိတတ်လို့ ထိန်းသိမ်းဆင်ခြင်ခဲ့မည်ဆိုလျှင် ဒီလိုဖြစ်စရာအကြောင်းမရှိပေ။ သမီးကိုလည်း အလိုလိုက်ထားတာမို့ သမီးလေးက အရွယ်လေးရောက်လာသည့်အခါမှာ လှချင်ပချင် သူများနည်းတူ သုံးချင်ဖြုန်းချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနှင့်ပတ်သက်ပြီး မြှောက်ပင့်သွေးခွဲမှုလေးတွေ ရှိတာကြောင့် သမီးကလည်း အစ်ကိုဖြစ်သူအပေါ်မှာ မိသားစုစိတ်ဓာတ်မရှိပေ။ ဒါတွေကိုမသိလို့ မဟုတ်ပေမယ့် သားဘက်က မလျှော့သလို ကေသွယ်မျိုးတို့ သားအမိဘက်ကလည်း တင်းနေတာမို့ ကြားထဲက ဖျန်ဖြေရသူ မောရုံပဲပေါ့။

သားရင်ထဲက အနာဟောင်းကို ကုစားမပေးနိုင်သရွေ့တော့ . . ။

■ ■ ■

အခန်း (၆)

"နုဝါ မျက်နှာလေးနည်းနည်းမော့ ရွှေဥက ခါးလေးနည်းနည်း စောင်း ဟုတ်ပြီ၊ မခိုတရှိ့လေးပြုံး၊ အေး ရိုက်ပြီနော်"

အိုက်တင်အမျိုးမျိုးနှင့် သူငယ်ချင်းသုံးယောက် ဓာတ်ပုံရိုက်နေကြတာ ပန်းခြံထဲမှာ သွားလာနေသောလူတွေတောင် သူမတို့သုံးယောက်ကို စိတ်ဝင်တစား လှည့်ကြည့်သွားကြသည်။

"ဟဲ့ ငါ့ကိုရိုက်ပေးဦး၊ နုဝါ နင်သွားရိုက်"

နုဝါ လက်ထဲ ကင်မရာ ထည့်ပေးပြီး မြခြူးယံ အိုက်တင်အမျိုးမျိုးဖြင့် ရိုးလုပ်နေသည်။ ထိုအချိန်မှာပဲ မြခြူးယံ မျက်လုံးများက သစ်နေရာမှာ စူးစိုက်သွား၏။

"ဟဲ့ မြခြူး ကင်မရာကိုကြည့်လေ၊ မေးလေးထောက်၊ ဘယ်မြခြံ ဆောက်လေးကို နည်းနည်းကွေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဩော် မြခြူး"

"ခဏလေး"

နုဝါနှင့်ရွှေဥ ပြောတာကို မြခြူးယံ ဂရုမစိုက်နိုင်ဘဲ လက်ချင်းတွဲချိတ်လာသော စုံတွဲဆီကိုသာ အာရုံရောက်နေသည်။

"ကိုကိုဟာ"

"ဘာကိုကိုလဲ"

"နင်တို့ကို ငါပြောပြဖူးတဲ့ ကိုကိုလေ၊ လင်းရောင်နီ"

"ဘယ်မှာလဲ"

"ဟိုမှာ"

"ဟင် ဘေးမှာအတွဲကြီးနဲ့"

"မောင်နှမလား မသိဘူးနော်"

"ဖြစ်နိုင်မလား ရုပ်ချင်းလည်းမတူ လက်ချင်းတွဲချိတ်လာတာကို"

မြခြူးယံ ရင်ထဲ ဘာကြောင့်ဝမ်းနည်းလှိုက်ရှုသွားမှန်းမသိပေ။ စကားတပြောပြောနှင့် တရွေ့ရွေ့ လျှောက်လာနေသော ကိုကိုက သူမတို့အနားရောက်လာသည့်တိုင်အောင် သူမတို့ကို သတိထားမိပုံတောင် မပေါ်ပေ။

"ကိုကို"

"ဟင် ညည်းတို့ ဘာလုပ်နေကြတာလဲ"

ရှေ့တည့်တည့်က လာရပ်ပြီးခေါ်တာမို့ လင်းရောင်နီ အမှတ်တမဲ့ ဖြစ်ကာ မေးလိုက်သည်။ သူမက သူငယ်ချင်းတွေဘက်လှည့်၍

"သူငယ်ချင်းတွေနဲ့ ဓာတ်ပုံလာရိုက်တာ၊ သီချင်းဆိုပြိုင်ပွဲတုန်းက ပါဖောမန့်စ်ဆုရတယ်လေ၊ အဲဒါ စီးရီးထုတ်ဖို့ စီစဉ်နေကြတာ



ကိုကိုတို့က"

"ဒါ ကိုယ့်ရည်းစား စိမ်းသဇင်တဲ့ မှတ်ထား၊ မကြာခင် လက်ထပ်တော့မှာ"

"ဩော်"

"ခွင့်ပြုဦး၊ မင်းတို့လည်း လုပ်စရာရှိတာ ဆက်လုပ်ကြပါ၊ ငါတို့ စိမ်းသွားရအောင်"

ဒီကောင်မလေး မှတ်လောက်သားလောက်ဖြစ်အောင် စိမ်းကို ဘယ်မင်တကာ ပခုံးလေးဖက်၍ ထွက်လာခဲ့သည်။ စိမ်းက နားမလည်နိုင်သလို မျက်ဝန်းလေး ဝေ့ကြည့်သော်လည်း ခပ်လှမ်းလှမ်းက ကော်ဖီဆိုင်ဆီကိုရောက်မှ . . . ။

"အဲဒီကောင်မလေးတွေက ဘယ်သူတွေလဲ မောင်"

"ဒီလိုပဲ သိကြတာပါ၊ တစ်ခါနှစ်ခါပဲ ဆုံဖူးသေးတယ်"

"ကိုကိုလို့ ခေါ်လိုက်တော့ လန့်သွားတာပဲ၊ မောင် နောက်ထပ်ရည်းစားတစ်ယောက် ထားလိုက်ပြီလားလို့"

"ထားဖြစ်ရင်တောင် ဒီလိုမျိုး ကိုယ့်ထက်ငယ်တဲ့သူတော့ မဖြစ်နိုင်ဘူး၊ ကြီးရင်မို ငယ်ရင်ချိတဲ့၊ ကိုယ်က ချိုပိုးချော့မြူနေရမယ့်ဟာမျိုးတော့ စိတ်မဝင်စားဘူး"

"ဟင်း ဟင်း မောင်ကပြောတော့မယ်၊ ဒါနဲ့ စိမ်းနဲ့လက်ထပ်တော့မှာလို့၊ အဲဒီကောင်မလေးကို ပြောလိုက်တာ၊ တကယ်လို့ ယူဆလိုက်ရမှာလား"

"ဟင့်အင်း ကိုယ့်ကိုတွယ်ကပ်မှာကို မလိုလားလို့ တမင်ပြောလိုက်တာ"

"ဟင် စိမ်းကို လက်ထပ်ဖို့ မောင့်မှာစိတ်ကူးမရှိဘူးပေါ့"

www.burmeseclassic.com



"တွဲကြည့်မယ်လို့ ပြောခဲ့တာ၊ လက်ထပ်ဖို့ရည်ရွယ်ချက်တွေ မပါဘူးလေ၊ ကြားထဲမှာ စိတ်ကုန်လောက်တဲ့ ပြဿနာတွေမရှိရင်တော့ မပြောတတ်ဘူးပေါ့၊ အဲဒီအတွက် စိမ်းဆီက ကိုယ် ဘာအခွင့်အရေးမှ မယူခဲ့ဘူးနော်"

ရှောင်တိမ်းလို့လွယ်အောင် စည်းမဖောက်ခဲ့တာ ကျေးဇူးဘ တတ်အောင် ပြောလိုက်တော့ စိမ်း မျက်နှာလေး မဲ့သွားသည်။ ကော်ဖီ ကို ဖွန်းလေးနှင့်မွှေပြီး စိမ်းရှေ့တိုးပေးလိုက်စဉ်မှာပဲ

"အဲဒီလို ဂရုတစိုက် လုပ်တတ်တာတွေက မိန်းကလေးတစ် ယောက်ကို ဖြားယောင်းနေတာပဲလို့ မောင် မတွေးမိဘူးလား"

"အနေစိမ်းလို့ သံယောဇဉ်ပြတ်မယ်ဆိုရင် နောက်တစ်ခါ လုပ်ပေးတော့ဘူး"

သူ့ဘက်က ပြတ်သားမှုကြောင့် စိမ်း မျက်နှာလေး တင်းသွား ပြီး

"မောင်က လုံးဝဆတ်ဆတ်ထိမခံဘူးနော်၊ ခဏခဏ အဲလို ဂရုစိုက်ခံချင်လို့ပြောတာကို မောင် နားလည်မပေးတတ်တာ ဆိုးတာပဲ"

"စွဲလန်းအောင် ဖြားယောင်းပြီးမှဆိုတဲ့ အပြစ်တင်သံမျိုးနဲ့ ချည်နှောင်မှုတွေဖြစ်လာမှာစိုးလို့ပါ၊ စိမ်းကို ကိုယ် ဝန်ခံဖူးပါတယ် ကိုယ် ဘယ်တော့မှ အိမ်ထောင်ပြုဖို့ စိတ်ကူးမိမှာမဟုတ်ဘူးလို့လေ ကိုယ့်ရာဇဝင်မှာ ဒီတစ်ယောက်ကိုချစ်၊ ဒီတစ်ယောက်နဲ့ပဲလက်ထပ်မယ် ဆိုတာမျိုး မရှိဘူး၊ စိမ်း လမ်းခွဲမယ်ဆို အားမနာတတ်အောင် ကိုယ် ကြိုပြောခဲ့သားပဲ၊ မျှော်လင့်ချက်တွေ ပေးထားတာမျိုး ကိုယ် ဘယ်တော့ မလုပ်ဘူး"

"မောင့်ဘက်က အားမနာတမ်း ပြောထွက်ခဲ့တာကို စိမ်း





အပြစ်မပြောပါဘူး၊ မောင် ပွင့်လင်းခဲ့တာကို စိမ်းက နာကျင်ရမှန်းမသိ ဘာပါ၊ ဘာပဲဖြစ်ဖြစ် ဒီလိုနားလည်မှုတွေနဲ့ လက်တွဲသွားရင်း သံယောဇဉ် လည်း ဖြစ်လာမယ်ထင်လို့"

စိမ်းအသံလေး အဖျားခတ်တုန်ယင်ကာ တိုးလျှသွား၏။ စိတ် ကောင်းသော်လည်း ဆုံးဖြတ်ချက်တို့ ပြင်ဖြစ်မှာမဟုတ်ချေ။

"စိမ်း ကော်ဖီသောက်လေ၊ ကိုယ် အလုပ်တစ်ခုချိန်းထားတာ ရှိလို့ သွားရဦးမယ်"

"ရုံးအားရက်လေးတောင် စိမ်းအနားမှာ ကြာကြာနေလို့ စိတ် ကူးဘူးနော်၊ သံယောဇဉ်တွေ ဒီလောက် ငြိမှာစိုးရင် ဘာလို့ စိမ်းကို ချည်းစားစကားပြောခဲ့သေးလဲ"

"ရည်းစားမရှိဘဲ မနေတတ်လို့"

ပွင့်လင်းစွာ အပြောမှာ စိမ်း စိတ်မဆိုးဘဲ ရယ်နေခဲ့သည်။ ကော်ဖီသောက်ရင်း ဓာတ်ပုံရိုက်နေမည့် ကောင်မလေးဆီ စိတ်ကရောက် သည်။ ဘယ်နေရာတွေ့တွေ့ အပူအပင်ကင်းလျက် အမြဲလို လွတ်လပ် ပေါ့ပါးလျက်ရှိသည်။ ဒီကောင်မလေး ဒီလိုမျိုးနေတာ မိဘမောင်ဘွားတွေ တစ်ယောက်မှ မသိကြဘူးလား။ သူ့ကိုကြည့်သော ရွှန်းလဲ့လဲ့မျက်ဝန်း များက စိတ်ကူးယဉ်ဖာတ်လမ်းဆင်ချင်နေတာကတော့ သိသာသည်။ နှောင်ဖွဲ့လို့မရအောင် စိမ်းနှင့်မိတ်ဆက်ပေးခဲ့တာ မှားမည်မထင်ပါ။ ဒါမှ ဒီကောင်မလေး ရှေ့ဆက်မတိုးရဲတော့မှာ။

မင်း ကလေးသာသာလေးပဲ ရှိပါသေးတယ် ကောင်မလေး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ကလင် ကလင်"

အခန်းဝက လူခေါ်ဘဲလ်သံကြောင့် အိပ်မှုန်စုံမွှားဖြင့် ထလာသည်။ သူ့ကွန်ဒိုအခန်းကို လာမည့်သူဆိုလို့ သက်တင်တစ်ယောက်သာ ရှိတာပါ။ သက်တင်လာမည်ဆိုလည်း ကြိုဖုန်းဆက်မှာပေါ့။

"သြော် ဒီကောင်ပဲဖြစ်မှာပါ"

ဖုန်းပိတ်ပြီး အိပ်တာမို့ ဖုန်းမဖွင့်ရသေးတာ အခုမှ သတိရပြီး တစ်ယောက်တည်း ရေရွတ်မိလျက် တံခါးသွားဖွင့်လိုက်သည်။

"ဟင် ဖေဖေ"

"အေး သား။ သားဖုန်းကို ဆက်လို့မရတာနဲ့ သားအပြင်မထွက်ခင် အချိန်မီအောင် လာလိုက်တာ၊ အခုမှနိုးတာလား သား"

"ဟုတ်ကဲ့"

သူ့ဘက်က မလိုလားမှုန်းသိပါလျက် ဖေဖေ ဘာကြောင့် သူ့





အိမ်အထိ ရောက်လာခဲ့သလဲ မသိပေ။ တိုပြတ်စွာ စိတ်မပါသလိုဖြေလိုက်ရင်း ဧည့်ခန်းဆိုဖာခုံမှာ ဝင်ထိုင်တော့ ဖေဖေလည်း ဝင်ထိုင်လိုက်သည်။

"ကော်ဖီသောက်မလား၊ ကျွန်တော် ရေနွေးတည်လိုက်မယ်"

"နေ နေပါစေ သား၊ ဖေဖေ အိမ်က မနက်စာ စားလာခဲ့ပါတယ်"

"ကိစ္စရှိလို့လား"

"အင်း ဆိုပါတော့ အကူအညီတောင်းစရာ ရှိလို့ပါ သား"

"ဖေဖေ့အတွက်ကလွဲရင် ကျွန်တော့်လူအတွက်ဆို မပြောနဲ့ ဖေဖေ"

"ဖေဖေက ဦးဆောင်ရှာနေရတာ ဘယ်သူ့အတွက်ဆိုတာ ရှိမလား သားရယ်၊ မိသားစု အဆင်မပြေတာ ဖေဖေ့တာဝန်ပဲပေါ့၊ ညီမလေး တက္ကသိုလ်တက်ဖို့ စရိတ်ရော အိမ်က စားဝတ်နေရေးမပြည့်စုံမှုအတွက်ရော အိမ်ကိုရောင်းရ ပေါင်ရမလားဆိုတဲ့ အခြေအနေတောင် ဖြစ်နေတယ်"

"ဟာ အိမ်ကိုတော့ ရောင်းလို့ရော ပေါင်လို့ရော မဖြစ်ဘူးနော် ဖေဖေ၊ ဖေဖေ ပေးခဲ့တဲ့ငွေနဲ့ စုဆောင်းပြီးဝယ်ခဲ့တာဆိုပေမယ့် မေမေသာ အိမ်ထောင်မှုမထိန်းသိမ်းတတ်ခဲ့ရင် ဖေဖေ အပ်တဲ့ငွေက သဲထဲရေသွန်သလို ဘာမှအဖတ်တင်ခဲ့မှာမဟုတ်ဘူး၊ ဒီအိမ်က မေမေနဲ့ အများကြီး သက်ဆိုင်တယ်"

"ဖေဖေလည်း မရောင်းရက်ပါဘူး ဒါပေမဲ့"

"ကျွတ်"

မြှုန်းခနဲ ခုန်ထကာ လင်းရောင်နီ တရှူးရှူး သွေးဆူသွားသည်။ သူ့ဆီက ငွေလိုချင်လို့ သွေးအေးအေးနှင့် လာခြိမ်းခြောက်နေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။ ဒါဟာ ဒေါ်ကေသွယ်မျိုး သွေးထိုးလှုတ်လိုက်တာကြောင့်ပဲဖြစ်မည်။

"အဲဒီမိန်းမကြီးက အိမ်ကိုရောင်းမှုဖြစ်မယ်လို့ ပြောလိုက်လို့လား ဖေဖေ"

"သူ့ဆန္ဒရယ်လို့ မဟုတ်ပါဘူး၊ ဖေဖေက အလုပ်အကိုင်အဆင်မပြေဘူး မဟုတ်လား၊ တခြားလုပ်ငန်းတစ်ခုခုလုပ်ဖို့ကလည်း အရင်းအနှီးလိုတယ်လေ"

"ကျွန်တော့်ဆီက ထောက်ပံ့မှုလိုချင်နေတာလား ဖေဖေ၊ ဖေဖေပြုစုပျိုးထောင်လိုက်တယ်ထင်လို့ အသီးအပွင့်ကို စားချင်နေတာလား။ ကျွန်တော် ဒီဘဝ ဒီအခြေအနေရောက်ဖို့ ကျွန်တော့်ဘာသာ ဘယ်သူ့တိုက်တွန်းအားပေးမှုမှမရှိဘဲ ကြိုးစားခဲ့တာပါ၊ ကျွန်တော် ဆယ်တန်းအောင်တဲ့နေ့မှာ ဖေဖေ ကျွန်တော့်အတွက် ဝမ်းသာပီတိဖြစ်ပြီး ဂုဏ်ယူခဲ့လို့လား။ နောက်မိန်းမနဲ့မွေးတဲ့ သမီးရဲ့မွေးနေ့ဆိုပြီး ဖေဖေတို့သုံးယောက် ဘုရားသွား ကျောင်းတက် ကစားကွင်းလိုက်ပို့နဲ့ အပြင်မှာပျော်နေခဲ့ကြတာလေ၊ အိမ်မှာမျက်ရည်တွေနဲ့ ကျွန်တော် တစ်ယောက်တည်းကျန်ခဲ့ရတာ၊ ဖေဖေ မသိခဲ့ဘူးမဟုတ်လား၊ အဲဒီအချိန်တည်းက ကျွန်တော်ဆုံးဖြတ်ချက်ချလိုက်တာ၊ ကိုယ့်ရဲ့အကောင်းအဆိုးမှန်သမျှ ကိုယ့်ဘာသာခံစားစံစားမယ်လို့"

"သားရယ် ဟိုလေ အဲဒီအချိန်က"

ဖေဖေ ဆင်ခြေတွေကို နားမထောင်ချင်သလို လင်းရောင်နီလက်ကာတားလိုက်သည်။

"တစ်ယောက်တည်း အပယ်ခံလိုနေခဲ့ရတဲ့အချိန်တွေမှာ ဆုံးဖြတ်ချက်တွေ တစ်ခုပြီးတစ်ခု ချဖြစ်ခဲ့တယ် ဖေဖေ၊ ငါ့ဘဝရပ်တည်မှုအတွက် ငါ့ဘာသာ ကြိုးစားမယ်ဆိုပြီး အဝေးသင်နဲ့ဘွဲ့ရအောင်ယူပြီး အဲဒီအချိန်တည်းက အလုပ်လုပ်ခဲ့တာ၊ မင်းငယ်ပါသေးတယ်ကွာ၊ အလုပ်မလုပ်ပါနဲ့လို့ ဖေဖေ တားခဲ့သလား၊ ပညာရေးအတွက် ဖေဖေ တာဝန်ယူမှာပေါ့၊ သားက ပညာပဲကောင်းကောင်းသင်ပါလို့ ဖေဖေ အားပေးခဲ့သလား။ ဒေါ်ကေသွယ်မျိုးက ယောက်ျားလေးပဲ ဒေါင်ကျကျ ပြားကျကျပညာမတတ်လည်း ဘာမှမဖြစ်ဘူး၊ ပညာမတတ်ရင် ပန်းနဲ့ထမ်းစားသိမ့်မယ်၊ သူ မျှော်မှန်းတဲ့ဘဝမှာ တန်ရာတန်ရာမှာပဲ နေရမှာလို့ ပြောတဲ့စကားတွေ ကျွန်တော် အကုန်ကြားခဲ့ပါတယ်"

"သား"

နာကြည်းချက်တွေကြောင့် သား အသံမာလာတာကို အပြစ်မပြောရက်ပေ။ ထိုအချိန်တွေက မျိုးရဲ့စကားတွေကိုပဲ နားဝင်ခဲ့တာပါ။ သားဘယ်လိုခံစားနေရမလဲ တစ်ခါမှပင် မတွေးခဲ့မိပေ၊ ဇနီးအသစ်နှင့်သမီးချစ်လေး ရှိနေသည်မို့ သားအပေါ် ဥပေက္ခာပြုခဲ့မိတာ ဒီအချိန်မှာ ပြန်ခံရတာလည်း တန်ပါသည်။

အတိတ်ကို ပြန်တွေးပြီး မခံမရပ်နိုင်ဖြစ်နေသော သားက ဆိုဖာခုံမှာ ပြန်ထိုင်၍

"ဒဏ်ရာတွေက ဒေါ်ကေသွယ်မျိုးကိုယ်တိုင် ထည့်ပေးခဲ့တာ၊ ထိုက်ခိုက်မှုတွေကို နားလည်မပေးနိုင်တာက သူက မိထွေးဖြစ်နေလို့ဆို၊ ဖေဖေသာ ကုစားပေးတတ်ခဲ့မယ်ဆိုရင် ဝေဒနာတွေ ဒီလောက်ကြွယ်ပြန့်ခဲ့မှာ မဟုတ်ဘူး ဖေဖေ"

"ဖေဖေ တောင်းပန်ပါတယ် သားရယ်၊ သားရင်ထဲမှာ အာဃာတတွေ ဒီလိုအမြစ်တွယ်မယ် မထင်ခဲ့လို့ပါ၊ စာနာမပေးခဲ့မိတာက အသစ်အပေါ်မှာ သာယာမိလို့ ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမဲ့ သားကို ဖေဖေ





www.burmeseclassic.com

အချစ်လျော့ခဲ့တာတော့ မဟုတ်ပါဘူး။ သားသမီးကို မချစ်တဲ့မိန်းမတော့ ဘယ်ရှိပါ့မလဲ''

"ဖေဖေ အခု သိပြီလား၊ နောင်တရပြီလား။ ဒါဆို ဒေါ်ဓေ သွယ်မျိုးတို့သားအမိကိုထားခဲ့ပြီး ဖေဖေ ကျွန်တော့်ဆီ လာနေလေ ဖေဖေ့ရဲ့နောက်ကျန်တဲ့အနာဂတ်ကို ကျွန်တော် တာဝန်ယူမယ်''

သူပြောလိုက်သည့်စကားကြောင့် ဖေဖေ့မျက်နှာ ရှုံ့မဲ့သွားကာ

"မဖြစ်နိုင်တာကို ဘာလို့ပြောတာလဲ သား။ မျိုး မွေးထားတဲ့ ယမင်းပျိုက သားမခေါ်ချင်ပေမယ့် မတော်ချင်လို့မရတဲ့ ညီမလေးလေ ဒီအဖေရဲ့သွေးသားနဲ့ဖြစ်တည်လာတဲ့ သားရဲ့ညီမလေးပါ။ တာဝန်မဲ့လို့ ဘယ်ဖြစ်မှာလဲ သား''

"အဲဒီလို တွေးတတ်တယ်ဆိုရင် ကျွန်တော့်တုန်းက ဖေဖေ ဘာလို့ တာဝန်မဲ့ခဲ့တာလဲ၊ အဲဒီအချိန်မှာ ကျွန်တော် နာကျင်တတ်နေပြီ နာကြည်းခံစားတတ်နေပြီ မိန်းမသေတာတောင် မကြာသေးဘူး။ နောက် မိန်းမငယ်ငယ်လေး တန်းယူတာပဲလို့ ပတ်ဝန်းကျင် ဝေဖန်မှုအောက်မှာ ကျွန်တော် ရှက်ရွံ့နေမှာရော ဖေဖေ မတွေးခဲ့မိဘူးလား''

"မှားခဲ့တယ်ဆိုရင်လည်း တောင်းပန်တယ်လို့ ပြောပြီးပြီ သားရယ်၊ အမြဲတမ်း အစဖော်ပြီး တစ်သက်လုံး တိုက်ခိုက်နေတော့မှာ လား''

"မပတ်သက်မိအောင် ကျွန်တော်လည်း နေချင်ပါတယ်၊ ဖေဖေ တို့လာပြီး ဖာတ်ရှုပ်နေလို့''

"သားတစ်သက်လုံး ပြတ်ပြတ်သားသား နေမယ်လို့ စိတ်ကူး ထားလို့လား။ မိဘလို့ မသတ်မှတ်ချင်အောင် နာကြည်းနေတယ်ဆိုရင် လည်း ဖေဖေထပ်ပြီး မတောင်းပန်တော့ဘူး။ ကိုယ့်ဘာသာ ရပ်တည်



နိုင်လို့ မာနနဲ့နေမယ်ဆိုလည်း နေလိုက်ပါ၊ ဖေဖေကတော့ မပြေလည်မှု တွေအတွက် အိမ်ကိုရောင်းပြီးတော့ပဲ ဖြေရှင်းတော့မယ်''

အတင့်ရဲစွာ ခြိမ်းခြောက်မှုက သူ့ကိုစိန်ခေါ်တာနှင့်အတူတူ။ မဖြစ်မနေ ငွေလိုအပ်နေဦးတော့ မေမေနှင့်သက်ဆိုင်သောအိမ်ဟာ ဖေဖေ့ သဘောဆန္ဒအတိုင်း လုပ်လို့မရပေ။ ဒါလည်း သူနဲ့သက်ဆိုင်တာပဲ မဟုတ် လား။

"အဲဒီသားအမိ သုံးဖို့ဆွဲဖို့ မေမေ့အိမ်ကိုရောင်းမယ်ဆိုရင် ကျွန် တော် ဒီအတိုင်း လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး ဖေဖေ''

"ဖေဖေ့မိသားစုဝင်တွေက သားနဲ့သူစိမ်းမဟုတ်ပါဘူး သား''

"ကျွန်တော့်အတွက်တော့ သူစိမ်းပါပဲ ဖေဖေ၊ ဘယ်သူက ဆွေမျိုးနီးစပ်လို့ ခင်တွယ်ခဲ့လို့လဲ၊ ယမင်းပျိုလည်း သူ့အမေရဲ့သွေးအ တိုင်း ကျွန်တော့်ကိုဆို မျက်မုန်းကျိုး ခါးသီးနေခဲ့တာပါပဲ၊ ခုချိန်ထိ ဒေါ်ကေသွယ်မျိုးကို လွှန်ဆန်နိုင်ခဲ့တာမဟုတ်ဘဲနဲ့ ကျွန်တော့်ကိုပဲ ဖျောင်း ဖျမနေပါနဲ့၊ တစ်သက်လုံးပဲ သူ့ရဲ့လွှမ်းမိုးမှုအောက်မှာ အပိုးကျိုးနေပါ''

"နီနီ သားရဲ့စကားတွေက''

"ရှင်းသွားတယ်ဆိုရင် ခွင့်လွှတ်ပါ ဖေဖေ၊ ကျွန်တော် ငွေ ဆယ်သိန်းပေးလိုက်မယ်၊ အဲဒါနဲ့ပဲ အခိုက်အတန့်ပြေလည်အောင် ဖြေရှင်း ပြီး တခြားလုပ်သင့်တာကိုလုပ်ပါ၊ မေမေ့အိမ်ကို လုံးဝရောင်းဖို့မလုပ်ပါနဲ့''

အံဆွဲထဲက ငွေဆယ်သိန်းအုပ် ထယူပေးလိုက်ပြီး ဘာမှမပြော ချင်တော့သလို မျက်နှာလွှဲလိုက်သည်။ ဖေဖေကလည်း လက်ထဲငွေရ သွားသည်နှင့် ပြန်တော့မယ်ဆိုတာတောင် ပြောပြီး သူ့ကိုနှုတ်ဆက်မသွား ပါ။ ဒီလောက်အနေဝေးပြီး စိမ်းနေပါလျက်နှင့် ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဒီငွေဆယ်သိန်းလောက်လေးပေးပြီး ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့ အသံကောင်းဟစ် အမိန့်ပေးလိုက်သလား၊ ဒါကို ဘယ်နေရာမှာ ဘယ်နှစ်ရက်သုံးရမှာလဲ"

"မျိုးရယ် ကိုယ်တို့ဒီလိုပဲ အဆင်ပြေအောင် ကြည့်လုပ်ကြတာပေါ့၊ ဒါတောင် အိမ်ကိုရောင်းမှဖြစ်တော့မယ်၊ ဘာညာပြောလို့ သားဘက်က ဒီငွေထွက်လာတာ၊ ကိုယ်တို့စောင့်ရှောက်ခဲ့တာ မရှိဘဲနဲ့ ဒီလောက်ငွေရလည်း ကျေးဇူးတင်သင့်ပါတယ်"

"ဘာပြောတယ် ကိုကြီး"

ဒေါ်ကေသွယ်မျိုး လေသံကျယ်လိုက်၍ ဦးထင်ကျော် ခေါင်းကြီးငုံ့ကျသွားသည်။ ဒေါ်ကေသွယ်မျိုးက လက်ထဲထည့်ပေးထားသော ငွေထုပ်ကို ဦးထင်ကျော် ရှေ့စားပွဲပေါ် ဘုတ်ခနဲ ပစ်လိုက်ပြီး



"အဲဒီငွေတွေ သွားပြန်ပေးလိုက် ကိုကြီး၊ စောင့်ရှောက်မှုမရှိလို့ဆိုပြီး သူ ရိုင်းစိုင်းတာကို ခံနေရမှာလား၊ ဆယ်တန်းနှစ်အထိ ကျွေးမွေးလာခဲ့တာကရော ကျေးဇူးတရားမဟုတ်ဘူးလား၊ လူဖြစ်အောင်မွေးထုတ်ခဲ့တာကရော မိဘမဟုတ်ဘူးလား၊ ကိုယ့်တာသာ ရပ်တည်ပြီး ကြီးပွားအောင်မြင်လာလို့ မာန်တက်နေတာ၊ မဖြစ်ထွန်းကြည့်ပါလား ဒီအရိပ်မှာပဲ သူတောင်းစားလို နိကပ်နေမှာ"

"မျိုးရယ် မင်းမှာလည်း အဲလိုမာန်တွေရှိနေလို့ သားနဲ့မရင်းနှီးတာ၊ မိသားစုဆိုတာ အဲလို အာဃာတတွေ မရှိရဘူး၊ တစ်ယောက်အမှားကို တစ်ယောက်က နားလည်သည်းခံပေးရမှာပေါ့"

"ဒါဆို ကိုကြီးသားကို အဲလိုပြောပြီး နားချလေ၊ သားကျတော့ အဲလိုမပြောရဲဘူးမဟုတ်လား"

"ကိုယ်က မမှန်ခဲ့လို့ သားကိုဆုံးမရမှာ ခက်နေတာပေါ့ မျိုးရယ်၊ သားခံစားချက်တွေကိုသိမှ ကိုယ် အရမ်းလွန်ခဲ့မှန်း အခုမှသိတယ်"

"ဩော် ...ကိုလက်ထပ်ခဲ့တာ မှားတယ်ပေါ့၊ သူ့အမေသေတာ မျိုးကြောင့်ဆိုပြီး သွေးထိုးလွှတ်လိုက်သလား၊ အဲဒါဆိုလည်း အခုကွာရှင်းလိုက် ကိုကြီး၊ မျိုးအရွယ်က နောက်ယောကျ်ားနှစ်ယောက်လောက်ထပ်ယူလို့ရသေးတယ်၊ ကိုကြီးထက် စည်းစိမ်အပြည့်ထားမယ့်လူကို ခေါင်းခေါက်ရွေးယူလို့ရတယ် သိလား"

"မျိုး တော်စမ်း၊ သမီးက အရွယ်ရောက်နေပြီ၊ မင်း ဘယ်လိုစကားတွေပြောနေတာလဲ"

အခန်းထဲက ထွက်လာသောသမီးကို မြင်လိုက်၍ ဦးထင်ကျော် တန့်တားလိုက်သည်။ ယမင်းပျို့က ညှိခန်းဆိုဖာခုံမှာ ဝင်ထိုင်လိုက်

"မေမေပြောတာ မမှားဘူး ဖေဖေ၊ ဖေဖေက ဖေဖေ့သားဘက်

www.burmeseclassic.com

www.burmeseclassic.com



က ခံစားချက်ကိုသိတယ်၊ ကိုနီ သွေးထိုးလွှတ်လိုက်တိုင်း သမီးတို့ကို အပြစ်ရှာနေတော့ ဘယ်လိုလုပ်မလဲ''

''သမီး ဘာနားလည်လို့ အဲလိုစကား ပြောတာလဲ၊ ဖေဖေက သွေးထိုးတိုင်း ယုံရအောင် ကလေးမှမဟုတ်တာ၊ သားဘက်ကလည်း နာကြည်းနိုင်တာပဲလို့ နားလည်ပေးရုံပါပဲ၊ အခုလည်း ဒီငွေကို ရအောင် တောင်းခဲ့တယ်''

''သဘောလို့ပေးလိုက်တာမဟုတ်ဘူးဆိုတာ သိပါတယ်၊ မိသားစု အဆင်မပြေလို့ စေတနာနဲ့ထောက်ပံ့တာမဟုတ်ဘူးဆိုတာလည်း နားလည်တယ်၊ ဒါပေမဲ့ ဒီငွေတွေက သမီးကျောင်းအပ်တာနဲ့ လိုအပ်တာ ဝယ်ရမှာနဲ့ ခဏလေးနဲ့ကုန်သွားမှာ ဖေဖေ၊ ရေရှည်စားဝတ်နေ ရေးအတွက် လုပ်ငန်းလုပ်ဖို့ ဘယ်မှာလဲ အရင်းအနှီး''

သမီးကလည်း မအေလေသံအတိုင်းပါပဲလားလို့ ရင်မောသွားမိရင်း ဦးထင်ကျော် ဦးနှောက်တွေရှုပ်ထွေးနောက်ကျိလာသည်။ သားအမိနှစ်ယောက်လုံး ဒီအိမ်ကြီးကို ရောင်းစေချင်သည့်ဆန္ဒပဲရှိနေကြပါလား။

တကယ်ဆို သမီးအသက်က ဆယ့်ခြောက်နှစ်ကျော်လေးနှင့် မအေ့စကားကိုနားယောင်ပြီး ဒီလို ကြီးကြီးကျယ်ကျယ်တွေ မပြောသင့်ပါ။

''သမီးကို ဘယ်လိုဆုံးမထားတာလဲ မျိုး၊ ဖအေကို ဝေဖန်နေတာ ကြည့်ပါဦး ပမာမခန့်ဖြစ်မနေဘူးလား''

''ကိုကြီးသား၊ ခံပြောတာတော့ နားထောင်ကောင်းနေသလား သမီးလည်း သူ့ခံစားချက် သူပြောနေတာလေ၊ တက္ကသိုလ်တက်ရတော့မှာ မျက်နှာငယ်မှာကို စိုးရိမ်နေမှာပေါ့''

''ကိုယ်လည်း တင့်တောင်းတင့်တယ် ထားချင်ပါတယ်၊ အလုပ် အကိုင်''





''အဆင်မပြေဘာကို ပြောမနေနဲ့၊ အဆင်ပြေအောင်လုပ်ဖို့ နည်းလမ်းရှိရဲ့နဲ့ ကိုကြီးက သားကိုမလွှန်ဆန်ရဲတာ ဘာဖြစ်လဲ မပြေလည် ဘာကို သူမထောက်ပံ့လို့ အရင်းအနှီးလုပ်မှာ''

''သူ့အမေအိမ်မို့ သူမလုပ်စေချင်တာ ကိုကြီးက ဘာတတ်နိုင် မှာလဲ''

''သူ့အမေအိမ်ဆိုတော့ ကိုကြီးနဲ့မသက်ဆိုင်ဘူးပေါ့၊ ဒါဆို ဒီအိမ်က လင်ငယ်ရဲ့ထောက်ပံ့မှုနဲ့ ဝယ်ထားတဲ့အိမ်ပေါ့''

''မျိုး''

စကားလုံးတွေက ရိုင်းစိုင်းကြမ်းတမ်းလာပြီမို့ ဦးထင်ကျော် အော်လိုက်တော့ ဒေါ်ကေသွယ်မျိုး မျက်မှောင်ကြုတ်ကာ မျက်နှာတင်း သွားသည်။

''မျိုးကို အဲဒီလေသံမျိုးနဲ့ မအော်နဲ့ ကိုကြီး၊ အခုမှ မယားကြီးနဲ့ သားဆန္ဒကိုတန်ဖိုးထားပြီး မလွှန်ဆန်ရဲတာ သိရတော့တယ်၊ မျိုးတို့ သားအမိကတော့ ဒီအတိုင်း မနေနိုင်ဘူးနော်၊ ပြောပြီးသား''

''သမီးလည်း မျက်နှာငယ်ငယ်နဲ့ ကျောင်းမတက်ဘူးနော်၊ အလုပ်ထွက်လုပ်ပြီး ကိုယ်ပိုင်ငွေရအောင် ရှာမယ်''

''သမီးရယ် ဒီအရွယ်လေးနဲ့ ကျောင်းမတက်ဘဲ ဘာအလုပ် လုပ်မှာလဲ၊ ဖေဖေ တစ်ခုခု လုပ်ပါမယ်၊ အခု ဒီငွေနဲ့ ကျောင်းတက်ဖို့ အဆင်ပြေအောင် စီမံထားလိုက်ပါ။ သမီးတို့သားအမိ မငတ်စေရ ပါဘူး''

''ဖေဖေ ကတိနော်''

''အေးပါ''

''မေမေ လာ သမီးတို့ ကုန်တိုက်သွားရအောင်၊ ဈေးဝယ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ရတာ ကြာပြီ''

"ခဏလေး မေမေ အဝတ်အစားလဲလိုက်ဦးမယ်"

"ဟင်း"

ဦးထင်ကျော် သက်ပြင်းချမိရင်း ဆိုဖာခုံမှာနောက်လန်ကျသွားသည်။ ငယ်ရွယ်သောမိန်းမကို ရခဲ့လို့ ဂုဏ်ယူဝံ့ကြွားခဲ့တာတွေက ဒီအချိန်မှ ဒီလိုရင်မောရမည်လို့ တစ်ခါမှတောင် မတွေးမိပေ။ ဒီငွေက ခဏလေးနှင့်ကုန်ဦးမှာသိနေသော်လည်း ဘာမှမတတ်နိုင်တော့တာမို့...။

■ ■ ■

## အခန်း (၉)

"အဲဒါတော့ မင်းအဖေ လွန်တယ်၊ အိမ်ရောင်းပြီးရင် ဘယ်သွားနေမှာလဲ၊ ရောင်းလို့ရတဲ့ပိုက်ဆံကုန်သွားရင်ရော ဘာလုပ်မှာလဲ၊ ကိုသားအမိက အသုံးအဖြုန်းပဲတတ်တာ"

"အဲဒါ နောက်ထားဦး၊ မေမေ ဝယ်ထားတဲ့အိမ်က ငါနဲ့ရော ဆက်ဆိုင်ဘူးလား၊ အမွေဆိုတာကို မက်လို့ပြောနေတာ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီအိမ်က မေမေ ရွှေတာစုဆောင်းပြီး ဝယ်ထားတာ၊ မေမေ သူ့မိဘတွေဆီက ရခဲ့တဲ့အမွေပစ္စည်းတွေလည်း ရောင်းချပြီး ထည့်ထားတာ၊ မေမေ့အပေါ်မှာ ရက်စက်ရက်ရင်တောင် ငါက သားတစ်ယောက်ဆဲ"

"အသိအမှတ်ပြုခံချင်ရင် သူတို့တောင်းသလောက် မင်းပေးနေခဲ့ ရှိတော့တယ်"

ရွှဲပြောတာလား အတည်သိစေချင်လို့ သက်တင် အသိပေးတော သားမသိပေမယ့် လင်းရောင်နီ ခံရခက်စွာ ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသိအမှတ်ပြုမခံရတာကို ငါ ဝမ်းမနည်းတော့ဘူး သက်တင်
ဒေါ်ကေသွယ်မျိုးနဲ့လက်ထပ်ပြီးတည်းက နာကျင်လာခဲ့ရတဲ့ ငါ့အတွင်း
ဒဏ်ရာက အသားမာတက်နေပါပြီ၊ ဖေဖေ့ဥပေက္ခာတွေက ငါ့အတွက်
နေသားတကျရှိခဲ့ပြီးပြီ၊ အတတ်နိုင်ဆုံး ကင်းအောင်နေဖို့လည်း ဆုံးဖြတ်
ထားတယ်"

"မိဘဆိုတာ အမွေဖြတ်စွန့်လွှတ်လိုက်လို့ မရဘူးဆိုတာလည်း
သိထားဦး၊ သူတို့ကသာ သားသမီးကို စွန့်လွှတ်လို့ရတာ"

"ဒါပေမဲ့လည်း သူတို့မပြေလည်တာ ငါ့တာဝန်မှမဟုတ်တာ"

"မင်းအမေကိုတော့ မင်းရှောင်လွှဲလို့မရဘူးလေ၊ သူ့ကိုရည်မှန်း
ပြီး ပေးသင့်တာကိုပေးပေါ့၊ သူကတစ်ဆင့် ဘယ်သူ့ကိုပေးပေးလည်း
မငြိုငြင်နဲ့၊ မင်းငြိုငြင်လိုက်တာနဲ့ မင်းအမေအိမ်ကို သူတို့ရှောင်းမှာပဲ"

"တောက်"

ရင်ထဲက ခံပြင်းမှုများကြောင့် တက်ခေါက်သံက ခပ်ကျယ်ကျယ်
ထွက်သွား၏။ သက်တင်က စာနာစွာငဲ့ကြည့်ပြီး

"စိတ်ပြေလက်ပျောက် ငါ့အိမ်ကို ထမင်းလိုက်စားပါလား
အမေ့လက်ရာက ဆိုင်ကဟာထက် ကောင်းတယ်"

"ငါ တစ်ခါနှစ်ခါ စားဖူးလို့ သိနေပါတယ်၊ သားသမီးတွေကို
ချက်ကျွေးနေတာ၊ တစ်ခါမှ အပြုံးမပျက်ဘူးနော်၊ ငါ့အမေရှိရင်လည်း
ငါ အဲဒီခံစားမှုမျိုးရမှာ"

"မဖြစ်နိုင်တာကိုတွေးပြီး စိတ်ပင်ပန်းမနေပါနဲ့ကွာ၊ ငါ့အမေကို
မင်းအမေလို သဘောထားပြီး နေ့တိုင်းလာစားလည်း ငါ့အမေက ရိုက်
မလွှတ်ပါဘူး"

"မင်းအမေ စေတနာကောင်းတာ ငါ သိပါတယ်"





"အမေက တစ်ခါတလေ မေးတယ်၊ မင်း အလည်အပတ်
ရောက်မလာတာ တစ်နှစ်ကျော်တောင် ရှိပြီထင်တယ်တဲ့"

"လုပ်ငန်းကိစ္စတွေကြောင့် မအားလို့ပါလို့ မင်းမပြောလိုက်ဘူး
လား၊ အခုတလော ဦးနှောက်တွေက မလန်းဘူး၊ ဖေဖေတို့အကြောင်း
ကိစ္စ ခေါင်းထဲဝင်လာရင် အလိုလို ဒေါသဖြစ်နေရတယ်"

"သားသမီးနဲ့မိဘတွေရဲ့ပတ်သက်မှုက အဲလိုခံစားမှုတွေရှိမှ
အဓိပ္ပာယ်ရှိမှာပေါ့ကွာ၊ သူစိမ်းလို့သဘောထားလိုက်ရင် မင်းမှာ ဘာ
ခံစားမှုရှိတော့မှာလဲ"

သက်တင် စကားကြောင့် လင်းရောင်နီ တစ်ချက်တော့တွေ
သွားသည်။ မိသားစုဆိုသည့် ပတ်သက်မှုကြီးကြောင့် သူ့ရင်မှာ နာကျင်
တာတွေ ခံစားတာတွေ ဖြစ်နေသည်ဆိုလျှင် သွေးသားဆိုတာ ဖြတ်
တောက်မရသည့် ကြိုးတစ်ချောင်းဆိုတာ အမှန်ပဲပေါ့။ သက်တင်က
သူ့ပခုံးကိုပုတ်ပြီး

"အများကြီးတွေးမနေပါနဲ့ကွာ၊ ဦးထင်ကျော်က မင်းအဖေဆို
တာ ဒီဘဝမှာတော့ ဘယ်လိုမှပြောင်းလဲလို့ရမှာမဟုတ်ဘူး၊ မိဘတွေက
သားသမီးရဲ့အဆိုးအကောင်းကိုတစ်သက်လုံး ခံစားရသလို၊ မိဘတွေရဲ့
အဆိုးအကောင်းကိုလည်း သားသမီးတွေ တစ်သက်လုံးခံစားရမှာပဲ၊
ကျန်တာက ကံကြမ္မာအကျိုးပေးပေါ့"

"ကျွတ် ဘယ်အချိန်ထိလဲ"

"သေတဲ့အထိပဲ ငါ့ကောင်၊ အဲဒီတော့ စိတ်သက်သာအောင်
နေ့သလိုသာနေ၊ ဟိုချာတိတ်လေးနဲ့ရော ထပ်တွေ့သေးလား"

"ဒီရက်ထဲ မင်းကိစ္စလိုက်လုပ်နေတာနဲ့ ဘယ်မှသိပ်မထွက်ဖြစ်
တော့ ဘယ်တွေ့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ငါလည်း အဲဒီကိစ္စလေး အဆင်ပြေသွားရင် တော်တော် အသက်ရှုချောင်သွားမှာ၊ ညီမလေးကလည်း ငွေကို ဖွတ်တောင်းနေတယ်၊ သူငယ်ချင်းတွေက လိုအပ်တဲ့ငွေထုတ်နေပြီ၊ သူက မထုတ်နိုင်သေးတော့ မျက်နှာငယ်ရတယ်တဲ့"

"သူက ဘာလုပ်မှာမို့လဲ၊ အဆင်မပြေရင်လည်း မလုပ်နိုင်းနဲ့ပေါ့ကွာ၊ ငွေက ရှာရတာ လွယ်တာမှတ်လို့"

"သူငယ်ချင်းတွေနဲ့စုပြီး သီချင်းခွေလုပ်ချင်တာ ထင်ပါတယ် အခုခေတ်မှာက အဲဒီလို အင်တာတိန်းမန့်တွေ ဟော့တယ်လေ၊ ညီမလေး စိတ်ချမ်းသာမယ်ဆိုရင် ဘာပဲဖြစ်ဖြစ် လုပ်ပေးလိုက်ချင်တယ်၊ ငါ ငွေရှာတယ်ဆိုတာ ညီမလေးနဲ့အမေ့အတွက်ပဲ၊ သူတို့ကို ထောက်ပံ့နေရလို့ ပြည့်စုံပိုလျှံအောင် မထားနိုင်တာဘဲ စိတ်မကောင်းဘူး"

သူညီမလေးအပေါ် သက်တင် တော်တော်ချစ်ပါလားလို့ တွေးမိ၏။ သူ့မှာတော့ အလေးအနက် ပေးဆပ်ရမည့်သူတစ်ယောက်မှ မရှိပါ။ ယမင်းပျို ဆိုသည့် ဒေါ်ကေသွယ်မျိုးရဲ့သမီးကရော။ ဖေဖေ့အသွေးအသားနှင့် ပတ်သက်ခဲ့တာဆိုသော်လည်း ဒီကောင်မလေးက သူမအမေလိုပင် သူ့အပေါ်မှာ သွေးစိမ်းလေသည်။ တစ်ခါတလေ အိမ်ရောက်သွားလျှင်တောင် ကိုကိုဆိုပြီး တစ်ခွန်းခေါ်ချင်မှ ခေါ်တာပါ။ တစ်ခါတစ်ခါ မုန့်ဖိုးတောင်းချင်လျှင် မအေဖြစ်သူ မသိအောင် ကိုနိုမုန့်ဖိုးဟု လက်ဖြန့်တတ်သည်။

သူကလည်း စိတ်ပါသည့်အခါမှသာ ပေးတတ်တာမို့ . . .။

■ ■ ■



## အခန်း (၁၀)

"လာ လင်းရောင် အမေနဲ့ညီမလေးက နောက်ဖေးမှာ ချက်ပြုတ်နေတယ် ထင်တယ်၊ ငါ အခန်းထဲအဝတ်အစား သွားလဲလိုက်ဦးမယ်၊ ဧည့်ခန်းထဲမှာ ခဏထိုင်စောင့်ကွာ နော်"

"ရတယ် အေးဆေးလုပ်၊ ဒီနေ့သတင်းစာ မဖတ်ရသေးလို့ ဖတ်ပြီးစောင့်နေမယ်"

"ညီမလေးရေ လင်းရောင်အတွက် အအေးတစ်ခွက် အရင်ယူလာပါဟေ့"

"ဟုတ် ကိုကြီး"

သက်တင်က နောက်ဖေးခန်းဘက်လှမ်းအော်ပြီး သူ့အခန်းထဲဝင်သွားသည်။ နောက်ဖေးခန်းဘက်ကနေ အသံစာစာလေး ကြားလိုက်ရပြီး သတင်းစာနှစ်မျက်နှာလောက်လှန်ပြီးချိန်မှာ အအေးခွက် လာချပေးသူက

"ဟင် ညည်း"



www.burmeseclassic.com

www.burmeseclassic.com



"ကို ကိုကို"

ဟာ သွားပြီ။ စိတ်ထဲက အသံတိတ်ရေရွတ်မိရင်း ကောင်မလေး မျက်နှာကိုမကြည့်ရဲလောက်အောင် ဖြစ်သွားဖေါ့။

"ညည်းက သက် သက်တင်ညီမလေးလား"

"ဟုတ် ကိုကိုက ကိုကြီးသူငယ်ချင်းလား၊ အမလေး ပျော်လိုက်တာ"

ကောင်မလေး ခုန်ဆွဆွလေး ဖြစ်နေတော့ လင်းရောင်နီ ရှင်တွေတောင် ပူသွားသည်။ နှုတ်ခမ်းပေါ် လက်ညှိုးတစ်ချောင်းဖြတ်တင်ပြီး

"ရှူး တိုးတိုး ညည်းနဲ့ငါနဲ့သိတာ သက်တင် မသိစေနဲ့"

"ဟင် ဘာဖြစ်လို့လဲ"

"သူငယ်ချင်းညီမနဲ့ အပြင်မှာသိတာ ဘယ်ကောင်းမလဲကွ အစတည်းက မိတ်ဆက်ပေးထားလို့ ဒါမှမဟုတ် အိမ်ကိုသွားရင်းလာရင်းနဲ့သိတာဆို တော်သေးတာပေါ့"

"ဘာပဲဖြစ်ဖြစ်"

"ဟိတ် ညည်း စောဒကတက်နေရင် ငါက ပြန်သွားမှာနော် ညည်းအပြင်မှာ ဗရုတ်သုတ်ခ နေတာလည်း သက်တင်ကို ငါပြောလိုက်မှာ"

"အံမယ် ဘယ်မှာ ဗရုတ်သုတ်ခနေလို့လဲ၊ သူငယ်ချင်းတွေ အိမ်တီဗွီရိုက်ပြီး သီချင်းခွေထုတ်ဖို့ လေ့လာနေတာ၊ ကြိုးစားနေတာ ရှိတယ်"

"ယောကျ်ားလေး ဘော်ဒါတွေလည်းပါတယ်လေ၊ သက်တင်သိရင် လက်ခံပါ့မလား"





"အို သူငယ်ချင်းတွေပဲဥစ္စာ၊ ကိုကြီးနဲ့လည်း အားလုံးသိတယ်၊ မိတ်ဆက်ပေးထားပြီးသား၊ ဘာမှရှောင်ခ်မရှိဘူး"

ကောင်မလေးက ကက်ကက်လန် တကယ့်ကို မလွယ်ကြော။ ဒါကြောင့်မို့ မချေမငံ ဒီလိုအရွယ်လေးတွေနှင့် မပတ်သက်ချင်တာ။ ပြောလိုက်ရင် တစ်ခါတည်း သဘောပေါက်ပြီး နာခံလိုက်တာမျိုးမှ မရှိဘဲ။

"ဟော ညီမလေးက ကိုကြီးအကြောင်း ဘာတွေကပ်မေးနေတာလဲ၊ အခုမှ တွေ့ဖူးတဲ့ လင်းရောင်ဆီက သတင်းတွေ နှိုက်ထုတ်နေတယ်"

သက်တင် ထွက်လာပြီးပြောတော့ လင်းရောင်နီ ထူပူပြီး ဘာပြောရမှန်းမသိ ဖြစ်နေသည်။ ကောင်မလေးကတော့ နည်းနည်းလေးဆောင် ကြွန္တြေမပျက်ဘဲ

"ဒါပေါ့ ကိုကြီးရဲ့ ကိုကြီးသူငယ်ချင်းက အမြဲတမ်း အိမ်လာလည်မယ့်သူမှမဟုတ်တာ၊ အဲဒါကြောင့် ခဏလေးတွေ့တုန်း ကိုကြီးအပြင်မှာ ဘယ်လိုတွေ ရှုပ်ပွေနေလဲ၊ သတင်းလေး ဘာလေး မေးကြည့်နေတာပေါ့"

ခုနကတော့ ပြန်ပြောတော့မလိုလိုနှင့် တကယ့်ကို တတ်နိုင်သည့်ကောင်မလေး။ သူ့ထက်တောင် သွေးအေးပြီး တည်ငြိမ်နေလိုက်တာ။ သက်တင်က သူ့ညီမခေါင်းလေးကို ချစ်စနိုးလေး ဖွဖွပုတ်ပြီး

"ဘာပြောလဲ လင်းရောင်က"

"ကိုကြီးသူငယ်ချင်း နာမည်က လင်းရောင်တဲ့လား"

"အပြည့်အစုံက လင်းရောင်နီ"

"နာမည်က ဂွတ်သားပဲ မိုက်တယ်၊ ဩော် ကိုကို အဲ ကိုလင်းရောင်က ကိုကြီးကို ချစ်လို့လားမသိဘူး၊ ဘာမှမမေးရဘူး ကိုကြီးရဲ့

www.burmeseclassic.com



သူပြောလည်း ကိုကြီးလိမ္မာတဲ့အကြောင်းပဲပြောမှာပေါ့၊ သူငယ်ချင်းတွေပဲ ဥစ္စာ၊ ဟုတ်တယ်မဟုတ်လား ကိုလင်းရောင်''

''အင်း အင်းဟုတ်တယ်''

ကိုယ်က လူကြီးဖြစ်ပြီး သူနိုးလူမိမှာစိုးရိမ်သလို စကားတွေ ထစ်ပြီး အသံတွေတုန်နေတော့ ကောင်မလေး ခစ်ခနဲ ရယ်သည်။ တကယ်ဆို ကိုယ့်စိတ်က ရိုးသားနေတာမို့ ဒီလိုမဖြစ်သင့်ဘူးဆိုတာ သိပေမယ့် ဒီကောင်မလေး ရောနှောပတ်သက်ချင်တာ သက်တင်ကို ပြောပြထားဖူးတာမို့ သက်တင်ကို မျက်နှာပူအားနာနေမိတာပါ။

''ညီမလေး ဟင်းတွေအကုန်ကျက်ပြီလား၊ လင်းရောင်ကို ထမင်းကျွေးရအောင်''

''ဟင်းတွေကတော့ ကျက်နေပါပြီ၊ မေမေက ကိုကြီးသူငယ်ချင်းက အရင်က အိမ်လည်လာရင် ငါးချဉ်သုပ်ကြိုက်တတ်မှန်းသိလို့ အဲဒါ သုပ်နေလေရဲ့၊ ဟင်းတွေက ညီမလေးလည်း ကူချက်ထားတာနော်၊ ဆွေမျိုးမေ့ပြီး အိမ်တောင်မပြန်တတ်ဘဲ ဖြစ်သွားမယ်''

''ကြက်သွန်ဖြူ အခွံနွာပေးတာမဟုတ်လား''

''ကိုကြီးနော် ငရုတ်သီးလည်း ထောင်းပါသေးတယ်''

''ဟား ဟား လုပ်ကွက်တွေ လုပ်ကွက်တွေ''

သက်တင်က ညီမလေးကို တော်တော်ကို ချစ်မြတ်နိုးဟန်တူသည်။ ရယ်မောစနောက် တွန်းထိုးနေတာ တကယ်ကိုကြည်နူးစရာ ကောင်း၏။

ထမင်းစားခန်းထဲကို သက်တင်က ဦးဆောင်ဝင်သွားတော့ အလယ်က လိုက်သည့်သူ့ကို လက်တို့၍ခေါ်ပြီး မျက်စိတစ်ဖက်မှိတ်ကာ လက်မလေးထောင်ပြ၍ သူမ အိုင်ဒီယာ ကောင်းတယ်မဟုတ်လားဟု





ပြောချင်ဟန်ရှိသည်။ လင်းရောင် ခပ်တည်တည် မင်သေသေဖြင့် မသိချင် ယောင်ဆောင်နေလိုက်၏။ သက်တင်အမေက သူ့ကိုမြင်တော့ မျက်နှာလေး ပြုံးနေပြီး

''မလာတာကြာလို့ အောက်မေ့နေတာ မောင်လင်းရောင်ရယ်၊ အလုပ်တွေ ကြိုးစားနေတယ်ဆို၊ မိန်းမယူဖို့ စုနေတာလား''

''အဲလိုလည်း မဟုတ်ပါဘူး အန်တီ၊ အလုပ်က အချိန်မရွေး ကောင်းပြီး ဝင်ငွေရှာလို့ရတာမဟုတ်ဘူးလေ၊ အခွင့်အရေးပေးတုန်းလေး ဒီရိုယာထားရတာ''

''အမလေး မတွေ့တဲ့အချိန်အတွင်းမှာ တော်တော်ရင့်ကျက် လာပါလား၊ သားအဖေဆီ ရောက်သေးလား၊ မောင်လင်းရောင်''

''ဟုတ် တစ်ခါတစ်ရံပါ၊ အလုပ်မအားရင် အချိန်မပေးဖြစ်တာ များတယ်''

''မိဘက မိဘပဲကွယ်၊ အရမ်းကြီးတော့ ဥပေက္ခာပြုမထားပါနဲ့၊ နောက်အိမ်ထောင်ပြုဖို့ ကံအကြောင်းက ပါလာခဲ့တယ်မဟုတ်လား၊ မချစ် သော်လည်း အောင့်ကာနမ်းရမယ်ဆိုတာ ကိုယ့်မိသားစုနဲ့ ဆက်နွယ်လာ တဲ့သူကို ပြောတာ''

''ကဲပါ မေမေရယ်၊ လင်းရောင်က ထမင်းဆာနေပြီ၊ ထမင်း ခူပြင်ပါတော့၊ ညီမလေး ကူပြင်လိုက်ဦး''

လင်းရောင်နို့ရဲ့အိမ်တွင်းရေး အကြောင်းတွေ ညီမလေး မကြား စေချင်၍ သက်တင် စကားလမ်းကြောင်းလွှဲလိုက်ရသည်။

သူစိမ်းမိန်းမငယ်လေးရှေ့မှာ လင်းရောင် ရှက်ရွံ့သွားမလားလို့ ပါ။

''လင်းရောင် အားရပါးရ စားကွာ၊ မေမေ့လက်ရာကြိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆို၊ မကြာခဏ လာစား သိလား၊ ဆိုင်ထမင်း ဆိုင်ဟင်းချည်းဆိုတော့ မင်း ဘယ်စားဝင်ပါတော့မလဲ"

အစ်ကိုနှင့်အမေဖြစ်သူရဲ့စကားတွေ နားထောင်ပြီး ရောင်နီဘဝကို မြခြူးယံ စိတ်ဝင်စားနေမိသည်။ ဘယ်လိုအခြေအနေမျိုးကြောင့် မေမေနှင့်ကိုကြီးက ကရုဏာသက်နေကြတာလဲ၊ ဒီလိုစကားတွေကြားပြီး လင်းရောင်နီကရော ဘာလို့ မျက်နှာမကောင်းဖြစ်နေခဲ့တာလဲ။

ရင်ထဲမှာ မေးခွန်းတွေ ထပ်နေသော်လည်း လင်းရောင်နီက သိကျွမ်းမှုကို ကိုကြီးကို ဘာကြောင့်မသိစေချင်မှန်းမသိ၍ ပြောင်ချော် ချော်မျက်နှာပေးလေးဖြင့်

"ကိုလင်းရောင် စားလေ၊ ငါးချဉ်သုပ်ကြိုက်တယ်ဆို"

"ရပါတယ် ဟို"

"ငါ့ညီမလေးနာမည်က မြခြူးယံ တဲ့ကွ၊ တို့ကတော့ အိမ်မှာ မိဆိုးလေးလို့ ခေါ်တယ်"

"ကိုကြီးနော် ညီမလေးက ဘယ်မှာဆိုးလို့လဲ၊ လျှောက်မပြောနဲ့"

"လျှောက်မပြောပါဘူးဗျာ၊ ထမင်းစားရင်း ထိုင်ပြောနေတာပါ။ လုပ်ချင်တာမလုပ်ရရင် စိတ်ကောက်တယ်၊ အလုပ်တစ်ခုခု ခိုင်းရင် ဘွားဘွားရှိတုန်းက ဘာမှခိုင်းခဲ့တာမဟုတ်ဘူးဆိုပြီး စိတ်ဆိုးမယ်"

"ကိုကြီးနော်"

"ကဲ ဒီမောင်နှမ ထမင်းကောင်းကောင်းမစားဘဲ ငြင်းသည် ရှေ့မှာ စကားများနေကြပါလား၊ သားကြီးက အစသန်၊ သမီးက စိတ်ဆိုးမြန်နဲ့၊ အဲဒါသာကြည့် မောင်လင်းရောင်ရေ ဘွားအေတွေရှိတုန်းက ဆိုရင်တော့ သမီးက ဆိုးကောင်းတုန်းပေါ့။ မြေးမလေးကို သူ့အဘွားက





အရမ်းချစ်ပြီး သူ့အနားမှာခေါ်ထားတာ၊ မသေခင်တစ်လလောက်ကမှ သွားပြုစုပြီး ပြန်ခေါ်လာခဲ့ရတာလေ၊ သူ့အဖေအမျိုးတွေကတော့ အမွေပစ္စည်းများများမရပါဘူး၊ ရလာတဲ့ဟာလေးကိုလည်း သီချင်းဆိုပြိုင်ပွဲတုန်းက ဘာဆုရတယ်ဆိုလား၊ အဲဒါကို သီချင်းခွေထုတ်ချင်လို့တဲ့၊ လိုတာကို သူ့ကိုကြီးက တောင်းနေလေရဲ့"

အမေဖြစ်သူပြောပြနေတာကို မြခြူးယံ မျက်ခုံးလေးပင့်ပြီး

"အံ့မယ် သမီးအောင်မြင်ရင် မေမေတို့ပဲ စံစားရမှာလေ၊ သမီးက ပရော်ဖက်ရှင်နယ်ဖြစ်အောင် ကြိုးစားမှာ၊ သမီးရုပ်ကိုကြည့်လိုက် တီဗွီဖန်သားပြင်မှာခပ်ဟော့ဟော့လေး ပါလာတာနဲ့ မင်းသမီးလုပ်ပါး ရုပ်ရှင်ရိုက်ပါနဲ့ လာကမ်းလှမ်းကြလိမ့်မယ်"

"အရုံမင်းသမီး သူငယ်ချင်းအခန်းက ပါရမှာလား"

"ကိုကြီးနော်"

အရင်နေ့တွေက ဒီလောက်စနောက်နေလျှင် ထမင်းမစားဘဲ ထသွားပြီး အခန်းထဲဝင်အောင်းနေပြီဖြစ်သည်။ တစ်ခုခု လက်ဆောင်ပေး၍ မချော့မချင်း အခန်းထဲက ထွက်မည်မဟုတ်ပေ။

အခုတော့ လင်းရောင်နီဆိုသော လူကြီးကိုမြင်နေရ၍ သူမစိတ်ထဲ အလိုလို ကြည်နူးနေသည်။ ပေါ့ပါးလန်းဆန်းမှုများဖြင့် သူ့ရှေ့မှာ အိုက်တင်အိုက်တင်များပြီး ဒီလူကြီး စိတ်ဝင်စားလာအောင် လုပ်ချင်နေသည်။

ဒါပေမဲ့ ဒီလူကြီးက သက်ထပ်ဖို့ချစ်သူရှိနေပြီဆိုသော အတွေးကြောင့် အနည်းငယ် ကသိကအောက်တော့ ဖြစ်နေသည်၊ ဟုတ်မဟုတ် ဆိုတာ ကိုကြီးကို သေချာမေးကြည့်ဖို့ ဆုံးဖြတ်ထားကာ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ကိုကြီးသူငယ်ချင်းက အေးစက်စက်နဲ့ ဖော်ဖော်ရွေရွေ မရှိဘူးနော်၊ ဘာကြီးမှန်းမသိဘူး"

"အရင်က ဒီကောင် ဒီလိုမဟုတ်ပါဘူး။ မေမေချက်တဲ့ထမင်းဟင်းကို အားရပါးရစားပြီး မေမေ့ကို ဖက်တွယ်ပြီး အရမ်းချစ်တာ"

"မရောက်တာ ကြာလို့ စိမ်းသွားတာလား"

"အဲလိုလည်း မဟုတ်ဘူး ညီမလေးရဲ့၊ အခုတလော သူ့အဖေကြောင့်တော့ တော်တော် စိတ်ညစ်နေတာ"

"သူ့အဖေက နောက်အိမ်ထောင်ပြုထားလို့လား၊ သူ့အမေကရော"

"သူ့အမေရှိနေရင်တော့ ဒီလို စိတ်ခံစားမှုဖြစ်လာမှာမဟုတ်ဘူး။ သူ့အဖေအိမ်ထောင်ရေး ဖောက်ပြန်လို့ သူ့အမေ ဆုံးသွားရတဲ့ပုံစံမျိုး ဖြစ်သွားတော့ အဲဒါကို စိတ်နာတာ၊ နောက် သူ့အမေဆုံးပြီး





တစ်နှစ်တောင်မကြာဘူး၊ နောက်မိန်းမကို အိမ်ပေါ်ခေါ်တင်လာတယ်၊ သူ ရှစ်နှစ်သားအရွယ်လောက်ပဲ ရှိဦးမလားမသိဘူး"

"သြော်"

ငယ်ငယ်လေးနဲ့ စိတ်ဒဏ်ရာရခဲ့တာပါလားဟု ရင်ထဲမကောင်းဖြစ်သွားသည်။ စိတ်ဝင်စားဟန်ဖြင့် ကိုကြီးဘက် ထိုးကပ်လိုက်တော့ ကိုကြီးက သူမခေါင်းကိုပုတ်၍

"ညီမလေးက စပ်စုနေတာလား"

"စိတ်ဝင်စားလို့ပါ ကိုကြီးရဲ့၊ ထမင်းစားတုန်းက ကိုကြီးနဲ့မေမေပြောတာ နားထောင်ပြီး သူ့အကြောင်း သိချင်နေတာ"

"အင်း လင်းရောင်ဘဝက သနားစရာကောင်းပါတယ်၊ မိထွေးကငယ်တော့ ဖအေက သူ့ကိုဂရုစိုက်ချိန်မရဘူး၊ ဥပေက္ခာပြုထားသလိုဖြစ်တာပေါ့၊ နောက်ပိုင်း သမီးလေးတစ်ယောက် မွေးလိုက်တော့ သူက အလိုလို ဘေးရောက်ပြီးသားဖြစ်သွားတယ်၊ မအေသေရတဲ့ စိတ်ခံစားချက်ရှိနေတော့ မိထွေးအပေါ် အမြင်မကြည်နိုင်တာက မိထွေးကလည်း သူ့အပေါ်အမြင်မကောင်းဖြစ်ရတဲ့အကြောင်းအရင်း ဖြစ်သွားတယ်၊ တစ်ယောက်နဲ့တစ်ယောက် တစောင်းဆောင်းနဲ့မျက်ချေး ဘယ်လိုမှ သဟဇာတမဖြစ်ကြဘူး"

"မိထွေးက သူစိမ်းတွေးတွေးရင် ပိုပြီးနာကျင်နိုင်တာပဲလေ၊ သူ့ညီမလေးဆိုတာကရော သူ့ကိုမချစ်ဘူးလား"

သက်တင် သက်ပြင်းသဲ့သဲ့ချရင်း ခေါင်းယမ်းကာ

"မအေက သွေးထိုးထားတော့ အစ်ကိုကို လေးစားရမှန်းမသိဘဲ မချေမငံပေါ့၊ လင်းရောင်ကလည်း အနေဝေးတော့ သွေးစိမ်းနေယ်ဒါပေမဲ့ ပြတ်ပြတ်သားသား နေချင်လို့ လင်းရောင် သူ့ခြေထောက်ပေါ်

www.burmeseclassic.com



သူ ရပ်နိုင်အောင် ကြိုးစားပေးမယ့်လည်း သူ့အဖေ ဒုက္ခပေးလို့ စိတ်ညစ်နေတာ''

''ငွေရေးကြေးရေးလား''

''အင်း လင်းရောင် မထောက်ပံ့ရင် သူ့အမေအိမ်ကို ရောင်းပစ်မယ်ဆိုပြီး ခြိမ်းခြောက်နေတာ၊ လင်းရောင် မပေးလည်း တကယ်လုပ်မယ့်ပုံပါပဲ၊ လင်းရောင် ပြည့်စုံတာကို အကုန်လိုချင်နေတာလေ''

''ဟယ် တော်တော်ဆိုးတာပဲ၊ မအေအရင်းသာဆို ဘယ်အဲလိုလုပ်မလဲနော်၊ ဒါနဲ့ ကိုလင်းရောင်က လက်ထပ်တော့မှာဆို''

''ဘာ ဘယ်သူပြောလဲ''

''အဲ ဟို အဲဒါ''

မြခြူးယံ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ လင်းရောင်နှင့်ပါးစပ်က ဝန်ခံတာကို ကိုယ်တိုင်ကြားခဲ့တာဆိုသော စကားကို ပြောလို့မှမဖြစ်ဘဲ။ သက်တင်က ပြုံး၍ ချစ်စနိုးနှင့် မြခြူးယံပါးလေးကို လိမ်ဆွဲပြီး

''ဒီအရွယ်အမြီးမပေါက် ဘာမျောက်လဲလို့ ညီမလေး ပြောချင်တာမဟုတ်လား၊ ဒီကောင်က ရည်းစားပဲထားတာ၊ ဘယ်တော့မှ မိန်းမယူမှာမဟုတ်ဘူး''

''ရှင် ဟိုသူက လက်ထပ်မယ်ဆိုတာ''

''သူတွဲနေတဲ့ မိန်းကလေးတွေတော့ရှိတယ်၊ အခုတွဲနေတဲ့ မိန်းကလေးက စိမ်းသဖင်တဲ့၊ သူနဲ့က အကြာဆုံးလို့ပြောရမယ်၊ လက်ထပ်မှာမို့လို့ မိန်းကလေးတစ်ယောက်ကို ဘယ်တော့မှ ကြာကြာမတွဲဘူးလေ''

''လက်မထပ်ချင်လို့ ဘာလို့ လက်မထပ်ချင်တာလဲ၊ မိန်းကလေးတွေကို မချစ်လို့လား''



''အဲလိုလည်း မဟုတ်ဘူး၊ လက်ထပ်ရမှာစိုးလို့ မချစ်မိအောင် တစ်ယောက်ပြီးတစ်ယောက် ပြောင်းတာဖြစ်မယ်၊ တကယ်ချစ်တဲ့မိန်းကလေး မတွေ့သေးလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ၊ ဒါပေမဲ့ တကယ်ချစ်ရမယ့်သူ တွေ့ရင်တောင် ဒီကောင် လက်ထပ်မယ်မထင်ဘူး''

ကိုကြီးပြောမှ မြခြူးယံ ပို၍စိတ်ဝင်စားလာမိသည်။ စိမ်းသဖင်နှင့် လက်ထပ်မှာလည်းမဟုတ်ဘူးဆိုတာကြောင့် စိတ်ထဲမှာ ပိုပြီးလည်း တက်ကြွမိကာ

''အခုတွဲနေတဲ့ စိမ်းသဖင်ကို လက်မထပ်ဖြစ်မှာ သေချာလား ကိုကြီး ဟို ကြာကြာတွဲလာတာက''

''စိမ်းသဖင်က စိတ်ဆိုးတာ စိတ်ကောက်တာ မရှိဘူး၊ ဘယ်သွားလို့ ဘယ်မလာရလို့ ဘာလုပ်မပေးလို့ဆိုပြီး ငြိုငြင်တာ မရှိဘူး။ ပြောရရင် အပြစ်ပြော ပြဿနာလုပ်ပြီး ဖြတ်တောက်လို့မရဘူးပေါ့၊ အဲဒါကြောင့် ကြာကြာတွဲဖြစ်တာလို့ ထင်တာပဲ၊ ဒါပေမဲ့ လက်ထပ်ဖို့ကတော့ လင်းရောင် ဘယ်တော့မှ စိတ်ကူးမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ အိမ်ထောင်ရေးကို သူကြောက်တယ်၊ မိန်းကလေးတွေရဲ့ တွယ်ကပ်မှုနဲ့ သွန်းမိုးခံရမှာ ချုပ်ကိုင်ခံရမှာမျိုး သူ ဘယ်တော့မှ အဖြစ်ခံမှာမဟုတ်ဘူး''

ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား။ မြခြူးယံ ရင်ထဲ လှိုက်လှိုက်မောမောကြီး ဖြစ်လို့နေသည်။

စိမ်းသဖင်ကို လက်ထပ်ဖြစ်မှာ မဟုတ်ဘူးဆိုတာ ဝမ်းသာစရာပါ။ သူမတွယ်ကပ်မှာစိုးလို့ စိမ်းသဖင်နှင့်လက်ထပ်တော့မှာဆိုပြီး မိတ်ဆက်ပေးတာက နည်းနည်းအိုဗာဖြစ်လွန်းသည်ထင်သည်။ သူနှင့်သူမ ဘယ်နှစ်ခါဆုံပြီး သူမဘက်က ဘယ်လောက်တောင် ကူနွှဲပျက် သိကွာ ပျက် တွယ်ကပ်နေခဲ့လို့လဲ။

www.burmeseclassic.com



တကယ်လို့ တွယ်ကပ်ခဲ့သည်ဆိုရင်တောင် ခင်မင်ရင်းနှီးချင်တာလို့ တွေးမပေးနိုင်ဘူးလား။

ဒါပေမဲ့ သူမ ရင်ထဲတွေးပြီး ကြည်နူးနေတာ တစ်ခုတော့ရှိသည်။ လင်းရောင်နီ ဆိုသောလူဟာ ကိုကြီးရဲ့သူငယ်ချင်းမို့ သူမကို မရင်းနှီးချင်လို့ မရတော့ဘူးမဟုတ်လား။ ဒီလူကြီးရင်ထဲက နာကျင်မှုတွေကို ကုစားပေးခွင့်ရချင်ပါသည်။

ကိုကြီးပြောလိုက်သော စကားတွေဟာ အိပ်ရာပေါ်ရောက်သည်အထိ နားထဲမှာ ပဲ့တင်ရိုက်လျက် . . . ။

■ ■ ■

## အခန်း (၁၂)

"နင်က္က အဲဒါကြောင့် တစ်ညလုံး အိပ်လို့တောင် မပျော်ဘူးဆိုပါတော့"

"မလွန်ဘူးလား မြခြူးရယ်၊ နင် တကယ် လင်းရောင်နီဆိုတဲ့လူကြီးကို ရင်ဘတ်ထဲထိ ငြိနေပြီလား"

မြခြူးယံ မဆိုင်းမတွပင် ခေါင်းညိတ်၏။ လွယ်လာသည့်အိတ်ကို ရင်ဘတ်ရှေ့မှာပိုက်ပြီး အုတ်ခုံတန်းလေးမှာ ဝင်ထိုင်လိုက်ပြီး

"အရင်က စတွေ့တွေ့ချင်း အရမ်းချောပြီး ရုပ်တည်ကြီးနဲ့မို့ ခင်မင်ရင်းနှီးချင်တာ၊ မျက်ခုံးမျက်လုံး အရုပ်အမောင်း၊ ကိုယ်ခန္ဓာအချိုးအဆစ်အားလုံး ယောက်ျားပီပီသသနဲ့ ဆွဲဆောင်မှုရှိတယ်လေ၊ သူ့ရည်းစား စိမ်းသဇင်နဲ့ လက်ထပ်မှာဆိုပြီး မိတ်ဆက်ပေးတော့ ဆွေးသွားသေးသည်"

"အခုရော နင့်ကို ချီးထုပ် အရှုပ်ထုပ်ဆိုပြီး တွယ်ကပ်နေပြီလို့ သိသိသာသာ ပုတ်ထုတ်လိုက်တာနဲ့ အတူတူပဲလေ၊ နင်မကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား''

''ကြေကွဲတာပေါ့၊ ဒါပေမဲ့ ခွင့်လွှတ်သင့်တဲ့အကြောင်းအရာတွေ သူ့မှာရှိနေတယ်၊ သူ ဘယ်တော့မှ အိမ်ထောင်မပြုဘူးတဲ့၊ ရည်းစားများ တဲ့အကြောင်းအရင်းကတော့ ချစ်မိသွားရင် လက်ထပ်ရမှာစိုးလို့ ကြာကြာ မတွဲဘဲ ဖြတ်တောက်ပစ်လိုက်တာလို့ ပြောတယ်၊ ငါကတော့ သူ့ရဲ့အဲဒီ အိုင်ဒီယာတွေကို ရင်ခုန်တယ်''

''မိန်းမ အဲသက်အရွယ် အရမ်းကွာလွန်းတယ်၊ ဖွတ်မလုံးနဲ့''

''ကြီးရင်မို့ ငယ်ရင်ချိုတဲ့၊ ငါ သူ့ကိုမှီချင်တယ်၊ ဆိုးချင်တယ် အချစ်ခံချင်တယ်၊ အလိုလိုက်မှုတွေမှာ ပျော်မွေ့ချင်တယ်''

''ဟဲ့ ဟိုက နင့်ကိုကြည့်မရတဲ့ပုံနော်၊ ကိုယ့်အထာနဲ့ကိုယ် နေစမ်းပါ၊ မလွမ်းလောက်ပါဘူး''

မြခြူးယံ ခပ်ပြုံးပြုံးနှင့် ခေါင်းယမ်းသည်။ တက်ကြွနေသော ကိုယ်က အမြင်ကတ်လောက်အောင် မြောက်ကြွနေပြီး

''သူအခု ငါ့ကိုရှောင်ချင်ရင်တောင် ရှောင်လို့မရတော့ပါဘူး သူက ငါ့ကိုကြီးရဲ့သူငယ်ချင်း ဖြစ်နေတယ် ဟင်း ဟင်း''

''မြခြူးယံ ကတော့ မိန်းမနောက်ပိုးဖြစ်နေပြီ မလွယ်ဘူးဟေ့ ဟဲ့ ဟိုမှာနင့်ကိုရှူးနေတဲ့ အောင်ထွဋ်ပိုင် စပ်ဖြဲဖြဲနဲ့ လျှောက်လာနေတယ်''

''ဟုတ်လား လာ ကင်န်တင်းဘက်ပြေးရအောင်၊ သူ အဲဒီ အထိလိုက်လာရင် ငါတို့စားတာတွေ ရှင်းခိုင်းမယ်''

''အေး မှတ်လောက်သားလောက် ပညာပြမှ''

အတိုင်အဖောက်ညီညီဖြင့် သူငယ်ချင်းသုံးယောက် ကန်တင်း ဘက်ကို ခပ်သုတ်သုတ် ထွက်လာခဲ့ကြသည်။ ကန်တင်းကိုရောက်တော့ တစ်ယောက်တစ်ပေါက် အစားအသောက်တွေ မှာကြ၏။





မှာထားတာတွေ ရောက်မလာခင်မှာ အောင်ထွဋ်ပိုင် အမော တကောနှင့် သူမတို့အနား ဝင်ထိုင်သည်။

''ငါ့ကိုမြင်မှ ဘယ်ထွက်ပြေးကြတာလဲ၊ ငါက ပြောစရာရှိလို့ နင်တို့ဆီလာတာ''

''ဩော် ဟုတ်လား၊ ငါတို့က နင့်ကိုမမြင်ဘူး၊ ဗိုက်ဆာလို့ အလုအယက်ပြေးလာကြတာဟ၊ အခု နင်ရောက်လာတော့ ငါတို့ ဒကာ ပေါ်သွားတာပေါ့၊ ဘယ်လိုလဲ ငါတို့စားတာ နင် ရှင်းမှာလား''

''ရှင်းဆိုလည်း ရှင်းပါမယ်၊ ငါက နင်စားမယ်ဆို ကျွေးချင် နေတာပါ''

''ဟဲ့ ပေါက်တတ်ကရတွေ ဆက်ပြောမှာဆို ဒီနေရာက ခပ် မြန်မြန်ထ၊ ငါက သိပ်အာရုံနောက်ခံတာမဟုတ်ဘူး''

''အေး အေးပါ နင်မကြိုက်တာ ငါ မပြောတော့ဘူးနော်၊ နင် ကြိုက်တာပဲငါပြောမယ်''

''ဘာလဲ''

''ဩော် နင်တို့ သီချင်းခွေထုတ်မလို့ဆို၊ ငါ့မှာအဆက်အသွယ် ရှိတယ်၊ တီးဝိုင်းရော ဖြန့်ချိရေးရော ပြီးတော့ အမ်တီဗွီရိုက်မယ်ဆို၊ ရိုက်တာနဲ့ အကအဖွဲ့ကိုလည်း မိတ်ဆက်ပေးမယ်''

''တကယ်လား နင့်မှာ အဲလိုအဆက်အသွယ်တွေ တကယ်ရှိ တယ်ပေါ့၊ ငါတို့က အဆက်အသွယ်ရတာနဲ့ အကောင်အထည်ဖော်ဖို့ စဉ်းစားနေတာ၊ အခု သီချင်းရေးဆရာနဲ့ တီးဝိုင်းက သိပ်အဆင်မပြေလို့ ဆယ်သွင်းဖို့ကိစ္စ ဘာမှမလုပ်ရသေးဘူး''

''စိတ်ချပါ ငါ မိတ်ဆက်ပေးမှာ နာမည်ကြီးတဲ့သူချည်းပဲ''

အောင်ထွဋ်ပိုင် စကားကြောင့် မြခြူးယံတို့ စိတ်ဝင်တစားဖြစ်



www.burmeseclassic.com

သွားကြသည်။ သူမတို့အခု ဆရာတင်ထားသည့်လူတွေက ငွေကို အမျိုးမျိုးသုံးသည့်ဆောင်းပြီး အလုပ်သိပ်မလုပ်ကြသည့်လူတွေမို့ သူမတို့အခက်အခဲဖြစ်နေကြတာ အမှန်ပဲဖြစ်သည်။

ဒီလောကမှာ တချို့လူတွေက ဝါသနာရှင်လေးတွေကို ဘာဖြစ်အောင်လုပ်ပေးမည် ညာဖြစ်အောင်လုပ်ပေးမည်ဟု မက်လုံးတွေပေး၍ သိုက်တူးချင်သူတွေက ခပ်များများ။ တကယ်ဖြစ်သွားစေချင်သည့် ပညာရှင်တွေကတော့ ဒီလိုမျိုး မလုပ်ဘူးဆိုတာ သူမတို့ သိထားသည်။

"ဟဲ့ နင် အာပလာတော့ မလုပ်နဲ့နော်၊ တကယ်မဟုတ်လို့ကတော့ နင့်ကိုအရင် အရေခွံဆုတ်မှာ"

"နင်တို့အဖွဲ့ကို ကြောက်လွန်းလို့ ဒါ မလုပ်ရဲပါဘူးဟာ"

"အေး ပြီးရော အလုပ်စကား နောက်မှဆက်ပြောမယ်၊ အခု ငါတို့ဗိုက်ဆာလို့ ဆွဲလိုက်ဦးမယ်၊ နင်ရော စားဦးမလား"

"တော်ပါပြီ နင်တို့စားနေရင် ငါ ငတ်သလိုပါပဲ၊ ငါက ရေပဲသောက်တော့မယ်"

ပိုက်ဆံလုံလောက်အောင် ပါမလာလို့ ဒီစကားပြောသည်ဆိုတာသဘောပေါက်ပေမယ့် သူမတို့ မသိချင်ယောင်ဆောင်ကာ လာချသမျှအစားအသောက်တွေကို အားရပါးရ ဆွဲလိုက်ကြသည်။ ကိုယ့်မှာ ပိုက်ဆံမရှိလို့ မဟုတ်ပေမယ့် အောင်ထွဋ်ပိုင်ကို မှတ်လောက်သားလောက်ဖြစ်အောင် ရည်ရွယ်သော်လည်း အခြေအနေက နောက်ထပ်ပတ်သက်မှုတွေဖြစ်လာသည်။

စိတ်က တရင်းတနှီး မနေလိုသော်လည်း ကိုယ့်အလုပ်အတွက် လိုအပ်နေသည်မို့ . . . ။

■ ■ ■

## အခန်း (၁၃)

ဒီအပတ် ကျောင်းပိတ်သည့် ဆန်းဒေးမှာ အောင်ထွဋ်ပိုင်နှင့် ဟိုဒီဒီ သွားလာစရာတွေက များလှသည်။ အောင်ထွဋ်ပိုင် မိတ်ဆက်သမျှတွေကတော့ တကယ့် နာမည်ကြီး တေးရေးဆရာနှင့် တီးဝိုင်းပါ။

ပညာရှင်အစစ်အမှန်တွေမို့ တွေ့ဆုံဆွေးနွေး ညှိနှိုင်းရတာ ာ်တော်အဆင်ပြေလှသည်။ သီချင်းတိုက်ဖို့လည်း သူမတို့ကျောင်းပိတ်ာ်မှာပင် ရက်ချိန်းပေး၏။ တစ်ခါတလေ သူတို့အားလပ်သည့်ရက်မှာ ချိန်ရလျှင် ကျောင်းကအပြန်ဝင်ပြီး အသံသွင်းဖို့လည်း ညှိနှိုင်းပေး၏။

"အောင်ထွဋ်ပိုင် ကျေးဇူးတင်တယ်ဟယ်၊ တကယ် ဒီနေ့ နင်င်တာကျေးမယ် သိလား"

တေးရေးဆရာဆီက ထွက်အလာမှာ မြခြူးယ် ပြောလိုက်တော့ ာင်ထွဋ်ပိုင် မျက်နှာပြုံးသွားသည်။

"ဟင်း ဟင်း အဲလိုပြောလို့ ပျော်သွားပြီ၊ ဒါပေမဲ့ ကျေးဇူးတင်

www.burmeseclassic.com



စရာမလိုပါဘူးဟာ၊ နင့်အတွက်ဆို ငါက ဘာမဆိုလုပ်ပေးချင်နေတာပါ"

"ကောင်းစုတ် နင့်ပါးစပ်ကိုပိတ်ထားလိုက်တော့၊ ဒီနေရာမှာ ကျန်နေခဲ့ချင်လား"

အောင်ထွဋ်ပိုင် ကျောပြင်ကို ဗုန်းခနဲထု၍ မျက်စောင်းရွယ်ကာ ပြောတော့ အောင်ထွဋ်ပိုင် ပျာပျာသလဲ ဖြစ်သွားကာ

"ဟာ ဆောရီး ဆောရီး မြခြူးရယ် နင်ကလည်း ဆတ်ဆတ်ထိကို မခံဘူး၊ ငါက နင့်ကိုချစ်ဖို့ အရည်အချင်းမရှိဘူးလားဟာ"

"ဟုတ်တယ် ငါချစ်သူတော်မယ့်လူမှာ ငါ စိတ်ကူးယဉ်ထားတဲ့ စံချိန်စံညွှန်းတွေရှိတယ်"

"ဘယ်လိုပုံစံမျိုးလဲ၊ ငါ ကြိုးစားပါ့မယ်"

"ဟင့်အင်း နင့်အသက်အရွယ် နင့်အရုပ်အမောင်း၊ နင့်စတိုင် အားလုံးက ဘယ်လိုမှ ငါ့အိပ်မက် မဖြစ်နိုင်ဘူး၊ နောက်ဘဝအတွက် နင် ကြိုးဆုတောင်း၊ ဒီဘဝအတွက်တော့ ဘယ်လိုကြိုးစားကြိုးစား မဖြစ်နိုင်ဘူး"

"မြခြူးရယ် နင် အဲလို ယတိပြတ်တော့"

"အောင်ထွဋ်ပိုင်"

"အေးပါ လာ ဟိုဆိုင်မှာ ဝင်စားမှာမဟုတ်လား"

အောင်ထွဋ်ပိုင် ပါးစပ်ပိတ်သွားပြီး စားသောက်ဆိုင်ထဲ ခေါင်းကုတ်ကုတ် ဝင်သွားချိန်မှာ မြခြူးယံတို့သူငယ်ချင်းသုံးယောက် လက်ချင်းချိတ်ကာ ရယ်ရင်း ဆိုင်ထဲဝင်ခဲ့ကြသည်။

တစ်နေ့လုံး လျှောက်သွားနေရသည့်အတွက် ဗိုက်ဆာနေပြီဖြစ်သည့်မို့ ကန်တော်ကြီးထဲက ဆိုင်မှာပဲ စားသောက်စရာတွေမှာလိုက်ကြသည်။





"ဟဲ့ မြခြူး ငါတို့လက်ထရိန်ဝင်လိုက်ဦးမယ်၊ အောင်ထွဋ်ပိုင်နဲ့နှစ်ယောက်တည်း နေရဲလား"

"အမလေး ငါ့ကို ရှုတ်ရှုတ်သဲသဲလုပ်ကြည့်ပါလား၊ ဂုတ်ချိုးသတ်ပစ်လိုက်မှာ"

"ကြောက်စရာကြီးပါလား၊ ဒါဆို စိတ်ချပြီးထားခဲ့မယ်နော်"

"သွားစမ်းပါ ငါ့ဆီက ပါဆယ်ယူသွားဦးမလား"

"မြခြူး အစုတ်ပလုတ် ညစ်ပတ်တယ် ရှုံ့စရာကြီး"

လွတ်လပ်ပေါ့ပါးစွာပင် ရယ်ဖြစ်ကြ၏။ နဝါနှင့်ရွှေ နောက်ဖေး ခန်းဝင်တော့ စားပွဲတစ်ဝိုင်းမှာ အောင်ထွဋ်ပိုင်နှင့်သူမသာ နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ သူမက ဗိုက်ဆာဆာနှင့် ခေါင်းငုံ့ကာ စားသောက်နေတာ၊ အောင်ထွဋ်ပိုင် ငေးကြည့်နေတာကို ဂရုမပြုမိ။

ခဏနေမှ ရေသောက်ဖို့ ဖန်ခွက်ယူလိုက်စဉ်မှာ အောင်ထွဋ်ပိုင်ရဲ့ ချစ်ရည်ရွှန်းလက်နေသော မျက်ဝန်းတွေကို သတိထားမိသွားသည်။ သူမ ရှက်ရွံ့သွားသလိုဖြင့် မျက်နှာလေးနီကာ အောင်ထွဋ်ပိုင် မျက်နှာကို တစ်ဖက်လှည့်သွားအောင် တွန်းလျက်

"တယာ့ရှုး နင့်မျက်လုံးတွေ ပြန့်ပြင်လိုက်စမ်း၊ ငါ့ကိုယောက်ျား တစ်ယောက် အဲလို မျက်လုံးမျိုးနဲ့ကြည့်ရင် အရမ်းမုန်းတာ၊ နင်သေသွားချင်လို့လား အောင်ထွဋ်ပိုင်"

"မဟုတ်ပါဘူးဟာ ငါ နင့်ကို ရိုးရိုးသားသားပဲ ကြည့်တာပါ၊ နင် အရမ်းချစ်စရာကောင်းလို့"

"ကောင်းစုတ် နင်နော်"

သူမ မျက်စောင်းထိုးကာ လက်သီးရွယ်လိုက်ခြင်းက မူခဲ့သလို ဖြစ်သွားသလားမသိပေ။ အောင်ထွဋ်ပိုင်က သဘောကျသလို မြတ်မြတ်



www.burmeseclassic.com

www.burmeseclassic.com



နိုးနိုးကြည့်ပြီး ရယ်နေ၏။

"ဟင်"

သူမ မျက်ဝန်းထောင့်မှာ လူတစ်ယောက်ကြည့်နေသည်ဟု ခံစားမိတာကြောင့် မျက်ဝန်းလေးလှည့်၍ ရှုးစမ်းမိစဉ်မှာ ရိပ်ခနဲ လှည့်ထွက်သွားသော ကျောပြင်ကို မြင်လိုက်ရသည်။

"ကိုကို"

နောက်ကနေ ဘေးတိုက်မြင်လိုက်ရတာတောင် လင်းရောင်နီမှန်း ချက်ချင်း ခံစားသိရှိလိုက်သည်။

"နဝါတို့လာရင် ငါ ပြန်သွားပြီလို့ ပြောလိုက်"

"ဟာ မြချိုး ဘယ်လဲ"

အောင်ထွဋ်ပိုင် အသံကို မြချိုး ဂရုမစိုက်။ လင်းရောင်နီကို မီအောင်အပြေးလိုက်ကာ ကားစက်နှိုးနေပြီဖြစ်သော လင်းရောင်နီ ကားပေါ် ကားတံခါးဖွင့်၍ ဇွတ်ခနဲ ဝင်ထိုင်လိုက်သည်။

"ဟင် ညည်း ဒါဘာလုပ်တာလဲ၊ ကားပေါ်က ဆင်းစမ်းမြချိုး"

"ဘာလို့ဆင်းရမှာလဲ၊ မြချိုး ကိုကိုနဲ့လိုက်မလို့"

"ဘာ ညည်းကောင်လေးကို ဒီအတိုင်းထားခဲ့ပြီး ငါနဲ့ဘာလို့ လိုက်မှာလဲ"

"သူများကောင်လေး မဟုတ်ပါဘူး ကိုကိုကလည်း သူငယ်ချင်းပါ"

"ဒီလောက် တရင်းတနှီး ပုတ်လိုက်ခတ်လိုက်နေတာ သူငယ်ချင်းတဲ့လား၊ ယောက်ျားလေးတွေကို ညည်း အဲလိုပဲ နေတတ်တာလား"

"ကိုကို စကားပြောတာ ကြည့်ပြောပါ၊ သူများက ယောက်ျားလေးတိုင်းကို လက်ပွန်းတတီး နေတတ်တဲ့သူမဟုတ်ဘူး"





"ဒါဆို အဲဒီကောင်လေးက ညည်းအတွက် အထူးပေါ့"

"ကဲပါ ကိုကိုရယ်၊ မဟုတ်တာတွေ မေးခွန်းထုတ်နေတယ်၊ ဆောင်းပါ"

"ကျွတ် ငါ တခြားအလုပ်ကိစ္စရှိသေးတယ်၊ ညည်းဘာသာ သူငယ်ချင်းဆိုတဲ့သူနဲ့ ပြန်ချင်ပြန်"

"အဲလို မျက်နှာလွှဲခဲပစ်ထားခဲ့မှာဆို ကိုကြီးကို အခုဖုန်းဆက်ပြီး တိုင်လိုက်မယ်"

"ဘာ"

သူ့ကိုအကြပ်ကိုင်နေသည့်စကားမို့ သူ ဒေါသနှင့်အော်လိုက်တော့ မြချိုးယံ စပ်ဖြဲဖြဲနှင့်ရယ်သည်။

"ကိုကြီးသူငယ်ချင်းက အဲလိုစိတ်ပုပ်စိတ်ယုတ်ရှိမှန်း မသိဘူး၊ ကားပေါ်ခေါ်တင်သွားရတာ ဘာအပမ်းကြီးလို့လဲ"

"ဘာ ငါ့ကို စိတ်ပုပ်စိတ်ယုတ်ရှိတယ်လို့ ပြောတာလား"

"မဟုတ်ဘူးလား တချို့ဆို ကိုယ့်သူငယ်ချင်းညီမတွေ ဘာတွေဆို စောင့်ရှောက်ပေးနေကြတာ"

"ငါ အဲလောက်အားနေတဲ့သူမဟုတ်ဘူး မြချိုး၊ အလုပ်ကိစ္စတစ်ခု ချိန်းထားတာ ပြီးရင် ငါ့ချစ်သူနဲ့သွားတွေ့ရမယ်၊ လက်ထပ်ဖို့ကိစ္စတိုင်ပင်ရမှာတွေရှိတာ"

"ဘယ်လိုမိန်းကလေးနဲ့မှ တစ်သက်လုံး လက်မထပ်ဘူးဆို"

"ဘာ အဲဒါ"

သက်တင်ဆီက သတင်းယူလိုက်ပြီဆိုတာ သဘောပေါက်လိုက်သည်။ ယောင်ယမ်းရာ ကားစက်ကိုရပ်လိုက်တော့ မြချိုးယံ မထိတော့ရ ပြီသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေကို မုန်းနေတာလည်း မဟုတ်ဘဲနဲ့ ဘာလို့ လက်မထပ်ချင်တာလဲ"

"အဲဒါ ညည်းနဲ့မဆိုင်ပါဘူး၊ ငါ့ကိစ္စ ငါ့အကြောင်းပါ"

"ကိုကို ဘာလို့ သူများကို အဲလောက် သူစိမ်းဆန်တာလဲ"

"ညည်းနဲ့ငါက ဘယ်နေရာမှာ ဆွေမျိုးတော်နေလို့လဲ၊ အေး ဆွေမျိုးတွေတောင် ငါ့အပေါ်မကောင်းလို့ ငါကလည်း ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ ငါ့ဘ၀ ငါရပ်တည်ပြီး အေးအေးချမ်းချမ်း နေချင်တယ်"

"အဲဒီ မောက်မာမှုက အထီးကျန်စေတတ်တယ် ကိုကို"

"ကျွတ်"

ဒီကောင်မလေး လူလေးက လက်တောက်လောက်ဖြင့် သူ့ကို စကားကြီးစကားကျယ်တွေပြောပြီး ဆုံးမနေပါလား။ ရယ်မလို ပြုံးမလို မျက်နှာနှင့် ဒီကောင်မလေးကို ကားပေါ်ကသာ တွန်းချလိုက်ချင်သည်။

ဒီလိုပြောရ ကတ်သတ်ပြီး အနာအကျင်မရှိသော ကလေးတွေနှင့် လုံးဝမပတ်သက်ချင်ပါ။ ဒါပေမဲ့ ဒီအတိုင်းဆို ကားပေါ်က ဆင်းတော့မည်မဟုတ်တာကြောင့်

"ကဲ မြခြူးယံ ညည်းဘယ်သွားမှာလဲ၊ ဘယ်လိုက်ပို့ရမလဲ ပြော"

"ကိုကို သွားတဲ့နောက်လိုက်မှာ"

"ဘာ ဟာ ညည်းတော့ မဟုတ်တော့ဘူး၊ မြခြူး သက်တင်ကို ငါ ဖုန်းဆက်ပြီး တိုင်လိုက်ရမလား"

"တိုင်လေ မြခြူးတို့က အရင်တည်းက ရင်းနှီးတာလို့ပြောလိုက်မှာပေါ့"

"အာ မြခြူးရာ ညည်း"





လင်းရောင်နီ တကယ်ကို ကျွတ်ကျဲနေသည်။ သက်တင်မှာ ဒီလိုမျိုး ဖွတ်တရွတ် ဉာဉ်ဆိုးသည့် ညီမရှိနေရတာလဲ။ ညီမကို ရှုတ်ချထားသည့်ကိစ္စ သက်တင် မသိစေချင်တာကြောင့် စိတ်ကိုလျှော့၍ သက်ပြင်းချလိုက်မိသည်။

"ငါက ငါ့ချစ်သူ စိမ်းနဲ့သွားတွေ့မှာ၊ ညည်း ဘာကန့်လန့်လိုက်လုပ်မလို့လဲ"

"ကန့်လန့်မလုပ်ပါဘူး၊ ကိုကိုတို့နားမှာ ငြိမ်ငြိမ်လေးပဲထိုင်နေမှာ"

"ရှုပ်ရှင်သွားကြည့်ရင်ရော"

"ဘာဖြစ်လို့လဲ တစ်ယောက်ထိုင်ခုံ ထိုင်မယ့်ဥစ္စာ"

"အေး ပြီးရော"

တစ်ခါတည်းနဲ့ မှတ်သွားအောင် ပညာပေးမှဖြစ်မည်။ ဒီလောက် တွယ်ကပ်ချင်သည့် ကောင်မလေးမှာ ရိုးသားမှုဆိုတာ ရှိပါ့မလား။ မရိုးသားမှန်းသိလို့ အစတည်းက ရှောင်ဖို့ကြိုးစားခဲ့ပေမယ့် သက်တင့်ကြောင့် ရှောင်တိမ်းလို့မကောင်းသည့် ပတ်သက်မှုက လာငြိနေသည်။

ဟူး ဒီတစ်ခါပါပဲ မြခြူးယံ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မြခြူးယံ တဲ့၊ ကိုယ့်သူငယ်ချင်း သက်တင်ရဲ့ညီမလေ"

"ဩော် သက်တင်မှာ ညီမတစ်ယောက်ရှိတယ်လို့ ပြောတယ် နော်၊ ရုပ်ကအချောလေးပဲ၊ ကလေးဆန်ဆန်လေးနဲ့ ချစ်စရာကောင်းတယ် ဒါနဲ့ သူ့ကို စိမ်းနဲ့မိတ်ဆက်ပေးဖို့ ခေါ်လာတာလား"

"အထူးတလည် မိတ်ဆက်ပေးဖို့ တကူးတက ခေါ်လာတာ တော့ မဟုတ်ပါဘူး၊ ကိုယ့်ကားပေါ် လမ်းကြုံလို့ လိုက်လာတာလေ ဩော် စိမ်း တစ်ခုခုစားပြီး ကိုယ်တို့ရုပ်ရှင်သွားကြည့်ရအောင်"

"ဟင် ရုပ်ရှင်သွားကြည့်မယ်၊ မောင်က ဘာမှလည်းကြိုမပြော ...လ မောင်ကြည့်မယ်ဆိုလည်း ကြည့်မှာပေါ့ ဟို သူကရော" ဘဲ အင်းပါ ...ယံကို မေးငေါ့ပြီးမေးတော့ မြခြူးယံက ပြုံးဖြီးဖြီးလေးနှင့် မြခြူး ...ဉ်မောင်းကို ဆုပ်ကိုင်လိုက်ကာ လင်းရောင်နီ လ... မစိမ်း ရုပ်ရှင်ကြည့်ရင် သူများလည်း လိုက်မှာပေါ့ "ကိုကိုနဲ့မ... ...မှာပဲ နော် ကိုကို" ဘယ်သွားသွား လိုက်...

ဗျူး၁၁၄၆



လင်းရောင်နီ ခေါင်းညိတ်လိုက်တော့ စိမ်းသဇင် မျက်နှာရှုံ့ မဲ့ကာ စိတ်လေသွားသည်။ သူများချစ်သူစုံတွဲကြားမှာ အရှုပ်ရောက်နေ သည့် သူစိမ်းမိန်းကလေးက ဘာလိုက်လုပ်မှာလဲ။

သူငယ်ချင်း ညီမဆိုတာ ဆွေမျိုးနီးစပ်တော်တာမှ မဟုတ်တာ။

"ကဲ စိမ်း ကိုယ့် ဘွတ်ကင်လုပ်ထားပြီးသား၊ တစ်ခုခုစားပြီး သွားရအောင်"

"အင်း သွားလေ၊ ရှေ့ကဆိုင်မှာ ဖက်ထုပ်ဆီချက် ကောင်း တယ်"

"ကိုကို သူများက ဒင်းဆမ်းစားမှာနော်"

"ကျွတ်"

လင်းရောင်နီ စိတ်ပျက်လက်ပျက်ပင် ဆိုင်ရောက်တော့ မြခြူး ယံ စားချင်တာ မှာပေးလိုက်ရသည်။ တစ်လမ်းလုံးလည်း လက်ကိုတွဲ ...တ်ထားတာ မဖြုတ်။ ကားစီးတော့လည်း ရှေ့ခန်းမှာ သုံးယောက်ထိုင် ...ရလျှင် ထိုင်ကိုက်မည့်ပုံစံမျိုး။

"ကိုကို ဒါစားကြည့်"

"မစားချင်ပါဘူး၊ မကြိုက်ဘူး"

တူနှင့်ညှပ်ကာ အချဉ်ရည်နှင့်တို့ပြီး ပါးစပ်ထဲ ဖွတ်အတင်းခွံ့ ...တော့မည့်ပုံမို့ ခေါင်းတယမ်းယမ်း ငြင်းဆန်သော်လည်း မရပေ။ စိမ်းရှေ့ ...မှာ ဒီလိုမျိုး လုပ်နေတာက မကောင်း။

"ကိုကို စားပါဆို၊ တခြားဆိုင်နဲ့မတူဘူး၊ အရမ်းအရသာရှိတယ် ...ကြည့် တကယ်"

"မကြိုက်ပါဘူးဆိုဟာ"

"စားကြည့်ပါဆို"

ဗျူး၁၁၄၆

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မောင်ရယ် သူများတွေကြည့်နေတာ အမြင်မတော်ပါဘူး၊ စားလိုက်စမ်းပါ"

စိမ်း စကားကြောင့် ပါးစပ်ဟပေးလိုက်ရသော်လည်း အမြင်မတော်ဘူးဆိုသည့်စကားက မြခြူးယံ လက်တွေကို တုံ့ဆိုင်းသွားစေသည်။

"မမစိမ်းကလည်း ဘာကိုအမြင်မတော်တာလဲ၊ ကိုကိုက ကိုကြီး သူငယ်ချင်းဆိုတော့ မြခြူး အစ်ကိုပဲလေ၊ ညီမတစ်ယောက်က ခွံ့ကျွေး တာ ဘာအမြင်မတော်စရာရှိလဲ"

"ဪ ဟုတ်သားပဲ စိမ်းကလည်း၊ အစ်ကိုတစ်ယောက်လို ခင်လို့ ကိုယ့်ချစ်သူနဲ့ချိန်းတွေ့တာကို သူ လိုက်တာပေါ့"

"အဟင်း စိမ်းစကားပြော များသွားတယ်၊ အဲဒါဆိုလည်း သူ ခွံ့တာစားလိုက်လေ၊ ရုပ်ရှင်ကြည့်ဖို့ အချိန်မမီဘဲနေဦးမယ်"

စိမ်းသဖင်က ချက်ချင်းပင် နားလည်သဘောပေါက်သွားသလို ပြုံးပြုံးရွှင်ရွှင် ပြန်ဖြစ်သွား၏။ မြခြူးယံ ခေါင်းလေးကိုလည်း ချစ်စနိုး ပုတ်လိုက်ကာ

"မြခြူးက ကိုလင်းရောင်ကို အရမ်းချစ်တာပဲလား"

"အင်း အရမ်းချစ်တယ်"

ဘယ်လိုအဓိပ္ပာယ်နှင့်ပြောလိုက်မှန်းမသိပေမယ့် အရမ်းချစ်တယ်ဆိုသော စကားကို လင်းရောင်နီ မျက်နှာကိုကြည့်ပြီး ပြောလိုက်ရုံက လိုက်လုံနှင့်သိးလွန်းလှသည်။ လင်းရောင်နီက မသိချင်ယောင်ဆောင်ကာ စိမ်းပခုံးလေးကိုလှမ်းဖက်လိုက်ပြီး

"သက်တင်က ဒီကောင်မလေးကို စောင့်ရှောက်ပါဆိုပြီး ကိုယ့်ကို အပ်ထားတယ်လေ၊ ကလေးတစ်ယောက်လိုပဲကွ၊ သူ့အစ်ကိုနဲ့အဖေ အပေါ်လည်း အရမ်းဆိုးတယ်၊ သူတို့က ချစ်လွန်းတော့ အရမ်းအလို





လိုက်ထားကြတာကိုး"

"အံမယ် သူများက အပုပ်ချခံလောက်အောင် မဆိုးပါဘူးနော်၊ ကိုကိုတို့နှစ်ယောက်ကြားမှာ ကန့်လန့်ကန့်လန့် ဖြစ်နေတယ်ထင်လို့လား၊ အဲဒါဆိုလည်း ကိုကြီးကို လာခေါ်ခိုင်းလိုက်မယ်"

"ဟာ မဟုတ်ပါဘူး၊ ကန့်လန့်ဖြစ်တယ်လို့ မပြောပါဘူး ရုပ်ရှင်ကြည့်လိုက်ခဲ့ပါဗျာ၊ ပြန်ရင်လည်း လိုက်ပို့ပါမယ်"

"ပြီးရော"

မြခြူးယံက စိတ်ကောက်သလို နှုတ်ခမ်းတွဲတွဲလေးကိုရှုလျက် အဲဒီဆမ်းတွေကို အချဉ်ရည်နှင့်တို့လျက် တစ်ခုပြီးတစ်ခု ပလုပ်ပလောင်း သွပ်ကာ စားနေသည်။ သူမ စားပြီးချိန်လောက်မှာပဲ နာရီကိုကြည့်လျက် ကောင်တာမှာ ငွေသွားရှင်းလိုက်သည်။

"သွားမယ် ရုပ်ရှင်ချိန် နီးနေပြီ"

"ဟုတ် ကိုကို၊ လာ မမစိမ်း"

သူမက အလယ်ကနေလျက် စိမ်းနှင့်သူ့ကို လက်မောင်းတစ်ဖက်တစ်ချက်စီ ဆွဲဖက်တွဲထွက်လာတော့ စိမ်းမျက်နှာကိုကြည့်ကာ မျက်နှာပူသွားရသည်။ ရုပ်ရှင်ရုံရောက်တော့လည်း သူမက အလယ်က ဝင်ထိုင်တော့ သူ တော်တော်လေး စိတ်အချဉ်ပေါက်သွားသည်။

"ဖပ်စမ်း ဘာဖြစ်နေတာလဲ"

ခပ်ကြိတ်ကြိတ် မာန်မဲလျက် သူမကို တစ်ဖက်ကို တိုးရွှေ့လျက် စိမ်းဘက်က ခုံမှာပြောင်းထိုင်ရသည်။ စိမ်းက သတိထားမိပုံမပေါ်သလို ခပ်ပြုံးပြုံးသာနေ၏။ ရိပ်မိပုံပေါ်ပေမယ့် သဘောထားသေးသိမ်သည်လို့ အထင်ခံချင်ပုံမရပေ။

"ကိုကို ရော့"



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေမွန်းကျပ်လှ၍ ရုပ်ရှင်ပိတ်ကားပေါ် အာရုံရောက်လိုက် မရောက်လိုက်ဖြစ်နေဆဲမှာ ပခုံးချင်းတိုက်ပြီး ခပ်ကြိတ်ကြိတ် ခေါ်တာကြောင့် လှည့်ကြည့်လိုက်တော့ သူ့လက်ကိုဆွဲယူ၍ လက်ဝါးဖြန့်နိုင်းကာ နေကြာစေ့ အခွံနွာပြီးသားတွေ ထည့်ပေး၏။

စိမ်း မသိစေချင်သလို အသံတိတ် မျက်ခုံးပင့်လျက် စားလိုက်ဟု အထာပြလိုက်သေး၏။ သူ့မှာအနေကျုံ့လျက် ရုပ်ရှင်မှာ အာရုံရောက်နေသော စိမ်းမသိအောင် စားရအခက် လွှင့်ပစ်ရအခက် ဖြစ်နေသည်။ လွှင့်ပစ်တာသိလျှင်လည်း ပြဿနာရှာနိုင်သည် မဟုတ်လား။

"အင့် ဒါလည်းကောင်းတယ်"

နားနားကပ်ပြီး ခပ်တိုးတိုးပြောကာ ထည့်ပေးလာသည်က ပြောင်းဖူးပေါက်ပေါက်ဖော်တွေ။ ဒီကောင်မလေး တကယ့်ကို ဗရုတ်သုတ်ခ နိုင်လွန်းပါသည်။

လူကြီးတစ်ယောက်ကို ရည်းစားမသိအောင် ဖောက်ပြန်နိုင်းသလိုဖြစ်နေသည် မဟုတ်ပါလား။ ဒီချိုးထုပ်လေးကို စိတ်ရှိတိုင်းသာ ပေါက်ကွဲပစ်လိုက်ချင်ပါသည်။

ကိုယ့်အပေါ် စိမ်းကို အငြိုငြင်မခံရဲလောက်အောင် မြတ်နိုးတန်ဖိုးထားပြီး ချစ်မြတ်နိုးတာ မဟုတ်ပေမယ့် ဒီကောင်မလေးရဲ့ရဲတင်းမှုကြောင့် အထင်သေးသွားမှာတော့ မခံနိုင်။

"ကိုကို"

"ဘာလဲ"

"ရုပ်ရှင်က ကောင်းလား"

ကြည့် စိမ်းဘက် မလှည့်အောင် စကားမရှိ စကားရှာမေးနေတာ။ ဒီလောက် အလိုက်ကန်းဆိုးမသိတာတော့ အမြင်ကတ် အချဉ်





ပေါက်မိပါသည်။ ဒါကြောင့် ဒီလိုအရွယ် မိန်းကလေးတွေကို ပတ်သက်ရမခံချင်တာဟု သက်တင်ကို ပြောခဲ့မိတာ မှားမည်မထင်။

"ကိုကို မင်းသားက ချောတယ်နော်"

"မြခြူး ကိုယ့်ဘာသာ အေးအေးဆေးဆေး ကြည့်စမ်းအေ၊ ညည်းအရမ်းစကားများတာပဲ၊ ဒီမှာ ရုပ်ရှင်ကို ခံစားလို့မရဘူး"

စိတ်ရှုပ်မခံချင်သလို စိမ်းကြားအောင် အော်ပေးလိုက်တော့ မြခြူးယံ လျှာတစ်လစ်ထုတ်၍ ပခုံးလေးတွန့်ကာ ငြိမ်သက်သွား၏။ ကြောက်တတ်သွားသလားဟု ထင်လိုက်မိသော်လည်း ခဏနေတော့ သက်ထဲကို နေကြာစေ့ လာထည့် ပေါက်ပေါက်ဖော်လာထည့်နှင့် အနားကျင်မရှိ မျက်နှာပြောင်လျက်။

ဟူး ဒီကောင်မလေး တကယ့်မလွယ်ကြော . . .။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၅)

"မမစိမ်းကို အရင်ပြန်ပို့လိုက်ပါလား ကိုကိုရဲ့၊ မမစိမ်းတို့အိမ်က ဝေးတယ်ဆို"

"ရတယ် ညညီးလည်း အိမ်ပြန်ရမှာ အရမ်းနောက်ကျနေပြီ ညညီးကိုအရင်ပြန်လိုက်ပို့မယ်"

"ကိုကိုကလည်း မမစိမ်းအိမ်ကို သိထားချင်လို့ပါ၊ နောက်ကျတော့ ကိုကိုက မမစိမ်းကို ဟိုဟာဒီဟာ အထိမ်းအမှတ်လက်ဆောင် ဘာညာပေးခိုင်းရင် သွားပေးပေးမယ်လေ၊ မြားနတ်မောင်လုပ်ပေးမယ့် ဟာကို နော် မမစိမ်း ကူပြောပါဦး"

အယုံသွင်းကာ တပ်ကူခေါ်လိုက်တော့ စိမ်းသဖင် မငြင်းနိုင်ပေ

"ကဲပါ မောင်ရယ်၊ မြခြူးက သိထားချင်တယ်ဆိုလည်း စိမ်းအိမ်ကို ရောက်မူးအောင် သူ့ကိုခေါ်ခဲ့ပါ၊ ပြီးမှ ပြန်လိုက်ပို့လိုက်ပေါ့"

"မြခြူးကို အိမ်အထိလိုက်ပို့မှာမှ မဟုတ်တာ၊ ကိုယ်က သက်တင်နဲ့ ချိန်းထားတာတစ်ခုရှိသေးတယ်"



"ဘာဖြစ်ဖြစ်ပါ၊ စိမ်း အိမ်ကိုသိထားရုံဆိုတော်ပြီပေါ့၊ မောင်ဘယ်တော့မှ စိမ်းတို့အိမ်ကို မလာဘူးဆိုတာ သိပါတယ်၊ အိမ်ကလူတွေနဲ့လည်း မောင့်ကို မိတ်ဆက်မပေးပါဘူး"

"ဟင် ကိုကိုနဲ့မမစိမ်း ချစ်နေတာ မမစိမ်းတို့အိမ်က မသိဘူးလား"

"လက်ထပ်ဖို့ မသေချာသေးလို့ အသိမပေးရသေးတာပါ၊ မြခြူးကိုကိုက မမစိမ်းကို လက်ထပ်ဖို့မှ ရည်ရွယ်ရဲ့လား မသိဘူး"

"စိမ်း"

မြခြူးယံရှေ့မှာ ဒီလိုစကားတွေပြောလျှင် ပိုပြီးအတင့်ရဲလာမှာစိုး၍ ဟန့်တားလိုက်သော်လည်း မြခြူးယံက အကာင်းပါးစွာ သဘောပေါက်ပြီးသူလို ပြုံးသည်။

"ကိုကိုက နည်းနည်းအကျင့်ပုပ်တယ် မမစိမ်းရဲ့၊ ရည်းစားပဲထားချင်တာ၊ သူများသားသမီးကို လုပ်ကိုင်ကျွေးရမှာစိုးလို့ လက်ထပ်ချင်တာမဟုတ်ဘူး။ ပြီးတော့ မိန်းကလေးတွေကို ချစ်မိရင် လက်ထပ်ရမှာဆိုလို့ မိန်းကလေးတစ်ယောက်ကို ဘယ်တော့မှ ကြာကြာမတွဲဘူး။ မမစိမ်းကိုလည်း ဘယ်နေ့ဖြတ်တောက် ချန်ခဲ့မလဲမသိဘူး၊ စောင့်သာနေ"

"မြခြူးယံ ညညီး"

"အား"

စိတ်တိုစွာ ခေါင်းငိုက်စိုက်ကျအောင် ဖက်ပိုးကိုအုပ်ပစ်လိုက်သည်။ ဒါလည်း အနာအကျင်မရှိပါ။ စိမ်းကို တမင်သိအောင်ပြောခွင့်ရလိုက်၍ ပျော်နေဟန်ရှိပြီး စပ်ဖြဲဖြဲ မျက်နှာပြောင်နေသည်။

သူ စိတ်လျှော့ကာ စိမ်းကိုအရင်လိုက်ပို့ဖို့သာ ဆုံးဖြတ်လိုက်ရသည်။ စိမ်းတို့ရပ်ကွက်ထိပ်ရောက်လို့ စိမ်း ကားပေါ်ကဆင်း

www.burmeseclassic.com



သွားတော့လည်း မမစိမ်းတို့အိမ် ဘယ်နားမှာလဲဟု စိတ်ဝင်တစား မေးခြင်းမရှိပါဘဲ ကိုကို ဘာလုပ်နေတာလဲ သွားမယ်လေဟု ခပ်ကြိတ် ကြိတ်မာန်မဲခံရသေး၏။

စိမ်းကို အားနာစွာ လက်လေးပြပြီး ကားကိုမောင်းထွက်ခဲ့ သည်။ လမ်းဘေးတစ်နေရာအရောက်မှာတော့ ကားကိုတုံ့ခနဲ ဘရိတ်အုပ် ဆောင့်ရပ်လိုက်ပြီး

"ညည်း ဒီကနေ့ တက္ကစီငှားပြီး ညည်းသွားချင်ရာသွားတော့ ခု ကားပေါ်ကဆင်း"

"ဘယ်လိုဖြစ်တာလဲ ကိုကိုကလဲ၊ သူတောင်းစားလို နှင်ထုတ် တာ တော်တော်ဝါသနာပါတယ်"

"အပိုစကားတွေ မပြောနဲ့၊ ညည်းတော်တော် ကြိုဟ်မွေ့ပြ ပြသနာရှာတယ်၊ ညည်းမှာ ဘယ်လိုအကြံအစည်တွေ ရှိနေလဲ မြခြူး"

"သူများက ဘာအကြံအစည်ရှိရမှာလဲ၊ ကိုကိုနော် သူများသား သမီးကို မဟုတ်တမ်းတရားတွေ စွပ်စွဲနေတယ်"

"ငါက စွပ်စွဲစရာလား၊ ညည်းမှာ အကြံအစည်မရှိဘဲ ငါ့ စိမ်းကြားမှာ အထင်အမြင်လွဲအောင် လျှောက်လုပ်ပြီး"

"ကိုကို မမစိမ်းကို ချစ်လို့လား"

"ဘာ"

"လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာလည်း မဟုတ်ဘဲနဲ့ မ စိမ်း အထင်လွဲမှာ ဘာလို့ကြောက်နေတာလဲ ကိုကို၊ လက်မထပ်ဘဲ ဘာအခွင့်အရေးတွေ လိုချင်လို့ မမစိမ်းအထင်လွဲမှာ ကြောက်နေတာလဲ"

"မြခြူးယံ ညည်း"

ကိုယ်ကျင့်သိက္ခာကိုထိပါးစေသည့်စကားမို့ သူမ မျက်နှာ





သက်ညှိုးနှင့်ထိုး၍ အံကြိတ်သံနှင့်အော်မိကာ

"ညည်းသွားတော့ ငါ့ကားပေါ်က ဆင်းတော့ သွား"

ကားတံခါးဖွင့်ကာ ကားပေါ်ကဆင်း၍ သူမလက်ကို ဆောင့်ဆွဲ ၍ ဆွဲချလိုက်သည်။ သူမက ကားအောက်ရောက်မှ ဆတ်ခနဲရုန်း၍

"ကိုကိုနော် လက်ကြမ်းကြီးနဲ့ ဆွဲတာ အရမ်းနာတာပဲ၊ သူများ သားသမီးကို မညှာမတာ"

"အေး မင်းလိုအလိုက်ကန်းဆိုးမသိ၊ အနာအကျင်မရှိတဲ့ မိန်း ကလေးကို မညှာတာတတ်ဘူး၊ မကြင်နာတတ်ဘူး၊ အဲဒါကြောင့် မပတ် သက်နဲ့ ကင်းအောင်နေ"

"မနေဘူး"

"ဘာ"

"အဲလို အပြောခံရရင် ပိုပြီးအရွဲ့တိုက်တတ်တယ်၊ နောက်ထပ် အပြောခံစရာ တစ်လုံးထပ်တိုးအောင်နေမှာ၊ ဟွန်း မုန်းစရာကြီး"

"တောက်"

မဲ့ကာရွဲ့ကာပြောပြီး သူနှင့်ဆန့်ကျင်ရာအရပ်ဘက်ကို လျှောက် သွားသော မြခြူးယံရဲ့ မထိမဲ့မြင် ပုံစံကိုကြည့်၍ စိတ်ထဲမခံမရပ်နိုင်ဖြစ် ကာ အူတွေအသည်းတွေ ယားလှသည်။ မင်းညီမကို မင်းထိန်းပါဦးလို့ သက်တင်ကိုသာ အော်ဟစ်တိုင်လိုက်ချင်၏။

သက်တင်မှာ ညီမဆိုးရှိတာ သူလည်း ကံဆိုးတာပင် . . ။

တော်တော်ဆိုးသည့် မြခြူးယံ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မြခြူးယံ နင် တော်တော်ဆိုးပါလား။ ငါတို့ လက်ထရိန်ခန်းက ထွက်လာတော့ နင် မရှိတော့ဘူး။ အောင်ထွဋ်ပိုင်ဆို နင့်နောက်ပြေးလိုက်ရမှာလား၊ ထိုင်နေရမှာလားမသိ၊ မျောက်မီးခဲကိုင်သလိုပဲ၊ နေပါဦး နင်က ဘယ်ကိုသွားတာလဲ၊ ဘယ်သူ့နောက်လိုက်တာလဲ"

"မနေ့က အချိန်နဲ့ရော အိမ်ပြန်ရောက်လား။ နင် ငါတို့မသိအောင် ဘာတွေလုပ်နေတာလဲ မြခြူး"

နဝါနှင့်ရွှေဥ မေးခွန်းတွေနှင့် သူမကိုဝိုင်းကျပ်နေကြသည်။ သူမ မျက်နှာက မြောက်ကြွမြောက်ကြွ ပုံစံနှင့် စပ်ဖြဲဖြဲ။

"ဟဲ့ပြောလေ သူ့ကိုယ်သူ ကိုရီးယားလူချွင်တော်မ မှတ်နေလားမသိဘူး"

"အခုတလော မြခြူး ဂေါက်နေတာ၊ ရူးသာကြီးပို့မှဖြစ်တော့မယ်"

"ကိုယ်ဟာ အချစ်ရူးလေးပါ၊ အချစ်ရူးလေး"

မြခြူးယံက လက်သီးဆုပ်ကို မိုက်ခ်လုပ်၍ သီချင်းတော်





ဆိုနေလိုက်သေးသည်။ ပြီးမှ နဝါကို အနားဝင်ထိုင်ကာ

"ငါ ဘယ်သူ့နောက်လိုက်တယ်ထင်လဲ"

"ကြော် မသိလို့ မေးနေပါတယ်ဆိုမှ"

"ကိုကို့နောက်"

"ဘာ လင်းရောင်နီကိုပြောတာလား"

"အင်း"

"ဘာလိုက်လုပ်တာလဲ"

"သူ့ရည်းစားနဲ့ ရုပ်ရှင်သွားကြည့်တာ စားသောက်ဆိုင်ထိုင်တာ"

"ဟယ် အဲ့ဒါ နင်က ဘာလိုက်လုပ်တာလဲ၊ နင် မရှက်ဘူးလား မြခြူး"

"သူတို့ချင်း ဝမ်းကစ်တွေ တူးကစ်တွေ ပေးလည်း နင်ကြည့်နေတာပဲလား"

"ဟား ဟား ကိုကို လက်တောင်မကိုင်ရဘူး။ သူတို့နှစ်ယောက်ကြားမှာ လက်တစ်ဖက်စီခွဲသွားတာ၊ ကိုကို လှုပ်တောင် လှုပ်လို့မရဘူး။ နင်ရှိုင်ကြည့်တော့လည်း ကိုကို့ကို နေကြာစေ့ ကျွေးလိုက် ပေါက်ပေါက်ဆုပ်ကျွေးလိုက် စကားတွေပြောလိုက်နဲ့ မမစိမ်းဘက် ကိုကို့မျက်နှာလှည့်မသွားအောင် သိမ်းသွင်းထားလိုက်တယ် မမိုက်ဘူးလား"

"အံ့သြပါရဲ့ မြခြူးရယ်၊ တကယ် လက်လန်တယ်"

"သူများသမီးရည်းစားကြားမှာ နင် အဲလိုသွားလုပ်တော့ ဟိုကမုန်းဘူးလား၊ စိမ်းသဖင်ဆိုတဲ့ မိန်းမက မိန်းမချောင်းချောင်း နင့်အကွက်တွေကို ကြိုမြင်မှာပဲ၊ ရည်းစားလူလု အရှုက်ခွဲခံတဲ့ နင့်ကိုမျက်မုန်းကျိုးနေမှာ၊ နင် အဲလိုမလုပ်ပါနဲ့ဟာ၊ နင် ဝင်လိုက်မှာမကြောက်ဘူးလား"

မြခြူးယံ ခေါင်းယမ်းသည်။ နှုတ်ခမ်းလေးကိုလည်း မဲ့ကာ



www.burmeseclassic.com

www.burmeseclassic.com



''ငါက ဘာလို့ဝင်နှလိုက်ရမှာလဲ၊ သူတို့ချစ်ခြင်းကိုခွဲနေတာ မဟုတ်တာ၊ ကိုကိုက စိမ်းသဖင်ကို ချစ်လို့တွဲနေတာလည်း မဟုတ်ဘူး လက်ထပ်မှာလည်း မဟုတ်ဘူး၊ အဲဒီအတွက် ငါ့မှာကြိုးစားခွင့်ရှိပါတယ်''

''နင့်ကိုယ်နင် ယောကျာ်းလေးမှတ်နေလား မြခြူး၊ ကိုလင်းရောင်နဲ့က အဆင်ပြေပြေ သဟဇာတဖြစ်တဲ့ ဆက်ဆံရေးလည်း မဟုတ်ဘူး၊ အခုနောက်ပိုင်း နင့်အစ်ကိုမျက်နှာနဲ့ အားနာလို့ လိုက်လျောတဲ့ ပတ်သက်မှုမျိုးနော်၊ ဒါတောင် နင့်ကိုမျက်နှာသာပေးလို့လား''

''အဲဒီစတိုင်က ဆွဲဆောင်မှုရှိနေတာ ရွှေဥရဲ့၊ ငါ့ဘဝမှာ အခုချိန်ထိ ဘယ်ယောကျာ်းလေးကိုမှ မချစ်ဖူးဘူး၊ ရည်းစားစကားပြော ခံရလည်း ရင်မခုန်ဘူး၊ အင်တာနက်ပေါ်ကနေ ရှာဖွေရလောက်အောင် လည်း ငါ မရူးနှမ်းဘူး၊ ကိုကို့ကိုတော့ ငါ မြင်မြင်ချင်းသဘောကျသွား တာ၊ အတိတ်က အကြောင်းရေစက်တွေကြောင့် အဲလိုဖြစ်သွားတယ် တာ နင်တို့ယုံကြည်လား''

ရွှေဥနှင့်နဝါ ချက်ချင်းပင် နှာခေါင်းရှုံ့ပြီး ခေါင်းယမ်း၏။

''ကံကြမ္မာတို့ ရေးရေစက်တို့ဆိုတာ လူတွေက ဆင်ခြေပေးပြီး ဖန်တီးယူနေကြတာပါ၊ တိုက်ဆိုင်မှုတစ်ခုကြောင့် ဆုံဖြစ်ကြတယ်ဆိုတာ ကိုတော့ လက်ခံတယ်''

''ဖူးစာပါရင် မလွဲဘူးဆိုတာကိုလည်း ငါတို့ထောက်ခံပါတယ် ဒါပေမဲ့ အရှက်မရှိ တွယ်ကပ်တာမျိုးတော့ ငါတို့အားမပေးချင်ဘူးဟာ သူ့ဘက်က ညီမျှတဲ့ငြိတွယ်မှုမျိုးရှိရင်တော့ တော်သေးတာပေ့ါ''

''အဲဒါကိုက ငါ့ရင်ကို လှုပ်ခတ်စေတာ၊ သမားရိုးကျဆန် အချစ်ဇာတ်လမ်းတစ်ပုဒ်က ပျင်းစရာကောင်းပါတယ်ဟာ၊ မိန်းကလေး ဆိုတာ ကျွန္တြေသိက္ခာဆိုတဲ့ စည်းတွေဘောင်တွေနဲ့ ကိုယ့်ဆန္ဒတွေ





မျိုသိပ်ထိန်းချုပ်ထားရတဲ့ခေတ်က ကျန်ခဲ့ပါပြီ၊ ဒါပေမဲ့ အချစ်ကို မတရား တဲ့နည်းနဲ့တိုက်ယူဖို့တော့ စိတ်ကူးမရှိဘူး၊ ကိုကို ငါ့ကိုချစ်လာအောင် စိတ်ဝင်စားလာအောင်ပဲ ကြိုးစားမှာ''

ဘာထူးလို့လဲဟု ငေါ့လိုက်လျှင်တော့ မြခြူးယံမှာ ဆင်ခြေပေး စရာတွေ ထပ်ရှိနေဦးမည်ထင်သည်။ ရွှေဥတို့မှာ အားပေးဖို့စိတ်ကူးမရှိ ကြသော်လည်း ကန့်ကွက်မိလို့ မြခြူးယံ စိတ်ဆိုးမှာလည်း စိုးရိမ်နေကြ သည်။ မြခြူးယံဘာသာ စိတ်ကူးပြောင်းသွားလျှင်တော့ အဆင်ပြေနိုင်၏။

''နင် အောင်ထွဋ်မိုင်ကို ဘယ်လိုသဘောထားလဲ၊ နင့်အပေါ် လိုက်လျောမှုရှိတဲ့ အောင်ထွဋ်မိုင်ကို တစ်နေ့နေ့မှာ လက်ခံပေးလာနိုင်တဲ့ အနေအထားမျိုး''

''နင်တို့ကို ငါ ပြောပြီးပြီလေ၊ အောင်ထွဋ်မိုင်က ငါ စိတ်ကူး ယဉ်ထားတဲ့ မင်းသားလေးမျိုးမဟုတ်ဘူး၊ သူ့လိုပုံစံ ငါတစ်ခါမှတောင် စိတ်ကူးမယဉ်ဖူးဘူး''

''သူကတော့ နင့်ကိုတမ်းတမ်းစွဲနော်၊ နင့်အတွက် အသက်ပေး ဖို့တောင် အဆင်သင့်ပဲ''

''အချစ်က ပေးဆပ်ခြင်းလား ရယူခြင်းလား၊ အနစ်နာခံ ဖြည့်ဆည်းခြင်းလားဆိုတာ ငါ သေချာမသိဘူး၊ ဒါပေမဲ့ ကိုယ်ချစ်တဲ့သူ က ကိုယ့်ကိုပြန်ချစ်လာအောင် ကြိုးစားရမှာတော့ ငါ နားလည်ထားတယ်၊ အဲဒါကြောင့် ကိုကို ငါ့ကိုပြန်ချစ်လာဖို့ ဘာမဆိုလုပ်မှာ''

''အောင်ထွဋ်မိုင်က နင့်လိုမျိုးပဲ၊ သူ့ကိုပြန်ချစ်လာအောင် ကြိုးစားမယ်ဆိုရင်ရော''

မြခြူးယံ ခပ်တွေတွေလေးဖြစ်သွားခဲ့ပြီးမှ ခေါင်းတစ်ချက်ယမ်း ကာ ထရပ်၏။ ရွှေဥတို့က အတူထရပ်ပြီး မြခြူးယံ ဘာပြောလာမလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ စိတ်ဝင်စားနေကြ၏။

မြခြူးယံ နှုတ်ခမ်းလေးက မဲ့ပြုံးလေးဖြစ်နေကာ

"ငါက ငါ့ကို ကိုကိုချစ်လာအောင်လုပ်ဖို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိတယ်၊ အောင်ထွဋ်ပိုင် ဘယ်လိုလုပ်လုပ် သူ့ကိုငါ ဘယ်တော့မှ ချစ်လာနိုင်မှာမဟုတ်ဘူးဆိုတာလည်း ငါ့ကိုယ်ငါ ယုံကြည်တယ်"

"အဲဒါတော့ နင် မတရားဘူး မြခြူး၊ အောင်ထွဋ်ပိုင်အတွက် မျှော်လင့်ချက်တော့ပေးဦးမှပေါ့"

"ငါ ကိုကိုတစ်ယောက်တည်းကိုပဲ ချစ်မယ်လို့ သစ္စာဆိုထားတယ်၊ ကိုကို ပြန်ချစ်ချစ် မချစ်ချစ် ကမ္ဘာပေါ်မှာ ဒီယောက်ျားတစ်ယောက်ကိုပဲ ငါချစ်မယ်၊ ငါချစ်တတ်သရွေ့ ချစ်နိုင်သရွေ့ သူ့တစ်ယောက်ကိုပဲ ပုံအောချစ်မယ်၊ သူ့ဘက်က အမုန်းတွေနဲ့ တစ်သက်လုံးအမြင်ကတ်နေမယ်ဆိုလည်း ငါ့ဘက်က ချစ်ခွင့်ရနေရုံနဲ့ ကျေနပ်နိုင်အောင် ကြိုးစားမယ်"

"မြခြူးတို့ကတော့ တကယ်မနိုင်ဘူးဟေ့"

"ဂန္ထဝင်အချစ်နဲ့ ကျန်ရစ်ခဲ့ရရင်တောင် ပီတိဖြစ်နေဦးမယ့်မိန်းမ ကြဲကြဲဖူးပေါင်"

ရွှေနှင့်နုဝါ မကျေမနပ် ဖြစ်နေကြသည်။ အောင်ထွဋ်ပိုင်နှင့် သဘောတူလုသည်မဟုတ်ပေမယ့် တစ်ဖက်သတ် အချစ်ကြောင့် မြခြူးယံ ခံစားရမှာကို မလိုလားကြခြင်းဖြစ်သည်။ ဒါပေမဲ့ မြခြူးယံက ဒီလောက်ပြတ်သားစွာပြောနေမှတော့ ဘာတတ်နိုင်တော့မှာလဲ။ ခုချိန်မှာ အောင်ထွဋ်ပိုင်ဆီက အကူအညီယူရဦးမှာလည်းဖြစ်တာကြောင့် အောင်ထွဋ်ပိုင်ကို စွန့်ခွာလို့လည်း မဖြစ်သေးပေ။

"မြခြူး"





"ဘာလဲ"

"အောင်ထွဋ်ပိုင်ကို ပြတ်ပြတ်သားသားကြီးတော့ ပစ်မချလိုက်နဲ့ဦး၊ စာမေးပွဲပြီးတာနဲ့ သီချင်းခွေကိစ္စ သူ့ကိုအကူအညီတောင်းရမှာတွေ ရှိသေးတယ်"

"မျှော်လင့်ချက်မရှိလို့ သူ မကူညီချင်လည်း နေပစေပေါ့ဟာ"

"ဟဲ့ နင့်အိပ်မက်ကလင်းရောင်နီအတွက် အချစ်တစ်ခုပဲ ရှိသလား။ သီချင်းခွေထုတ်ဖို့ကလည်း နင့်ရဲ့မျှော်လင့်ချက်အိပ်မက်ပဲလေ၊ ငါတို့သုံးယောက် တခြားသူတွေနဲ့ လုပ်ခဲ့တာ အဆင်ပြေလို့လား"

"အေးလေ ငွေပဲအလိမ်ခံနေရတယ်၊ ငါတို့အိမ်ကလည်း ငွေသပ်ထုတ်မပေးနိုင်တော့ဘူး၊ လိုတာကို နင့်အစ်ကိုဆီက တောင်းဦး မြခြူး"

"အေးပါ ကိုကြီးကို ငါ ပြောထားပါတယ်၊ ကိုကြီးက အလုပ်အဆင်ပြေတာနဲ့ ငါလိုတာကို ထုတ်ပေးမှာပါ၊ အဆင်ပြေသွားမှာပါဟာ၊ ပူမနေကြပါနဲ့"

"အေး အောင်ထွဋ်ပိုင်ကိုလည်း နည်းနည်းအဆင်ပြေအောင် လိုက်လျောပြီး ဆက်ဆံဦး။ သူ ငါတို့အတွက် လုပ်ပေးနိုင်တာတွေ အများကြီးရှိသေးတယ်"

"မသိဘူးဟာ နင်တို့ကလည်း ဒါပဲပြောနေကြတာပဲ"

မြခြူးယံ စိတ်ဆိုးသလိုလိုဖြင့် ရှေ့ကနေ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် လျှောက်သွား၏။ ရွှေတို့အမီလိုက်လျှောက်ကာ ချော့ရဦးမည်။

အိပ်မက်တွေအပျက်ခံလို့မှမဖြစ်ဘဲ။ ဝါသနာရော ငွေရော အချိန်တွေရော ရင်းနှီးထားရတာ။ အရှုံးခံနိုင်သည့်အင်အားလည်း မရှိတာကြောင့် . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ဟိုနေ့က ကန်တော်ကြီးထဲက ဒီဆိုင်မှာ သက်တင်နှင့်ချိန်းဆိုထားတာပါ။ ကိုယ်က ထိုင်စောင့်ဖို့ ဆိုင်ထဲဝင်လာစဉ်မှာပဲ မြခြူးယံကိုကောင်လေးတစ်ယောက်နှင့် စားပွဲဝိုင်းတစ်ခုမှာ ရယ်မောစနောက်နေကြတာ တွေ့လိုက်ရသည်။ ကောင်လေးက မြခြူးယံကို တကယ်မြတ်မြတ်နိုးနိုး ချစ်နေသည့်ပုံပင်။

ဒီကောင်မလေးဆာက်က ဘယ်လိုဆန္ဒမျိုးရှိနေသည်ဆိုတာ မယ်ပေမယ့် ကိုယ့်ကိုမြင်လျှင် ရောရောထွေးထွေး နေတတ်တာ သိထား၍သက်တင် မရောက်ခင် ထိုနေရာက ထွက်လာခဲ့တာ။ ဒါပေမဲ့ မြခြူးယံက ကိုယ့်ကိုတယ်လိုမြင်သွားမှန်းမသိဘဲ ဖွတ်တရွတ်ကို တွယ်ကပ်လိုက်လာခဲ့သည်။ ဘာမှမတတ်နိုင်တာမို့ သက်တင် တွေ့မသွားအောင် စိမ်းကိုခေါ်ပြီး ရုပ်ရှင်ရုံထဲ သွားအောင်းတော့လည်း ဒီကောင်မလေး ဗရုတ်သုတ်ခနှင့် လိုက်ဖြစ်အောင် လိုက်လာသေး၏။





စိမ်းဘက်က တစ်မျိုးတစ်မည် အထင်လွဲသွားအောင် အကွက်တွေရှေ့နေတာလည်း သိသာ၏။

ဘယ်လိုလုပ်ရမလဲ။ တခြားမိန်းကလေးဆိုလျှင် ပစ်စလက်ခတ်မတန်မရာ မှိုချိုးမျှစ်ချိုး ပြောလျက် ဖယ်ထုတ်လို့ရနိုင်သော်လည်း သက်တင် ညီမဖြစ်နေတာက သူ့ကိုတကယ် ရင်မောစေတာ အမှန်ပဲဖြစ်သည်။

"လင်းရောင်"

"ဟာ·သက်တင် ရောက်လာပြီလား ထိုင်ကွာ၊ ဒီမှာ ဘီယာရော အမြည်းရော မှာထားတယ်"

"ဟိုနေ့ကကိစ္စ စိတ်ဆိုးပြေအောင် ကြိုတင်မှာထားတာပေါ့လေ၊ ဘယ်ရောက်နေလဲ ဆက်သွယ်လို့မရအောင် ဖုန်းပါပိတ်ထားလို့ ကျေနပ်သိမ့်မယ် မထင်နဲ့"

"ဆောရီးပါကွာ အဲဒီနေ့က အရေးကြီးကိစ္စပေါ်လာလို့ပါ၊ ဖုန်းလက်ခံဖို့ကို အချိန်မပေးနိုင်လို့ပါ၊ အဲဒါကြောင့် ဒီနေ့မင်းကို ထပ်ချိန်းလိုက်တာ၊ မင်းပြောတဲ့ကိစ္စ အဆင်ပြေတယ်ကွ၊ ဒီကအပြန် အဲဒီကုမ္ပဏီကလူနဲ့ တွေ့ရမယ်၊ သူ့ကိုနည်းနည်းပေးကမ်းလိုက်ရင် သူဌေးနဲ့တိုက်ရိုက်တွေ့လို့ရပြီ"

"ဟိုလူကို ပုတ်ထုတ်လိုက်ပြီလား"

"သူဌေးနားမှာနေတဲ့ အခုတွေ့ရမယ့် ဦးမြအောင်ကို အယုံသွင်းလိုက်တော့ ဟိုလူ သူ့ဘာသာ အဝေးလွင့်သွားတာပေါ့၊ လင်းရောင်နိပါကွာ၊ မပိုင်ရင် ဘာမှမလုပ်ဘူး၊ ဒီအကွက်တွေက ငါ ရှေ့လာတာပါ"

"အေးပါ ကျေးဇူးတင်ပါတယ်ကွာ၊ ညီမလေးအတွက် ငွေကအရမ်းအရေးကြီးနေလို့ပါ၊ သူ လုပ်ချင်တာ မလုပ်ရရင် အရမ်းခံစားကောက်တာကွ"



www.burmeseclassic.com

"သိပ်လည်း အလိုမလိုက်နဲ့၊ ဒီအရွယ်တွေက သူတို့လုပ်ချင်တာ လုပ်ပြီး လွတ်ထွက်သွားရင် ဖမ်းလို့မိတော့မှာမဟုတ်ဘူး"

လင်းရောင်နီ စကားကြောင့် သက်တင် မျက်ခုံးပင့်သွားပြီး

"ဒီအရွယ်တွေဆိုတော့ မင်းချာတိတ်ရော နောက်ဆုတ်သွားပြီလား၊ လိုက်ကပ်နေတုန်းပဲလား"

"ဟင် အဲ အဲဒါ"

"မင်း ဒီလောက် ပိုးစိုးပက်စက် ပြောတာတောင် မနာကျင်တတ်ရင်တော့ ဒီကောင်မလေး တော်တော် အရှက်နည်းတာပဲကွ၊ မိဘမောင်ဘွားတွေက ဆုံးမသွန်သင်မှုမရှိလို့ဖြစ်မယ်၊ အရမ်းကဲလွန်းလို့ မင်းအမြင်ကတ်နေတာလား"

"အဲ အင်း ဟုတ်တယ်"

သူအမှန်အတိုင်း ပြောရမှာလား၊ မပြောရဘူးလား။ ချင့်ချိန်ဖို့ အချိန်မရဘဲ ခေါင်းညိတ်လိုက်တော့ သက်တင် ပြုံးသည်။ ဘီယာခွက်ကို ကိုင်မြှောက်သောက်ပြီးမှ ပြန်ချကာ

"မင်းက မိန်းမတွေကိုကြောက်တတ်တဲ့ကောင်မဟုတ်ဘဲနဲ့ ဒီဟာလေးနဲ့မှ ဘယ်လိုဖြစ်တာလဲ၊ မင်း အာရုံမလာရင် ငါနဲ့မိတ်ဆက်ပြီး လွှဲပေးပါလား၊ ငါက မင်းလိုပဲ လန်းပါတယ်လို့ပြောလိုက်ပေါ့"

"ဟာ သက်တင် မဟုတ်ဘူး၊ မင်းအဲလို မပြောရဘူး"

"ဘာလဲ အဲဒါကျတော့လည်း သဝန်တိုတတ်တာပဲလား။ မင်းက အတည်တကျ လက်ထပ်ချင်တဲ့ကောင်လည်း မဟုတ်ဘဲနဲ့၊ တွဲရုံပဲ တွဲမှာကို သိပ်ရွေးမနေပါနဲ့၊ အငယ်လေးတွေနဲ့ လန်းရတာ စိတ်ပျိုရင်ကိုယ်နုတယ်ကွ၊ အခု ငါတွဲနေတာ ငါ့အထက်အများကြီး ငယ်တယ် လူတစ်ကိုယ်လုံး မြောက်ကြွနေတာပဲ၊ စိမ်းသဖင်က အန်းဒိတ်ဖြစ်နေပြီ



လဲလိုက်တော့လေ"

သက်တင် စကားတွေကြောင့် ရင်ထဲမှာ တဒိန်းဒိန်း ခုန်နေသည်။ ဒီထက်ဆင်ခြင်မှုမဲ့ စကားတွေပြောလာလျှင် သူ ဘယ်လိုပိတ်ပင်တားဆီးမလဲ။ သူ့ညီမ ကိုယ့်ညီမဆိုတာရှိပေမယ့် ယောကျ်ားလေးဆိုတာက အချင်းချင်းတွေ့ဆုံလျှင် စည်းဝါးလွတ်စကားတွေ အရသာခံပြောထွက်ချင်ကြသည်။

"သက်တင် သောက်လေကွာ၊ အမြည်းလည်းစား"

"ငါက သောက်လည်းသောက်တယ်၊ စားလည်းစားတယ်၊ မင်းသာ မသောက်မစားနိုင်ဘဲနဲ့ ဘာငူငေါင်ငေါင် ဖြစ်နေတာလဲ"

"မဟုတ်ပါဘူး မင်းငွေလိုတယ်ဆိုလို့ အလုပ်ကိစ္စအဆင်ပြေဖို့ စဉ်းစားနေလို့ပါ"

"ဪ မင်းလည်း ငါ့ညီမအတွက် တွေးပူပေးနေတာ ကျေးဇူးပဲ ငါလည်း ဒီညီမလေးတစ်ယောက်ပဲရှိတော့ အကုန်ဖြည့်ဆည်းပေးချင်တာကွ၊ မျက်နှာတစ်ချက်အငြိုမခံချင်ဘူး။ ဒီအလုပ်နဲ့သူ့ဘဝသူ ရပ်တည်နိုင်သွားရင် ငါ အိမ်ထောင်ပြုတဲ့အခါ နောက်ဆံမတင်းရတော့ဘူးပေါ့"

"မင်းက အိမ်ထောင်ပြုဖို့ စဉ်းစားနေပြီလား"

"အင်း ဒီတစ်ယောက်က ငါ့ထက် ငယ်လည်းငယ်တယ်၊ ချောလည်းချောတယ်၊ အသက်ငယ်ပေမယ့် နားလည်မှုရှိတယ်လို့လည်း ပြောရမှာဘဲကွ၊ ညီမလေးအတွက် စိတ်အေးရရင် အဲဒီကိစ္စ စဉ်းစားဖို့ ဆုံးဖြတ်ထားတယ်"

"အင်း ကောင်းသားပဲ"

အားပေးတာလည်းမဟုတ် တိုက်တွန်းတာလည်းမဟုတ်တဲ့ သူ့အသံက လေးကန်နေတာမို့ ဘီယာကို ခွက်လိုက်တစ်ရှိန်ထိုး မော့သောက်

www.burmeseclassic.com



ချလိုက်သည်။ ဒါပေမဲ့ သူ့ပုံစံက သက်တင်လို ပေါ့ပေါ့ပါးပါးဖြစ်မနေ။ ဒါကို သက်တင်က အားမလိုအားမရ ဖြစ်ဟန်နှင့်

"စိမ်းနဲ့ရော အဆင်ပြေလား"

"ပြေ ပြေပါတယ်၊ စိမ်းက ဘာဖြစ်ဖြစ် နားလည်တတ်တဲ့ မိန်းကလေးပဲ၊ ဘာမပြေစရာရှိလဲ"

"ဒါဆို မင်းအဘိုးကြီးကျွိုင်လား"

"မဟုတ်ပါဘူး၊ အခုတလော မရောက်ဖြစ်တာတောင် ကြာပြီ ဟိုတစ်ခါငွေပေးပြီးတည်းက ဖေဖေလည်း ငါ့ကို အားနာလို့လားမသိဘူး ဖုန်းတောင်မဆက်ဘူး"

"ဒါဆို ချာတိတ်လေးနဲ့ပတ်သက်ပြီး မင်းရင်ထဲ တစ်ခုခုရောက် နေလို့လား"

"ငါက ဘာဖြစ်နေလို့လဲ"

"မင်းပုံစံက မလန်းလို့ကွ၊ တစ်ခုခုကို စိုးရွံ့နေသလိုလို၊ ဖုံးကွယ်ထားတာရှိသလိုလိုနဲ့၊ မင်းအာရုံတွေလွင့်နေတယ်"

သက်တင် လူကဲခတ်တော်သားပဲလို့ ချီးကျူးလိုက်ချင်သည်၊ တကယ့်ကို သူ့စိတ်တွေ မွန်းကျပ်နေရတာပါ။ ခုချိန်မှာ မြခြူးယံနှင့်ကိစ္စ ဖုံးကွယ်လို့ ရနေသေးသည်ဆိုပေမယ့် တစ်ချိန်ချိန် သိသွားခဲ့လျှင် သက်တင် ပေါက်ကွဲသွားနိုင်သလား။ ကိုယ့်ကို အပြစ်တင်မှာကတော့ သေချာသည်။ ဒါဆို သက်တင် မသိခင် မြခြူးယံကို မဖြစ်မနေ ခွာထုတ်နိုင်မှ ဖြစ်မှာပါ။

ဟူး ခက်လိုက်တာ။

"ဟာ လင်းရောင် မင်း သက်ပြင်းချလိုက်တာလား၊ မင်းမှာ ဘာအဆင်မပြေစရာကိစ္စတွေရှိလဲ ငါ့ကိုရင်ဖွင့်လေကွာ"





"မဟုတ်ပါဘူးကွာ ဒီလောက် အလေးအနက်ထားစရာကိစ္စ မရှိပါဘူး၊ အခုတလော စဉ်းစားစရာတွေနဲ့ ခေါင်းသိပ်မကောင်းလို့ကွ"

"အေး အဲဒါပြောတာ၊ မင်းက မိသားစုနဲ့နိုးနိုးကပ်ကပ် နေတာ မဟုတ်ဘူး၊ ဆေးပေးမီးယူဖြစ်အောင် အိမ်ထောင်ပြုသင့်တယ်၊ စိမ်းက နားလည်မှုပေးတတ်တယ်ဆို အိမ်ထောင်ပြုဖို့ မဆိုးပါဘူးကွ၊ ဘာဖြစ်လဲ သက်ထပ်ပြီးမှ ဖိအားပေးတတ်တဲ့မိန်းမဆိုလည်း ကွာပစ်လိုက်ပေါ့"

သူ့ညီမ မြခြူးယံသာဆိုလျှင် သက်တင် ဒီလိုပြောမှာမဟုတ်ပေ၊ အခုတော့ အရင်တည်းက ပွင့်လင်းခဲ့ကြသူတွေမို့ အားမနာတမ်း ပြောတတ်နေတာ ဘယ်လိုတားဆီးမလဲ။

"ငါတို့ ဟိုလူနဲ့သွားတွေ့ရမှာ နောက်ကျနေဦးမယ်၊ အလုပ်ကိစ္စ အဆင်ပြေမှ ထပ်သောက်ကြတာပေါ့"

"အဆင်ပြေလို့ကတော့ကွာ၊ မင်းကြိုက်တဲ့နေရာသွား ငါရှင်းမယ်၊ အိမ်မပြန်ဘဲ တစ်ညလုံးသာကဲ"

အကြောင်းသိ ဓာတ်သိတွေမို့ သက်တင် အားပေးနေပေမယ့် ကိုယ့်မှာ မလုံမလဲ အနေခက်နေရသည်။

သက်တင်ရေ ငါပြောထွက်ချင်လှတယ်ကွာ . . . ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မနေ့က သက်တင်ကိစ္စ အဆင်ပြေသွား၍ သက်တင် မြို့မြို့ [illegible]
မြက်မြက် သိန်းနှစ်ရာလောက် ရလိုက်သည်။ ကိုယ့်ကို ပွဲခဆိုပြီး သိန်း[illegible]
ငါးဆယ်ယူပါဆိုပြီး ပေးပေမယ့်

"ငါ မယူပါဘူးကွာ၊ မင်းညီမ သီချင်းခွေလုပ်မယ့်ကိစ္စ အဆင်[illegible]
ပြေအောင်ပဲ ငွေအလုံအလောက် ပေးလိုက်ပါ၊ ဒီလိုဖြစ်သွားလို့ ကာ[illegible]
ရမှ အဆင်ပြေမယ်ဆိုလည်း ငွေလိုရင် ငါ့ဆီကယူပြီး ဝယ်ပေးလိုက်
ငါ့ကို အားမနာနဲ့၊ လိုသလောက်သာယူ"

ကိုယ့်ကို တွယ်ကပ်မနေအောင် သီချင်းခွေလုပ်ဖို့ အာရုံရော[illegible]
နေမှုဖြစ်မှာဆိုပြီး သူ ဒီလိုပြောလိုက်ခြင်းဖြစ်သည်။ သက်တင်က သူ့ည[illegible]
အတွက် သူငယ်ချင်းကောင်းပီသစွာ တွေးပေးလို့ဆိုပြီး ကိုယ့်ကိုကျေ[illegible]
တွေတင်လို့ပါ။ ကိုယ့်မှာတော့ ကိုယ့်အကြောင်းကိုယ်သာ သိသည်[illegible]
ကောင်မလေးကိုယ့်ဆီ အာရုံမရောက်မှဖြစ်မှာ။

"ကလင် ကလင်"



"ဟင်"

ညက သက်တင်နှင့်သောက်တာ လစ်မစ်ကျော်ပြီး အမူးလွန်
[illegible]သွား၍ နေ့လယ်စာစားချိန်နီးမှ အိပ်ရာက နိုးလာသည်။ ထုံးစံအတိုင်း
[illegible]နိုးပိတ်ပြီး အိပ်တာတတ်တာမို့ ဟိုတစ်ခါလို ဖေဖေ အိမ်ရောက်လာခြင်း
[illegible]မည်ထင်၏။ ရေချိုးဖို့ အဝတ်အစားချွတ်ပြီးပြီမို့ သဘက်စောင်ကို
[illegible]မှာပတ်ပြီး တံခါးလာဖွင့်ရသည်။

"အမလေး"

"ဟင် မြခြူးယံ ညည်း"

သူမ အမလေးတမှ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိရင်း ဘာ
[illegible]ပ်ရမှန်းမသိ ဖြစ်သွားသည်။ အခန်းပြင်ဆွဲထုတ်ဖို့ ပြင်လိုက်စဉ်မှာပဲ
[illegible]က မျက်နှာကိုလက်ဝါးဖြင့်အုပ်၍ ဆိုဖာခုံမှာ မျက်နှာလွှဲပြီး သွားထိုင်
[illegible]

"ကိုကိုက ဘာမှန်းမသိဘူး၊ အရှမ်းအနေအထိုင် ပက်စက်
[illegible]ဲ"

"အောင်မာ ငါ့အိမ်မှာ ငါ့ဘာသာ ဘယ်လိုနေနေပေါ့၊ ညည်းက
[illegible]ကိစ္စ ယောကျ်ားလေးတစ်ယောက်တည်း နေတဲ့အိမ်ထဲ ရဲရဲတင်းတင်း
[illegible]ဘာရတာလဲ"

"ဘာဖြစ်လဲ ကိုယ့်အစ်ကိုသူငယ်ချင်းရဲ့အိမ်ပဲ၊ ပြီးတော့ ကိုကို
[illegible]များက မသိကြတဲ့သူတွေလည်းမဟုတ်ဘဲနဲ့"

"အကြောင်းမကြား လာစရာလား"

"ဖုန်းဆက်တာပဲ၊ ကိုကိုက ဖုန်းပိတ်ထားပြီးတော့"

"ကဲ ထားပါ၊ ဘာကိစ္စလဲ ဘာအကြောင်းလဲ၊ ပြောစရာရှိတာ
[illegible]နဲ့ပြောပြီး ပြန်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါမယ် ကိုကို ရေချိုးမလို့မဟုတ်လား၊ သွားချိုးချည် သွား၊ တကယ်ပဲ လှုမြင်ကိုမတော်ဘူး"

"ကျွတ် ညည်းအေ"

"သွားပါဆိုမှ ရေမြန်မြန်ချိုးလာခဲ့၊ မနက်စာ စားလို့ရအောင် စီစဉ်ပေးမယ်၊ မြန်မြန်ပြန်ထွက်လာနော် အဲဒါပဲ"

"မြခြူး ဟိတ် အာ ဒီကောင်မလေး"

မီးဖိုခန်းဘက် ပြေးဝင်သွားတာကြောင့် ဒိုပုံစံနှင့် လိုက်သွား လည်းမဖြစ်နှင့် တော်တော်စိတ်ဒုက္ခပေးသည့် ကောင်မလေးပင်။ စိတ်ရှု ရှုပ်နှင့် ခေါင်းကနေ ရေတွေလောင်းချိုးပြီး အပြင်ကို ပြန်ထွက်ရမှာ ၍ ခပ်ကြာကြာ ရေစိမ်နေလိုက်သည်။ ခဏကြာတော့ တံခါးထုသံနှင့်အ

"ကိုကို ရေချိုးလို့ မပြီးသေးဘူးလား၊ အရမ်းကြာနေပြီ အအေ ပတ်လိမ့်မယ်နော်၊ ထွက်မလာသေးဘူးလား"

ခပ်စူးစူးနှင့် အော်သံကိုကြားပေမယ့် ရေသံပေး၍ မကြားချင် ဟန်ဆောင်နေလိုက်သည်။

"ဒုန်း ဒုန်း"

"ကိုကို ပြောနေတာ မကြားဘူးလား၊ အဲလိုအမြဲတမ်းလုပ်တာ ရင်တော့ လူမသိသူမသိ ဖျားနာနေတော့မှာ၊ ကိုကိုနဲ့တော့ ခက်ပါတယ် ဒီမှာလေ ပေါင်မုန့်တွေ လို့ ကြက်ဥနဲ့ကြော်ထားတယ်၊ ကော်ဖီလည် ဖျော်ထားလိုက်မယ် ကိုကို၊ မြန်မြန်လုပ်နော်၊ မြန်မြန်ထွက်လာခဲ့ အအေ ပတ်မယ် ကြားလား"

ကျွတ် တကယ့် အပေအတေကွာ။ တကယ့်ကို အရှက်အ ကြောက်နည်းပြီး အလိုက်ကန်းဆိုးမသိသည့် ကောင်မလေးပါလား၊ ရင် က အသံတိတ် ညည်းညူရေရွတ်မိရင်း သူ ထွက်မလာမချင်း အော်





ာသိနေတာမို့ စိတ်ပျက်စွာနှင့်ပင် ထွက်လာခဲ့ရသည်။ တွေ့ရာအကျႌ ကောက်စွပ်၍ ခေါင်းကရေတွေကိုပင် စင်အောင်မသုတ်နိုင်။

"ဟယ် ကိုကို၊ ခေါင်းမှာလည်း ရေတွေစိုရွှဲလို့ပါလား၊ လာ သူများသုတ်ပေးမယ် ကိုကိုနဲ့တော့ ခက်တာပဲ"

"ဖယ်စမ်းပါ"

သဘက်စောင်ဟူ၍ သူ့ခေါင်းကိုကိုင်မည်ပြင်တော့ သူ ဆတ်ခနဲ န်းထွက်လိုက်သည်။ မြခြူးယံ လက်တွန့်သွားပြီး မျက်စောင်းရွယ်၏။

"ကိုကိုက ဘာဖြစ်တာလဲ၊ ခေါင်းကိုကိုင်ရင် ဘုန်းနိမ့်မှာစိုးလို့ ဘူး"

"လျှောက်ပြောမနေနဲ့ ညည်းနဲ့ငါက အဲလိုထိတွေ့ဆက်ဆံရ ည့် ပတ်သက်မှုမျိုး မဟုတ်ဘူး မြခြူး၊ အဲလို ယောကျ်ားတစ်ယောက် ထိတွေ့ဆက်ဆံဖို့ ရဲတင်းတဲ့မိန်းကလေးကိုလည်း ငါ အထင်မကြီးဘူး"

"ကိုကို သူများကို ဘယ်လိုမိန်းမစား အောက်မေ့နေလဲ"

"အဲဒါ ညည်းကိုယ်ညည်း သိလိမ့်မယ် မြခြူးယံ၊ ငါ ဒီလောက် ပြောဆိုနေတာတောင် ညည်း နာတတ်လို့လား၊ ရှက်ပြီးတော့ရော ငါနဲ့ င်းအောင်နေလို့လား"

"သူများလည်း မာနရှိတဲ့ မိန်းကလေးပါ ကိုကို၊ ဒါပေမဲ့ ကိုကို့ သူများ"

"မပြောနဲ့ ညည်း ဘာမှမပြောနဲ့၊ သွားတော့ နောက် ငါ့အခန်း ဘယ်တော့မှမလာနဲ့"

"ပြောစရာရှိတာတောင် မပြောရသေးဘဲနဲ့ မသွားနိုင်ဘူး"

"ဟော့ အာ"

သဘက်စောင်နှင့် သူ့မျက်နှာကိုပစ်ပေါက်ခဲ့ပြီး မီးဖိုခန်းဘက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်သွားတာမို့ လိုက်ဆွဲရခက်ဖြစ်နေချိန်မှာ သူ့ဟန်းဖုန်းက ထမြည်
လာသည်။

"ဟာ သက်တင် ဟယ်လို အေး"

သက်တင် ဖုန်းဖြစ်နေ၍ သူ ကတုန်ကယင် ဖြစ်သွားရသည်
သက်တင်က ညကအဆင်ပြေသွားတာကြောင့် ရွှင်မြူးနေဟန်ဖြင့်

"မနက်တည်းက ဖုန်းခေါ်နေတာ၊ ညက အရှိန်များသွား
ဖုန်းပိတ်ပြီး နှပ်နေတာမဟုတ်လား ဟိတ်ကောင်"

"အေးကွ အခုမှ ခေါင်းထူနိုင်တယ်"

"အေးပါ အဲဒါသိလို့ ကျေးဇူးရှင်လေးအတွက် ဘရိတ်
ဝယ်ပြီး လာပို့တာပါ"

"ဘာ ဟိတ်ကောင် သက်တင် ဘာပြောတယ်"

"ငါ မင်းတို့ကွန်ဒိုအောက်မှာ ကားပါကင်ထိုးဖို့ လုပ်နေတ
မင်းအတွက် စားစရာတွေ လာပို့တာ၊ ငါလည်းမင်းနဲ့အတူတူ
ဝိုဝယ်လာတယ်၊ မနေ့ညက အောင်ပွဲခံတာ မဝလို့ ဆက်ရန်ပေါ့
မင်းကို တကယ်ကျေးဇူးတင်လွန်းလို့ပါ"

"ဟာ မလာနဲ့၊ မလာနဲ့ ဟိတ်ကောင်၊ ငါဒီမှာမနက်စာ
ပြီးနေပြီ၊ ငါ ငါသွားစရာရှိလို့ မင်းဘာသာ တစ်နေရာမှာ သွားစား
ပါ"

"အာ ငါက ဘယ်သွားရမှာလဲ၊ မင်းကွန်ဒိုအောက် ရောက်
ပါပြီဆို၊ မင်းသွားစရာရှိတယ်ဆိုလည်း ပြီးမှ ငါနဲ့အတူတူ သွားတာ
ဒါပဲ ဟိတ်ကောင်"

"အား ဒုက္ခပါပဲကွာ"

သက်တင် ဖုန်းချသွား၍ သူ အရူးမီးဝိုင်းသလို တစ်ကို



ပုပ်သွားရသည်။ ရေချိုးပြီးစမှာတောင် ချွေးပြန်လျက် မြခြူးယံရှိနေ
သော မီးဖိုခန်းဘက် ပြေးဝင်လာခဲ့သည်။

"မြခြူးယံ မြခြူးယံ ညည်းအစ်ကို ငါ့အခန်းပေါ် တက်လာ
နေပြီ၊ ညည်း မြန်မြန် မြန်မြန်ပြန်"

"ဟင် ဒီက ပြန်ရင် ကိုကိုနဲ့တန်းတိုးမှာပေါ့"

"ဟုတ်သားပဲ ပုန်း ပုန်းနေစမ်း၊ ညည်း ငါ့အခန်းထဲသွားပုန်း
နေ"

"ရှင်"

"ဒီကောင်က ငါ့အခန်းထဲလည်း တစ်ခါတလေ ဝင်တတ်တယ်၊
ဗီရိုအကွယ်မှာ ငြိမ်ငြိမ်လေး ထိုင်နေနော်၊ လုံးဝ ထွက်မလာနဲ့"

"ဟုတ် ဟုတ်ကဲ့"

အသံတုန်တုန်ဖြင့် အမိန့်ပေးပြီး အခန်းထဲ တွန်းထိုးထည့်လျက်
တံခါးကို လော့ခ်ချ၍ အိမ်ရှေ့ကို ထွက်လာခဲ့ချိန်မှာ သူမ ဖိနပ်ကိုမြင်
လိုက်တာမို့ ရင်မောသွားရပြန်သည်၊ ပျာပျာသလဲပင် ဖိနပ်ကိုကောက်ယူ
ပြီး အခန်းထဲက သူမဆီ သွားပြန်ပေးရပြန်၏။ ဘာအမှားမှ မကျူးလွန်
ဘဲ ဘာကြောင့် သူ ဒီလောက်တောင် ကြောက်ရွံ့နေမိရတာလဲ။

မြခြူးယံကို သူ ဘယ်လိုစိတ်မျိုးနှင့်မှ မပြစ်မှားဘူးပေ။

"ကလင် ကလင်"

"လာပြီ"

အမောတောင် မဖြေအားဘဲ တံခါးသွားဖွင့်ရသည်။ သက်တင်
က ပါဆယ်ဘူးတွေ ဆွဲလျက် ခပ်ပြုံးပြုံး ဝင်လာ၏။

"မင်းက ငါလာပါမယ်ဆိုတာတောင် တံခါးကို ကြိုဖွင့်မထား
ဘူး"

www.burmeseclassic.com

www.burmeseclassic.com



“ဂျက်ထိုးမထားပါဘူးကွ၊ မင်းဘာသာ တွန်းဖွင့်ဝင်လာလို့ရပါတယ်”

“နေပါဦး မင်း ချွေးတွေ ထွက်နေသလားလို့”

“ဟင် ဪ အဲကွန်းက သိပ်မအေးလို့ထင်တယ်”

“ဟုတ်လား ငါတော့ ဒီထဲဝင်လာတာ အရမ်းအေးသလိုပါပဲ အပြင်မှာအရမ်းပူတာကွ၊ ဒါနဲ့ အပြင်ကို အခုပဲ သွားတော့မလိုလို့နဲ့ အဝတ်အစားလည်း မလဲရသေးဘူး၊ ခေါင်းလည်းမဖြီးရသေးဘူး”

“အေး အဲဒါ လုပ်မလို့ရှိသေးတယ် မင်းရောက်လာတာ”

“လာပါကွာ အေးဆေးစားပြီးမှ သွားတာပေါ့၊ မင်းအခုချိန်လောက်နိုးမယ်ထင်လို့ ကြေးအိုးဆီချက်နဲ့ ဖက်ထုပ်ကြော် ဝယ်လာတယ် မင်း ကြိုက်တယ်မဟုတ်လား၊ နေ့လယ်စာလည်း အပြင်မှာပဲ စားရအောင် ငါကျွေးပါမယ်”

“ဟာ ဒါစားပြီးရင် ဘယ်လိုနေ့လယ်စာ စားနိုင်တော့မှာလဲ”

“စားနိုင်တဲ့အချိန်ပေါ့ကွာ၊ ငါ ဒီနေ့ အလုပ်နားထားလို့ မင်းနောက်လိုက်ဖို့ အချိန်ရတယ်”

“ဟို ငါက စိမ်းနဲ့သွားတွေ့မှာ မင်းလိုက်လို့ မဖြစ်ဘူး”

“ခုနက ဖုန်းထဲမှာပြောတော့ အလုပ်ကိစ္စဆို”

“အေး ဒီ ဒီလိုပဲ ပြောလိုက်တာ”

“ဒီကောင် ဘာဖြစ်နေတာလဲ ကြောင်တောင်တောင်နဲ့ ငါတော့ ဗိုက်ဆာနေပြီ ဆွဲမယ်”

သက်တင် မီးဖိုခန်းဘက် ဝင်သွားတော့ နောက်က လိုက်သွားရသည်။ စားပွဲပေါ်က ကြက်ဥပေါင်မုန့်ကြော်နှင့် ကော်ဖီခွက်ကိုမြင်တော့ သက်တင် မျက်ခုံးပင့်သွားကာ





“ဟ ပေါင်မုန့်ကြက်ဥကြော်စားပြီး ကော်ဖီသောက်ပြီးပြီဆို၊ ဘာမှလည်း အရာမယွင်းသေးပါလား”

“မင်းဝယ်ပြီးမှ လာပို့မယ်ဆို အားနာလို့ပါ၊ အဲဒါကြောင့် စားပြီးပြီလို့ အလွယ်ပြောလိုက်တာ”

“ဪ အားနာတယ်ဆိုတဲ့စကား မင်းဆီက အခုတစ်ခါပဲ ကြားဖူးတယ်၊ ဟင် ပေါင်မုန့်ကြော်တွေက မည်းတူးလို့ပါလား၊ ငါ့ညီမလေး ငါတို့ကို ကြော်ကျွေးတဲ့ဟာကျနေတာပဲ၊ မြခြူးကလေ ပေါင်မုန့်ကိုတောင် ဖြစ်မြောက်အောင် ကြော်တတ်တာမဟုတ်ဘူး၊ မင်းကတော့ အချက်အပြုတ် အကြော်အလှော် ကျွမ်းပါတယ်၊ အခု ဘယ်လိုဖြစ်”

သက်တင် စကားကို ဆုံးအောင် မပြောနိုင်ဘဲ ပေါင်မုန့်ကြော်ကိုမြည်းရင်းနှင့် မျက်နှာရှုံ့မဲ့သွား၏။

“တကယ်ပါကွာ ငါ့ညီမကြော်တာနဲ့ လက်ရာက တစ်ထပ်တည်းပဲ”

“စားချင်ရင်စားကွာ၊ မစားချင်လည်း သွန်ပစ်လိုက်၊ စကားကလည်း များလိုက်တာ”

“အဲဒီလက်ရာက အိမ်မှာ ရိုးနေလို့ ငါ ဝယ်လာတာပဲ ငါစားတော့မယ်၊ မင်းလည်းစားလေ၊ စိမ်းနဲ့ချိန်းထားတယ်ဆို၊ အတူတူထွက်တာပေါ့”

“ဟို မင်းဘာသာစားပြီး မြန်မြန်ပြန်လိုက်ပါ၊ ငါက နောက်မှ စိမ်းနဲ့ နာရီချိန်းပြီး သွားလိုက်မယ်”

“အာ ဒီကောင် ဒီနေ့ဘာတွေဖြစ်နေတာလဲ၊ စကားတွေက ရှေ့နောက်မညီဘူး၊ အခုသွားမယ် အခုမသွားဘူးနဲ့ မင်းမနေ့က မူးပြီးပေါက်သွားတာလား လင်းရောင်”



www.burmeseclassic.com

www.burmeseclassic.com



သက်တင် သံသယဝင်လောက်အောင် သူ့ အယောင်ယောင် အမှားမှား ဖြစ်လို့နေသည်။ ထိုင်ခုံမှာ ဝင်မထိုင်နိုင်ဘဲ အခန်းထဲက မြခြူးယံထွက်လာမလား၊ စိုးရိမ်စိတ်တွေသာ များနေ၏။

"သက်တင် မင်းစားနှင့်နော်၊ ငါ အိမ်သာခဏဝင်လိုက်ဦးမယ်"

"အာ ဒီကောင် ဒီမှာ စားသောက်နေတာကို ညစ်ပတ်နေတယ် သွား သွား သန့်သန့်ရှင်းရှင်းလည်း လုပ်ခဲ့ဦး"

အခန်းထဲ ခပ်သုတ်သုတ် ပြေးဝင်လာခဲ့တော့ မြခြူးယံ မကြောက်မရွံ့ သူ့ခုတင်ပေါ် ခပ်ဆန့်ဆန့်လှဲ၍ စာအုပ်ဖတ်နေတာ တွေ့လိုက်ရသည်။

"ဟာ မင်း ဘယ်လိုလုပ်နေတာလဲ မြခြူးယံ၊ ဟိုကောင် အမှတ်တမဲ့ ဝင်လာရင် ဘယ်လိုလုပ်မလဲ"

"အသံနားစွင့်နေတာပါ။ ဒီဘက်ရောက်လာတဲ့အသံကြားတာနဲ့ ပြေးပုန်းဖို့ အဆင်သင့်လုပ်ထားပြီးသား"

ပေါ့ပေါ့လေး ပြောနေသော မြခြူးယံကို ဆွဲသာထိုးပစ်လိုက်ချင်သည်။ ကိုယ့်မှာတော့ ချွေးသံထွက်လောက်အောင် စိတ်လှုပ်ရှား ကတုန်ကယင် ဖြစ်နေတာ။

"ဆင်းစမ်း ခု ငါ့ခုတင်ပေါ်က ယောကျ်ားလေးတစ်ယောက် ခုတင်ပေါ် ညည်း အဲလိုနေစရာလား၊ တော်တော် အသိတရားမဲ့တာပဲ သွား ဟိုဗီရိုနောက်မှာ ပုန်းနေ လုံးဝ ထွက်မလာနဲ့"

ခုတင်ပေါ်က ကြမ်းတမ်းစွာ ဆွဲချပြီး ဗီရိုနောက်ကို တွန်းထိုးလိုက်ပြီး လက်ညှိုးနှင့်ထိုး အဲကြိတ်သတိပေးခဲ့ကာ သက်တင်ရှိရာ ပြေးလာရပြန်သည်။





"တော်တော်မှ ပေါ့သွားရဲ့လား"

"သြော် အင်း"

"ငါလည်း စားပြီးရင် ထုတ်ရဦးမယ်"

"ဟာ မင်းဘာသာ အပြင်ရောက်မှ ရှင်းလိုက်၊ အိမ်သာက ရေဆင်းပိုက်ပျက်နေလို့ လူခေါ်ပြီးပြင်ရဦးမှာ"

အိမ်သာက ကိုယ့်အခန်းရဲ့နောက်မှာ တစ်လုံးတည်းရှိတာမို့ ပါးစပ်ထဲရှိသလို ဟန့်တားလိုက်ရသည်။ သက်တင်က အလိုမကျသလို မျက်မှောင်ကြုတ်သွားလျက်

"ဘာဖြစ်လဲ မင်းတောင် တက်လို့ရသေးတာ"

"တို့နိုင်ငံကြီးက ဖွံ့ဖြိုးနေပါပြီ၊ လမ်းဘေးမှာ အဆင့်မြင့်အိမ်သာတွေ ဘယ်နေရာဝင်ဝင် အဆင်ပြေနေပြီ၊ ကဲပါ စားစရာရှိတာစားပြီး မြန်မြန်ပြန်ပါကွာ၊ ငါ့မှာအလုပ်ကိစ္စတစ်ခုလည်းရှိတယ်၊ စိမ်းနဲ့လည်း ချိန်းထားသေးတယ်"

"အေးပါ သွားဆိုလည်း သွားပါမယ်၊ မင်းလည်း ငါဝယ်လာတာလေး လာစားပါဦး၊ မနေ့ကမှားပြီး ခံတွင်းပါ ပျက်သွားတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးကွာ စားပါ့မယ်"

သက်တင် ကျေနပ်အောင် ဝင်ထိုင်လိုက်ပြီး စိုးရိမ်စိတ်များဖြင့် လည်နင်နေလျက်က ဟန်ဆောင်ပန်ဆောင် စားပြရသည်။

"အေး အဲလိုလုပ်ပါ၊ ငါက တကယ်ကျေးဇူးတင်လွန်းလို့ အိမ်တိုင်ရာရောက် လာဝယ်ကျွေးတာ၊ မင်းကူညီပေးတာကို အမေနဲ့ညီမလေးကို ပြောပြတော့ အရမ်းကို ကျေးဇူးတင်နေကြတာကွ၊ အဲဒါ ညီမလေးက တောင် မင်းကို ကိုယ်တိုင်တွေ့ပြီး ကျေးဇူးတင်စကားပြောချင်လို့တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ အရမ်းမျှော်လင့်ထားတဲ့အိပ်မက်ကို အဆင်ပြေပြေ လုပ်နိုင်ပြီလေ''

''ဟုတ်လား''

ဒါကြောင့် အိမ်အထိ မြခြူးယံ ရောက်လာတာပါလားလို့ အ‌တွေးဝင်၏။ သက်တင်က မျက်နှာချိုသွေးသည့်ပုံစံမျိုးဖြင့်

''ဟဲ ဟဲ နောက်ထပ်လည်း အကူအညီတောင်းကြည့်ချင်တယ်''

''ဘာလဲ''

''ညီမလေးက သွားလာရ အဆင်ပြေအောင် ကားဝယ်ပေးပါ ပြောနေတယ်၊ ငါ့ကားယူသုံးဆိုတော့လည်း အန်းဒိတ်ကြီးမို့လို့တဲ့၊ ဖြစ်နိုင်ရင် တစ်ရာလောက် ချေးကွာ၊ နောက်အလုပ်တစ်ခု အဆင်ပြေတာနဲ့ တန်းပေးပါမယ်''

''ရတယ် ယူလေ၊ မင်းညီမ ကိစ္စအဆင်ပြေအောင်သာ လုပ်ပေးလိုက်ပါ၊ ဒါမှ မင်းလည်း စိတ်ချမ်းသာမှာမဟုတ်လား''

''အေး အေးပါကွာ ဒီလောက်ငွေကို မင်းလွယ်လွယ်ချေးမယ်ထင်မထားဘူး၊ ညီမလေးကတော့ မင်းကို ထပ်ပြီးကျေးဇူးတွေတင်နေတော့မှာပဲ၊ ငါလည်း မင်းကို တကယ်ကျေးဇူးတင်ပါတယ်၊ မင်းပြောသလိုပဲ ညီမလေးဖြစ်ချင်တာကို လုပ်ပေးခွင့်ရလို့ ငါ တကယ်ကျေးဇူးတင်တယ်''

''အေးပါ မင်းနဲ့ငါက ပြောနေစရာလူတွေမှ မဟုတ်တာ၊ ငါ့အလုပ်အကိုင်အဆင်မပြေလို့ စိတ်ညစ်နေတဲ့အချိန်တွေက မင်းလည်း ငါ့အပေါ် သူငယ်ချင်းကောင်းပီသပြီး အားပေးခဲ့တာပဲ၊ မင်းအမေရဲ့ နွေးထွေးမှုတွေကိုလည်း ငါ မမေ့ပါဘူး။ ကဲ မနက်ဖြန်ကျ ဘဏ်ကနေငွေထုတ်ပေးမယ်၊ အခုစားပြီးရင် မင်းဒိုးတော့''





''ဟ ငါ့ကို ဖွတ်အတင်း နှင်နေတော့တာပဲ၊ မင်းဘာမဟုတ်တာတွေလုပ်ဖို့ ကြံစည်နေလဲ ဟိတ်ကောင်''

''အောင်မာ ငါက ဘာမဟုတ်တာလုပ်ရမှာလဲ၊ အကြောင်းကိစ္စရှိလို့ပေါ့ကွ၊ ကဲ ပြီးပြီမဟုတ်လား ဒိုးတော့''

''နေဦး ငါ အိမ်သာ''

''အာ သွားစမ်းပါကွာ''

''ဟာ ဟိတ်ကောင် ဘယ်လိုဖြစ်''

ဖွတ်အတင်း ဆွဲထုတ်၍ အခန်းတံခါးပိတ်လိုက်ပြီးမှ ဟင်းခနဲ သက်ပြင်းချနိုင်သည်။ သက်တင် ဘယ်လိုထင်သွားမလဲ တွေးမိပေမယ့် မတတ်နိုင်။ နောက်မှ တောင်းပန်စကားပြောချင်လည်း ပြောလိုက်တော့မည်။ ဒီလို သွေးပျက်တုန်လှုပ်မှုမျိုးဟာ သူ့ဘဝမှာ တကယ်မရှိခဲ့။ မြခြူးယံက သူ့အတွက် ငြိုဟ်ဆိုးတစ်ကောင်များလား . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ကိုကြီး ပြန်သွားပြီလား"

"အေး ညည်းလည်းပြန်တော့"

"ကိုကို"

တံခါးပေါက်ဖွင့်ပြီး တွန်းလွှတ်တော့ သူ့လက်ကို ပုပ်ချ၍ မြခြူး ယံ နှုတ်ခမ်းစူသည်။ ပိုင်စိုးပိုင်နင်း မီးဖိုခန်းဘက် ခြေဆောင့်ဝင်သွားတော့ သူ့မှာ နောက်ကလိုက်ရပြန်၏။

"ကိုကြီး ကုန်အောင်တောင် စားမသွားဘူး၊ ကိုကို ဖွတ်ပြန် လွှတ်လိုက်တာမဟုတ်လား"

"ပြန်မလွှတ်လို့ ရမလား၊ ညည်းနဲ့မျက်နှာချင်းဆိုင်တိုးမှာစိုး လို့ ငါ့မှာ ရင်ဘယ်လောက် ထိတ်နေရလဲ"

"ကိုကိုက ဘာမဟုတ်တာတွေ လုပ်ထားလို့ ရင်ထိတ်နေရတာ လဲ၊ သူများကိုကိုဆီလာတာ ကိုကြီးသိသွားတော့လည်း ဘာဖြစ်မှာမို့လဲ





ကြီးကို အဆင့်ပြေအောင် ကူညီလိုက်လို့ ကျေးဖူးတင်စကားလာပြော တယ်လို့ ပြောလိုက်ရင် ပြီးပြီ"

"ညည်း မသိပါဘူး မြခြူးယံရယ်၊ ညည်း နောက်တစ်ခါ ကို မပတ်သက်မိအောင်နေပါ၊ ညည်းသိချင်းခွေကိစ္စ အောင်မြင်အောင် ယ်ဖို့ ရည်ရွယ်ထားတယ်မဟုတ်လား၊ အဲဒီဘက်ပဲ အာရုံစိုက်ပြီး ကြိုး ကြိုးစားစားလုပ် ဟုတ်ပြီလား"

"ကိုကိုက သူများအတွက် စိတ်ပူနေတာလား၊ စိတ်ချ သူများ က လုပ်မယ်ဆိုတာ ဖြစ်အောင် ဖွဲ့ရှိရှိလုပ်တတ်တဲ့သူပါ၊ ကိုကို စိတ်မပူ နဲ့ သိလား"

"မြခြူးယံ ငါက စေတနာကောင်းပြီး ညည်းအတွက်စိတ်ပူ ပြီး သတိပေးနေတာ မဟုတ်ဘူး၊ ငါ့ဘက်ကို စိတ်ရောက်နေမှာစိုးလို့ ဒီဘက်ကို အာရုံရောက်အောင် ပြောနေတာ၊ ဒီမယ် ငါကလေ ညည်း လို ချာတိတ်မျိုးနဲ့ ဘာလို့ မပတ်သက်ချင်လဲ သိလား၊ အခုလို လိုက်ကန်းဆိုးမသိ သူ့အတွက် ကိုယ့်အတွက်မှန်းမသိ၊ အရှက်အ ကြောက်နည်းပြီး နားလည်သိတတ်မှု မရှိကြလို့ပဲ"

သူ့စကားကြောင့် မြခြူးယံ နှုတ်ခမ်းလေး မဲ့သွားကာ ထိုင်ခုံ ထိုင်၍ လက်ကျန်မုန့်တွေကို ပလုပ်ပလောင်း သွပ်ပြီး ရေနင့်မျောချ သည်။ ပြီးမှ သူ့ကို မျက်လုံးလှန်ကြည့်သည်။

"သူများလည်း ကိုကို့ကို ပြောထားဖူးပါတယ်၊ အရှက်အ ကြောက်နဲ့မှာနတော့ ရှိတယ်၊ ဒါပေမဲ့ ပိုပြီးအရွဲ့တိုက်ချင်တယ်လို့"

"ဒါဆို ညည်း ဒီလိုတွေလုပ်နေတာက ငါ့ကိုအရွဲ့တိုက်နေ တာလား"

မြခြူးယံ ခပ်တည်တည်ပင် ခေါင်းညိတ်ပြကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ဆယ်ကျော်သက်အရွယ်တွေက ကိုယ့်ကို ဥပေက္ခာပြု ဂရုစိုက်မခံရရင် အရွဲ့တိုက်တတ်တယ် ကိုကို၊ အဲလို မဖြစ်ချင်ရင် သူများကို ကိုကို ဂရုမစိုက်ဘဲ မနေပါနဲ့"

"ဘာ"

"သူများရဲ့ခင်တွယ်မှုက ကိုကို့ကို ဘာတွေများ ထိခိုက်နစ်နာစေလို့လဲ၊ ကိုကိုက သက်သက်မဲ့ ရန်လိုနေတာ"

"ဘာ"

စကားကြွယ်သော မြခြူးယံ ရန်တွေ့နေတာကို သူ ဘယ်လိုပြန်ချေပရမှန်းမသိပေ။ သူကပဲ မှားယွင်းနေလို့လား။ မဟုတ်သေးပါဘူး ကိုယ်က မပတ်သက်ချင်ရင် သူမ မပတ်သက်ဘဲနေလိုက်ရင် ရှင်းနေပြီ ဟာကို။ မရိုးသားတာ သိသိကြီးနှင့် သူမကပဲ ဆရာလုပ်နေရလား။

"မြခြူးယံ"

"ဟုတ်ကဲ့ ကိုကို ပြောပါ"

"မင်းကို"

"အင်း နားထောင်နေပါတယ်"

"မင်းကို ငါ ညီမတစ်ယောက်လို ခင်ပါတယ်၊ ပြောရရင်တော့ ငါ့ညီမကိုတောင် ငါ ချစ်ရမှန်းမသိဘူး၊ မင်းကိုခင်တယ်ဆိုတာလည်း သက်တင်ညီမ ဖြစ်နေလို့ အားနာပြီး ပြောတာ၊ တကယ် ဝန်ခံရရင် မင်းရဲ့မရိုးသားမှုတွေကို ငါ မကြိုက်ဘူး"

"မရိုးသားမှု"

"ဟုတ်တယ် မင်း ငါ့ကို စိတ်ဝင်စားလို့ ပတ်သက်ဖို့ကြိုးစားနေတာ မဟုတ်လား၊ ငါက ငါ့ကို အရင်စိတ်ဝင်စားတဲ့မိန်းကလေးဆိုရင် လုံးဝကို အထင်မကြီးဘူး၊ တန်ဖိုးကြီးပြီး ကိုယ်က ခက်ခက်ခဲခဲ ကြိုးပမ်း





ရတာကို ကြိုက်တယ်၊ ဒါပေမဲ့ ငါ့ကို စိတ်လှုပ်ရှားအောင် လုပ်နိုင်တဲ့ မိန်းကလေး မတွေ့ဖူးသေးဘူး။ လက်ထပ်ချင်လာအောင် ဆွဲဆောင်နိုင်တဲ့ မိန်းကလေးလည်း မရှိသေးဘူး။ အဲဒီတော့ မင်းဘာတွေလုပ်နေနေ အပိုပဲ၊ အရွဲ့တိုက်တာရော နည်းအမျိုးမျိုးနဲ့ ဆွဲဆောင်နေတာရောပေါ့"

"ကိုကို"

"ငါ့အတွက်က မိန်းကလေးပေါတယ်၊ ငွေနဲ့ဆက်ဆံလို့ရတဲ့ အပျော်တွေလည်းရှိတယ်၊ မင်းလုပ်ရပ်တွေ ရပ်တန်းက ရပ်လိုက်တော့၊ ငါပြောတာ မင်း သဘောပေါက်လား"

မျက်ရည်ကျလောက်သည့် နာကျင်စေသော ဒဏ်ရာတွေ ပေးနေတာဆိုပေမယ့် သူမ အသည်းက ကိုကိုနှင့်ပတ်သက်လျှင် မာကျောခွန်းလှသည်။ သွေးအေးစွာ တစ်လုံးချင်းပြောနေသော ကိုကို့ကို သူမ သည့်ကာ ရင်ဆိုင်လိုက်၏။

"ထပ်ပြောဦးမလား ကိုကို၊ သူများ နားထဲမှာတော့ ကိုကို ဘာပြောပြော နားဝင်ချိုနေတာပဲ၊ သူများဘက်က မရိုးသားတာ ကိုကို သိနေတယ်ပေါ့၊ ဒါဆို တစ်ခုခုတုံ့ပြန်ဖို့ ကိုကို စဉ်းစားသင့်တာပေါ့"

"ငါ့ဘက်က ဒီထက်ပြတ်သားမှုတွေကို မင်းမျှော်လင့်နေသေးသား မြခြူးယံ၊ သက်တင်ကို အားနာစရာမလိုရင် ဒီထက်မက ငါ ဆက်ကွဲပစ်လိုက်ပြီ၊ မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာ တစ်ပြားသားမှ မရှိတဲ့ မင်းလိုမိန်းကလေးမျိုးကို ငါ့တစ်သက် ဘယ်တော့မှ စိတ်ဝင်စားလာမှာ မဟုတ်ဘူး"

"ကိုကို အိမ်ထောင်ကျပြီး သမီးမိန်းကလေးမွေးတဲ့အခါ ဝဋ်လိုက်ပါစေနဲ့ ကိုကို"

"ဘာ"



www.burmeseclassic.com

"မြခြူးလို ယောကျ်ားတစ်ယောက်က မှိုချိုးမျှစ်ချိုး အပြော
ရတဲ့ သမီးမိန်းကလေးမျိုး မမွေးမိပါစေနဲ့လို့ ကိုကိုဆုတောင်းပါ၊ ရာသ
စက်ဝန်းဆိုတာ နောက်ကို ပြန်လှည့်နေတာ မဟုတ်ဘူး၊ ရှေ့ကိုသွားနေ
လို့ အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးနေတာ၊ သက်တမ်းတိုတိုလေးမှာ ကိုယ
ချစ်တဲ့လူကို ချစ်ပါတယ်ဆိုတဲ့စကား ရင်ထဲရှိသလို ပြောခွင့်ရသွားချင်
သေးတယ် ကိုကို့ဆီကတော့ မတောင့်တပါဘူး၊ ကိုကို မချစ်တတ်လည်း
ကိစ္စမရှိဘူးလေ၊ ချစ်နေခွင့်ရဖို့တစ်ခုပဲ မျှော်လင့်တာပါ"

"ဟင်"

ပြောစရာစကား ကုန်သွားသလို သူ့ကိုဆွေးမြေ့စွာကြည့်ပြီး
လှည့်ထွက်သွားတော့ သူ့ရင်မှာ လစ်ဟာကျန်ခဲ့သလို ရှိ၏။ ဒီကောင်
မလေး အသက်ငယ်ငယ်လေးနဲ့ ချစ်တတ်လွန်းလိုက်တာလို့ ချီးကျူး
မှာလား။

ရှုပ်လိုက်တာကွာ။ နောက်ဘယ်တော့မှ ပြန်မဆုံရရင် ကောင်း
မယ်။

■ ■ ■



## အခန်း (၂၀)

ဆုတောင်းမပြည့်နိုင်သည့် အကြောင်းတရားက ပေါ်ပေါက်လာ
ခဲ့၏။ သက်တင် ချေးသောငွေကို ဘဏ်ကထုတ်ပေးပြီးချိန်မှာ သူ့ကား
မ မတင်ခင် သက်တင်က သူ့လက်ကို ဆွဲထား၏။

"နေပါဦး ငွေထုတ်ပေးပြီးတာနဲ့ မျက်နှာလွှဲတော့မလို့လား"

"ဘာလုပ်ပေးရဦးမှာလဲ"

"ညီမလေးအတွက် ကားဝယ်မှာ၊ မင်းလိုက်ကြည့်ပေးဦးလေ
ကွာ၊ မင်းက အဲဒီဘက်မှာ နားလည် တတ်ကျွမ်းတယ်"

"မင်းလည်း နည်းနည်းပါးပါး နားလည်နေတာပဲ သူကြိုက်တဲ့
ကားကို အင်ဂျင်စမ်း ဈေးဆစ်ပြီး ဝယ်လိုက်ပေါ့"

"အဲလို မျက်နှာလွှဲခဲ့ပစ် မလုပ်ခဲ့ပါနဲ့ကွာ၊ ဒီတစ်ခုတော့ ကူညီ
ပါဦး၊ ငါတစ်ယောက်တည်းဆို ညီမလေးက အမျိုးမျိုး ဂျီကျနေမှာ၊
တာ အင်ဂျင်အပိုင်းနဲ့ ပတ်သက်ပြီး သိပ်နားမလည်တာ မင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



သိသားနဲ့ တစ်ခုခုဆို ညီမလေးက အပြစ်ပြောလို့ဆုံးမှာမဟုတ်ဘူးကွ"

"ငါသွားစရာရှိနေသေးလို့ပါကွာ"

"ကဲ မင်းကိစ္စတွေက ငါ့ထက်များ အရေးကြီးနေသေးလား ငါတောင်းဆိုတာပါ၊ အားလည်းကိုးလို့ခေါ်တာ၊ ငွေချေးပေးထားတာ ဆိုပြီး ငါ့လိုသူငယ်ချင်းကို အရေးမလုပ်ချင်တော့တာလား"

"သက်တင် မင်း ဘာတွေပြောနေတာလဲကွာ၊ ငါ အဲလိုသဘော မျိုးမဟုတ်ပါဘူး၊ လိုက်ခဲ့မယ်ကွာ ကဲပြီးရော"

ဘယ်လိုသဘောပါလို့ ဖြေရှင်းလို့လည်း မဖြစ်တာကြောင့် သက် တင်ဆန္ဒကို ခေါင်းညိတ်လိုက်ရသည်။ သက်တင်က ကျေးဇူးတင်ဝမ်းသ သွားဟန်ရှိပြီး

"အဲလိုလုပ်စမ်းပါကွာ သူငယ်ချင်းရ၊ ညီမလေးက ကားဝယ်တဲ့ နေရာ မင်းကိုခေါ်ဖြစ်အောင် ခေါ်ခဲ့ပါဆိုပြီး သေချာပြောထားတာ၊ ကာ ပေါ်က စောင့်ပြီး လည်ပင်းတောင် ရှည်နေလောက်ပြီ သွားရအောင်"

မြခြူးယံကြောင့် မလိုက်ချင်တာပါလို့ ဘယ်လိုမှပြောမဖြစ်၍ ကားဝယ်သည့်နေရာကို စိတ်ကသိကအောက်နှင့်ပင် လိုက်ခဲ့ရသည်။ မြခြူးယံက သက်တင်ကားပေါ်က လိုက်လာ၍ အနည်းငယ်တော့ စိတ် သက်သာပါသေးသည်။ ကားဝယ်မည့်နေရာရောက်တော့ မြခြူးယံက သူ့လက်မောင်းကို လာဖက်တွယ်၍

"ကိုလင်းရောင် အသန့်ဆုံးအလှဆုံးကားရွေးပေးနော်"

"အေးပါ"

သက်တင် မရိပ်မိအောင် မြခြူးယံ လက်တွေကို မသိမသာ ဖယ်ချလျက် ကိစ္စမြန်မြန်ပြီးပြတ်ဖို့ လုပ်လိုက်ရသည်။ သူ ရွေးပေးသော ကားကိုမှ မြခြူးယံက စိတ်ကြိုက်တွေ့ သဘောကျဟန်ဖြင့်



"ကိုလင်းရောင်က အရမ်းအနုပညာအမြင်ရှိတာပဲ၊ မြခြူးနဲ့ အကြိုက်တူတယ်၊ ကျေးဇူးပဲ ကိုလင်းရောင်၊ မြခြူးက အဖြူရောင်ပဲ ကြိုက်တာ၊ မော်ဒယ်လည်း မြင့်တယ်၊ ဒီဇိုင်းလည်း လှတယ်"

"သက်တင် မင်းညီမ ကြိုက်တယ်တဲ့၊ စျေးဆစ်ပြီးပြီ ငွေချေ လိုက်တော့"

"သေချာပြီနော် မြခြူး၊ ငွေချေပြီးရင် ညီမလေး ချေးများလို့ ရတော့ဘူး"

"ကိုလင်းရောင် ရွေးပေးတာပဲ ညီမလေး ကြိုက်ပါတယ် အိုကေ"

"ညီမလေး အိုကေရင် ပြီးတာပဲ"

သက်တင်က သူ့ညီမအတွက် တက်ကြွပျော်ရွှင်နေရှာသည်။ သူနှင့်ပတ်သက်မှုကိုလည်း နည်းနည်းမှ သံသယရှိပုံမပေါ်ပါ။ အားလုံး ပြီးစီးသွားသည့်အချိန်မှာတော့

"ငါ သွားတော့မယ် သက်တင်၊ ချိန်းထားတာတွေ ရှိသေး တယ်"

"ဟင် ကိုလင်းရောင် မြခြူးတို့အိမ်မလိုက်တော့ဘူးလား၊ မေမေ က ကားဝယ်ပြီးရင် ကိုလင်းရောင်ပါ အိမ်လိုက်လာမယ်ထင်လို့ ထမင်း ဟင်းတွေ ချက်ထားတယ်"

"ဟုတ်တယ်ကွ မေမေကမင်းကို ခေါ်ခဲ့ဖို့ မှာလိုက်တယ်၊ သမီး အတွက် အဆင်ပြေသွားတာကို မင်းကိုကျေးဇူးတွေတင်နေတာ"

"နောက်ကြုံမှပဲ စားပါမယ်ကွာ၊ အန်တီကို သေချာပြောပြ လိုက်ပါ"

"ဒါဆိုလည်း ကိုကြီး အိမ်ပြန်လိုက်၊ မြခြူးက ကိုလင်းရောင်

www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေ ကားတစ်ပတ်လိုက်မောင်းပြီးမှ ပြန်ခဲ့မယ်''

"ဟာ မြခြူး ငါက အလုပ်ကိစ္စနဲ့ လျှောက်သွားမှာ၊ ညည်းကား မောင်းတာကို ဂရုစိုက်နေနိုင်မှာ မဟုတ်ဘူး''

"ကိုလင်းရောင်ကလည်း မြခြူးကို ဘာမှစိတ်ပူစရာမလိုဘူး မြခြူးက ကားမောင်းကျွမ်းပြီးသား လမ်းကြောတစ်ခုပဲ ကိုယ့်ကိုယ်ကို စိတ်မချတာ၊ အဲဒါကြောင့် ကိုလင်းရောင်နောက်က လိုက်မယ်ပြောတာ ပေါ့၊ ကိုကြီး ကူပြောပေးဦးလေ၊ မြခြူး ကားမောင်းကျွမ်းတယ်ဆိုတာ"

မြခြူးယံ တပ်ကူခေါ်တော့ သက်တင် ဘုမသိဘမသိဖြင့် ခေါင်း ညိတ်သည်။

"ဟုတ်တယ်ကွ မန္တလေးအိမ်မှာနေတုန်းက ညီမလေးက ကား မောင်းချန်ပီယံပဲ၊ ရန်ကုန်လမ်းကြောနဲ့ပဲ မရင်းနှီးသေးတာ၊ ညီမလေး ဒီကောင့်ကို ကျေးဇူးတင်တဲ့အနေနဲ့ တစ်ခုခုဝယ်ကျွေးလိုက်ဦး၊ ကိုကြီးက မေမေ့ကို ဝမ်းသာအောင်ပြောပြရဦးမှာဆိုတော့ ပြန်နှင့်မယ်''

"အိုကေ ကိုကြီး ဘိုင်''

မြခြူးယံတို့ လုပ်ချက်က ပြင်းလှသည်။ သက်တင်ဆီက နှုတ် သားစွာ ခွင့်ပြုချက်ယူပြီး သူ့နောက်က လိုက်ဖြစ်အောင်လိုက်လာ၏ တကယ်ကို စိတ်အနှောင့်အယှက် ဖြစ်ရတာမို့ တစ်မြို့လုံးအနှံ့ ကား ပတ်မောင်းနေလိုက်သည်။ မြခြူးယံ ကားမောင်းကျွမ်းသည်ဆိုတာတော့ ယုံရမလိုပင်။ သူနှေးရင်နှေး၊ သူမြန်ရင်မြန် သူကွေ့ရင်ကွေ့ သူ့ကိုမီ ကြိုးစားနေတာ အံ့သြဖို့ကောင်း၏။

နေ့လယ်စာ မစားရသေးတာမို့ ဗိုက်ဆာတာတွေ နားမလည် သူ ညစ်ပြီး ကားလျှောက်မောင်းနေစဉ်မှာ ညနေစောင်းအချိန် ရောက် လာခဲ့ပြီး ပဲခူးလမ်းတစ်နေရာမှာ ကားက ဆီကုန်၍ ထိုးရပ်သွားသည်





ထပ်ကြပ်မခွာပါလာသော မြခြူးယံ ကားလေးလည်း သူ့ကားနောက်မှာ ထိုးရပ်သွား၏။

"ဘာဖြစ်တာလဲ ကိုကို''

သူမ ကားပေါ်ကဆင်းပြီး မေးတော့ သူလည်း ကားပေါ်က ဆင်းလိုက်သည်။

"ငါ့ကားဆီကုန်လို့ ထိုးရပ်သွားတာ၊ မင်းဘာသာ မောင်းပြီး ရန်ကုန်ပြန်တော့''

"ဟင် သူများတစ်ယောက်တည်း မပြန်ရဲပါဘူး၊ ဒါ ဘယ်နေရာ ရောက်နေမှန်းတောင် မသိဘူး၊ လူရော ကားရော ပြတ်လိုက်တာ''

"တော်ကြာဆို အဝေးပြေးကားတွေ လာတော့မှာ၊ ညည်းအ ဘွက် အန္တရာယ်မရှိနိုင်ပါဘူး။ ကားရှင်းတော့ မောင်းလို့တောင် ပိုကောင်း သေးတယ်''

"ကိုကို အဲလို မျက်နှာလွှဲခဲပစ် မပြောပါနဲ့၊ လမ်းကြောမသိတဲ့ နဲ့ အိမ်ကို ဘယ်လိုလုပ်ပြန်ရမှာလဲ၊ ရန်ကုန်ဘက်ပြန်ရင်တောင် အရမ်း နှောင်နေ့လောက်ပြီ ပြီးတော့ ဒီနေရာမှာ ကိုကိုတစ်ယောက်တည်းလည်း ထားရက်နိုင်ပါဘူး''

"ကျွတ် ညည်းအရမ်းကို စိတ်ဒုက္ခပေးတာပဲ မြခြူးယံရယ်၊ ငါ့ကို ဘာဝဋ်ကြွေးတွေ ပေးဆပ်နိုင်းနေတာလဲ''

"ဒီနေရာကို မြခြူး ခေါ်လာတာမဟုတ်ဘူးနော်၊ ကိုကို့နောက် ကနေ မြခြူး လိုက်ရတာ၊ ကံပါ မြခြူး ကားထဲက ဆီကလည်း ခွဲထည့် ပေးဖို့ မလောက်တော့ဘူး၊ မောင်းရင်းနဲ့တောင် အဆင်ပြေပါ့မလားဘဲ၊ ဒီကို ဘာလုပ်မှာလဲ၊ ဒီအတိုင်းနေလို့မှ မဖြစ်တာ''

"ဆီဆိုင်တွေရဲ့ဖုန်းနံပါတ်လည်း ပါမလာဘူး၊ သက်တင်ကိုပဲ

www.burmeseclassic.com



ဆီဝယ်လာနိုင်းရတော့မယ် ထင်တယ်''

''ဟင် ဒီနေရာထိ လာရမှာဆို အဝေးကြီးပေါ့၊ ညမိုးချုပ်မှ ရောက်တော့မှာထင်တယ်၊ ဗိုက်တွေလည်း အရမ်းဆာတာပဲ''

မြခြူးယံရဲ့ ညည်းညူမှုတွေကို လျစ်လျူရှုလိုက်ပြီး သက်တင်ဆီကို ဖုန်းခေါ်နေလိုက်သည်။ ဒီနေရာထိရောက်လာခြင်းကို သက်တင် ဘယ်လိုများ ယူဆသွားမလဲ။ ရည်ရွယ်ခဲ့တာ ဒီလိုမျိုးဖြစ်ဖို့မဟုတ် မြခြူးယံကို ညစ်ပြီး လမ်းစပျောက်ချန်ထားခဲ့ချင်လို့ ဒီနေရာထိ ရောက် မှန်းမသိ ရောက်လာခဲ့တာ။

''ဘာတဲ့လဲ ကိုကို''

''နေရာပြောလိုက်တယ်၊ ဆီဝယ်ပြီး သူ လိုက်လာလိမ့်မယ် ညည်း ကားပေါ်ကနေ ထိုင်စောင့်နေ''

''ပျင်းစရာကြီး ကိုကိုနဲ့ အဖော်ရအောင် အတူတူစောင့်မယ် လေ''

သူ ဘာမှမပြောဘဲ အနီးပတ်ဝန်းကျင်ကို လှေ့လာရင်း လမ်း လျှောက်နေလိုက်သည်။ အဝေးပြေးဟိုင်းဝေးကားကြီးတွေနှင့် အိမ် ဖိမ်ခံကားတချို့တလေ ဖြတ်သွားဖြတ်လာရှိတာမှလွဲ၍ ဒီလမ်းမကြီး သွေ့ခြောက်လှသည်။ တဖြည်းဖြည်း ညအမှောင်လည်း သမ်းလာပြီ ကားမီးရောင်တွေ သွားဖွင့်လိုက်ရ၏။

''ကိုကို''

''ဘာလဲ''

''ဟိုဘက်ဒီဘက် ဘယ်ဘက်ကိုကြည့်ကြည့် တောနက်နက်ကြီး ကြီးပဲနော်၊ ညမှောင်လာတော့ ကြောက်စရာကောင်းလိုက်တာ၊ ဆင်တွေ နဲ့ တောရိုင်းတိရစ္ဆာန်တွေ ကားလမ်းပေါ်တွေအထိ တက်လာတတ်တယ်



ဆိုတာ ဒီလိုနေရာတွေ ပြောတာဖြစ်မယ်နော်''

ဟုတ်တယ်ဟု ဖြေလိုက်လျှင် သူမပိုပြီး ကြောက်လန့်သွားပေလိမ့်မည်။ မကြားချင်ဟန်ဆောင်လျက် လမ်းတစ်ဖက်ကို ကူးဖို့ပြင်လိုက်၏။ သူမက သူ့လက်ကို ဖမ်းဆွဲထားပြီး

''ကိုကို ဘယ်လဲ၊ သူမျှားလည်း လိုက်မယ်''

''အပေါ့သွားမလို့ ညည်းက ဘာလိုက်လုပ်မှာလဲ''

သူအမြင်ကတ်စွာ ပြောလိုက်သည့်စကားကြောင့် သူ့ကို ဆုပ်ကိုင်ထားသော သူမရဲ့လက်ကလေး ကပျာကယာ ဖယ်ကျဉ်သွား၏။ သူ ညစ်ပြီး တစ်ဖက်ကားလမ်းမှာ အကြာကြီး နေနေလိုက်သည်။ အမှောင်ထဲနေရတာကြောက်လို့ ကားမီးရောင်ရှေ့ သွားရပ်တာ မြင်ရသော်လည်း သူမကို သနားကြင်နာဖို့ မတွေးမိပေ။

ထိုအချိန်မှာပဲ သူမအနားမှာ ကားမီးရောင် လက်ခနဲမြင်လိုက်ရကာ

''ညီမလေး ကားကနှစ်စင်း လူကတစ်ယောက်တည်း ဒီနားမှာ ဘာလုပ်နေတာလဲ၊ ဘာအကူအညီလိုလဲ ပြောလေ''

ပြိုင်ကားပေါ်က လူသုံးယောက် ဆင်းလာပြီး သူမအနား တိုးကပ်ပြီး ရိသဲ့သဲ့မေးနေတာမို့ သူမ ကြောက်အားလန့်အားနှင့်ပင်

''ဘာအကူအညီမှမလိုဘူး၊ ကျွန်မမှာအဖော်ပါတယ်''

''ခုမြင်နေရတာတော့ တစ်ယောက်တည်းပါလား၊ နှစ်ယောက်ဆိုလည်း ကိစ္စမရှိပါဘူး၊ အစ်ကိုတို့က သုံးယောက်တောင်မှပဲ ဟိတ်ကောင်တွေ အဆင်ပြေလား''

''ပြေတာပေါ့ အသားလေးက ဝင်းဝါနေဖတ်နေတာပဲ၊ အတွေ့အကြုံရှိလား စမ်းသပ်ကြည့်ရမလားဟင်''

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ မမိုက်ရိုင်းနဲ့နော်၊ ဖယ်စမ်း လွှတ် ကိုကိုရေ ကိုကို"

"ဟိတ်ကောင်တွေ"

မြခြူးယ် ငယ်သံပါလောက်အောင် အော်သံကြားလိုက်၍ သူ အပြေးရောက်လာပြီး ထိုလူတွေကို တွန်းထိုးပစ်လိုက်သည်။ အားလုံး မကျေမနပ်ဖြစ်သွားကာ သူ့ကိုမျက်ထောက်နီဖြင့် ကြည့်ကြ၏။

"ဟာ လူစွမ်းကောင်းလား၊ လူစွာလား၊ မင်းတစ်ယောက် တည်းတော့ မလုပ်ပါနဲ့ကွာ၊ ငါတို့လည်း ခွဲတမ်းပေးဦးမှ မျှတမှာပေါ့"

"ဒီငယ်ငယ်လေးကို မင်းပဲ ခံတွင်းတွေ့နေလို့ ဘယ်ဖြစ်မလဲ ငါတို့လည်း ငယ်တာလေး ကြိုက်တယ်၊ နုနုထွတ်ထွတ်လေးဆိုတော့"

"ဟိတ်ကောင်တွေ မမိုက်ရိုင်းနဲ့"

"ဖုန်း"

"ခွပ် ခွပ်"

စိတ်ကအေါသတွေနှင့် ပြည့်နှက်နေတာမို့ ထိုသုံးယောက်အပေါ် ပေါက်ကွဲပစ်လိုက်သည်။

မြခြူးယ်အပေါ် လွှတ်ချလို့မရသည့် ပေါက်ကွဲမှုတွေကြောင့် လူတွေ တော်တော်လေး ခံလိုက်ရ၏။ ဒီကောင်တွေက နောက်ဆုံးမှာ ကားပေါ်က တုတ်တွေဆွဲ၍ သူ့ကိုရိုက်သည်။ ခေါင်းကိုထိမည့် ရိုက်မည့် ရိုက်ချက်ကို လက်နှင့်ကာလိုက်၍ လက်ကောက်ဝတ်နေရာမှာ အသည်း ဆတ်ဆတ်ခါအောင် နာကျင်သွားသည်။

ထိုအချိန်မှာ ကားဟွန်းသံကျယ်ကျယ်လောင်လောင်ဖြင့် ကား မီးရောင် ဝင်းခနဲ လက်ခနဲ ထိုးလာသည့်အတွက် . . .။

■ ■ ■

## အခန်း (၂၁)

"မင်းတို့ကွာ မသေကောင်း မပျောက်ကောင်း အဲဒီအချိန် ငါ ရောက်မလာရင် တစ်ခုခုဖြစ်တော့မှာ အသေအချာပဲ၊ အငြိုးနဲ့ မင်း ကိုလည်း အသေသတ်မယ်၊ ညီမလေးကိုလည်း သူတို့ယူတော့မှာ"

"အခု ငါလည်း ဘာမှမဖြစ်ဘူး မင်းညီမကိုလည်း ဘေးမသီ ရန်မခ အိမ်ပြန်လိုက်ပို့လိုက်ပြီ၊ ဘာမှမပြောနဲ့တော့ကွာ၊ မင်းပြန်တော့ အချိန်အရမ်းနောက်ကျနေပြီ"

"ငါက ကိစ္စမရှိဘူး။ ဒီည မင်းကိုလုပ်ပေးစရာရှိတာ လုပ်ပေး ပြီး မနက်မိုးလင်းမှ ပြန်လည်းရတယ်၊ မေမေ စိတ်မပူအောင်လည်း ညီမလေးနဲ့ မှာလိုက်ပြီးသား၊ ညီမလေးက မင်းကိုစိတ်ပူလို့ သူပါ လိုက် အိပ်မယ်လုပ်နေတာ"

"ဘာပူစရာရှိလဲ၊ ဆေးပတ်တီးစည်းရုံပဲဥစ္စာ၊ လက်ကောက်ဝတ်

www.burmeseclassic.com



က အရိုးကျိုးသွားတာမှ မဟုတ်ဘဲ၊ နောက်နေ့တွေလည်း မင်းညီမက မလာနိုင်းနဲ့၊ သေသေချာချာ ပြောထား၊ ငါ့အတွက် ဘာမှကို မပူနဲ့လို့"

ဒီလောက်ခါးသီးစွာ ပြောသင့်သလားမသိပေမယ့် သက်တင် အားနာဖို့ သတိမရဘဲ စိတ်ထဲရှိသလို ပြောပစ်လိုက်တော့ သက်တင် မျက်ခုံးပင့်သည်။

"ဒါနဲ့နေပါဦး မင်းနဲ့ညီမလေးက အဲဒီနေရာထိ ဘယ်လိုလုပ် ရောက်သွားတာလဲ၊ ရန်ကုန်မြို့ထဲက ကားလမ်းကြောတွေ နားလည် အောင် နည်းနည်းမောင်းပြပေးရုံပဲထင်တာ"

"နယ်ကျွံသွားတာ ဘယ်လိုလုပ် ရောက်သွားမှန်းမသိဘူး၊ ပြ လှည့်မယ်လုပ်တော့ ဆီကုန်သွားပြီ"

သူ့ဆင်ခြေက ပိပိရိရိ လုံလောက်မှုမရှိသည့်အတွက် သက်တင် မျက်မှောင်ကြုတ်ကာ တစ်ခုခုကို တွေးတောစဉ်းစားနေဟန်ရှိသည်။ ထို အချိန်က သူ ဒဏ်ရာရသွားတာကို ကြောက်အားလန့်အားနှင့် သူ့ ဖက်တွယ်ငိုယိုနေသော ညီမရဲ့ခံစားမှုကို သက်တင် တစ်မျိုးတစ်မည် နားလည်သွားနိုင်သည်ပဲ။ သူ့စိတ်တွေ ရှုပ်ထွေးကာ ခုတင်ပေါ်ပစ် ချလိုက်သည်။

သက်တင်က ပျာပျာသလဲ ခုတင်ပေါ်ဝင်ထိုင်ကာ

"ဟာ လက်ထိသွားဦးမယ် ဟိတ်ကောင်၊ ထပ်ထိရင် အရိုးကျိုး မှာနော်၊ ဆရာဝန်က စလွယ်သိုင်းလေးနဲ့ ငြိမ်ငြိမ်လေး လက်ကိုမ အောင် နေပါလို့ မှာလိုက်တာ၊ မင်းက ရှုပ်လို့ဆိုပြီး စလွယ်လည်း သိုင်းချင်တာမဟုတ်ဘူး"

"လူမမာလို မနေချင်လို့ပေါ့ကွာ၊ ဒီလောက်လေးကို ဒဏ်ရာ ကြီးလုပ်နေရမှာလား"



"အပေအတေလို စကားကို ဘုဂလန့်မပြောစမ်းနဲ့ကွာ၊ မင်းမှာ ပြုစုမယ့်မိသားစုရှိတာမဟုတ်ဘူး၊ မနက်ဖြန်ကျရင် အစားအသောက် အတွက် အောက်ကို မဆင်းနဲ့တော့၊ ညီမလေးနဲ့ မေမေ့ကို ပို့ခိုင်းလိုက် မယ်"

"ဟာ မလုပ်နဲ့ မပို့ခိုင်းနဲ့၊ ငါ စိမ်းနဲ့ချိန်းထားတယ်၊ အလုပ် ကိစ္စလည်းရှိလို့ မိုးလင်းတည်းက အိမ်ကထွက်မှာ"

"တစ်ရက်နှစ်ရက်လောက်တော့ အိမ်မှာပဲ နားလိုက်ပါလား"

"မနားဘူး နားလို့မဖြစ်ဘူး၊ ငါ့ကို အဲလောက် စိုးရိမ်မနေနဲ့ ပြန်တော့"

"ဘာလို့ ဇွတ်အတင်း နှင်နေတာလဲ၊ မင်းအခုတလော တစ်မျိုးပဲနော်၊ ငါလာရင် ပိုက်ဆံချေးမယ်၊ အကူအညီတောင်းမယ်ပဲထင်ပြီး သူငယ်ချင်းစာရင်းက ဖြတ်ချင်နေတာလား၊ ဟိုနေ့ကလည်း မနက်စာ ဘယ်လာတာတောင် ကောင်းကောင်းမစားလိုက်ရဘူး"

"မဟုတ်ပါဘူးကွာ၊ မင်းအပူက ငါ့အပူပါပဲ၊ မင်းကသူငယ် ချင်းလည်းဟုတ်တယ်၊ ငါ့မိသားစုဝင် ညီအစ်ကိုလိုလည်း သဘောထားပါ တယ်"

"ငါလည်း အဲလိုသဘောထားလို့ ပြုစုချင်တာပေါ့ကွ၊ မင်း အနားမှာ ငါကလွဲပြီး ဘယ်သူရှိလို့လဲ၊ ငါ ဒီလိုလုပ်ပေးတာ မင်းဆီက ဘာမျှော်လင့်ချက်မှ မရှိဘူး၊ ချေးထားတဲ့ငွေလည်း ပြန်ဆပ်မှာပါ"

သက်တင် စိတ်မကောင်းသလိုပြောတော့ အားနာသွားရသည်။ ငုတ်တုတ်ထထိုင်ကာ သက်တင် ပခုံးကို ဖက်လိုက်၏။

"အများကြီးတွေးပြီး လျှောက်ခံစားမနေနဲ့၊ အဲဒီငွေက ငါ့ကို ပြန်မပေးလည်းရတယ်၊ မင်းညီမအတွက် မင်းလိုပဲ ဖြည့်ဆည်းတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



သဘောထားလိုက်၊ သူ ဟိုဘက်မှာ အောင်မြင်သွားတယ်ဆိုရင် မင်းရော ငါရော စိတ်ချမ်းသာရတာပေါ့ မဟုတ်ဘူးလား''

''အေးပါ ငါ့ညီမကို အဲလိုသဘောထားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မင်းက မင်းညီမအရင်းအပေါ်မှာတောင် အဲလိုစိတ်ရှိတာမှ မဟုတ်တာ၊ ဒါနဲ့ အခုလိုဖြစ်တာ မင်းအိမ်ကို အသိပေးဦးမလား''

လင်းရောင်နီ ပျာပျာသလဲ ခေါင်းခါလိုက်ကာ

''ဒီထက်ဆိုးဝါးတဲ့ကိစ္စရှိရင်တောင် အသိပေးဖြစ်မှာမဟုတ်ဘူး ငါ့အတွက် သူတို့က မိသားစုအတွေးနဲ့ ပူပန်မှုစိုးရိမ်ကြောင့်ကြမှု ရှိတဲ့သူ တွေမှမဟုတ်တာ''

''ဘာပဲဖြစ်ဖြစ် ဒီလိုဒေးလံတဲ့နေရာကိုတော့ မင်းတစ်ယောက်တည်းလည်း မသွားနဲ့၊ ငါ့ညီမကိုလည်း ခေါ်မသွားပါနဲ့ကွာ၊ လူတွေက ဒီမိုကရေစီဆိုတာကို ကိုယ်လုပ်ချင်တာလုပ်ပိုင်ခွင့်လို့ ထင်နေကြတယ်၊ လွတ်လွတ်လပ်လပ် မူးမယ် ရူးမယ်၊ နှမချင်းမစာမနာ သားသမီးချင်း မစာမနာ မိုက်ရိုင်းကြမယ်၊ စည်းကမ်းရှိပြီး နိုင်ငံကြီးသားပီသအောင် အဆင့်အတန်း ဂုဏ်သိက္ခာမြင့်မားအောင် မနေတတ်ကြဘူး''

''နိုင်ငံရေးတရားတွေ လာဟောနေတာလား၊ ကိုယ်နဲ့မဆိုင်သလိုနေချင်တာတော့ မဟုတ်ပါဘူး၊ နောက်တစ်ခါ ဒီလိုကိစ္စမျိုးလည်း ရှိ လာမှာ မဟုတ်လို့ မင်းလည်း စိတ်ပူမနေပါနဲ့''

''အေးပါ ဒါဆို ငါပြန်မယ်၊ လိုအပ်ရင် ဖုန်းဆက်လိုက်၊ ငါတို့ မိသားစုကို မင်းရဲ့ဆွေမျိုးရင်းချာ မိသားစုလို သဘောထားပါ''

''ကျေးဇူးပဲ သက်တင်''

သူလည်း ဒီလိုပဲ ခင်မင်ရင်းနှီးသွားချင်တာပါ။ ဒါပေမဲ့ မြခြူးယံ ရဲ့စိတ်တွေ မရိုးသားတာ ဘယ်လိုလုပ်ရမလဲ။ သက်တင်ကိုလည်း ပြော



လို့မဖြစ်နိုင် နေရတာ မွန်းကြပ်လှသည်။ အသက်ရှူပေါက်ချောင်အောင် ငါနဲ့ဝေးဝေးမှာ နေပေးပါ မြခြူးယံရယ်။

ငါ့ရဲ့စိတ်တွေ ယိမ်းယိုင်ပြိုလဲမသွားအောင် ဟိုးခပ်ဝေးဝေး မှာ. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"အဝေးကိုငေးပြီး ဘာတွေတွေးနေတာလဲ မောင်၊ လက်က ဒဏ်ရာ အရမ်းနာနေလို့လား"

"မဟုတ်ပါဘူး ဒီလက်က ဒဏ်ရာလောက်ကတော့ အေးအေး ပါ၊ လူတွေကိုငေးနေတာက ဒီကန်တော်ကြီးထဲကိုလာတဲ့လူတွေအားလုံး အရမ်းစိတ်အေးချမ်းနေကြသလိုပဲ၊ သူငယ်ချင်းအုပ်စု၊ မိသားစုလိုက် ပြီးတော့ အတွဲတွေ၊ အားလုံးရဲ့မျက်နှာတွေက ပြုံးရွှင်နေကြတာပဲ"

"အပျော်ခရီးထွက်တဲ့နေရာ၊ အပန်းဖြေတဲ့နေရာဆိုတော့ ဒီလို မျက်နှာတွေပဲ မြင်ရမှာပေါ့၊ ဆေးရုံဆေးခန်းတို့ ရဲစခန်းလိုနေရာမျိုးကို သွားကြည့်ပါလား၊ အကုန်လုံး မျက်ရည်နဲ့မျက်ခွက် ရှုံ့မဲ့နေကြတာ လူတိုင်းက အချိန်တိုင်းတော့ ဘယ်ပြုံးနေနိုင်မလဲ၊ မောင်ပဲကြည့်လေ အခုတလော မောင့်ပုံစံကြည့်ရတာ မပျော်ရွှင်သလိုပဲ"

မြခြူးယံကြောင့်ပါလို့ တိုက်ရိုက်မပြောချင်။ မိန်းကလေးပေါင်း





များစွာနှင့် တွဲခဲ့ပြီး လွယ်လွယ်ဖြတ်တောက်နိုင်ခဲ့သူက ဒီလို ကလေးတစ် ယောက်နှင့်ကျမှ စိတ်ပင်ပန်းနေရလားဟု ထွေငေါ့နိုင်သည်မဟုတ်လား။

သူ့ရဲ့ငေးငိုင်ခြင်းကို စိမ်းက အားမလိုအားမရ ဖြစ်ဟန်ဖြင့်

"အဲဒီ ကန်ရေပြင်နဲ့လူတွေကိုပဲ ငေးမောနေတော့မှာလား၊ တစ်ခုခုစားလေ မောင်ရဲ့၊ စိမ်းကတော့ ကိုယ်စားချင်တာ မှာစားပြီးပြီ"

"ကိုယ် Juice တစ်ခွက်လောက်ပဲ သောက်တော့မယ်"

စားပွဲထိုးလေးကို သူ့အတွက်မှာပေးပြီး စိမ်းက ကိုယ့်မျက်နှာ ကို အကဲခတ်ကာ

"ဒီဒဏ်ရာက ဘယ်လိုရခဲ့တာလဲ မောင်၊ မြခြူးယံကိုခေါ်ပြီး မြို့ပြင်အထိ ကားမောင်းဖြစ်တယ်ဆိုတာကရော"

စတွေ့စဉ်မှာ ရောထွေးစွာ ပြောမိသည့်စကားတွေအတွက် စိမ်း သချာအောင် ပြန်မေးနေခြင်း ဖြစ်ဟန်တူ၏။ အအေးတစ်ငုံက လည် ချောင်းထဲမှာ ရှုတတ ဝင်သွားခဲ့ပြီး အဖြစ်အပျက်အလုံးစုံကို ပြောပြ လိုက်သည်။ ရင်ထဲပေါ့သွားမလားလို့ပါ။ သက်တင်ကိုတောင် ရင်ဖွင့်ပြော လို့မှ မရဘဲ။

စိမ်းက နားထောင်ပြီး တွေခနဲ စဉ်းစားမိသလိုနှင့်

"ကိုသက်တင် ညီမလေးက မောင့်အပေါ် မရိုးသားတာတော့ အမှန်ပဲ၊ ဒီခေတ်ကလေးတွေက ကိုယ့်ထက်အသက်ကြီးတဲ့သူတွေကို ချစ်ချင် အားကိုးချင်၊ ဆိုးနွဲ့ချင်တာတွေ စိတ်ဝင်စားတတ်ကြတယ်၊ သက်တူရွယ်တူ ယောကျာ်းလေးတွေက သူတို့လိုပဲ ပေါ့ပေါ့နေ ပေါ့ပေါ့စား သကို အလေးအနက်မရှိသူဆိုတော့ သူတို့တစ်သက်စာ အားကိုးလို့မှ မရဘူး"

"ဒါဆို အသုံးချဖို့အတွက် ဦးနှောက်နဲ့ရွေးချယ်ခံရတဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေးဖြစ်သွားမှာပေါ့''

"ကြီးတဲ့သူနဲ့ ငယ်တဲ့သူ တကယ်ချစ်လို့ ဖွတ်တရွတ် လက်ထပ်ချင်ကြတဲ့သူတွေလည်း ရှိပါတယ်''

"မြခြူးယံကို စိမ်း ဘယ်လိုသဘောရလဲ''

"ဘာကိုလဲ''

"သူ့ရဲ့တွယ်ကပ်မှုက ကိုယ့်ကိုအသုံးချဖို့လား''

"တကယ်ချစ်လို့ဆိုရင်ရော မောင်က လက်ခံချင်လို့လား''

တွေခနဲ ဖြစ်သွားပြီးမှ သူ ချက်ချင်းလိုပင် ခေါင်းခါလိုက်သည်။

"အိမ်ထောင်ဘက်အထိ စဉ်းစားလောက်အောင် ကိုယ် ဘယ်မိန်းကလေးအပေါ်မှ မရူးသွပ်ဘူး။ အဲဒီထောင်ချောက်ထဲမှာ ပိတ်မိမချင်ဘူး၊ ကိုယ့်ဘဝကို အနှောင်အဖွဲ့မရှိ လွတ်လွတ်လပ်လပ် ဖြတ်သန်းချင်တယ်၊ ပူပင်သောကတွေနဲ့ ဖိစီးမှုတွေ မလိုချင်ဘူး''

စိမ်းကို အားနာသင့်မှန်းသိပေမယ့် ရင်ထဲရှိသလို ပြတ်သားစွာပင် ဝန်ခံမိသည်။ စိမ်းက ယဲ့ယဲ့လေးပြုံး၍

"စိမ်းမှာလည်း အဲလို ခံစားမှုတွေရှိလို့ လက်ထပ်ဖို့ကိစ္စ ဘယ်တော့မှ ရေ့တန်းမတင်ခဲ့တာပါ၊ ကိုယ့်ဘာသာ လုပ်ကိုင်စားနိုင်ရဲ့နဲ့ ယောကျ်ားတစ်ယောက်ကို အားကိုးအားထားပြုဖို့ ကိုယ့်တစ်ဘဝလုံးပုံပေးပြီး လက်ထပ်စရာမလိုဘူးလေ၊ မေမေကတော့ ပြောတယ်၊ အပြင်စီးပွားနဲ့ဖြစ်ဖြစ် ဝန်ထမ်းဘဝနဲ့ငွေရှာနေတာပဲဖြစ်ဖြစ် ကိုယ့်အားကိုယ်ကိုးနိုင်တဲ့မိန်းမတွေက အိမ်ထောင်မှုဒုက္ခကို မခံချင်ကြဘူးတဲ့''

"ကျေးဇူးတင်တယ် စိမ်း၊ စိမ်းမှာ အဲလိုခံယူချက်တွေရှိနေလို့ လက်ထပ်ဖို့ဆိုတဲ့ နှောင်ဖွဲ့ခြင်းတွေနဲ့ ဖိအားမပေးတာ တကယ် ကျေးဇူးတင်ပါတယ်၊ အဲဒါကြောင့်လည်း စိမ်းကို နားလည်ပေးနိုင်သူဆိုပြီး ကိုယ်





ဒီအချိန်ထိတွဲခဲ့တာ''

"ဝမ်းနည်းစရာတော့ ကောင်းသားပဲ၊ သူများတွေကပြောကြတယ်၊ ဘယ်လောက်ပဲ အိမ်ထောင်မပြုဘူးဆိုတဲ့ ခံယူချက်တွေ ပြင်းထန်ပါစေ၊ တကယ်ချစ်လာရင် မိုက်မိုက်မဲမဲ ဆုံးဖြတ်ရဲကြတယ်တဲ့၊ စိမ်းနားလည်သွားတာက စိမ်းကို မောင် တကယ်မချစ်ဘူးဆိုတာ''

အမှန်ပါပဲလို့ ဝေဒနာတိုးအောင် ဝန်မခံချင်ပေ။ သူ့ကိုချစ်သောမိန်းမှာ အတ္တတွေမှမရှိဘဲ။

"တစ်ခုတော့ရှိတယ် စိမ်းရယ်၊ မြခြူးယံနဲ့ပတ်သက်လို့ ကိုယ်ကအညီလိုအပ်တယ်ဆိုရင်တော့''

"အာလို လူလားမမြောက်သေးတဲ့ကလေးကို ကြောက်လန့်နေတာလဲ မောင်''

"ထောင်ချောက်ဆန်တဲ့ နှောင်ဖွဲ့မှုတွေကို မုန်းတယ်၊ ကြောက်လန့်တယ်ဆိုတာထက် သက်တင်ကို ကိုယ်အားနာတယ်၊ သူ့ညီမမှန်းမသိတဲ့အချိန်တွေက အပြစ်တွေအများကြီးပြောခဲ့ဖူးတယ်၊ အဲဒီသူက ...ခဲ့ညီမပါလို့ ကိုယ် ပြောမထွက်ဘူး၊ ပြီးတော့ သက်တင်ရော သူ့အမေ... ကိုယ့်အပေါ် မိသားစုလို ကောင်းကြတယ်''

"မြခြူးယံကို မိသားစုဝင် ညီမတစ်ယောက်လို လက်ခံလိုက်ရင်...''

"ဒီလိုကလေးအရွယ်တွေရဲ့ ရင်ထဲစိုက်ဝင်နေတဲ့ တခြားခံစားမှု...တွယ်နေတာကို ဘယ်လိုဖျောက်ဖျက်မလဲ စိမ်း၊ ရှောင်တိမ်းမှုတွေက ...မဝင်ဘူး၊ အရွဲ့တိုက်ပြီး ပိုတိုးကပ်လာတယ်''

"မောင့်အဖေလည်း အဲလိုဖြစ်ခဲ့မှာပဲ''

"ဘာ''

www.burmeseclassic.com



မဆီမဆိုင်လို့ ကိုယ်မတွေးဖြစ်။ အကြောင်းတရားခိုင်မာမှုရှိလို့ စိမ်း ပြောထွက်တာပဲဟု သဘောပေါက်လိုက်သည်။

"ဖနီးမယားရှိတယ်၊ သားရှိတယ်ဆိုပြီး သူ ရှောင်တိမ်းဖို့တော့ ကြိုးစားခဲ့မှာပါပဲ၊ အပျော်ရှာပေမယ့် နှောင်ဖွဲ့မှုတော့ လိုချင်ခဲ့မှာမဟုတ်ဘူးလေ၊ ဒါပေမဲ့ ရှုန်းထွက်မရတာတွေကြောင့်"

"မှန်တယ် စိမ်းပြောသလိုပဲ အဲဒါကြောင့် ဖွတ်တရွတ် တွေ့တိုးနိုင်တဲ့ ဒီလိုအရွယ်တွေကို ကိုယ်မပတ်သက်ချင်တာ၊ ငယ်ရွယ်တဲ့ တန်ဖိုးတွေနဲ့ သူတို့လွှမ်းမိုးတာ ခံရတဲ့အခါ ဘဝတစ်ခုလုံး အမှောင်ကျသွားလိမ့်မယ်"

"မောင့်ရဲ့ကြောက်လန့်ခြင်းတွေက တစ်ဖက်စွန်းရောက်နေပြီ မောင်"

"ဟင်"

"ဒါပေမဲ့လေ မောင့်စိတ်က အဓိကပါပဲ၊ မောင့်မှာရွေးချယ်ဖို့ အချိန်တွေရှိပါသေးတယ်၊ အချစ်ဆိုတာကိုသာ ဆုံခဲ့ရင် အခုပြောခဲ့တဲ့ စကားတွေကို မောင် နောင်တရလိမ့်မယ်"

"စိမ်း ခဏလေး"

စိမ်း စကားကို ဆုံးအောင်နားမထောင်နိုင်ဘဲ လက်ထဲက အအေးခွက်ကိုချ၍ စိတ်လှုပ်ရှားစွာ ထရပ်လိုက်သည်။ မျက်နှာချင်းဆိုင် စားသောက်ဆိုင်ထဲ ဝင်သွားသောအတွဲက

"မောင် ဘယ်လဲ"

"ဟိုဆိုင်ထဲ"

"ဘယ်သူလဲ သွေးမဆူနဲ့၊ ခဏလေး ထိုင်"

တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသော သူ့လက်ကိုဆွဲ၍ စိမ်း



သဖင် ထိုင်ခိုင်းသည်။ စိမ်းသဖင်က ဆုပ်ကိုင်ထားသော သူ့လက်ကို ရွှတ်သေးဘဲ

"အခု ဝင်သွားတဲ့ အဝါရောင်ဝတ်ထားတဲ့ကောင်မလေးလား သူက"

"ကိုယ့်အဖေ နောက်မိန်းမရဲ့သမီး၊ ကိုယ့်ညီမ"

"ဟင် ကောင်မလေးက ငယ်သေးသလားလို့"

"ဟုတ်တယ် ဆယ့်ခြောက်နှစ်တောင် ပြည့်ပြီလားမသိဘူး၊ ဘာသဘောနဲ့အဲဒီကောင်က"

"နေဦး သူ့ဘေးကကောင်လေးကို စိမ်း သိတယ်"

"ဘာ"

မျက်နှာချင်းဆိုင် ဆိုင်က သိပ်အလှမ်းမဝေးတာမို့ စိမ်းက သေချာစိုက်ကြည့်ရင်းပြောလိုက်ခြင်းဖြစ်သည်။ ယမင်းပျိုနှင့်ထိုကောင်လေးက အပြုံးပန်းတွေ ဝေဆာလျက် ပတ်ဝန်းကျင်ကိုတောင် မေ့လျော့နေဟန်ရှိသည်။ စိမ်းက စိတ်မကောင်းဟန်ဖြစ်နေပြီး

"အဲဒီကောင်လေးက စိမ်းတို့ထက်ငယ်ပေမယ့် မောင့်ညီမထက်တော့ လေးငါးနှစ်လောက်မက ကြီးလိမ့်မယ်၊ စိမ်းတို့ရပ်ကွက်က"

"ဟင် စိမ်းတို့ တစ်ရပ်ကွက်တည်းသားချင်းလား"

"အိမ်တော့ မနီးပါဘူး၊ နာမည်ကျော်ကြားလို့ လူပိုသိတာ"

"ဘယ်လိုကျော်ကြားတာလဲ"

"မိဘတွေ ချမ်းသာမှုနဲ့ မိန်းကလေးတွေ မွေ့ရှုပ်တာလေ၊ မိဘတွေက သားတစ်ယောက်တည်းဆိုပြီး အလိုလိုက်မိတော့ မိန်းကလေးတွေကို ငွေနဲ့ပဲ လိုက်ဖြေရှင်းပေးနေရတာ၊ ဒီကောင်မလေးက ကိုယ်ဝန်ရှိလို့ ဟိုမိန်းကလေးနဲ့မှားယွင်းပြီး တာဝန်မယူလို့နဲ့၊ ပြီးတော့ မုဒိမ်းမှုပုံစံ



www.burmeseclassic.com

www.burmeseclassic.com



အမှုတွေကလည်း ရှိသေးတယ်၊ မိဘတွေငွေနဲ့အလိုက်ကောင်းလို့ ထောင်တစ်နှစ်ပဲကျလိုက်တယ်''

''ဟား ဒီလိုကောင်နဲ့ကွာ''

ဒေါ်သက ငယ်ထိပ်တက်ဆောင့်ပြီး လက်သီးကို ခပ်တင်းတင်းဆုပ်မိ၏။ အစက ဒီအရွယ်လေးနှင့် ရည်းစားထားရမလားဆိုသည့် စိတ်တစ်ခုပဲ ရှိခဲ့တာ။ အခုတော့ ယမင်းပျို ဘယ်လိုလုပ်ပြီး ဒီလိုကောင်မျိုးနှင့် သွားပတ်သက်တာလဲ။

''မောင် ဘယ်လဲ၊ ဟယ် ဒုက္ခပါပဲ၊ သွားမလုပ်နဲ့လေ၊ ပတ်ဝန်းကျင်နဲ့ မကောင်းဘူး''

စိမ်းသဇင် အလန့်တကြား ဟန့်တားခြင်းကို ဂရုမစိုက်မိ ညီမဆိုသောအသိကြောင့် သွေးတွေဆူကာ ထိုနေရာကို ချက်ချင်းရောက်သည်။

''ယမင်းပျို နင် ဘာလုပ်နေတာလဲ လာစမ်း''

''ဟင် ကိုနီ၊ ဒီမှာ ယမင်းတို့''

''ဘာမှမပြောနဲ့ အခုလာခဲ့''

''အို ကိုနီ၊ ဘာလုပ်တာလဲ လွှတ်ပါ''

''တောက် လာစမ်း''

ယမင်းပျို လက်ကိုကားရှိရာ ဆောင့်ဆွဲခေါ်လာခဲ့ပြီး ကားထဲ ပစ်သွင်း၍ မောင်းထွက်လာခဲ့သည်။ ဒီအရွယ်လေးနှင့် ဘဝနစ်မွန်းသွားတော့ ဘယ်လိုလုပ်မလဲ။ ဒီကိစ္စ ဖေဖေတို့ရော မသိကြဘူးလား။

မဆုံးမ မသွန်သင်ကြဘူးလား။

ဒီကိစ္စ ဒီအတိုင်းထားလို့ မဖြစ်တာမို့ . . .။

■ ■ ■



## အခန်း (၂၃)

''ဒါ ဘာဖြစ်လာကြတာလဲ''

''သမီးလေး''

ယမင်းပျို လက်ကို ဆိုဖာခုံပေါ် ဆောင့်တွန်းလိုက်၍ ဖေဖေ တော ဒေါ်ကေသွယ်မျိုးပါ အထိတ်တလန့် ဖြစ်သွားကြသည်။ သူ့ဒေါ်သ ဘို့က အရှိန်မကျသေးပါ။

''ဒီအရွယ်လေးနဲ့ ရည်းစားထားနေတာ ဖေဖေတို့မသိကြဘူး လား''

''ဘာ''

''ဟဲ့ ဒီအရွယ်နဲ့ရည်းစားထားတာ ဘာဖြစ်လဲ''

ဖေဖေက အံ့ဩသွားပေမယ့် ဒေါ်ကေသွယ်မျိုးကတော့ သိထား ဟန်တူသည်။ သူဒေါသဖြစ်ကာ ဒေါ်ကေသွယ်မျိုးကို မျက်ထောက်နီကြီးနှင့် ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သမီး အသက်ဘယ်လောက်ရှိသေးလို့လဲ"

"အိမ်ထောင်ပြုလို့မရသေးပေမယ့် ရည်းစားထားလို့ရပြီလေ နင်က ဘယ်ပုဒ်မနဲ့ထားမလို့လဲ"

"ထားပါ အဲဒီကောင်က ဘယ်လိုလူစားဆိုတာရော ခင်ဗျား သိလို့လား ဒေါ်ကေသွယ်မျိုး"

"ငါတွေ့ကြည့်ပြီးပြီ၊ လေ့လာပြီးပြီ၊ ငါ့သမီးကို ပေါက်လွှတ်ပဲ ထား ဒီအတိုင်း လွှတ်ထားတာမဟုတ်ဘူး။ လူချမ်းသာသူဌေးအသိုက်အ ဝန်းက တစ်ဦးတည်းသောသား၊ မရခင်တည်းကလက်ဆောင်ပဏ္ဏာ ပေးထားတာ အိမ်မှာပုံနေတာပဲ"

"အဲဒါတွေမက်ပြီး ယုံစားနေရင် ခင်ဗျားသမီး ဗိုက်တစ်လုံးနဲ့ ကျန်ခဲ့အောင် ခြေတော်တင်ခံရလိမ့်မယ် နားလည်လား"

"ဟဲ့အကောင် နင် မဗိုက်ရှိုင်းနဲ့၊ ငါ့သမီးကို နင် မှိုချိုးမျှစ်ချိုး နှိမ်တဲ့ဖတ်စရာမလိုဘူး၊ ငါ့သမီးရည်းစားက နင့်လိုမျိုး မိန်းကလေးတွေ ပွေရှုပ်ပြီး မိုက်ရိုင်းနေတဲ့ကောင် မဟုတ်ဘူး၊ ကိုယ့်စိတ်နဲ့နှိုင်း မရိုင်းထင် မနေနဲ့"

"အာ ခင်ဗျား"

စေတနာကို စော်ကားခံလိုက်ရသည့်အတွက် စိတ်လိုက်မာန်ပါ ခြေရွယ်လက်ရွယ် ဖြစ်သွားချိန်မှာ ဖေဖေက ကြားဝင်၍ သူ့လက်ကို ပုတ်ချ၏။

"ပြောစရာရှိရင် အေးအေးဆေးဆေး ထိုင်ပြော ကိုနီ၊ ဒီ မင်းမိသားစုတွေ ရန်သူမဟုတ်ဘူး"

"ဖေဖေ့မိန်းမကို ရန်သူလို မဆက်ဆံအောင် အရင်ပြောပေး ဖေဖေ၊ အခုယမင်းပျိုကိစ္စကြောင့် လာတာမဟုတ်ရင် လာတောင် မလာ





ဘူး"

"မင်းကိုရော ဘယ်သူက လာခိုင်းနေလို့လဲ"

"မျိုး ခဏလေး၊ သူ ဘာပြောချင်တာလဲ ကိုကြီး နားထောင်ပါ ရစေ၊ ပြော ကိုနီ၊ သား ပြောကြည့်"

"ယမင်းပျို အခုမှ ငယ်ငယ်လေးရှိပါသေးတယ် ဖေဖေ၊ ရည်း စားထားလို့ရတယ်ဆိုလည်း သူတွဲတဲ့ကောင်ရဲ့နောက်ကြောင်း ရာဇဝင်ကို သိဖို့လိုတယ်၊ ဒီကောင်က မိန်းကလေးတွေနဲ့ ပြဿနာရှုပ်ထွေးနေတဲ့ ကောင်၊ မုဒိမ်းမှုနဲ့လည်း ထောင်ကျဖူးတယ်"

"ကိုနီ လျှောက်မပြောနဲ့နော်၊ သူများသားသမီးကို အဲလိုပဲ သိက္ခာချရလား၊ အဲဒီစွပ်စွဲမှုက ဖို့ကိုပါ သိက္ခာချတာနဲ့ အတူတူပဲနော်"

"နင့်ကို ဘယ်လိုမက်လုံးတွေပေးလို့ အထင်ကြီးနေတာလဲ၊ အဲဒီကောင်က"

"ဟုတ်ခဲ့ရင်တောင် ပျို ဆက်တွဲဖို့ ဆုံးဖြတ်ထားတယ်"

"ဘာ"

ယမင်းပျို မထိမ့်မြင်ပြုံးကာ

"အိမ်ရဲ့မပြေလည်မှုအတွက် သူ့ဆီက အထောက်အပံ့ရတယ် ကိုနီ၊ ဖေဖေက အသက်ကြီးလို့ အိမ်စားစရိတ် မရှာပေးနိုင်ဘူး၊ မေမေက သူ့အသုံးစရိတ် သူရှာဖွေဖို့ ဘာစီးပွားရေးမှ မလုပ်တတ်ဘူး၊ ပျို ကျောင်း စရိတ်အတွက်လည်း လိုအပ်တယ်၊ အဲဒီအတွက် ပြည့်တန်ဆာအလုပ်နဲ့ အောင် ငွေရှာသင့်ရင် ရှာရမှာပဲ ကိုနီ"

"ယမင်းပျို နင်"

"ကိုနီက ဒီအိမ်အတွက် ဘာတာဝန်ယူထားလို့ မိသားစုလို စိတ်ပူပန်ချင်ဟန်ဆောင်နေတာလဲ၊ ဒီအိမ် မိသားစုရဲ့ကိစ္စတွေ ကိုနီက



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေများ ဖြေရှင်းပေးနေလို့လဲ''

မေးခွန်းများက သူ့ကို အပြစ်ပုံချနေသကဲ့သို့ရှိ၏။ ဒီလို မဖြစ်စေချင်လျှင် ဒီတာဝန်တွေ ယူဆိုသည့်သဘောပေါ့။

ဖေဖေ ဘာတစ်ခွန်းမှ ဝင်ရောက်ဆုံးမသွန်သင်ခြင်းမရှိပါလား။ အစ်ကိုကို ဒီလိုမပြောသင့်ဘူးလို့ ဝင်ပြီးမဟန့်ပါလား။ ခေါ်ကေသွယ်မှုကဆို သမီးစကားကို ထောက်ခံသလို မဲ့ပြုံးပြုံးနေလိုက်သေး၏။ ဒီနေ့ရာက ဒီမိသားစုက သူနဲ့ဘာမှမဆိုင်သလိုပါပဲလား။

ဖေဖေ့ကို လှည့်ကြည့်လိုက်တော့ ဖေဖေက ခေါင်းတစ်ချက်ခါကာ ဆိုဖာခုံက ထရပ်၍

''အိမ်ရောင်းမယ်ဆိုတော့လည်း ရောင်းမှာစိုးလို့ ပြဿနာရှာတယ်၊ အထောက်အပံ့လေးရမလားလို့ အကူအညီတောင်းတော့လည်း သူတောင်းစားအပေါ်လောက်တောင် မသထားဘူး။ သားရယ် အစ်ကိုရယ် လို့မှ အားကိုးမခံချင်ရင် ဒီမိသားစုအပေါ်''

''မဆိုင်သလို မျက်နှာလွှဲနေလို့ ပြောချင်တာလား ဖေဖေ ယမင်းပျို ဘာဖြစ်ဖြစ် မင်းနဲ့မဆိုင်ဘူးလို့ ပြောတာလား''

''သူ့ဘဝသူ ကျောင်းပါလိမ့်မယ်၊ အနည်းဆုံး မိသားစုတော့ အငတ်ထားမှာမဟုတ်ဘူး၊ ဖေဖေက စွမ်းဆောင်နိုင်တဲ့အခြေအနေမရှိတော့တာ၊ ဘယ်လိုပုံစံမျိုးနဲ့ပဲ လုပ်ကျွေးကျွေး''

''ဟား''

အံ့သြလွန်းလို့ သူ ဘာပြောရမှန်းပင် မသိပေ။ သူ မထောက်ပံ့လို့အရွဲ့တိုက်ပြီး ပြောနေတာလား၊ တကယ်ပဲ ယမင်းပျို ဘယ်လိုပုံနှင့် လုပ်ကိုင်ကျွေးကျွေး ကျေနပ်နေမှာမျိုးလား။

ယမင်းပျို မျက်နှာမှာ မြခြူးယံလို မထိမဲ့မြင် အရွဲ့တိုက်တတ်





သည့်ဉာဉ်ဆိုးတွေကို တွေ့နေရသည်။ ဒီအရွယ်လေးတွေရဲ့စိတ်ဓာတ်ပြင်းထန်မှုက အရမ်းကို ကြောက်စရာကောင်းပါလား။

မြခြူးယံ အဲဒါကြောင့် နင့်ကိုငါ အရမ်းကြောက်တာပါ။ ဘယ်တော့မှ မပတ်သက်ချင်ခဲ့တာပါ။ ပူလောင်မှုတွေကို ခံစားရမှာစိုးလို့ . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အစ်ကို အရမ်းများနေပြီ၊ ကျွန်တော်တို့ဟိုတယ်လည်း ပိတ်တော့မှာဆိုတော့ တော်ပါတော့နော်"

"ဘာ ဟိုတယ်ဆိုတာ ပိတ်တယ်လို့ရှိသလား၊ ညေ့သည်က တစ်ချိန်လုံး တည်းဖို့ရှိဖို့ ညလုံးပေါက် နှစ်ဆယ့်လေးနာရီ မပြတ်လာေ တာ"

"ဟိုတယ် တည်းခိုနားနေတာတော့ နှစ်ဆယ့်လေးနာရီ မပိတ် ပါဘူး။ ဒါပေမဲ့ အရက်ဘားကတော့ အချိန်ကန့်သတ်ချက် ရှိပါတယ်ခင်ဗျ"

"ဟိတ်ကောင် ငါ ဒီညမပြန်ဘူး၊ ဒီမှာအိပ်မှာ ရော့မှတ်ပုံတင် ယူထား၊ တစ်ညလုံး သောက်လို့ရအောင် အခန်းစီစဉ်ပေး၊ ငွေကိုကွ သလောက်တောင်း မင်းအတွက်လည်း ဘောက်ဆူးပေးမယ် ကျေနပ် လား"

ခေါင်းညိတ်လိုက်ရပေမယ့် ဟိုတယ်ဝန်ထမ်းလေး စိတ်ညစ်ေ သည်။ အမူးလွန်ပြီး ပြဿနာတစ်စုံတစ်ခုဖြစ်သွားလျှင် ဘယ်လိုလု မလဲ။ ဟိုတစ်ခါလည်း အမူးလွန်သည့်လူတစ်ယောက် သေလုမြော





ဖြစ်လို့ ဟိုတယ်နာမည်ပျက်မလိုတောင် ဖြစ်သွားသည်။ နေကောင်းလာ သည်အထိ ဆေးရုံစရိတ်စကတွေပါ ခံလိုက်ရ၏။ ကိုယ်တာဝန်ယူရသည့် အပိုင်းမို့ အမူးလွန်နေသည့်လူကို တောင်းပန်၍မတားဆီးရကောင်းလား ဆိုပြီး လစာထဲက ငွေကြေးလည်း အဖြတ်ခံရ၏။ အခုလည်း ဒီလူသောက် နေတာ ညနေတည်းကဖြစ်သည်။ ခေါင်းမထူနိုင်အောင်ဖြစ်နေသော်လည်း လုံးဝမရ။

သူ့မိသားစုထဲက တစ်ယောက်ယောက် ရောက်လာပြီး ခေါ်သွား တာပဲ ဖြစ်ဖြစ် တားဆီးတာပဲဖြစ်ဖြစ် လာလုပ်ရင်တော့ အကောင်းသား။

ဒါဆို မန်နေဂျာကလည်း အဆူမခံရ၊ ဘောက်ဆူးလည်းရမည်။

"ဟိတ်ကောင်"

"ဗျာ"

"ငါ့ကို ဒီဖုန်းနံပါတ် ခေါ်ပေးစမ်း၊ ငါ ဂဏန်းတွေနှိပ်လို့မရ ဘူးဖြစ်နေတယ်၊ ဒီနေ့ ဒီကောင်မလေးကို ပြတ်ပြတ်သားသား ပြောစရာ ရှိတယ်"

"ဟုတ် ဟုတ်ကဲ့"

အာလေးရုံဘင်မက လက်ပင်မမြောက်နိုင်အောင် ဖြစ်နေသော ထိုလူလက်ထဲက ဗစ်ဇစ်တင်းကတ်လေးကို ယူလိုက်ရသည်။

မြခြူးယံ တဲ့။ အသိမိတ်ဆွေလား ချစ်သူကောင်မလေးလား။ ဘာဖြစ်ဖြစ် ကယ်တင်ရှင်ကိုတော့ ဆက်သွယ်လို့ရတော့မည်။

"အစ်ကို ကျွန်တော် ဖုန်းဆက်ပေးမယ်နော်၊ အစ်ကို ဖုန်း ပြောလိုက်မယ်"

"နေဦး ငါ့ကို အရက်ပုလင်းထပ်ပေးဦး"

"ဒီမှာ အရက်တွေ ကျန်သေးတယ်လေ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ငွေပေး"

"ဟုတ်ကဲ့"

"ဒီမှာ ဖုန်း"

စားပွဲပေါ်က ဖုန်းကို ကိုယ့်ဆီတွန်းပေးပြီး အရက်ခွက်ကို ကောက်ယူ မော့သောက်ချိန်မှာ လုံးဝမဟန်နိုင်တော့သလို ထိုလူခေါင်း ငိုက်ဆိုက်ကျနေသည်။ ဖုန်းဆက်ဖို့ ဖုန်းကိုကောက်ကိုင်ကြည့်တော့ ဘတ္တရီ လုံးဝမရှိဘဲ ဖြစ်နေ၏။

"အစ်ကို အစ်ကို ဖုန်းက ဘတ္တရီမရှိဘူး၊ ကျွန်တော် ကောင် တာက ဖုန်းနဲ့ဆက်ပေးရမလား"

"အင်း အင်း"

ထိုအင်းနှစ်လုံးက လုံးဝမပီမသ။ လူမှန်းသူမှန်းမသိဘူးဆိုး တော့ ဒီလူ ဘယ်လိုလုပ်အိမ်ပြန်မလဲ။ မှတ်ပုံတင်ရော ဖုန်းနံပါတ်ရော လက်ထဲရောက်နေပြီမို့ အသက်ရှူချောင်ပါသေးသည်။

ကောင်တာဖုန်းနှင့်ပင် ဖုန်းနံပါတ်ပိုင်ရှင်ကို ဖုန်းလှမ်းဆက်လိုက် ရ၏။

"ဟယ်လို ရွှေသရဖီဟိုတယ်ကပါ၊ ဒါ မြခြူးယံရဲ့ ဖုန်းနံပါတ် ပါလား ခင်ဗျာ"

"ဟုတ်ပါတယ် အခုပြောတာ ဘယ်သူပါလဲ"

"ကျွန်တော် ဟိုတယ်ဝန်ထမ်းပါ၊ ဒီမှာ ကိုလင်းရောင်နီဆိုတဲ့ လူ အရက်အရမ်းမူးပြီး အစ်မဖုန်းကို ဆက်ခိုင်းလို့ပါခင်ဗျ၊ အဲဒါ အမြန် ဆုံးလာပေးနိုင်မလားမသိဘူး"

"ဟုတ်ကဲ့ ဟုတ်ကဲ့ အခုလာခဲ့လိုက်ပါမယ်၊ လိပ်စာနေရာလေး သာပြောပါ"





ဟိုတယ်ဝန်ထမ်းကောင်လေး ရွတ်ပြသော လိပ်စာကို စိတ် ထဲကမှတ်၍ မြခြူးယံ အဝတ်အစားလဲ၍ ဘုရားခန်းထဲက မေမေကို ကျောကယာ သွားတွေ့ရသည်။

"မေမေ မြခြူး အပြင်ခဏသွားဦးမယ်"

"ဟင် အရမ်းမိုးချုပ်နေပြီ၊ ဘယ်သွားမှာလဲ သမီးရယ်၊ သမီး ကိုကြီးလည်း ပြန်လာသေးတာမဟုတ်ဘူး"

"သူငယ်ချင်းတစ်ယောက်ကိစ္စပါ၊ အရေးကြီးလို့ သူ ဖုန်းဆက် တာလို့ မေမေ၊ ကိုကြီးလာရင်သာ ကြည့်ကောင်းအောင် ပြောလိုက်ပါ"

"အေး အေး ကားကို သတိဝီရိယနဲ့ မောင်းကွယ်၊ ညကိုးနာရီ ကျော်နေပြီ၊ သမီးတစ်ယောက်တည်း မေမေ စိတ်မချဘူး၊ ဟိုနေ့ကလို နဲ့"

"စိတ်ချပါ မေမေရဲ့၊ ဒီမြို့ထဲတင်ပါ၊ သွားပြီနော် မေမေ"

ရေးကြီးသုတ်ပျာနှင့် ကားသော့ဆွဲပြီးထွက်လာတာမို့ အိပ်ရာ ဝင်ပေါ် ဖုန်းမေ့ကျန်ခဲ့ကာ ကားစက်နှိုးနေမှ သတိရသည်။ အိမ်ပေါ် ပြန်တက်ယူနေလျှင် အချိန်ကြာနေမှာစိုး၍ ကားကိုအလျင်လိုစွာ မောင်း ထွက်လာခဲ့၏။

ကိုကိုက ဟိုတယ်တစ်ခုမှာ အရက်တွေမူးပြီး ဒီအချိန်ကျမှ သူမကို ဖုန်းဆက်ပြီး ခေါ်ခိုင်းရတာလဲ။ ဘယ်လောက်တောင် မူးနေလို့ ကိုယ်တိုင်တောင် ဖုန်းမဆက်နိုင်ရတာလဲမသိပေ။

ဘာပဲဖြစ်ဖြစ် ကိုကို့အိတ်ကပ်ထဲ သူမရဲ့ဇစ်ဖစ်တင်းကတ်လေး ထည့်ပေးခဲ့တာကို လွှင့်မပစ်ဘဲ သတိတရ ဖုန်းဆက်လာသည့်အတွက် တော့ ရင်ထဲမှာ ပရမ်းပတာ လှုပ်ခတ်နေလျက် . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မြခြူးယံ ညည်းကိုငါ ကြောက်တယ်၊ ညည်းကို မမြင်ချင်ဘူး မတွေ့ချင်ဘူး။ ငါ့ကိုလာမပတ်သက်ပါနဲ့၊ ငါ့ကိုမွန်းကြပ်အောင်မလုပ်ပါနဲ့ ငါ့စိတ်တွေ ကယောက်ကယက် ဖြစ်အောင် မပြုစားပါနဲ့၊ ငါ နှင့်ကို မုန်းတယ်၊ မုန်းတယ် မြခြူးယံ"

အော်ဟစ်ပေါက်ကွဲမှုတွေက အိပ်မက်ထဲမှာလား၊ အပြင်မှာလား။ အရက်မသောက်ခင်တည်းက ပြောချင်နေသော စကားတွေ ဒါဆို အရက်တွေက ဘယ်လောက်တောင် သောက်လိုက်မိတာလဲ။

ခေါင်းတွေက မူးနောက်ရီဝေ အုံခဲနေသည်။ အိပ်မက်နှင့်လက် တွေ့ကို အခုထိ မဝေခွဲနိုင်သေး။ သူ အရက်သောက်တာ တစ်ခုတည်း ရော ဟုတ်ရဲ့လား။ တခြားနေရာကို စိတ်ညစ်ညစ်နှင့် လျှောက်သွားခဲ့ သေးသလား။

မိန်းကလေးတွေနှင့်စိတ်ပြေပျောက်မှု ရှာခဲ့သေးသလား။

"အာ ဘာတွေလဲ"





ခေါင်းကိုလက်နှစ်ဖက်နှင့်ညှစ်ကာ ကုန်းရုန်းထလိုက်သည်။ ရက်တွေအများကြီးဝင်ထားလို့ ပူလောင်နေသောရင်ကို ရေအေးအေး ငံ ပါးစပ်က လောင်းချမှဖြစ်မည်။

"ဟင် ဟာ ဘာလဲ မြခြူးယံ၊ မြခြူးယံ ညည်း ညည်း"

ခုတင်ခြေရင်းမှာ မြခြူးယံကို မြင်လိုက်ရ၍ ခုတင်ပေါ်က း ခုန် ခုန်ဆင်းလိုက်ချိန်တွင် စောင်က လုံးထွေးပါလာရာမှာ ကွာကျ သွားတော့၏။

"ဟာ"

သူ့ကိုယ်ပေါ်မှာ အပေါ်အင်္ကျီလည်းမရှိ၊ ဂျင်းပင်န်လည်းမပါ။

"မြခြူးယံ ညည်း"

"ကိုကို"

သူ ဘာပြောရမှန်းမသိပါ။ တစ်ညလုံး ဘာတွေဖြစ်ခဲ့သလဲ ပါ။ လွှားထားသော သဘက်စောင်ကိုယူ၍ ကိုယ်မှာပတ်လိုက်ပြီး စ်ချက်ကြိတ်ကာ တက်ခေါက်မိ၏။ ပြောဖို့စကားလုံးတွေ စုဆောင်း သော်လည်း လည်ချောင်းကနေ အပြင်ကို ထွက်မလာ။ ဒါ ဘယ်နေရာ

မှန်းဆကြည့်လိုက်စဉ်မှာ ဟိုတယ်တစ်ခုဆိုတာ သိလိုက်ရ၏။ က်သောက်ရင်းနှင့် မပြန်နိုင်ခဲ့တာလား။ ဒါဆို မြခြူးယံက. . .

"ကိုကို သူများ"

အဝတ်အစားတွေ ဆွဲချ၊ ဆံနွယ်တွေသပ်တင်ပြီး ခုတင်ပေါ်က ၍ ခေါ်လိုက်သော မြခြူးယံကို ရှုံ့မှုန်းစွာ မျက်မှောင်ကြုတ်ကြည့် ပြီး

"မင်းကိုရွံတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"မင်း ဒီလိုယုတ်ညံ့မှုမျိုးနဲ့ အမိဖမ်းလိုက်တာကို ငါ အရှ
ရှုံတယ်၊ မုန်းတယ်"

"ကိုကို အဲလိုမပြောနဲ့၊ မဟုတ်ဘူး သူများ အဲလိုမဟုတ်ဘူ
ကိုကို"

"ဒီထက်ယုတ်ညံ့စရာ အစီအစဉ် ရှိနေသေးလား မြခြူးယံ
မင်း ဒီလိုလုပ်လိုက်ရုံနဲ့ ငါ မင်းကိုလက်ထပ်လိမ့်မယ် ချစ်လိမ့်မယ်
ထင်နေလား"

"မမျှော်လင့်ဘူး ဘာမျှော်လင့်ချက်နဲ့မှ ဒီကိုရောက်လာခဲ့
မဟုတ်ဘူး၊ ကိုကို ဘယ်နေရာမှာ ဘာဖြစ်နေမှန်းလည်း မသိဘ
ကိုကို ခေါ်လို့ဒီကိုလာရတာ"

"ဘာ ငါကခေါ်တယ်၊ ညည်း ရူးနေလား၊ ဖွန်ကြောင်နေ
လား၊ မြခြူးယံ ညည်းစရိုက် အပြုအမူတွေကို ဒီလောက်မုန်းနေတဲ့
ညည်းကို ဘာလုပ်ဖို့ခေါ်မှာလဲ၊ မပတ်သက်ချင်တာ၊ မတွေ့ချင်တ
မရင်းနှီးချင်တာ မမြင်ချင်တာ"

"ကိုကို ပြောစရာကုန်ပြီလား၊ ဒီထက် နင့်သီးတဲ့စကား
ပြောစရာရှိရင်ပြောပါ၊ ကိုကို့ဆီက အချစ်တွေ ကြင်နာမှုတွေ နူးညံ့မှု
ဘာမှမျှော်လင့်မထားတဲ့အတွက် ဒီထက်နာကျင်စရာမရှိတော့ပါဘူး
ပြုပါဦး"

"ဟင်"

သူပြောသမျှ အပြုံးနှင့်လက်ခံပြီး မရမက တွယ်ကပ်နေ
ထင်တာ။ အခု မြခြူးယံ ဘာလုပ်တာလဲ။ ခုတင်ပေါ်က ကားသေ
ယူပြီး ခပ်သွက်သွက်ပင် အခန်းတံခါးကိုဖွင့်၍ ထွက်သွားသည်။





သူ ဘာမှမပြောရသေးပါလား။ ပြောချင်သလောက် မပြောရ
သေးပါလား။ သူ့ရဲ့ကားသော့နှင့် ဖုန်းရော ဘယ်ရောက်နေလဲ။

မျက်လုံးနှင့်ဝေ့ရှာလိုက်စဉ်မှာ အလှပန်းအိုးလေး တင်ထားသော
ားပွဲပေါ်မှာ တွေ့လိုက်ရ၏။ ဒါဆို သူ့ကိုယ်ပေါ်က အဝတ်အစားတွေက
ရော။

"ဒေါက် ဒေါက်"

တံခါးခေါက်သံကြား၍ ဖွင့်ပေးလိုက်တော့ ပြုံးဖြီးဖြီးနှင့်ဝင်လာ
သော ဝန်ထမ်းကောင်လေးရဲ့လက်ထဲမှာ မီးပူတိုက်ထားပြီးဟန်တူသော
အင်္ကျီနှင့်ဘောင်းဘီကို မြင်လိုက်ရ၏။

"ညက အစ်ကို့အန်ဖတ်တွေ မနည်းလျှော်လိုက်ရတယ်၊
ခြောက်ခံစက်ထဲထည့်ပြီး မီးပူတိုက်ခဲ့ပါတယ် အစ်ကို"

"သြော် ကျေး ကျေးဇူးပဲ"

"ဟို အစ်မလေး ပြန်သွားပြီလား ငယ်ငယ်ချောချောလေး
ဲ အစ်ကို ဖုန်းဆက်နိုင်းလို့ ဖုန်းဆက်ခေါ်လိုက်တာ၊ ဘယ်လောက်
း စိုးရိမ်နေသလဲဆိုရင် တန်းခနဲ ရောက်လာတာပဲ"

"မင်းခေါ်လိုက်တာလား"

"ဟုတ်တယ်လေ အစ်ကိုပဲ ခေါ်ခိုင်းပြီးတော့၊ ဖစ်ဖစ်တင်းကာတ
ာင် အစ်ကို့အိတ်ထဲ ပြန်ထည့်ပေးထားသေးတယ်၊ သူရောက်လာလို့
ာသေးတာဗျ၊ မဟုတ်ရင် ကျွန်တော် အစ်ကို့ကြောင့်ပြဿနာတက်ပြီ
ကိုက လူမှန်းသူမှန်းမသိအောင်မူးပြီး အန်နေတာကိုး၊ တစ်ခုခုဖြစ်
ာင် အဲဒီအစ်မ သက်သေရှိလို့သာပေါ့"

"သူက ဘာလို့ ငါ့ကို့အိမ်ပြန်မပို့တာလဲ"

"အဲဒါတော့ မသိဘူးလေ၊ အစ်ကို အခန်းတစ်ခန်းယူထားတယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာနဲ့ အဲဒီအခန်းပဲ ပို့ပေးပါဆိုပြီး ကျွန်တော်ရော အဲဒီအခ
ရော အတူတူ တွဲခေါ်လာရတာ၊ ဘယ်လိုလဲ အစ်ကို ညက တော်တော်
အခြေအနေကောင်းလိုက်လား''

"ဟိတ်ကောင် ဘာတွေလျှောက်မေးနေတာလဲ၊ ရော့ မုန့်
ယူပြီး မင်းပါးစပ်ကိုပိတ်ထား''

ခေါက်ပိုက်ဆံအိတ်ထဲက ငါးထောင်တန်တစ်ရွက် ဆွဲထုတ်ပြီ
ဝန်ထမ်းကောင်လေးရဲ့ပါးစပ်ပေါက်ကို ပိတ်ခိုင်းလိုက်ရသည်။ ကောင်လေ
က ပိုက်ဆံရသွားတာကြောင့်လား ဘယ်လိုအဓိပ္ပာယ်နှင့်မှန်းမသိဘဲ ပြုံ
ဖြုံနှင့် အခန်းထဲက ထွက်သွားသည်။ အခုမှ ကောင်လေးပြောခဲ့သော
စကားတွေကြောင့် မြခြူးယံနှင့် တစ်ညလုံးအတူရှိနေခဲ့သည့်အချိန်တွေ
ပိုပြီးသွေးပျက်တုန်လှုပ်သွားမိ၏။ သက်တင် သိသွားလျှင် ဘာပြောမ
ဘာတွေဖြစ်သွားမလဲ။

တကယ်ဆို အသိစိတ်လွတ်ကာ ဗစ်ဖစ်တင်းကတ် ပေ
ဝန်ထမ်းကောင်လေးကို ဖုန်းဆက်ခေါ်ခိုင်းမိသည်ထားဦး။

သူ့အိမ်ကိုသိနေသော မြခြူးယံက တစ်ယောက်ယောက်အ
အညီဖြင့် သူ့ကို အိမ်ပြန်လိုက်ပို့လို့ မရဘူးလား။ ပြီးတော့ သူမအိမ်
သူမ အေးအေးဆေးဆေး ပြန်သွားလို့ရသည်။

ဒါဆို သက်တင်ကို ဖြေရှင်းစရာမလိုဘဲ ဒီလိုသွေးပျက်
မလိုဘဲ ပြီးဆုံးသွားလို့ မရဘူးလား။ အခုတော့ မြခြူးယံ ဘာလိုချင်
လဲ။ သူ့ဆီက ဘာမျှော်လင့်တာလဲ။

ဟင့်အင်း ဘာမှမမျှော်လင့်ပါဘူးဆိုပြီး သူမ အသာတ
ပြန်သွားခဲ့တာပဲ။ ဒါဆို ဘာဖြစ်လို့လဲ။ ဘာကြောင့်လဲ။

အား ငါရူးတော့မယ် မြခြူးယံ ရူးတော့မယ်. .

■ ■ ■

## အခန်း (၂၆)

"ကိုကြီးကို အရူးမလုပ်နဲ့ ညီမလေး၊ ညက တစ်ညလုံး နင်
ဘယ်သွားတာလဲ၊ ဘယ်သူနဲ့အတူရှိနေတာလဲ''

အိမ်အဝကနေ ဆီးကြိုမေးနေသော ကိုကြီးမေးခွန်းတွေကို
ြူးယံ မဖြေချင်၊ ရှောင်ထွက်သွားလို့လည်း မရတာကြောင့် ဆက်တိုခံ
ငင်ထိုင်လိုက်စဉ် မေမေက စိုးရိမ်ကြီးစွာ သူမလက်ကလေးကို ဆုပ်ကိုင်
သ၏။

"သမီးလေး ကိုကြီးမေးတာ ဖြေလိုက်လေကွယ်၊ ညက သမီး
ကြီးတစ်ညလုံး တစ်ရေးမှမအိပ်နိုင်ဘဲ လိုက်စုံစမ်းနေတာ၊ သမီး
ူငယ်ချင်းတွေဆီကိုလည်း ဖုန်းဆက်ကြည့်တယ်''

"မြခြူး နင် မှန်မှန်ပြောစမ်း၊ နင့်သူငယ်ချင်းတွေထဲမှာ အရေး
ကိစ္စရှိတယ်ဆိုပြီး နင့်ကိုခေါ်တဲ့သူ တစ်ယောက်မှမရှိဘူး၊ နင့်ကို
အချိန်မတော် ဘယ်သူလှမ်းခေါ်တာလဲ၊ ဘယ်သူက ဘာကိစ္စနဲ့ခေါ်လို့
 သွားရတာလဲ ပြောစမ်း''

www.burmeseclassic.com



"ကိုကြီး"

"ငါမေးတာကိုဖြေ၊ ငါ့စိတ်ထဲမှာ သိနေတာ တစ်ခုရှိတယ် ဒါပေမဲ့ နင့်ပါးစပ်ကဖြေတာကို ငါ သေသေချာချာ ကြားချင်တယ် ပြောစမ်းပါ၊ မိုးလင်းမှပြန်လာရအောင် ညတစ်ညလုံး ဘယ်သူနဲ့ ရှိနေတာလဲ"

"သမီးမှာ ရည်းစားလည်းမရှိဘူးဆို၊ ယောကျ်ားနောက်လိုက်တာမဖြစ်နိုင်ပါဘူးလို့ သမီးသူငယ်ချင်းတွေက ပြောကြတယ်၊ အောင်ထွန်းပိုင်ဆိုတဲ့ ကောင်လေးကတော့ တစ်ဖက်သတ်ကြိုက်နေတာဆိုပြီး သူ့ဖုန်းဆက်ပေးကြသေးတယ်၊ အဲဒီကောင်လေးက သမီးပျောက်သွားတာတောင် အံ့သြနေသေးတယ်တဲ့၊ မေမေတို့ ရင်ပူအောင်မလုပ်ပါနဲ့၊ မိန်းကလေးတစ်ယောက် တစ်ညလုံးပျောက်နေတာဟာ ဘယ်လောက်အရေးကြီး ရာယ်များလိုက်သလဲ၊ ကိုယ့်သိက္ခာအတွက်ပြောပါ သမီးရယ် နော်"

ဖွတ်အတင်း သိချင်နေကြတာကြောင့် သူမရင်တွေ မွန်းကြပ်လှောင်နေသည်။ လင်းရောင်နီပါလို့ ပြောထွက်ဖို့ သူမ အင်အားမွေ့လွန်းနေ၏။ ကိုကို ရှုတ်ချမှုတွေ စွပ်စွဲမှုတွေက သူမနှုတ်တွေကို ပိတ်ထားသလိုပါ။

"မြခြူးယံ"

"ရှင် ရှင် ကိုကြီး"

မာထန်တင်းပြတ်သော ခေါ်သံကြောင့် ထိတ်လန့်ထစ်ငေါ့ ထူးလိုက်စဉ်မှာ ကိုကြီးက သူမ မျက်လုံးတည့်တည့်ကို စိုက်ကြည့်၏

"လင်းရောင်နီကို ငါ သွားမေးရမလား"

"ရှင်"

"နင့်ကို ဟိုတစ်ခါလို မြို့ပြင်ကိုခေါ်သွားရုံတော့မဟုတ်





ဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ မဟုတ်ပါဘူး၊ မြို့ပြင်ကိုခေါ်သွားတာ မဟုတ်ပါဘူး ဟိုလေ ကိုကြီး"

"တောက် ငါ သိလိုက်ပြီ၊ တောက် ဒါကြောင့် ဒီကောင်ဖုန်းကို ဆက်လို့မရတာကိုး၊ ဒီကောင့်အိမ်ကို သွားရှာတာ မတွေ့တာကိုး၊ ဒီကောင် အကြံပက်စက်တယ်ကွာ၊ ယုတ်မာလိုက်တာ၊ သူငယ်ချင်းအရင်းခေါက်ခေါက်ရဲ့ညီမကိုမှ လူမဆန်ဘူး မိုက်ရိုင်းလိုက်တဲ့ကောင်"

"မဟုတ်ဘူး မဟုတ်ပါဘူး ကိုကြီးရယ်၊ အဲလိုမဟုတ်ပါဘူး"

"မောင်လင်းရောင်လား မ်ထင်ရက်စရာကွယ်၊ သူ့ညီမလေး ငယ်လေးကိုကွယ် မေမေက မေမေတို့မိသားစုအပေါ် သူ တကယ် မိသားစုအရင်းတွေလိုပဲ အောက်မေ့တယ်ထင်တာ၊ ဘယ်လိုကဘယ်လိုလဲ မေမေ့ကိုပြောစမ်းပါဦး သားရယ်၊ သားက ဘယ်လိုသိ"

မေမေလည်း အံ့သြနေသည်။ မြခြူးယံမှာ ပြူးပြူးပျာပျာများ ရှင်းပြချင်ပေမယ့် ကိုကြီးရဲ့ဒေါသကြောင့် လူက တဆတ်ဆတ်တုန် ဘယ်လိုဆင်ခြေပေးရမှန်း မသိပေ။

ကိုကြီးက သူမကိုကျော်၍ မေမေ့ကိုကြည့်ကာ

"ဟိုနေ့တုန်းက မြို့ပြင်ထိ ကားမောင်းသွားတည်းက ကျွန်တော် သံသယဖြစ်နေခဲ့တာ မေမေ၊ မြို့ထဲ လမ်းမကျွမ်းလို့ နည်းနည်းလိုက်ပြ ပါ့ဆိုရင် ရပြီဟာ၊ နေဝင်မိုးချုပ်အချိန်တွေကုန်အောင် မြို့ပြင်ထိထွက် ဘာသဘောလဲ"

"အဲဒါလည်း"

"နင်မပြောနဲ့ မြခြူးယံ၊ အဲဒီကောင်နဲ့ တစ်ညလုံးအတူရှိနေတာ နင့်ရဲ့မိန်းကလေးတစ်ယောက်သိက္ခာ ဘယ်လောက်ကျသွားလဲ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ဘာလုပ်လဲ၊ ဘယ်နေရာခေါ်သွားတာလဲ၊ ဘာတွေဖြစ်ကြသေး
လဲ မြခြူး''

မပြောနဲ့ တားလိုက်၊ မေးခွန်းတွေမေးလိုက်ဖြင့် ကိုကြီးသွေး
နေတာ ကြောက်စရာပင် ကောင်းလှသည်။ သူမ မပြောလျှင် ကိုကို
သွားမေးမှ ပိုပြီးရှုပ်ထွေးတော့မှာလား။

''ကိုကြီး''

''အေး ပြော ညက နင်တို့နှစ်ယောက် ဘယ်မှာရှိနေကြတာလဲ''

''ဟို ဟိုတယ်မှာ''

''ဘာ ဘာမြခြူးယံ၊ ဟာ ဒီကောင်ကွာ ငါ့ညီမလေးကို''

''ကိုကြီး''

''သား သား ဘယ်သွားမှာလဲ''

ဘယ်သူမှပင် တားဆီးချိန်မရလိုက်။ အိမ်ပေါ်က ကမူးရှူး
ပြေးဆင်းသွားပြီး ကားပေါ်တက်၍ ဝူးခနဲ ကားစက်နှိုးကာ မောင်းထွက်
သွားသည်။ သက်ပြင်းချနေရုံနဲ့လည်း မရ။

ပြေးလိုက်လို့လည်းမဖြစ်နိုင်၊ ဒီလိုကိစ္စမျိုးကြောင့် မြခြူး
ပထမဆုံး အကြိမ် မျက်ရည်ကျမိလေသည်။

သူမရဲ့မိုက်မဲမှုကြောင့် အစ်ကိုနှင့်မေမေ စိတ်ဆင်းရဲကြပြီ။
အချစ်က မှားယွင်းမှုလား ကိုကိုရယ်။

■ ■ ■



## အခန်း (၂၇)

''ဟာ သက်တင်''

''ဖုန်း ခွပ်''

''လူမဆန်တဲ့ကောင် လူစိတ်မရှိတဲ့ကောင်၊ သူငယ်ချင်းညီမ
အပေါ်မှာ စည်းမစောင့်တဲ့ကောင် ခွပ် ခွပ်''

ပိုးစိုးပက်စက် အပြောခံရရင်း တစ်လုံးပြီးတစ်လုံး အဆက်
မပြတ် ပစ်ဝင်လာသော လက်သီးချက်တွေကို အမှတ်တမဲ့မို့ လင်းရောင်နီ
ဘယ်လိုမှ မရှောင်တိမ်းနိုင်။

နှုတ်ခမ်းဖျားနှင့် နှာခေါင်းဖျားက သွေးတွေစိမ့်ထွက်လာတော့
လက်ဖမိုးနှင့် သုတ်မိရင်း သွေးကိုမြင်လိုက်ချိန်မှာ မာနနှင့်ဒေါသက
ထိန်းသိမ်းဆင်ခြင်မှု မဲ့သွားသည်။

ခွပ်ခနဲ သက်တင်ကို ပြန်ထိုးလိုက်ရင်း ကိုယ့်ကိုယ်ကို ထုမပြော
လိုက်ရ၏။ ယိုင်နဲ့သွားသော သက်တင်က မကျေမချမ်း ထပ်ထိုးဖို့



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ပြန်တာမို့ သက်တင် လက်ကို ဖမ်းဆွဲထားရင်း

"မင်းဘာဖြစ်နေတာလဲ လက်သီးနဲ့မဖြေရှင်းဘဲ အေးအေးဆေးဆေးပြော"

"အေးအေးဆေးဆေး ပြောနိုင်မလား၊ လက်သီးနဲ့တင် မဟုတ်ဘူး၊ မင်းကိုငါ သတ်ပစ်ချင်တာ၊ အသေသတ်ပစ်ချင်တာ လင်းရောင်နီ"

"မင်း အဲလိုဖြစ်လောက်အောင် ငါ့ဘက်က ဘာအပြစ်မှ ကျူးလွန်မထားဘူး သက်တင်"

"ဘာ ငါ့ညီမ ယင်ယင်လေးကို သွေးဆောင်ဖြားယောင်း အပိုင်ကြံတာ အပြစ်ကျူးလွန်တာမဟုတ်ဘူးလို့ မင်းပြောရဲသေးသလား၊ မင်း အရမ်းမိုက်ရိုင်းတဲ့အကောင်၊ ယုတ်မာတဲ့အကောင်"

"သက်တင် မင်းစွပ်စွဲမှုတွေ ပြန်ပြင်ရင်ကောင်းမယ်နော်၊ မင်းညီမအပေါ် အဲလိုလုပ်ဖို့ မပြောနဲ့၊ အပျော်အပျက်အနေနဲ့တောင် စိတ်မဝင်စားဘူး"

"ဘာ မင်းဘာပြောလိုက်တယ်၊ ဒါဆို ကြောရရုံကြံဖို့ပဲ၊ စားပြီးနားမလည်လုပ်ဖို့ ရည်ရွယ်ခဲ့တာပေါ့၊ မင်းယုတ်မာလိုက်တာ လင်းရောင်နီရာ၊ ဟိုနေ့က မြို့ပြင်ကို ခေါ်ထုတ်သွားတာလည်း ဒီလို အကြံအစည်နဲ့ပဲပေါ့၊ အခွင့်အရေးသာရခဲ့ရင် အဲဒီနေ့ကတည်းက ငါ့ညီမလေး ဘဝပျက်ပြီ"

"သက်တင်"

"ငါ့ကိုငွေရေးကြေးရေး အဆင်ပြေအောင် ကူညီခဲ့တာ၊ ညီမလေးကို ကားဝယ်ပေးဖို့ ငွေချေးခဲ့တာ အဲဒါ မက်လုံးပေးတာလား လျော်ကြေးအနေနဲ့ ရည်ရွယ်တာလား"

"ဟား"



စေတနာကို စော်ကားခံလိုက်ရလေခြင်းလို့ ရင်မှာအောင့်မျက်နာကျင်သွားရလေသည်။ ချေပစရာ စကားလုံးတို့ ရွေးချယ်ရခက်နေ၏။ ဘာကြောင့်များ ဒီကိစ္စတွေက ဒီလိုဖြစ်သွားရတာလဲ။ မြခြူးယံ ပြန်သွားပြီး မကြာမီမှာ သူလည်း ဟိုတယ်ကနေ အိမ်ပြန်လာခဲ့သည်။

တစ်ညလုံး အိမ်ပြန်မလာသည့် ညီမအတွက် သက်တင် မှုယာခတ်လောက်အောင် စိတ်ပူနေမည်ဆိုတာ သိပေမယ့် သူ့ဆီကို တိုက်ရိုက်လာပြီး ပေါက်ကွဲတာတော့ နည်းနည်း အံ့သြချင်သည်။

သူနဲ့တစ်ညလုံး အတူရှိနေပါသည်လို့ မြခြူးယံ ပြောလိုက်လို့များလား။ ပြောခဲ့သည်ပဲထားဦး။

အခြေအနေအကြောင်းစုံ သိထားခဲ့လျှင် သူ့ကိုဒီလိုမျိုး မပေါက်ကွဲသင့်။ မြခြူးယံက ဘာတွေများထိန်ချန်ပြီး ပြောလို့လဲ။

"သက်တင်"

"ဘာလဲ မင်းဘာတွေ ဆင်ခြေပေးမလို့လဲ၊ ငါ့ထင်မြင်ချက်တွေ အားလုံး မှန်ပါတယ်လို့ဝန်ခံမလို့လား"

"မဟုတ်ဘူး အဲဒါတွေအားလုံး မှားနေတယ်ဆိုတာ ငါပြောချင်တာ၊ ငါ မင်းညီမကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး၊ မင်းကိုကူညီခဲ့တာကလွဲရင် မြခြူးယံအပေါ် စေတနာ သဒ္ဓါတရားလည်းမရှိခဲ့ဘူး"

"ဘာ"

"သူ့ကိုအရှုပ်ထုပ်လို့ပဲ မြင်တယ်၊ ငါ့ဘဝကို ထောင်ချောက်ဆင်အမိဖမ်းပြီး ချုပ်ကိုင်လွှမ်းမိုးချင်တဲ့အမှိုက်တစ်စလို့ပဲ မြင်တယ်၊ မင်းကိုငါ ခဏခဏ အရင်တည်းကပြောဖူးပါတယ်၊ သူများလို့ သူ့ကိုယ်သူ သုံးနှုန်းတတ်ပြီး အနာအကျင်မရှိ အရှက်မရှိ လိုက်တွယ်ကပ်နေတယ်ဆိုတဲ့တစ်ယောက်လေ ကိုကိုလို့ခေါ်ပြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အဲဒီအရွယ်ထုပ်က မင်းညီမ မြခြူးယံပဲ သက်တင်"

"လင်းရောင်နီ မင်း"

"ငါမပြောချင်ပါဘူး။ မင်းကိုအားနာလို့ ငါ ပြောမထွက်ခဲ့ဘူး။ ငါ့ထက်အများကြီး ငယ်တဲ့ချာတိတ်တစ်ယောက်ကို ငါ စိတ်မဝင်စားဘူး။ ဘယ်လိုရှောင်တိမ်းနေရတယ်၊ သူ ဘယ်လိုတွယ်ကပ်နေတယ်၊ အရှက်နည်းတဲ့ပြက်လုံးတွေနဲ့ ငါ့ကိုလာပြီး ပတ်သက်နေတယ်ဆိုတာ မင်းသိအောင် ပြောဖူးထားလို့ ငါ မင်းကို အရမ်းအားနာနေခဲ့တာ၊ အဲဒါ မင်းညီမ မြခြူးယံဖြစ်နေလို့ သက်တင်"

သက်တင် မျက်နှာကြီး နီရဲ၍ သူ့မျက်နှာကိုမကြည့်ရဲသလို မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ဟားခနဲ အော်၏။ နံရံကို လက်သီးနှင့် ပစ်ထိုးပြီးမှ

"မင်း ဘယ်ချိန်တုန်းက သိသွားတာလဲ၊ မင်းကို အဲလိုလုပ်နေတဲ့မိန်းကလေးက ငါ့ညီမဆိုတာ မင်း ဘယ်တုန်းက သိတာလဲ"

"မင်းတို့အိမ်ကို ထမင်းလိုက်စားတဲ့နေ့ကမှ သိတာ သက်တင် အဲဒီနေ့က ငါ့အကြောင်းတွေ မြခြူးယံ မေးခဲ့သေးတယ် မဟုတ်လား"

စဉ်းစားမနေဘဲ သက်တင် ခေါင်းညိတ်၏။ ပရမ်းပတာ စွပ်စွဲခဲ့သောကြောင့် ထိခိုက်ခဲ့သည့်မာနတွေအတွက် သူ ဒီလောက်တော့ တုံ့ပြန်ဖြေရှင်းသင့်ပါသည်။

သူ အံတစ်ချက်ပင် ကြိတ်မိသေးကာ

"ငါ ရှောင်ခဲ့ပါတယ်၊ ပြင်းပြင်းထန်ထန် ရှုတ်ချပြီးကို နောက်ဆုတ်သွားအောင် ငါ ကြိုးစားခဲ့တယ်၊ စိမ်းနဲ့လက်တပ်မယ်ဆိုတဲ့အထိ လည်း ပြောခဲ့တယ်၊ ဒါပေမဲ့ ငါ့အိမ်အထိတောင် လိုက်လာပြီး"





"ဘာ ညီမလေးက"

"မင်းကျောဖူးတင်လို့ဆိုပြီး ငါ့အိမ်ကို မှန်တွေခွဲယ်ပြီးရောက်လာတဲ့နေ့ကလေ သူရှိနေတယ်၊ မင်းသိပြီး အခုလိုမျိုး ရှက်နေမှာစိုးလို့"

"တော် တော်တော့ ဆက်မပြောနဲ့တော့ လင်းရောင်"

"ပြောလက်စနဲ့ မင်းသိအောင် ထပ်ပြောပါရစေ၊ ငါ ဘယ်တော့မှ အိမ်ထောင်မပြုဘူး၊ ပြုခဲ့ရင်လည်း ငါ့ကိုတစ်သက်လုံး ချုပ်ကိုင်လွှမ်းမိုးပြီး ဦးနှောက်ဖောက်စားမယ့် ဒီလိုအရွယ်တွေ မဟုတ်ဘူး၊ မင်းသိပါတယ်၊ ငါ ဒီလိုအရွယ်တွေကို ဘာလို့မုန်းတယ်ဆိုတာ"

"တောက်"

တက်ခေါက်သံကို ချန်ထားခဲ့ပြီး သက်တင် ပြေးထွက်သွားသည်။ သက်တင် ရှက်သွားမှာကိုသိသည်။ နာကြည်းခံပြင်းသွားနိုင်တာကို နားလည်သည်။ ဒါပေမဲ့ ဘယ်လိုလုပ်မလဲ။

လူယုတ်မာတစ်ယောက် မဟုတ်ခဲ့တူးဆိုတာ မဖြေရှင်းသင့်ဘူးလား။ ကမ္ဘာမီးလောင် သားကောင်ချနင်းတဲ့။

ငါ့မာနနဲ့သိက္ခာကို ကာကွယ်ဖို့အတွက် မရည်ရွယ်ပေမယ့် နာကျင်စေခဲ့တယ်ဆိုရင် တောင်းပန်ပါတယ် သက်တင်။

မှားခဲ့မိလိမ့်မယ်။ ဒါပေမဲ့ ငါ့မှာအပြစ်မှမရှိတာ။

ယုန်က မတိုးပေမယ့် ပိုက်ကတိုးလာတဲ့အဖြစ်ဟာ. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ညီမလေး နှင် နှင်ဟာ မြခြူးယံရာ"

"ဟဲ့ သား"

အံ့ကြိတ်သံကြီးနှင့် ရိုက်ဖို့ရွယ်နေသော သက်တင်လက်ကို မေမေ ဖွတ်အတင်း ဆွဲချုပ်ထားသည်။ လင်းရောင်နီ ဘာပြောလိုက်လို့ ဒီလိုဒေါသတွေဖြင့် တစ်ခါမှ လေသံမာမာ မပြောဘူးသော မြခြူးယံကို ရိုက်ဖို့ ခြေပါလက်ပါ ဒေါသဖြစ်နေရလဲ မသိပါ။

"သား ညီမလေးကို အဲလိုမလုပ်ပါနဲ့၊ စကားနဲ့နားဝင်အောင် ပြောပါ သားရယ်"

"မေမေ့သမီးဗျာ၊ အ အရမ်းရှက်ဖို့ကောင်းတယ်၊ မြခြူးယံ နှင် ယောကျ်ားတစ်ယောက်ကိုရဖို့ အဲလောက် အရှက်နည်းရသလား၊ လင်းရောင်နီက ဘယ်လောက်ကောင်းတဲ့ကောင်မို့ တစ်ဖက်သတ် ချစ်ကြိုက်ပြီး လိုက်တွယ်ကပ်နေတာလဲ"

"ကိုကြီး"





"ဒီကောင် ငွေပ်ငွေ့၊ ရည်းစားများများထားပြီး ဘယ်မိန်းကလေးကိုမှ အတည်မယူဘူး။ နှင်မေးတဲ့အချိန်က ငါပြောပြခဲ့တယ်လေ၊ ဒီကောင် ဘယ်တော့မှ အိမ်ထောင်ပြုမှာမဟုတ်ဘူးလို့"

"အဲဒါက ပိုပြီး ဆွဲဆောင်မှုရှိခဲ့တာပါ ကိုကြီး"

"ဘာ"

"မုန်းဆိုးဖို့ တစ်ခုလပ်မဟုတ်ဘူးဆိုတဲ့ သက်သေပဲလေ၊ မိန်းကလေးတွေကိုချစ်မိသွားမှာစိုးလို့ ကြာကြာမတွဲတာက ဘယ်သူ့ကိုမှ မချစ်မိသေးဘူးဆိုတဲ့ သစ္စာတရားပဲပေါ့၊ အဲဒါကြောင့် မြခြူး ပိုပြီး မျှော်လင့်ခဲ့တာပါ"

"ဟား မြခြူးယံ"

"သား သားရယ်"

"ရိုက်ပါစေ မေမေ၊ မြခြူး မှားနေတာပဲ၊ ကိုကြီး ရိုက်ဆုံးမပါစေ၊ လူတစ်ယောက်ကိုချစ်မိတာ သေလောက်တဲ့အပြစ်ကျူးလွန်တယ်လို့ ယူဆရင် မြခြူးကို သတ်ပစ်လိုက်ပါ ကိုကြီး"

လင်းရောင်နီမှ သူမကိုတန်ဖိုးမဲ့စွာ ကိုကြီးကိုပြောထွက်လိုက်ပြီဆိုလျှင် သူမကရော ဘာလို့ ဝန်မခံရဲစရာရှိလဲ။ မေမေ ဆွဲထားတာမို့ ကိုကြီးက အံ့ကြိတ်နေကာ

"နှင့်အသက် ဒီအရွယ်လေးနဲ့ ကိုယ့်အစ်ကိုကြီးလောက်ရှိတဲ့ ဒီကောင်ကို နှင် ဒီလောက်တောင် ငမ်းငမ်းတက်ရလား မြခြူးဟင်၊ ဆွဲဆောင်မှုလို့ ထင်ရအောင် နှင် ရူးနေလား"

"ချစ်ရင်ရူးသွားတတ်ကြတာပဲ ကိုကြီး မသိဘူးလား၊ ဒါပေမဲ့ ပိုင်ဆိုင်ချင်စိတ်တွေနဲ့ တွယ်ကပ်ခဲ့တာမဟုတ်ဘူး ကိုကြီး၊ သူ့ကိုချစ်နေချင်တာ၊ ချစ်နေခွင့်ပဲရချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အခု နင်ဘာရလဲ၊ သူနင့်ကို အထင်သေး ရွတ်ချနေတာ၊ သူ့ကိုတွယ်ကပ်နေတယ်ဆိုပြီး အရင်တည်းက မျက်မုန်းကျိုးနေခဲ့တာ"

"သိတယ် အဲဒါကြောင့် နီးစပ်အောင် ပိုပြီးတွယ်ကပ်နေခဲ့တာ၊ လူတစ်ယောက်ကိုချစ်တာ အဲဒီလူဆီက အချစ်ကိုပဲမျှော်ကိုးနေလို့ရမလား ကိုကြီး၊ သူပေးတဲ့အမုန်းတွေ ဥပေက္ခာတွေ ရင့်သီးတဲ့စကားလုံးတွေ၊ နာကျင်စေလိုတဲ့ လျစ်လျူရှုခြင်းတွေ အားလုံးကိုလည်း ခံနိုင်ရည်ရှိရမှာပေါ့၊ လက်သင့်ခံပေးရမှာပေါ့၊ သူ ဘာတွေပေးပေး မြခြူး ကျေနပ်နေတာပဲ"

"မြခြူးယံရာ"

သက်တင် ရင်ထုမနာ ညည်းညူရင်းဖြင့် ရင်ဘတ်ကိုထုကာ

"တခြားတစ်ယောက် ဖြစ်လိုက်ပါတော့လား လင်းရောင်နီမဟုတ်ဘဲ တခြားရွယ်တူတန်းတူ ယောကျာ်းလေးတစ်ယောက်ကို နင်အဲလို အသက်ပေးပြီးချစ်လိုက်ပါလား၊ အခု ကိုယ့်ညီမကို ရွံမုန်းပြီး အထင်သေးရွတ်ချ မျက်မုန်းကျိုး အမြင်ကတ်နေပါတယ်ဆိုတဲ့လူနဲ့ ငါဘယ်လို သဘောတူပေးရမလဲ"

"သဘောတူပေးရအောင် မြခြူးက သူ့ကိုလက်ထပ်မယ်လို့ ပြောနေလို့လား၊ မြခြူး သူ့ကိုပိုင်ဆိုင်ချင်တဲ့အတ္တတွေမရှိဘူး၊ ချစ်နေချင်တာ တစ်ခုတည်းကလွဲရင်"

"သမီး ဘယ်လိုစကားတွေပြောနေတာလဲ၊ ယောကျာ်းတစ်ယောက်နဲ့ တစ်ညလုံး အတူနေပြီးမှ မားယွင်းငြိစွန်းခဲ့တာကို လက်မထပ်ဘူးဆိုတာက ဘယ်လောက်တောင် ကြီးကြီးမားမား အရှက်ရသိက္ခာကျသွားမလဲ"

"ဟင် မားယွင်းငြိစွန်းတယ် မြခြူးယံ နင်"





"သူ့ကို မေးမနေနဲ့ သားမရှိခင် သူ့ကိုပွင့်ပွင့်လင်းလင်း မေမေ မေးကြည့်ပြီးပြီ၊ သူ အဲဒီအတိုင်းပြောတယ်"

"ဟာ မြခြူးယံရာ"

လင်းရောင်နီက ဘာအမှားမှ မကျူးလွန်သလို ညီမလေး အပြစ်တွေချည်း ပြောလွှတ်လိုက်တာမို့ ပိုပြီးရင်နာရသည်။ ဒီလိုလွန်ကျူးပြီးလျှင် အပြစ်ရှိသူတစ်ယောက်လို ချိုးနှိမ်ဝပ်တွားနေရမှာ မဟုတ်ပါလား။

ဒီအပြစ်က မိန်းကလေးတစ်ယောက်တည်းရဲ့ မှားယွင်းမှုမှ မဟုတ်တာ။ မေမေက သက်တင်ကျောကို ဖျောင်းဖျနှစ်သိမ့်သလို ဖွဖွလေးပုတ်ပေးကာ

"စိတ်လျှော့ပါ ဒေါသတွေလျှော့ပါ၊ ရင်ထုမနာသာ ခံစားနေရတာကို မေမေ နားလည်ပါတယ်၊ ဒါပေမဲ့ သားညီမလေးက ငယ်ရွယ်မှုကြောင့် မရင့်ကျက်လို့ မှားခဲ့မိပြီလေ၊ ကံလော်မာတာ မဟုတ်ဘူး၊ လူလော်မာတဲ့အပြစ်ကြီးကို သား ညီမလေးက ကျူးလွန်ခဲ့တာ သား"

"လင်းရောင်နီ ဒီကောင်"

ပါးစပ်က ဘယ်လိုမှပြောမထွက်။ တာဝန်မဲ့ရက်စက်မှုတွေပါလား။ ဘာကြောင့် ဒီလိုအမှားကျူးလွန်ပြီး တာဝန်မဲ့စကားတွေ ပြောထွက်ခဲ့တာလဲ။ တကယ်ဆို မချစ်ခဲ့ရင်တောင် ဒီကိစ္စလွန်ကျူးပြီးပြီဆိုလျှင် အစ်ကိုတစ်ယောက်အပေါ် ဒီလို မဆက်ဆံသင့်။

"သား"

ပြန်ထူးဖို့ အင်အားမရှိသော သက်တင်ကျောကို မေမေက ပုတ်ကာ

"မေမေတို့ အရှက်သိက္ခာအတွက် လူပုံအလယ်မှာ မျက်နှာပြနိုင်ဖို့အတွက် မောင်လင်းရောင်ကို မေမေတို့တောင်းပန်ရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဟင် မေမေ"

"သမီးလိမ္မာကို မမွေးမိလို့ မေမေ ဆုံးမသွန်သင်မှုမတတ်ခဲ့လို့ ဒီလိုကိစ္စမျိုး ကြုံရတယ်လို့ မေမေ အောက်မေ့ပါတယ်၊ သားလည်း ညီမလေးကိုချစ်လို့ အလိုလိုက်ခဲ့မိတယ်၊ အစ်ကိုတစ်ယောက်ရဲ့ ဩဝါဒ အာဏာတွေနဲ့ ဆုံးမသွန်သင်မှု မလုပ်ခဲ့မိဘူးမဟုတ်လား၊ သားရယ် ဒါကြောင့် သားညီမလေးက မရင့်ကျက်တာ မသိတတ်တာပါ၊ အဲဒီတော့ သူ့သိက္ခာ သူ့အရှက်ကို မေမေတို့ ကာကွယ်ပေးဖို့ တာဝန်ယူရမှာပေါ့"

"မေမေ မြခြူးအတွက် အဲလိုလုပ်ပေးစရာမလိုဘူး၊ မြခြူး ကိုကို့ကို လက်မထပ်ဘူး မေမေ၊ ကိုယ့်ကိုမုန်းနေတဲ့လူတစ်ယောက်ကို ချစ်နေခွင့်ရချင်တာကလွဲရင် လက်ထပ်ခွင့်ရဖို့ မမျှော်လင့်ဘူး"

"ဒါဆို တစ်ညလုံး သူနဲ့ဘာလို့ အတူနေခဲ့တာလဲ၊ မှားယွင်းပြီးစွန်းခံခဲ့တာလဲ မြခြူးယံ၊ သူက မူးနေလို့ မသိခဲ့ရင် လူစိတ်ရှိနေတဲ့ ညည်းက ဘာလို့မရှောင်တိမ်းနိုင်ခဲ့တာလဲ"

မြခြူးလည်း အချစ်မူးမူးနေတာပါလို့ ပြောမထွက်။ တစ်ချက် ရှိက်လိုက်ရင်း ငွေပေးပျော်ပါးလို့ရသော ပြည့်တန်ဆာတစ်ယောက်လို ဆက်ဆံခံရသည့်အတွက် နာကျင်မှုတွေရလိုက်သည်ဆိုတာလည်း မပြော ရဲ။ ဒါပေမဲ့ . . .။

"ကိုကို့ဆန္ဒကို ဖြည့်ဆည်းပေးချင်တဲ့စိတ်တစ်ခုကြောင့်ပါ၊ သူ အဲဒီအချိန်မှာ အရမ်းစိတ်ပင်ပန်းနေတယ်၊ စိတ်ဝေဒနာတစ်ခုခုကြောင့် ထွက်ပေါက်ရချင်နေတယ်၊ မြခြူးကို မုန်းနေတဲ့အကြောင်းတွေပြောရင်း"

"သမီးလေး"

"ပြတ်ပြတ်သားသား ပြောဖို့ ဆုံးဖြတ်ချက်ချပြီး ခေါ်လိုက်တာ

ဗျူး၊ ၁၀၃၆၄



င်ပါတယ်၊ ကိုကို့မှာ အပြစ်မရှိပါဘူး၊ မြခြူး မှားခဲ့တာပါ၊ ပြန်လာလို့ ပါလျက်နဲ့ မြခြူး မထားရက်ခဲ့တာ၊ အဲဒီအတွက် မြခြူးကို ရိုက်ပါ တ်ပါ၊ မြခြူးကို စွန့်ပစ်ချင်လည်း စွန့်ပစ်လိုက်ပါ"

"မြခြူးယံ"

"သမီးလေး"

သက်တင် ဆက်တီခုံတွေကို လက်သီးနှင့်ထိုး၏။ နံရံကို နဖူး ၏ဆောင့်၏။ မေမေက ယူကျုံးမရစွာ မျက်ရည်ကျရင်း သက်တင်ကို ာဆွဲသည်။

"သား ဘယ်လောက်တောင် နာကျင်ခံစားရမလဲဆိုတာ မေမေ လည်ပါတယ်၊ ဒါပေမဲ့ သားညီမလေးကို စွန့်လွှတ်နိုင်သလား၊ အသေ ကြေ ထိုးကြိတ်ပြီး အပြစ်ပေးရက်သလား၊ နှစ်ခုလုံး မလုပ်ရက်ရင် မေမေတို့လုပ်ပေးစရာ တစ်ခုပဲရှိတော့တယ် သား"

ရူးမိုက်သောအရွယ်လေးရဲ့ ချစ်တတ်မှုက ဂန္ထဝင်မှာ စံတင် ာက်ပါရောလား။ ပိုင်ဆိုင်လိုစိတ် အတ္တတွေမရှိဘဲ ချစ်နေချင်တာတဲ့။

သူချစ်ကိုမရှာဘဲ ကိုယ်ချစ်တဲ့သူအတွက် ပေးဆပ်အနစ်နာခံချင် သော ချစ်ခြင်းတရားများက ဘယ်လောက်တောင် မြတ်နိုးဖွယ်ကောင်း က်ပါသလဲ။

ညီမလေးရယ် ကိုယ်ချစ်ကိုရှာတာ အရမ်းကိုပင်ပန်းပါတယ်။

■ ■ ■

ဗျူး၊ ၁၀၃၆၄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဟာ အန်တီ သက်တင် ဘာ ဘာလုပ်တာလဲ"

ကိုယ့်ရှေ့ဒူးထောက်ထိုင်ချလာတာမို့ လန့်ဖျပ်ကာ ခုန်ထလိုက်ရသည်။ ဘာအကြောင်းကြောင့် ရောက်လာသည်မသိပေမယ့် သက်တင်အမေကို ပခုံးက မ,ကာ ဆိုဖာခုံမှာ ထိုင်စေလိုက်သည်။ သက်တင်ပခုံးကိုလည်း ပုတ်လိုက်ကာ

"သက်တင် ဘာလုပ်တာလဲ ထပါကွာ၊ အန်တီ ကျွန်တော့်ရဲ့ကြီးတော့မှာပဲ၊ ကျွန်တော် မလိမ္မာရင် ရိုက်ဆုံးမလို့ရပါတယ်"

"မောင်လင်းရောင်"

"ဟုတ်ကဲ့ ပြောပါ အန်တီ"

"အန်တီ့သမီးလေးရဲ့ကိစ္စကို တာဝန်ယူမယ် မဟုတ်လား"

"ဗျာ"

"မသိချင်ယောင်ဆောင်နေလို့ရတဲ့ကိစ္စမဟုတ်ဘူးဆိုတာ မောင်လင်းရောင် သဘောပေါက်တယ်မဟုတ်လား"





"ဗျာ"

"ယောက်ျားပီပီသသ တာဝန်ယူပေးပါလို့ ငါတောင်းဆိုပါတယ် လင်းရောင်"

"ဟား"

လေပူတွေ မှုတ်ထုတ်ရင်း ဆိုဖာခုံမှာ ဝင်ထိုင်ကာ လင်းရောင်နီ ခေါင်းခါလိုက်သည်။

"ငါ အိမ်ထောင်မပြုချင်ဘူး၊ တစ်သက်လုံး လက်ထပ်ဖို့စိတ်မကူးဘူးဆိုတာ မင်းအသိဆုံးပါ သက်တင်၊ မင်းညီမနဲ့ပတ်သက်ပြီး ငါ ဘာတွေမှားခဲ့လို့လဲ ငါ့ဘက်က"

"အရင်ကိစ္စတွေမှာ မင်းမမှားဘူး ညီမလေးဘက်က ဇွတ်တရွတ် တွယ်ကပ်ခဲ့တယ်ဆိုတာ ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ဟိုတယ်မှာ ဖြစ်ခဲ့တဲ့ကိစ္စက"

"အဲဒါရော ငါမှားခဲ့တာလား၊ သူ့ကိုမြင်ရတွေ့ရမှာစိုးပြီး အနားကပ်မခံချင်တဲ့ငါက အသိစိတ်လွတ်နေတဲ့ငါက"

"အဲဒါကြောင့်ဆိုပြီး တာဝန်မဲ့ရှန်းထွက်လို့တော့ မဖြစ်ဘူးလေ မောင်လင်းရောင်၊ ဖြစ်ခဲ့တာက ဖြစ်ခဲ့တာပဲ၊ လွန်ကျူးခဲ့တာက လွန်ကျူးခဲ့တာပဲ၊ အန်တီတို့က ဘာပြဿနာမှမဖြစ်အောင် ညှိနှိုင်းတာ တောင်းပန်တာပါ၊ သမီးရဲ့မိုက်မဲမှုကြောင့် အန်တီတို့တော်တော်လေး အရှက်ရနေပါပြီ"

"ငါ့မျက်နှာကိုထောက်ထားပြီးတော့ပဲဖြစ်ဖြစ် မေမေ့ကို မင်းအမေနေရာကနေ စာနာပြီးတော့ပဲဖြစ်ဖြစ် မင်းဆုံးဖြတ်ချက်ချပေးပါ လင်းရောင်"

လင်းရောင်နီ စိတ်ရှုပ်ထွေးစွာ အသက်ရှူကြပ်လာသည်။ ကိုယ့်ဘက်ကယ်ကိုမသိလိုက်သည့်ကိစ္စအတွက် ဘဝတစ်ခုလုံး ထောင်ချောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်ရမှာ တန်ပါရဲ့လား။ သက်တင်နှင့်အန်တီရဲ့ ညှိုးငယ်တောင်းပန်တိုးလျှိုးနေသော ဖြစ်အင်ကို သူဘယ်လိုမျက်နှာလွှဲရမလဲ။

မြခြူးယံ မျက်နှာကို မြင်ယောင်ကာ ရင်ထဲမှာ အကြိမ်ကြိမ်တက်ခေါက်မိသော်လည်း သက်တင်နှင့် အန်တီရဲ့သံယောဇဉ်ကို ဥပေက္ခာ မပြုရက်ပါ။

မြခြူးယံ မင်းပြုလုပ်ခဲ့တဲ့အမှားတွေအတွက် မင်းတစ်သက်လုံးနောင်တတွေနဲ့ ပေးဆပ်သွားပါ။ အဲဒါ ငါ့ရဲ့ကျိန်စာ ကျိန်စာပဲ မြခြူးယံ။

■ ■ ■

## အခန်း (၃၀)

မင်္ဂလာဆွမ်းကျွေးပြီး လက်မှတ်ထိုးရုံနှင့် ပြီးဆုံးသွားသော မင်္ဂလာဦးညက တိတ်ဆိတ်ခြောက်ကပ်နေခဲ့သည်၊ လင်းရောင်နီက အဖေဖြစ်သူနှင့် မိထွေးကိုလည်း အသိမပေး။

အပေါင်းအသင်း မိတ်ဆွေတွေကိုလည်း ဖိတ်ကြားခြင်းမရှိဘဲ တာဝန်ကျေ လက်မှတ်ထိုးပြီးတည်းက အပြင်ကို ထွက်သွားတာ ခုချိန်ထိ ပြန်မရောက်။

နုဝါနှင့်ရွှေဥက မြခြူးယံကိုကြည့်ကာ စိတ်မချမ်းမြေ့နိုင်ဖြစ်နေကြပြီး

"မြခြူး ကိုလင်းရောင်နီ ဒီညပြန်မလာရင် နင်တစ်ယောက်တည်း နေရဲပါ့မလား"

"ဘာလို့ မနေရဲရမှာလဲ၊ ကိုယ့်အိမ်ထဲမှာ သော့ပိတ်နေရမှာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ဒီအိမ်လိုက်ပို့ပြီး ပြန်သွားတဲ့ နင့်အစ်ကိုနဲ့အမေ၊ တော်တော်လေး စိတ်မချမ်းမသာ ဖြစ်သွားကြတယ်နော်၊ နင်ရော အခု စိတ်ချမ်းသာနေရလား မြခြူး"

မြခြူးယံ ဘာမှမဖြေ။ မထင်မှတ် မမျှော်လင့်သည့်ကိစ္စကြီး ဖြစ်ပျက်သွားပြီးတည်းက သူမ ဘယ်သူ့ကိုမှ ဘာမှမပြောချင်၊ မဖြေရှင်းချင်တော့ဘဲ တိတ်ဆိတ်သွားခဲ့တာ။

တကယ်ပင် ကိုကို့ကို လက်ထပ်ပြီး ပိုင်ဆိုင်လိုစိတ် မရှိခဲ့ပါ။ အရိပ်ကြည့်ပြီး ချစ်နေရရုံနှင့် ကျေနပ်ရောင့်ရဲနိုင်သည့် ဒီစိတ်မှာ ဘာအတ္တမှ ရှိမနေတာ ကိုကို့ကို သိစေချင်လှ၏။

"မြခြူး"

"ဟင်"

"နင့်ရဲ့ပန်းတိုင် နင့်ရဲ့ရည်ရွယ်ချက်ကိုရော နင် ဘာဆက်လုပ်မှာလဲ"

"ဘာကိုလဲ"

"သီချင်းဆိုဖို့ကိစ္စလေ၊ အားလုံးစီစဉ်ပြီးပြီဟာကို၊ သီချင်းတွေလည်း အားလုံးရပြီ၊ တီးဝိုင်းကိစ္စလည်း အဆင်ပြေပြီ၊ အသံသွင်းဖို့ပဲ ကျန်တော့တယ်"

"ကိုကို ကြိုက်မှာမဟုတ်ဘူး"

"ဘာ"

"ဒါဆို နင်က"

"ဒီလိုဖြစ်ချင်တဲ့မျှော်လင့်ချက်တစ်ခုကို စွန့်လွှတ်လိုက်ရလို့ ငါ သေမသွားပါဘူး"

"လင်းရောင်နီ ပြုံငြင်ရင်တော့ သေသွားနိုင်တယ်ဆိုတဲ့သဘော





ပေါ့"

မြခြူးယံ အင်အားမဲ့စွာ ခေါင်းညိတ်၏။ ပြီးမှ ရွှေဥတို့ကို မျက်လုံးလှန်ကြည့်ကာ

"ငါ ရယ်ထားတာတွေ ပြန်မယူပါဘူး။ နင်တို့ဘာသာ အောင်မြင်အောင် ကြိုးစားကြပါ"

"နင်မပါဘဲ ငါတို့က ဘာဆက်လုပ်ရမှာလဲ မြခြူး၊ ဒါက ငါတို့သုံးယောက်လုံးရဲ့အိပ်မက်လေ၊ နင် အရမ်းဖြစ်ချင်လို့ ငါတို့ အတူ ကြိုးစားခဲ့ကြတာ၊ အိပ်မက်တွေ မျှော်လင့်ချက်တွေကို ကိုယ့်ကိုမချစ်နိုင်မယ့် လင်းရောင်နီကြောင့် အားလုံးရေစုန်မျှောပစ်မလို့လား မြခြူး၊ အိမ်ထောင်သည်တွေလည်း ဒီအတိုင်း နားလည်မှုတွေနဲ့ လုပ်နေကြတာပါ မဖြစ်သင့်တာဘဲ၊ လုံးဝ အိပ်မက်တွေ အပျောက်ခံလို့မဖြစ်ဘူး"

"မြခြူး နင် ဘာလုပ်လုပ် လင်းရောင်နီက အသိအမှတ်ပြုမယ်ထင်လို့လား။ အခြေအနေတစ်ခုကြောင့် နင့်ကိုလက်ထပ်လိုက်တာက လွဲရင် သူ နင့်ကို"

"ဘယ်တော့မှ ချစ်မလာနိုင်ဘူးဆိုတာ ငါသိတယ်၊ ငါလည်း ဒါကို မျှော်လင့်ခဲ့တာမှ မဟုတ်တာ၊ နင်တို့သိပါတယ်၊ ငါအရင်တည်းက ကိုကို့ဆီက ဘာမှမမျှော်လင့်ဘူးဆိုတာလေ၊ အခုလည်း ငါ ဘာတွေပဲ လုပ်လုပ် ကိုကို့ဆီက တစ်ခုခုရလိမ့်နိုးနဲ့ မျှော်ကိုးမှုမပါဘူး၊ ကိုကို ငါ့ကို ချစ်လာစရာမလိုဘူး၊ ငါပဲတစ်သက်လုံး ချစ်ခွင့်ရရင် ကျေနပ်ပြီ"

"နင်ရူးပြီ မြခြူး"

"နင် အရူးပဲ"

နုဝါနှင့်ရွှေဥ ပျစ်ပျစ်နစ်နစ် ဝေဖန်မှုပြုရင်း မြခြူးယံအတွက် စိတ်မကောင်းလည်းဖြစ်နေကြ၏။ မြခြူးယံကို သနားလို့ မိုးလင်းတည်း



www.burmeseclassic.com

www.burmeseclassic.com



က အားမငယ်အောင် အတူရှိနေပေးကြတာ။

မနက်ပိုင်း မြခြူးယံတို့အိမ်မှာ မင်္ဂလာဆွမ်းကပ် လက်မှတ်ထိုးပြီး လင်းရောင်နီအိမ်ကို မြခြူးယံအမေနှင့်အစ်ကို အိမ်တိုင်ရာရောက် လိုက်ပို့ကာ ဂရုစိုက်ပါဟု သေချာအပ်နှံသွားကြသည်။

လင်းရောင်နီက ခေါင်းမညိတ်ခေါင်းမခါ ဘာကတိမှလည်း မပေးဘဲ ခဏအကြာမှ မိမိတို့ကိုတောင် နှုတ်ဆက်ရမှန်းမသိဘဲ ထွက်သွားခဲ့သည်။ တကယ်ဆို ဘယ်အချိန်မှ ပြန်ရောက်မည်။ ထမင်းစားနှင့် ဆိုတာလောက်တော့ မသိလိုက်ဘာသာ အသိပေးခဲ့ဖို့ကောင်းပါသည်။

"မြခြူး နင်ထမင်းအိုးတည်တာလား၊ ငါတို့ချက်ပေးခဲ့ရမလား"

"ထမင်းက ချက်တတ်ပါတယ်၊ ဒီရက်ပိုင်း လုပ်တတ်သလောက် လုပ်ရအောင်ဆိုပြီး မေမေ သင်ပေးတယ်၊ ကိုကြီးကလည်း ကိုကို ဘာကြိုက်တတ်တယ်၊ မကြိုက်တတ်ဘူးဆိုတာ ပြောလိုက်တယ်"

"နင် မိုက်မဲတာ နင့်အမေနဲ့အစ်ကို သနားစရာကောင်းတယ် မြခြူးရယ်၊ နင့်ကို သူတို့မပြောရက် မဆိုရက် ခြေမွှေးမီးမလောင် လက်မွှေးမီးမလောင် ဖူးဖူးမှုတ်ချင်လာခဲ့တာ၊ နင်က နင့်ကိုမချစ်နိုင်တဲ့သူနဲ့ တစ်အိမ်တည်းနေပြီး ဒုက္ခခံရတော့မယ်ဆိုတာ သူတို့သိနေလို့ ဘယ်လောက်များ စိတ်ထိခိုက်နေကြမလဲ"

"နင်က တစ်ဖက်သတ်ချစ်တဲ့သူဆိုတော့ နင့်ဘက်က အရှုံးကြီးရှုံးနေတယ်ဆိုတာ သိသိကြီးနဲ့ နင်က ကျေနပ်နေတယ်ဆိုတော့ ငါတို့လည်း ဘာမှမတတ်နိုင်ဘူး၊ ဒါပေမဲ့ နင် ရင်ဖွင့်ဖို့ လိုအပ်တဲ့အချိန်တိုင်း ငါတို့ကို ခေါ်လိုက်ပါ မြခြူး"

"ကျေး ကျေးဇူးတင်ပါတယ်ဟာ၊ နင်တို့ပြန်ချင် ပြန်ကြတော့လေ၊ အရမ်းနောက်ကျရင် နင်တို့အိမ်က အရမ်းစိတ်ပူနေကြလိမ့်မယ်"





"ရပါတယ်၊ နင်တစ်ယောက်တည်း ဖြစ်နေမှာစိုးလို့"

ပြောသာပြောရပေမယ့် နာရီကိုကြည့်ပြီး ရွှေဥတို့ လေသံပျော့သွားကြသည်။ အချိန်က ညကိုးနာရီနီးနေပြီမဟုတ်လား။ မြခြူးယံက သဘောပေါက်ကာ

"ပြန်ကြပါဟာ ငါ နေရဲပါတယ်၊ ထမင်းဟင်းချက်ပြီး အိမ်အလုပ်တွေ လျှောက်လုပ်လိုက်ရင် ကြောက်စိတ်ပျောက်သွားမှာပါ၊ အိမ်မှာလည်း ငါ့အခန်းထဲမှာ ငါတစ်ယောက်တည်း နေတာပဲဥစ္စာ"

"အဲဒါက အိမ်ထဲမှာ နင့်အမေနဲ့အစ်ကို ရှိတယ်ဆိုတဲ့စိတ်နဲ့ ဘယ်ကြောက်ပါ့မလဲ၊ အခုက တစ်အိမ်လုံးမှာ နင်တစ်ယောက်တည်း"

"ကဲပါ အဲဒါက အိမ်ထောင်သည် မိန်းကလေးတိုင်း တွေ့ကြုံရမယ့်ကိစ္စပဲ၊ ငါ့အတွက် စိုးရိမ်မနေကြနဲ့၊ သွားကြ နောက်မှအလည်လာ သိလား"

"အေးပါ၊ ဒါဆို ငါတို့သွားမယ်၊ တံခါးကို သေချာသော့ပိတ်နော်၊ လင်းရောင်နီက သူ့ဘာသာ သော့ဖွင့်ဝင်လာလိမ့်မယ်"

နောက်ဆံတင်းနေသော သူငယ်ချင်းနှစ်ယောက်ကို စိတ်ချသွားအောင် အခန်းဝထိ လိုက်ပို့၍ လက်ပြနှုတ်ဆက်ရသည်။ ပြီးမှ တံခါးကို ပိတ်ကာ ကျောမှီကပ်၍ သက်ပြင်းချမိ၏။

နှစ်ဦးနှစ်ဖက် သဘောတူညီမှု ချစ်၍ လက်ထပ်ခဲ့သော မင်္ဂလာဦးညမဟုတ်တာမို့ ကိုကို ပြန်ချိန်ကို သူမ ရင်ခုန်တောင့်တနေလို့ရပါ့မလား။ ထားရာနေ စေရာသွားဘဝမို့ အတ္တမဲ့စွာ ချစ်နေခွင့်လေးတော့ ပေးပါ ကိုကို။

ကျန်တာ ဘာဆိုဘာမှ မပေးပါနဲ့။ ချစ်နေခွင့်လေးတစ်ခုပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ကိုကို သဘက်စောင်"

ကမ်းပေးနေသော သဘက်စောင်ကိုမယူဘဲ လင်းရောင်နီ မျက်မှောင်ကုတ်နှင့်ကြည့်နေသည်။ ညကတစ်ညလုံး မအိပ်ဘဲ ထိုင်စောင့်နေမယ့် ကိုကို ပြန်ရောက်မလာခဲ့။

မနက်မိုးလင်းမှ ရောက်လာတော့လည်း သူမကိုမကြည့်ဘဲ ရေချိုးခန်းထဲ တန်းဝင်သွားသည်။ ဝတ္တရားတစ်ခုပေမို့ အဝတ်အစားတစ်စုံထုတ်ကာ ခုတင်ပေါ်တင်ပေးပြီး သဘက်စောင်ကမ်းပေးတာဟာ ဘာအပြစ်များ ကျူးလွန်မိလို့ပါလဲ။

"ခေါင်းကရေတွေသုတ်လိုက်ပါလား ကိုကို နေမကောင်းဖြစ်နေမယ်"

"မင်းပူစရာမလိုဘူး၊ ငါ့ဘာသာ တစ်သက်လုံး ဒီလိုပဲနေလာတာ"

"မဟုတ်ပါဘူး မြခြူးက"



"မင်း ငါ့ကိုဘာမှအပိုတွေလာမလုပ်နဲ့၊ မင်းစရိုက်အတိုင်း မင်းဘာသာနေချင်သလိုနေ၊ ငါ့ကိုလည်း အကန့်တွေလာမခွဲနဲ့၊ ငါ ဘယ်တော့မှ မိန်းမတစ်ယောက်ရဲ့လွှမ်းမိုးတာ ခံမှာမဟုတ်ဘူး"

"အခု မြခြူးက ဘာတွေလုပ်နေလို့လဲ ကိုကို၊ ကိုကို့ကို ဘာတွေချုပ်ကိုင်ကန့်သတ်နေလို့လဲ၊ ဇနီးမယားတစ်ယောက်ရဲ့ဝတ္တရားအတိုင်း"

"ဘာ ဟား ဟား"

လှောင်ပြောင်သရော်သလို ရယ်လိုက်ပြီး ချက်ချင်းပင် မျက်နှာတည်သွားကာ နှုတ်ခမ်းတစ်ဖက်ကို တွန့်ကွေး၍

"ဇနီးမယား တာဝန်ကြေအောင် ကြိုးစားမနေနဲ့၊ ဘယ်တော့မှ အသိအမှတ်ပြုဖြစ်မှာမဟုတ်ဘူး"

"ကိုကို"

"အသိလွတ်အမှားကို တာဝန်ယူလိုက်တာမဟုတ်ဘူး၊ သက်တင်နဲ့မင်းအမေကို အားနာလို့ အိမ်ပေါ်ခေါ်တင်ထားတာ၊ လက်ထပ်လိုက်တာပဲဆိုပြီး ဇနီးမယားတစ်ယောက်လို ဘာညာပတ်သက်တာမျိုး လာမလုပ်နဲ့၊ ငါ လျှောက်မယ့်လမ်းမှာ အိမ်ထောင်ရေးနဲ့နှောင်ကြိုးတွေ အတင်းမခံနိုင်ဘူး၊ မင်းမကျေနပ်ရင် ကြိုက်တဲ့အချိန်ကွဲ"

ရက်စက်လိုက်တာလို့ မရေရွတ်ရက်။ အပြစ်ရှိသူက မိမိမို့ တန်အောင်ပြောပါစေလို့ အားပေးချင်သေးတာပါ။

ဒါပေမဲ့ အရွဲ့တိုက်တာလားလို့ အရင်လို အငြိုငြင်မခံချင်တော့ပေ။ အခန်းထဲက ရှောင်ထွက်လာခဲ့ရင်း မနက်စာအတွက် ပြင်ဆင်ပေးနေမိသည်။

"လင်းရောင်က အသားလိပ်ကြော်တာတို့ ကြက်ဥလိပ်ကြော်တာတို့ ကြိုက်တယ်၊ ကော်ဖီကို အရမ်းကြီး မခါးစေနဲ့၊ အချိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မများနဲ့၊ စိမ့်စိမ့်လေးပဲဖျော်၊ ပြီးတော့ ဂျုံကြိုက်ပေမယ့် ပေါင်မုန့်တော့ မစားဘူး၊ အစပ်ရှောင်တယ်၊ ဟင်းချိုကြိုက်တယ်၊ မုန့်ဟင်းခါးဟင်းရည်ထဲကို အီကြာကွေးညှပ်ထည့်ပြီး စားတတ်တယ်၊ အသားငါး အစုံစားပေမယ့် ချက်တာထက် ကြော်တာကို ပိုနှစ်သက်တယ်၊ ထမင်းစားပြီးတိုင်း အသီးတစ်မျိုးမျိုး လုပ်ပေးလိုက်ပေါ့"

ကိုကြီးက သူမအပေါ် ကိုကို ခင်တွယ်လာအောင် သေချာကို မှာလိုက်သည်။ အရင်ကစိတ်မျိုးဖြင့် ကလန်ကဆန် အရွဲ့တိုက်တာမျိုးတွေ မလုပ်ဖို့လည်း ဆုံးမသွန်သင်လိုက်သည်။

"သူချစ်ကိုမရှာဘဲ ကိုယ်ချစ်ကိုရှာလိုက်တဲ့အတွက် ညီမလေး ပင်ပန်းမှာပါပဲ၊ ဒါပေမဲ့ အိမ်ထောင်သည်ဖြစ်သွားတဲ့အချိန်မှာ ပင်ပန်းမှုတွေကို စိတ်ထဲမှာမထားဘဲ တာဝန်ကြေအောင် ကြိုးစားပါ ညီမလေး။ မိန်းကလေးတစ်ယောက်ရဲ့အရှက်နဲ့သိက္ခာအတွက် သည်းခံရမယ်လို့ တွေးပါ၊ လင်းရောင်ရဲ့စိတ်ကို ပျော့ပျောင်းယိမ်းယိုင်လာအောင် လုပ်ဖို့တော့ လွယ်မှာမဟုတ်ဘူး၊ သူက အိမ်ထောင်ရေးထောင်ချောက်ကို အရမ်းကြောက်တဲ့ကောင်လေ၊ သူ့ကိုအရမ်းကြီး မွန်းကြပ်အောင်လုပ်ပြီး ဖိအားပေးရင် လွတ်ထွက်သွားလိမ့်မယ်၊ ပိုင်ဆိုင်လိုစိတ် အတ္တတွေမရှိဘူးဆိုရင်တောင် ကိုယ့်ဘဝမှာ စွန်းထင်းသွားတဲ့ အမည်းစက်အတွက် ဆုပ်ကိုင်ထားဖို့ မမေ့ပါနဲ့"

ကိုကြီးစကားတွေကို ပြန်ကြားယောင်ရင်း မျက်ဝန်းအိမ်မှ မျက်ရည်တို့ ဝေ့သီရစ်ဝိုင်းလာ၏။ သူမအတွက် ကိုကြီး ဘယ်လောက်တောင် ရင်နာနေမည်လဲ၊ အချစ်အတွက် ညီမရဲ့ပေးဆပ်မှုတွေကို ဘယ်လောက်တောင် ယူကြုံးမရ နာကျင်ခံစားနေရရှာမလဲ။

"ဒါတွေက ဘာတွေလဲ"





"ခွမ် ချွမ်"

"ကိုကို"

ရွှေဥတို့ ဝယ်ထည့်ပေးသွားသော ရေခဲသေတ္တာထဲက အသားတွေကို မေမေ သင်ပေးလိုက်သည့်အတိုင်း ဂျုံခပ်ပါးပါးနှင့်လှိမ့်ပြီး ကြော်ထားသည့်ပန်းကန်က ကိုကိုရဲ့အပြစ်ရှာပေါက်ကွဲမှုကြောင့် သမံတလင်းမှာ ကျကွဲသွားသည်။ အရသာကို မြည်းမကြည့်ရသေးပါဘဲ ကိုကို ဘာကို သဘောမတွေ့တာပါလဲ။

"အသားလိပ်ကြော်က ဒီလောက်အနီရောင်သမ်းနေရင် စားလို့ကောင်းပါဦးမလား၊ အချဉ်ရည်ကလည်း မြင်ရတာနဲ့ ပျို့အန်ချင်စရာပဲ၊ အရွက်တွေက ရေစင်အောင်မဆေးတတ်ရင် သဲပါတယ်ဆိုတာ မင်းနားမလည်ဘူးလား"

"တို့ထိမြည်းစမ်းကြည့်ပြီးမှ အပြစ်ပြောပါလား ကိုကို၊ စားစေချင်တဲ့စေတနာကြောင့် မြခြူး သေသေချာချာ လုပ်ထားတာပါ"

"မင်းလို လျှပ်ပေါ်လော်လီပြီး ဘာမှအလေးအနက်မရှိတဲ့ မိန်းကလေးက ဘာစေတနာတွေ ထည့်လုပ်ပေးပေး ဘာအရသာရှိမှာလဲ၊ မင်းနောက်နေ့ ငါ့အတွက် ဘာမှလုပ်မပေးနဲ့ မင်းဘာသာ ချက်စားချင်စား၊ မစားချင်နေ၊ ငါက ထုံးစံအတိုင်း အရင်လိုပဲ အပြင်မှာစားမယ်"

"ကိုကို ကိုကို"

ဥပေက္ခာစကားတွေအတွက် မနာကျင်နိုင်ဘဲ စိုးရိမ်ကြီးစွာ လိုက်ခေါ်ပေမယ့် ကိုကိုက တစ်ချက်မျှပင် လှည့်ကြည့်မသွား။ သူမနှင့်တစ်မိုးအောက်မှာ အတူနေရမှာ ပူလောင်လို့ ပြန်ထွက်သွားတာလား။

အပြုံးမပျက်ပါဘူး။ နေ့ရက်ဆက်မှန်းသွားပါ ကိုကို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"မင်းအိမ်ထောင်ပြုလိုက်တာ ငါတို့တောင် ဘာမှမသိလိုက်ရပါလား ကိုနီ၊ ငါတို့ကို မိဘနေရာမှာ မထားချင်လို့ မင်္ဂလာမဆောင်ဘဲ လက်မှတ်ထိုးရုံပဲ ထိုးလိုက်တာလား"

"မဟုတ်ပါဘူး ကျွန်တော့်အကြောင်းနဲ့ကျွန်တော်ပါ"

"မင်းအကြောင်းက ဘာလဲ၊ မိဘတွေကို လူရာသွင်းနေရမှာ စိုးလို့ ဖြစ်သလို လုပ်လိုက်ကယ်ပြောစမ်းပါ၊ ရင်နာဖို့ကောင်းတယ် ကိုနီ ငါက အိုကြီးအိုမနဲ့မို့ မယားအငယ်ယူထားတာမို့ တစ်ဖက်အသိုက်အဝန်း မသိအောင် မင်း သိုသိုသိပ်သိပ်"

"ထင်ရာတွေ လျှောက်ပြောမနေနဲ့ ဖေဖေ၊ အဲလို သဘောထားလိုက်မယ်ဆိုရင် ဒီကိစ္စကို ဒီနေ့လို လာအသိပေးနေမှာတောင် မဟုတ်ဘူး၊ ကျွန်တော် အမိဖမ်းခံလိုက်ရတာ၊ မယူချင်ဘဲ ယူလိုက်ရတာ၊ ဒါကြောင့် မင်္ဂလာမဆောင်တာ ရှင်းပြီလား"

"သား"





ဖေဖေက အံ့သြသွားပေမယ့် ဒေါ်ကေသွယ်မျိုးနှင့်ယမင်းမျိုက လောင်သလိုရှိယ်သည်။ သူ့ အံ့ကြိတ်ကာ လက်သီးကိုဆုပ်ထားလိုက်ပြီး

"ဒေါ်ကေသွယ်မျိုး ခင်ဗျား ကျုပ်ကို လောင်စရာမလိုဘူး၊ ဒီအချိန်မှာ ကျုပ်သိလိုက်တာ တစ်ခုတော့ရှိတယ်၊ ခင်ဗျားလည်း ဒီအရွယ် ဒီအချိန်က ဒီလိုပုံစံမျိုးနဲ့ ဖေဖေ့ကို အမိဖမ်းလိုက်တာလို့"

"သား"

"ရှန်းမထွက်နိုင်တဲ့ ဖေဖေက မေမေနဲ့ကျုပ်ကို ရက်စက်မှု ဝေဒနာတွေပေးခဲ့တယ်၊ ဆင်ခြင်တုံတရား မဲ့သွားတယ်၊ ခင်ဗျားကို နှလွှပ်ပြီး မိသားစုကို ဥပေက္ခာပြုတယ်၊ အခုဆိုလည်း ခင်ဗျားရဲ့လွှမ်းမိုး အောက်မှာ အသိတရားတွေ ပျောက်နေတုန်းပဲ၊ သားဖြစ်တဲ့ကျုပ်အပေါ် ဘယ်လိုကြင်နာမှုတွေ နွေးထွေးမှုတွေပေးရမယ်ဆိုတာ နားမလည်ဘူးလေ မေမေ သေပြီးတဲ့အချိန်ကတောင် ကျုပ်ကို ဘယ်လိုနှစ်သိမ့်ပေးရမှန်း မသိဘဲ ခင်ဗျားကို အိမ်ပေါ်ခေါ်တင်လာဖို့ပဲ ကြိုးစားနေခဲ့တာကိုး"

"ကိုနီ ခင်း"

"ဒါပေမဲ့ ကျုပ်ကတော့ ဖေဖေ့လို ဘယ်တော့မှ အဖြစ်မခံဘူး၊ မိန်းမတစ်ယောက်ရဲ့လွှမ်းမိုးတာ အိမ်ထောင်တစ်ခုရဲ့ထောင်ချောက်၊ လက်ထပ်ခြင်းရဲ့ချုပ်ကိုင်ကန့်သတ်မှုတွေ၊ အဲဒါတွေအားလုံး အဲဒီမိန်းကလေးကို ဘယ်တော့မှ အခွင့်အရေးပေးမှာမဟုတ်ဘူး၊ လင်းရောင်နီက အရင်အတိုင်းပဲ ဘာမှမပြောင်းလဲဘူး"

ဦးထင်ကျော် သားရဲ့ခံစားမှုတွေကိုကြားပြီး ခေါင်းတခါခါ ရင်နာနေမိသည်၊ ကိုယ့်အပေါ် နာကြည်းမှုတွေကြောင့် သားတစ်ဖက်စွန်းရောက်နေတာ ကိုယ့်ရဲ့တာဝန်တွေ မကင်းတော့ပါလား။

"သား လူတစ်ယောက်ရဲ့ဘဝရပ်တည်မှုတွေဟာ အကြောင်း



www.burmeseclassic.com

ပြချက်တစ်စုံတစ်ရာတွေကြောင့် မှားယွင်းမှုတွေလို့ ထင်နေရတာပါ။ တကယ်တော့ အတိတ်က အပေးအယူတွေအတိုင်း ကံကြမ္မာက ဖန်တီး ထားတာ လူတစ်ယောက်မှာ ဘယ်အချိန်မှာ ဘာရောဂါနဲ့ ဘယ်လိုပုံစံ မျိုး သေရမယ်ဆိုတာ ပါလာခဲ့ပြီးသား၊ ဘာဖြစ်မယ်ဆိုတာ လူ့ရဲ့ယုံကြည် မှုဆိုပေမယ့် ကံကြမ္မာကို မလွန်ဆန်နိုင်တဲ့အကြောင်းတရားတွေလည်း ရှိတယ်၊ ဒါကိုတစ်သက်လုံး အပြစ်လို့ ယူဆလို့ဖြစ်ပါ့မလား၊ သားရယ် သားက ခံစားမှုနောက်လိုက်ပြီး နေထိုင်မှုပုံစံတွေ မှားနေတယ်''

''အဲဒါ ဖေဖေရဲ့ နှစ်သိမ့်မှုဆင်ခြေလား၊ ဆက်မမှားပါနဲ့လို့ ဆုံးမနေတာလား၊ ဝေဒနာကို လွယ်လွယ်ပျောက်စေချင်ရင် ဟိုအရင် တည်းက ကြင်နာခဲ့ပါလား ဖေဖေ၊ ဒီရင်မှာ အသားမာတွေတက်နေမှ''

''ဖျောင်းဖျမှုတွေက အရာထင်ခဲ့လို့လား သားရယ်၊ သားထင် မျိုးအပေါ်မှာပဲ စေတနာတွေပို့နေတယ် ထင်ပြီး ဖေဖေ့ရဲ့ဂရုစိုက်မှုတွေ သား လက်ခံခဲ့လို့လား၊ အနေဝေးတယ်ဆိုတာ ရှောင်တိမ်းနေခဲ့လို့ အထီး ကျန်ရတာပါ၊ ကိုယ့်စိတ်ကသာ ရင်းနှီးနေမယ်ဆိုရင် နွေးထွေးမှု သားလိုသလောက် ရနိုင်တာပဲလေ''

''ကျွန်တော့်မှာပဲ အပြစ်ရှိတယ်ပေါ့''

ဦးထင်ကျော် မဖြေဘဲ သက်ပြင်းချမိ၏။ မျိုးကို ဘာမှဝင်မပြော ရန် မျက်ရိပ်ပြလိုက်ပြီး လေးပင်စွာ ထရပ်လိုက်ပြီး

''ဒီဘက်က ခံစားမှုတွေကြောင့် သား အိမ်ထောင်ဘက်အပေါ် နာကျင်မှုတွေ မပေးမိစေနဲ့ သား၊ မှုးတာဖက်လို့ဆုံပြီးရင် ဘဝကို ကောင်းဆုံးဖြတ်သန်းနိုင်ဖို့ ကြိုးစားပါ''

''ကျွန်တော့်သမိုင်း ကျွန်တော်ရေးပါမယ် ဖေဖေ၊ ယမင်း''

''ရှင်''



''နင့်အကောင်နဲ့ အဆက်အသွယ်ဖြတ်၊ ဒီကောင့်သတင်းတွေ မကောင်းဘူး၊ တိတ်တိတ်ပုန်းမိန်းမရှိနေတယ်ဆိုတဲ့သတင်းပါ ထပ်ပေါ် လာတယ်၊ နင် အငယ်အနှောင်းဘွဲ့ပါ ရနေဦးမယ်''

''ပျို့သမိုင်း ပျို ရေးပါမယ် ကိုနီ''

''ဘာ''

''ပျိုက ကျောင်းလည်းမပြီး အလုပ်အကိုင်လည်းမရှိလို့ သူ့ဆီ က အထောက်အပံ့နဲ့ပဲ မိဘတွေကိုထောက်ပံ့စောင့်ရှောက်ရမှာမို့ပါ''

''ကျွတ် အဲဒီထောက်ပံ့မှု ငါပေးမယ်ဆိုရင်ရော အဲဒီကောင်နဲ့ အဆက်အသွယ်ဖြတ်မလား''

''ကိုနီ''

''သား''

သွေးသားဆိုသော သံယောဇဉ်နှင့် စိုးရိမ်ကြီးစွာ သူ့ရဲ့လတ် တလော ဆုံးဖြတ်မှုကို ဖေဖေ ဒေါ်ကေသွယ်မျိုးနှင့် ယမင်းပျိုပါ အံ့သြ သွားကြသည်။ တင်းပြတ်စွာ နေခဲ့ပေမယ့် ညီမဆိုသောအသိကြောင့် သူ့ဘက်က ဥပေက္ခာမပြုနိုင်ဘူး မဟုတ်ပါလား။

''ဒီကောင့်မှာ ကိုယ်ပိုင်အရည်အချင်း ဘာမှမရှိဘူး၊ မိဘပိုက်ဆံ ဆိုင်ဖြုန်းပြီး ဘဝကိုဖြစ်သလိုနေတာ၊ မိဘတွေက မိန်းကလေးကိစ္စပဲ လိုက်ဖြေရှင်းနေရတာ နင်သိလား၊ နင့်ကိုပေးကမ်းထောက်ပံ့တယ်ဆို ပေမယ့် နင့်ကိုအတည်ယူမယ့်ကောင် မဟုတ်ဘူး၊ သူပေးထားတာနဲ့ ဘန်အောင် နင့်ကိုခြေတော်တင်ရုံပဲ''

''ပျိုလည်း နည်းနည်းတော့ ရိပ်မိပါတယ် ဒါပေမဲ့''

''လိုအပ်တာ ငါတာဝန်ယူမယ်လို့ ပြောပြီးပြီပဲ၊ ကိုယ့်တာသာ အလိမ္မာသုံးပြီး နောက်ဆုတ်ပေါ့၊ ဒီအရွယ်မှာ စိတ်ကစားတတ်တယ်ဆို

www.burmeseclassic.com



လည်း လူပျိုလူလွတ် လူကောင်းဆိုရင် ခွင့်လွှတ်နိုင်တယ်၊ ကိုယ့်ဘဝ ကောင်းဖို့ အာမခံချက်မပေးနိုင်တဲ့သူဆိုရင် နင်ဘယ်လောက်ချစ်နေတဲ့သူ ဖြစ်ပစေ ငါ အသေသတ်ပစ်မှာ ပျို''

သူ့ရဲ့ကြိမ်းမောင်းမှုကို ပျိုက ငြိမ်သက်နားထောင်ပြီး ဖေဖော ကြည်နူးစွာ ပြုံးသလိုနှင့် သူ့ပခုံးကို တစ်ချက်လှမ်းပုတ်သည်။

''သား ဖေဖေ ကျေးဇူးတင်တယ်''

''ဘာကိုလဲ''

''သွေးသားသံယောဇဉ်ကြောင့် သား ဒီလို စိုးရိမ်ပေးနေတာ နားလည်သွားလို့ပါ၊ တာဝန်ယူမယ်ဆိုတာကလည်း သားတစ်ယော အစ်ကိုတစ်ယောက်ရဲ့ သိတတ်မှုပဲမဟုတ်လား သားရယ်၊ ဖေဖေ သား ထောက်ပံ့ခဲ့ရင်လည်း ဒီတစ်ခါ အလဟဿ ဆုံးရှုံးသွားအော သုံးဖြုန်းပစ်မှာမဟုတ်ပါဘူး၊ ကိုယ့်အသက်အရွယ်နဲ့ တစ်နိုင်လုပ်နိုင်မ အစားအသောက် လက်ဖက်ရည်ဆိုင်လေးဖြစ်ဖြစ် အထည်ဆိုင်လေးဖြ ဖြစ် ရင်းနှီးမြှုပ်နှံဖို့ မျိုးနဲ့တိုင်ပင်ထားပါတယ်၊ ဒါမှလည်း အိုစာမင်း နဲ့ သိက္ခာရှိရှိလေး ရပ်တည်နိုင်မှာမဟုတ်လား''

''ငါလည်း အခြေအနေတတ်နိုင်တုန်းက သုံးခဲ့ဖြုန်းခဲ့တာ ကို နောင်တရနေပါတယ်၊ သမီးလေးက ဒီလိုပုံစံနဲ့ မိဘကို အထော အပ့်ဖြစ်အောင် လုပ်ပေးနေတာကိုလည်း စိတ်မကောင်းဘူး၊ မင်းမြ သလို ဟိုကောင်လေးက ကောင်းတဲ့သူမဟုတ်ဘူးဆိုရင် နောင်တစ်ချိ ရင် သမီးလေးအတွက်ပါ ငါတို့ စိတ်ဆင်းရဲနေရမှာ၊ မင်းအဖေလည် အသက်ကြီးပြီဆိုတော့ အဲဒီသောကတွေ မပေးချင်ပါဘူး''

အဲလို သိတတ်မှုလေး ဝင်လာလို့ တော်သေးတာပေါ့လို့ မ ဖြစ်။ ငွေကြေးထောက်ပံ့မယ်ဆိုလို့ အချိုးပြောင်းသွားခြင်းက ခဏသ





ဖြစ်ချင်ဖြစ်နိုင်တာပဲမဟုတ်လား။

ဒီတစ်ခါ ဖေဖေ့အိမ်ကအပြန်လမ်းမှာ ဒေါသတွေ ပါမလာခဲ့ ရပေ။ ဒါပေမဲ့ ကိုယ့်အိမ်ကိုယ်ပြန်ရင်တော့ မမြင်ချင်တဲ့မျက်နှာကို မြင် ရပြီး ဒေါသတွေဖြင့် သွေးဆူနေရဦးမှာပါ။

အရင်လို ဘယ်သူမှမရှိသော ကိုယ့်အိပ်ခန်းထဲမှာ လွတ်လွတ် လပ်လပ် သက်တောင့်သက်သာ အနားယူလို့မှ မရတော့ဘဲ။

ဒါဟာလည်း အိမ်ထောင်တစ်ခုရဲ့ မွန်းကျပ်ပိတ်လှောင်မှုတစ်ခု ပဲမဟုတ်ပါလား။ ဒီအခြေအနေတစ်ခုတည်းကို ဆွဲသွင်းလိုက်သည့် မခြူးယံကို သူ ဘယ်တော့မှ ကျေနပ်နိုင်မှာမဟုတ်ပေ။

စိတ်သက်သာရာရဖို့ စိတ်လွတ်လပ်မှုရဖို့ အရင်ကလိုပဲ..။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

စိမ်းက ကန်ရေပြင်ကိုငေးရင်း သက်ပြင်းငွေ့ငွေ့ချကာ မချိုတာ
ပြုံးနေ၏။ သူ အများကြီးရှင်းပြစရာမလိုတဲ့ စိမ်း သဘောပေါက်လွယ်တာ
တော့ သိပ်အံ့ဩစရာမဟုတ်ပေ။

"ဒါဆို မြခြူးယံကိုမချစ်ဘဲ မောင်က မှားယွင်းမှုအတွက်
တာဝန်ယူလိုက်တဲ့သဘောပေါ့"

"သက်တင်နဲ့သူ့အမေသာ အဲလိုလာမလုပ်ရင် အဲဒီအမှားကို
တောင် မသိချင်ယောင်ဆောင်မိမလား မသိဘူး၊ သူ့ကို ကိုယ် အဲလောက်
ထိ မုန်းတာ၊ ကိုယ် လူယုတ်မာတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့
အသိစိတ်လွတ်နေတဲ့အချိန်မှာ မှားယွင်းတယ်ဆိုပေမယ့် ဒါဟာ အမှန်
ခံလိုက်ရတာနဲ့ အတူတူပဲလေ၊ ဒီလို ညအချိန်မျိုးမှာ ကိုယ်ခေါ်တယ်
တာလည်း မလာသင့်ဘူး၊ အသိမိတ်ဆွေတစ်ယောက်အနေနဲ့ ဟိုတယ်
ဝန်ထမ်းကောင်လေးက လှမ်းခေါ်လို့ လာခဲ့တယ်ဆိုရင်လည်း ကိုယ့်
အခန်းတစ်ခုမှာ အပ်ပေးခဲ့ပြီး ပြန်လို့ရတယ် ပြီးတော့"





"မောင့်အခန်းကို ပြန်ပို့ပြီးမှ ပြန်သွားလည်းရတယ် အဲလို
ပြောချင်တာမဟုတ်လား၊ ဒါပေမဲ့ သူက ချစ်နေတဲ့သူ၊ အဲဒီအချိန်မှာ
အကြောင်းအမျိုးမျိုးကို စဉ်းစားဖြစ်နေမှာပါပဲ၊ မိန်းကလေးဖြစ်နေတဲ့
အတွက် သူ့ဆန္ဒတစ်ခုတည်းကိုတော့ အသက်သွင်းလို့ မရဘူးလေ"

"ကိုယ်လည်း မှားတာပဲလို့ အပြစ်ပြောချင်တာလား"

စိမ်းက သူ့ဘက်လှည့်ကာ ခပ်မြန်မြန်ပင် ခေါင်းညိတ်ပြ၏။

"အရက်က အမှားတွေကျူးလွန်ဖို့ အားပေးတယ်ဆိုတာ မှန်
ပါတယ်၊ ဒါပေမဲ့ ဘယ်လိုပဲ အသိစိတ်လွတ်လောက်အောင် အမူးလွန်နေ
ပါစေ မစင်ကို မစင်မှန်း သိကြတယ်၊ မိန်းမကို မိန်းမမှန်း ယောက်ျား
ကို ယောက်ျားမှန်းတော့ ခွဲခြားသိကြပါတယ်၊ မြခြူးယံကို မိန်းကလေး
တစ်ယောက်မှန်းသိလို့ မောင် ဒီအမှားကို ကျူးလွန်ဖြစ်တာ မဟုတ်လား"

"စိမ်း"

"လူတွေက ကိုယ့်ကိုယ်ကို ကာကွယ်ဖို့အတွက် ဆင်ခြေပေး
တတ်ကြပါတယ် မောင်၊ အိမ်ထောင်မပြုဘူးလို့ ဟစ်ကြွေးနေတဲ့သူမို့
အခုလိုဖြစ်သွားတာကို ထောင်ချောက်ထဲ ဆင်းလိုက်ရတယ်လို့ အောက်
မေ့ပြီး မောင်သူ့ကို ပိုမုန်းနေတာမဟုတ်လား၊ အစတည်းက မောင်
ပြတ်သားခဲ့မယ်ဆိုရင်"

နာကြည်းမှုတွေနဲ့ အပြစ်တင်နေတာနှင့်မတူဘဲ သူနားလည်
အောင် ရှင်းပြနေသလို ဖြစ်နေတာမို့ စိမ်း မျက်ရည်တွေကို အငမ်းမရ
ရှာဖွေမိ၏။ စိမ်း ငိုမနေပါ။

"စိမ်း ကိုယ့်ကို နည်းနည်းလေး လျှော့ချစ်ခဲ့တယ်ထင်တယ်"

"လက်ထပ်ဖို့အထိ မရည်ရွယ်ဘူးလို့ ခဏခဏ အသိပေးနေ
တဲ့လူကို ပုံချစ်လိုက်လို့ ဖြစ်မလား မောင်၊ စိမ်း ကိုယ့်ဘဝကိုယ် ရပ်တည်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပျော်အောင်နေနိုင်ပါတယ်၊ မြခြူးယံကိုပဲ သနားတာ''

''ဘာ''

''မောင်လိုလူကို လက်ထပ်ရတာ သူ မိုက်မဲတာပဲ၊ မောင့်ရဲ့ ရည်းစားဖြစ်တဲ့ စိမ်းတောင်မှ မောင့်ကိုလျှော့ချစ်ခဲ့တဲ့ဥစ္စာ''

''ကိုယ် လက်ထပ်လိုက်တာ သိပ်မခံစားရပါဘူးလို့အသိပေးချင်တာလား စိမ်း''

''မြခြူးယံကို မနာလိုမဖြစ်မိတာတော့ အမှန်ပါ မောင်၊ မောင့်မှာ စာနာမှုတွေမရှိဘူး၊ ကြင်နာမှုတွေမရှိဘူး၊ နွေးထွေးတတ်တဲ့မေတ္တာတရားတွေမရှိဘူး။ မိသားစုကို သံယောဇဉ်နဲ့လည်း ခင်တွယ်တတ်မယ့်သူမျိုးလည်း မဟုတ်ဘူး၊ စိမ်းသာဆို ကိုယ့်ဘဝကို နှမြောလို့ မောင့်ရဲ့အတ္တတွေထဲ ဝင်လာရဲမှာ မဟုတ်ဘူး မောင်''

သူ့ နှုတ်ခမ်းလေးတစ်ဖက် လှုပ်ခတ်ရုံ မဲ့ကွေးသွား၏။ စိမ်းမချစ်လို့ မခံစားလို့ ရင်နာတာမဟုတ်ပါ။ အစတည်းက ပိုမချစ်မိအောင်နှစ်ယောက်လုံး နားလည်မှု ယူထားကြတာပဲ။

စိမ်းက သူ့မျက်နှာကို အကဲခတ်နေပြီး

''မောင်က ဘာကိုမကျေမနပ် ဖြစ်သွားတာလဲ၊ စိမ်းပြောတဲ့ အမှန်တရားတွေက မောင့်ကိုမခံမရပ်နိုင် ဖြစ်သွားစေတယ်ဆိုရင်တော့ ဆောရီးပါ''

''မဟုတ်ပါဘူး စိမ်း မခံစားရဘူးဆိုရင်ပဲ ကိုယ် စိတ်သက်သာနေပါပြီ၊ ကျန်တာတွေက စိမ်း ဒီလောက်တော့ ပြောသင့်တာပဲ၊ တစ်ခုတော့ တောင်းဆိုပါရစေ၊ သူငယ်ချင်းအဖြစ်နဲ့ ရင်ဖွင့်ဖော်လေးတော့ လုပ်ပေးပါ၊ စိတ်ကူးရှိတဲ့အခါ အရင်လို သွားလာစားသောက်ပြီး စကားတွေပြောကြတာပေါ့''





''မောင် ခုချိန်ထိ အတ္တကြီးတုန်းပဲ၊ မောင့်အတွက်ပဲ မောင်တွေးတတ်တယ်နော်၊ မောင်က အရင်လို လူလွတ်တစ်ယောက် မဟုတ်တော့ဘူးလေ၊ အိမ်ထောင်သည်တစ်ယောက်နဲ့ စိမ်း အဲလိုနေလို့ သင့်တော်ပါ့မလား၊ မောင် တွေးကြည့်ပါဦး''

''ကျွတ် အဲဒီလို လွတ်လပ်မှုတွေပျောက်ဆုံးတတ်လို့ အဲဒီအိမ်ထောင်ရေးဆိုတဲ့ ထောင်ချောက်ကြီးကို ကိုယ်မုန်းတာ၊ ဒီလိုဖြစ်အောင် ဖန်တီးလိုက်တဲ့''

''အခုချိန်မှ နောင်တရမနေနဲ့၊ ဘာမှပြင်ဆင်လို့မရတော့ဘူး စိတ်တစ်ခုကို ချုပ်ထိန်းနိုင်ရင် အရာအားလုံးကို အောင်နိုင်တယ်ဆိုတဲ့ စကားက သိပ်မှန်တာပဲ၊ တခြားသူတွေကို အပြစ်မမြင်ဘဲ မောင့်ရဲ့စိတ်ကြောင့် ဒီလိုဖြစ်သွားတယ်လို့ ဖြေသိမ့်နိုင်အောင် ကြိုးစားပါ''

''ကျေးဇူးတင်ပါတယ် စိမ်း''

ပတ်သက်ခဲ့ဖူးသော မိန်းကလေးတွေနှင့်မတူသည့်စိမ်းကို သူ အလေးအနက် ပြောလိုက်မိခြင်းဖြစ်သည်။ စိမ်းက တပ်မက်မှုအတ္တတွေကင်းသူမဟုတ်ပါလား။ စိမ်းက ဖြူစင်စွာပြုံး၍

''အဲဒီစကားတစ်ခွန်းကတော့ မောင် ပြောဖူးတဲ့အထဲမှာ တန်ဖိုးအရှိဆုံးပဲ၊ မောင်ပြောသလိုပဲ သူငယ်ချင်းလို ဆက်ခင်ကြတာပေါ့''

''ကျေးဇူးထပ်တင်သွားပြန်ပြီ စိမ်းရယ်၊ ကိုယ့်အတွက် စိမ်းလို နားလည်မှုရှိတဲ့ မိန်းကလေး လိုအပ်ပါတယ်''

ပြန်ဖို့ထရပ်ကြတော့ အရင်ကလို စိမ်းလက်ကိုဆွဲဖို့ တွန့်ဆုတ်နေသည်။ ဒါဟာ မြခြူးယံကို လက်ထပ်လိုက်ရသည့်အတွက် စည်းခြားသွားသည့် သက်သေတစ်ခုပင်။ စိမ်းက နားလည်စွာ မော့ကြည့်ပြီး

''မောင် ဆိုတဲ့ နာမ်စားက အကျင့်ပါနေလို့ တော်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပျောက်လို့ရပါ့မလားမသိဘူး၊ စည်းဘောင်ကျော်ဖို့ စိတ်ကူးမရှိပေမယ့်''

''ကိုယ် နားလည်ပါတယ် စိမ်းရဲ့၊ စည်းတင်ခုက သိက္ခာတရားနဲ့ဆိုင်တယ်ဆိုပေမယ့် ကိုယ့်ကိုယ်ကျင့်တရားကို ကိုယ် ယုံကြည်တယ်ဆိုရင် အခေါ်အဝေါ် နာမ်စားတွေက အဓိက မဟုတ်တော့ပါဘူး၊ စိမ်းဆန္ဒရှိသလိုပဲ ခေါ်ပါ''

''ဩော် ဒီကကျေးဇူးပြန်တင်နေရဦးမယ်''

စိမ်းစကားကြောင့် ပေါ့ပါးစွာရယ်ဖြစ်၏။ စိမ်းနှင့်တွေ့ရတာ မွန်းကြပ်မှုတွေတော့ သက်သာသွားပင်။ အိမ်ကိုပြန်ဖို့ အချိန်တွေ နောက်ကျဖို့ တခြားနေရာတွေကို ခြေဆန့်ရင်းဖြင့် . . . ။

■ ■ ■

## အခန်း (၃၄)

အိမ်ပြန်ခြေလှမ်းတွေက လေးကန်တုံ့ဆိုင်းနေခဲ့ပြီး အိမ်တံခါးဖွင့်ဝင်ခဲ့ချိန်မှာ နာရီတစ်ချက်တီး ဒင်ခနဲ မြည်သံကြားလိုက်ရ၏။ သော့ကိုပြန်ပိတ်၍ ယိမ်းယိုင်စွာ ဝင်လာခဲ့ရင်း မြခြူးယံ ရှိနေသော အခန်းထဲကိုမဝင်တော့ဘဲ ဆိုဖာခုံမှာ အိပ်ဖို့ဆုံးဖြတ်လိုက်သည်။

''ဟင်''

ဆိုဖာခုံရှည်ပေါ်မှာ အိပ်ပျော်နေသော မြခြူးယံကို မြင်လိုက်ရ၍ လေးပင်မှေးစင်းနေသည့် မျက်ဝန်းများပင် ပြူးကျယ်သွား၏။ အခန်းထဲမှာ မအိပ်ဘဲ သူပြန်အလာကို ဆိုဖာခုံမှာ ထိုင်စောင့်ရင်း အိပ်ပျော်သွားခဲ့တာဖြစ်မည်။

''ဟင် ကိုကို ပြန်လာပြီလား၊ မြခြူး မှေးခနဲ အိပ်ပျော်သွားတယ်''

''မင်းကိုဘယ်သူက စောင့်ခိုင်းနေလို့လဲ၊ အပိုတွေလာမလုပ်နဲ့''

''မဟုတ်ပါဘူး ကိုကို့ကိုပြောစရာရှိလို့ပါ၊ ဟို အခန်းထဲမှာ

www.burmeseclassic.com



ကိုကိုအိပ်ပါ၊ မြခြူး ဒီမှာပဲ အိပ်ပါမယ်''

''ဘာ''

''အခန်းထဲမှာ မြခြူးနဲ့အတူ အိပ်ရမှာစိုးလို့ ကိုကို မိုးလင်းမှ ပြန်လာလိုက်၊ ညဉ့်နက်မှ ပြန်လာလိုက်နဲ့ ကျန်းမာရေးထိခိုက်မှာစိုးလို့ပါ။ အခန်းထဲမှာ ကိုကို သက်တောင့်သက်သာ နားပါ ကိုကို''

''မင်း ဒီအိမ်မှာမရှိမှ ငါ့စိတ်က ပိုပြီးသက်သာလိမ့်မယ်ထင်တယ်၊ အခုတော့ အိမ်ပြန်လာရင် မင်းကိုမြင်တွေ့ဆက်ဆံရမှာစိုးလို့ ငါ့စိတ်တွေ မွန်းကြပ်တယ်၊ မီးလိုပူလောင်နေတယ်''

''ပြောရက်လိုက်တာ ကိုကိုရယ်၊ ကိုကို ထားသလိုနေနေတာတောင်မှ စိတ်တိုင်းမကျသေးဘူးလား''

''အမိဖမ်းခံရတဲ့ အိမ်ထောင်ရေးက ငရဲထက်ဆိုးတယ်ဆိုတာ မင်း ဒီထက်ပိုသိရဦးမှာ မြခြူးယံ၊ ငါ့ကို အပိုင်ရသွားပြီဆိုပြီး ကဲကဲလုပ် စရာမလိုတော့တဲ့သဘောနဲ့ ဣန္ဒြေရပြမနေနဲ့၊ မင်းရဲ့မာယာတွေကို ငါ ဘယ်တော့မှ အထင်ကြီးမှာမဟုတ်ဘူး''

''မြခြူး ဟန်ဆောင်နေတာ မဟုတ်ပါဘူး၊ ကိုကို့စိတ်တိုင်းကျ နေပေးနိုင်ဖို့ ကြိုးစားနေတာပါ''

လင်းရောင်နီ မခိုးမခန့် ဟက်ခနဲ ရယ်လိုက်ကာ

''မလိုပါဘူး ဒီလိုနည်းနဲ့ ငါ့ကိုဆွဲဆောင်နေလို့လည်းအပိုပဲ ငါလိုကောင်အတွက် စိတ်သက်သာအောင် ဖြေသိမ့်ပေးမယ့် မိန်းမတွေ ပုံနေတာပဲ မြခြူးယံ၊ လိုအပ်ခဲ့မယ်ဆိုရင်တောင် မင်းကူညီပေးဖို့ မလိုဘူး သိရဲ့လား''

ပြောပြီး ထမင်းစားခန်းဘက် ယိမ်းထိုးစွာ ဝင်သွားတော့ ထမင်းစားမလားဆိုပြီး ထမင်းပွဲပြင်ပေးဖို့ နောက်ကလိုက်ဝင်လာခဲ့ရသည်





''ထမင်းစားမလို့လား ကိုကို၊ မြခြူး ဟင်းတွေနွှေးပေးမယ်လေ''

''မင်းချက်တဲ့ ထမင်းဟင်းတွေ ငါ ဘယ်မှာစားဖူးလို့လဲ၊ ငါ့ဘာသာ အရက်သောက်မလို့''

အရက်ပုလင်းတွေ ရေခဲသေတ္တာထဲက ဆွဲထုတ်နေတာမို့ အနားတိုးကပ်သွားကာ

''အရက်သောက်မယ်ဆို မြခြူး ပြင်ပေးမယ်လေ၊ မြည်းဖို့သည်း ကြော်လှော်ပေးပါ့မယ်၊ ကိုကို ဘာနဲ့မြည်းချင်လဲ''

''မြခြူးယံ မင်းကိုငါ့အတွက် ဘာမှလုပ်ပေးစရာ မလိုဘူးလို့ ငါပြောထားတာ မင်း နားမလည်ဘူးလား၊ မင်း နည်းနည်းမှ အရှက်မရှိဘူးလား၊ မာနမရှိဘူးလား''

''အဲလိုတော့ မပြောပါနဲ့ ကိုကိုရယ်၊ ဒီလိုတွေလုပ်ပေးဖို့ ကြိုးစားနေတာ ကိုကို့ကိုချစ်လို့ မြခြူး မာနတွေကို ဟိုးအောက်ဆုံးအထိ လျှော့ချထားတာပါ၊ ကိုကို ဒီလိုတွေပြောနေတာကို မရှက်တတ်ဘဲနေပါ့မလား၊ ဒါပေမဲ့ မြခြူး ကိုကို့ကိုချစ်လို့ပါ''

''ချစ်လို့ ဟား အဲဒီစကားကို မပြောစမ်းပါနဲ့၊ အဲဒီအချစ်ဆိုတာကို ငါ မယုံဘူး၊ အချစ်ဆိုတာ ကြောက်စရာအကောင်းဆုံး စကားလုံးပဲ၊ မိသားစုဘဝကို ဖန်တီးတာလည်း ဒီအချစ်၊ ပြိုကွဲအောင်လုပ်နိုင်တာလည်း ဒီအချစ်၊ သေကွဲရှင်ကွဲဖြစ်အောင် ဖန်တီးနိုင်တာလည်းအချစ်၊ မိန်းမယားအပေါ် သစ္စာဖောက်ရဲတာ သားသမီးအပေါ်ဥပေက္ခာပြုရက်တာလည်း တခြားတစ်ယောက်အပေါ် ချစ်မိသွားတဲ့အချစ်ကြောင့်ပဲလေ၊ ငါ အဲဒါကြောင့် မချစ်တတ်အောင်နေခဲ့တာ ဒီမယ် မြခြူးယံ''

ပြောဖို့ခေါ်ပြီးမှ အရက်တစ်ခွက်ကို ငှဲသောက်၏။ ပြီးမှ မြခြူး တစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com



ကို စားပွဲပေါ် ဆောင့်ချကာ သူမကို မျက်မှောင်ကုတ်နှင့်ကြည့်သည်။

"ငါ မဟုတ်တဲ့တခြားတစ်ယောက်ကို ချစ်ခဲ့တာဆိုရင် သိပ်ကောင်းမှာပဲ၊ ငါကဂုဏ်ဒြပ်နဲ့မလိုက်အောင် အပေအတေနေတဲ့ကောင်နင့်ကိုမချစ်တဲ့သူကို နင် ဘာလို့ဒုက္ခခံချစ်နေတာလဲ"

"မျှော်လင့်ချက်ထားရင် အချစ်စစ် အချစ်မှန်ဟုတ်ပါ့မလား ကိုကို၊ အမုန်းတွေပဲပေးပေး ဥပေက္ခာတွေပဲပေးပေး ကျေကျေနပ်နပ်ယူဖို့ မြခြူး ဆုံးဖြတ်ထားပါတယ်၊ မြခြူးကို တစ်သက်လုံး မချစ်ပါနဲ့ကိုကို"

"ဘာ"

"အိမ်ထောင်တစ်ခုအပေါ် သစ္စာဖောက်ဖျက်တာကလွဲရင် ကိုကို့ဆီက မြခြူး ဘာမှမလိုချင်ပါဘူး"

"အဲဒါကိုက မင်း ငါ့ကိုဘောင်ခတ်နေတာ၊ ငါ ဘယ်လိုနေနေ မင်းနဲ့မဆိုင်ဘူးလို့ ပြောပြီးသားနော်"

"လက်မထပ်ခင်က မြခြူး မဆိုင်သလိုနေခဲ့ပါတယ်၊ ဘယ်သူ့ကိုမှ ချစ်မှာမဟုတ်ဘူးဆိုတဲ့ ယုံကြည်မှုနဲ့ ကိုယ်ကချစ်နေနိုင်ဖို့တစ်ခုပဲကြိုးစားခဲ့တယ်၊ အခုက လက်ထပ်ပြီးတဲ့အခြေအနေ"

"အဲဒါက မင်းလုပ်ကြံလိုက်တဲ့ အမိဖမ်းမှုလေ၊ မြခြူးယံ မင်းဘာမှမပြောဘဲ သွားနားလိုက်တော့၊ ငါ့လွတ်လပ်ပိုင်ခွင့်တွေကို မင်းစည်းကျော်ပြီး မတားဆီးနဲ့၊ သဝန်တိုသလိုလိုနဲ့ ထောင်ချောက်ထဲကို မထည့်နဲ့၊ အေး နောက်ဆုံးသတိပေးမယ်၊ ချစ်လို့စိုးရိမ်တာဆိုလည်း အဲဒီငရဲကိုမင်းပဲခံ၊ ငါကတော့ ဘာကိုမှ လွှမ်းနေမှာမဟုတ်ဘူး"

မဖိတ်ခေါ်ပါဘဲ မျက်ရည်စက်အချို့ ပါးပြင်လေးပေါ် လိမ့်ဆင်းကျလာ၏။ ကိုကိုပြောသမျှ နာကျင်တတ်ခဲ့ခြင်းမရှိပေမယ့် ဝမ်းနည်း





တတ်လာတာတော့ အမှန်ပဲဖြစ်သည်။

ပိုင်ဆိုင်လိုစိတ်မရှိပေမယ့် နီးစပ်စေခဲ့သော ကံကြမ္မာကို ထိတ်လန့်စွာ ကြုံတွေ့လိုက်ရပြီးဝဋ်ကြွေးတစ်ခုလို့ မအောက်မေ့ဘဲ ပေးဆပ်မှုတွေကိုပဲ ပေးချင်သူပါ။ အချစ်တွေကို အသိအမှတ်မပြုနိုင်ရင်တောင် ပေးဆပ်မှုတွေကို နားလည်စေချင်သည်။ ကိုကို့ကိုချစ်လို့ သူမ အရှုံးခံခဲ့တာ တစ်ခုနှစ်ခုမှ မကာဘဲ။ ဒါပေမဲ့ ဒီအရှုံးတွေကို သူမ ကျေနပ်နေမှာပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"နင်ကျေနပ်ပေမယ့် ငါတို့မကျေနပ်နိုင်တော့ဘူး မြခြူ။ နင်က ဘာကိစ္စ ကျောင်းထွက်မှာလဲ၊ အဲဒီလူကြီးက ကျောင်းထွက်လိုက်တော့ လို့ ပြောလို့လား"

"ဟင့်အင်း မပြောပါဘူး၊ အိမ်ထောင်သည်တစ်ယောက်ဖြစ် သွားလို့ ငါကကျောင်းတက်ပြီး အပျော်အပါးတွေ မလုပ်ချင်တော့တာ"

"ကျောင်းတက်တာ ပညာတတ်ဖို့ပဲဥစ္စာ၊ အပျော်အပါးသက် သက်ဖြစ်နေလို့လား၊ သီချင်းဆိုတဲ့ကိစ္စကလည်း အောင်မြင်မှုအတွက် အနုပညာအလုပ်လုပ်တာပဲလေ၊ သူ့ဘက်က တောင်းဆိုတာတွေမရှိဘဲနဲ့ နင် တောက်လျှောက် အရှုံးခံဖို့ချည်း စဉ်းစားနေတာလဲ"

နုဝါတို့ ကျေနပ်လောက်သည့်အဖြေ ပေးစရာမရှိပါ။ ဒီနေ့ နုဝါတို့နှစ်ယောက် သူမကို ကျောင်းတက်ဖို့လာခေါ်ကြသည်။ မလိုက်ချင် ဘူး ငြင်းနေသည့်ကြားက ဖွတ်ဆွဲခေါ်လာကြတော့ ကန်ပေါင်က ကော်ဖီ ဆိုင်ကိုရောက်မှ သူမ ထိုစကားကို ပြောလိုက်ခြင်းဖြစ်သည်။





အခြေအနေအမှန်ကို ရင်ဖွင့်ပြတော့ မခံမရပ်နိုင် ဇွေ့ဇွေ့ခုန် နေကြခြင်းဖြစ်၏။ ရွှေဥက စားလက်စမုန့်ကိုတောင် ချထားလိုက်ပြီး

"နင် ဘာလုပ်လုပ် ကိုလင်းရောင်က အသိအမှတ်ပြုလို့လား မြခြူ၊ နင်နဲ့လည်းအတူမနေဘူး၊ နင်ချက်ကျွေးတာလည်း မစားဘူး၊ နင်ဘာပြောပြောလည်း စိတ်မဝင်စားဘူး၊ အိမ်ထောင့်တာဝန် လင် ယောက်ျားတာဝန်၊ အဲဒါတွေရော နင့်ကိုဘာပေးလို့လဲ၊ နင့်ကိုလုပ်ချင် တာလုပ်လို့ ခွင့်ပေးထားတာပဲဟာ"

"အဲဒါက ဥပေက္ခာတွေလေ၊ ငါ မခံစားနိုင်ပါဘူး၊ ဒါပေမဲ့ချစ် လို့ လက်ထပ်ခဲ့တဲ့ အိမ်ထောင်ရေးမဟုတ်လို့ ငါ နားလည်ပေးရမှာပေါ့"

"ဒီကိစ္စကဲ နင်တစ်ယောက်တည်းမှားခဲ့တာမို့လား၊ တစ်ဖက် သတ်ချစ်နေတယ်ဆိုပေမယ့် နင့်မှာ သူ့ကိုပိုင်ဆိုင်ရစေလိုတဲ့ အတ္တတွေ ရှိတာ ငါတို့ သိနေတာပဲ၊ ဒီအကြောင်းတွေ အောင်ထွဋ်ပိုင်ကိုတွေ့လို့ တောင် ငါတို့ပြောပြဖြစ်သေးတယ်"

"ဘာလို့ပြောလိုက်တာလဲဟယ်၊ သူနဲ့ငါနဲ့ ဘာဆိုင်လို့လဲ"

"နင်က မဆိုင်ပေမယ့် သူက နင့်ကိုကြိုက်နေတာလေ၊ နင် လက်ထပ်လိုက်ပြီလို့ပြောတာကို အစက သူ မယုံဘူး၊ လူသိရှင်ကြား မင်္ဂလာဆောင်ပွဲ တနားမှုမဟုတ်တာ၊ ငါတို့က အကြောင်းစုံပြောပြလိုက်တော့လည်း ဒီ အရမ်းကို စိတ်မကောင်းဖြစ်နေတယ်"

"နင်တို့ကဟယ်"

အပြစ်တင်နေလည်းအပိုပဲမို့ စိတ်ဆိုးမနေချင်တော့ပေ။ သက် ပြင်းချပြီး မျက်နှာလွှဲချိန်မှာ သူမတို့စားပွဲပိုင်းရှိရာ လျှောက်လာနေသော အောင်ထွဋ်ပိုင်ကို မြင်လိုက်ရသည်။ ရှောင်တိမ်းထွက်သွားစရာအ ကြောင်းပြချက်လည်း မရှိတာမို့ သူမမှာထသွားရအခက် ထိုင်ရအခက်။



www.burmeseclassic.com

www.burmeseclassic.com



"မြခြူး"

"အင်း ထိုင်လေ အောင်ထွဋ်ပိုင်"

မြခြူးယံအနားက ထိုင်ခုံမှာဝင်ထိုင်ပြီး အောင်ထွဋ်ပိုင်မျက်နှာ

ဆွေးရိပ်သမ်းနေ၏။

"အရမ်းကို မျက်နှာလေးသွယ်ကျသွားပါလား မြခြူး၊ ရွှေ

တို့က ပြောတယ် မြခြူးမှာသောကတွေနဲ့ဆို"

"မဟုတ်ပါဘူး ဒီလိုပါပဲ"

"ငါ တကယ်စိတ်မကောင်းဘူး မြခြူးရယ်၊ အရင်က အရော

တွေမရှိတော့ပါလား၊ အဲလိုမှန်းသိရင် နင် အဖြေမပေးလည်း ငါ နိုးပြေ

ပါတယ်"

"ပေါက်တတ်ကရတွေ လာမပြောစမ်းပါနဲ့ဟယ်၊ နင့်ဆီ

အဲလိုစကားတွေ အရင်တည်းက နားမထောင်ခဲ့တာနော်"

"အဲဒါဘာကြောင့်လဲဆိုတာ ငါ အခုသိပါပြီ၊ လင်းရောင်နီ

တဲ့လူကြီးကို နင်ချစ်နေလို့မဟုတ်လား၊ သက်ရောက်မှုတိုင်းက တန်ပြ

သက်ရောက်မှုရှိမှ အကျိုးပြုတာဟ"

"တခြားအရာတွေတော့ မသိဘူး၊ အဲဒီအထဲမှာ အချစ်တေ

မပါဘူးထင်တယ်၊ ဒါမှမဟုတ် ငါ့အတွက် သီးသန့်လားပဲ"

"မြခြူးရာ"

"နင်က အဲလောက်ပဲ စိတ်မကောင်းဖြစ်နေ၊ မြခြူးက ကျော

တောင်မတက်တော့ဘူးတဲ့၊ အဲဒါကြောင့် ကျောင်းကန်တင်းကိုခေါ်မ

ကန်ပေါင်ကို နင့်ကိုလာခိုင်းလိုက်တာ"

အခုမှ အောင်ထွဋ်ပိုင်ကို ရွှေဥတို့ခေါ်လိုက်တာမှန်း သိလို

သည်။ သူမမျက်နှာပျက်သွားတော့ ရွှေဥက တောင်းပန်သလိုကြည့်





"သူက အရင်နေ့တွေကတည်းက တွေ့ချင်တယ်လို့ပြောနေတာ

တခြားစိတ်မရှိတော့ဘူးဆိုရင်တောင် သူငယ်ချင်းအဖြစ်နဲ့တော့ နင့်ဘက်

က ရပ်တည်ပေးချင်နေတဲ့သူပါ"

"ဟုတ်ပါတယ် မြခြူးရာ၊ နင်လိုတဲ့အကူအညီပြောပါ၊ ငါ့အနေ

နဲ့တော့ ပညာရေးကိုရော အောင်မြင်မှုကိုရော နှစ်ခုလုံးနောက်မဆုတ်စေ

ချင်ဘူး၊ အိမ်ထောင်သည်ဘဝနဲ့ ဒါမျိုးလုပ်နေတဲ့သူတွေ အများကြီးပဲဥစ္စာ"

"ငါတို့လည်း အဲဒါပြောတာပေါ့၊ သူမပါဘဲ ငါတို့ဘယ်လိုလုပ်

အားရှိမှာလဲ၊ ငါတို့အိမ်တွေကလည်း တကယ်လုပ်မယ်ဆိုလို့ အရင်းအနှီး

တွေ ထုတ်ပေးခဲ့တာ၊ နင့်အစ်ကိုလည်း နင့်အတွက် အများကြီးရှာပေး

ခဲ့တာပဲ၊ နင့်အစ်ကိုကိုတောင် အားနာဖို့ကောင်းပါတယ်"

"အဆိပ်သင့်နေတဲ့အိမ်ထောင်ရေးကို ဘယ်လိုလုပ်ရင်အဆင်

ပြေနိုင်မလဲဆိုတဲ့ ခံစားချက်တစ်ခုပဲ ငါ့မှာရှိတယ်၊ မပျော်ရွှင်ရဘဲနဲ့ ကျန်

တာတွေ အောင်မြင်အောင် ဘယ်လိုစိတ်မျိုးနဲ့ ငါ ကြိုးစားရမှာလဲ"

"နင် နောင်တရနေပြီလား"

မြခြူးယံ ခေါင်းညိတ်မလို ခေါင်းခါမလိုဖြစ်သွားပြီးမှ

"ကိုကို့ကိုချစ်မိတာတော့ ငါ နောင်တမရပါဘူး၊ ပိုင်ဆိုင်ချင်

စိတ်မရှိဘဲ ရယူလိုက်ရတဲ့ပုံစံဖြစ်သွားတာတော့ ကိုကို ငါ့ကိုပိုမုန်းသင့်

တာပဲဆိုတဲ့အတွေး ဝင်တယ်၊ ကိုကြီးနဲ့မေမေသာ ကိုကို့နဲ့လက်ထပ်ဖြစ်

အောင် မစီစဉ်ခဲ့ရင်ကောင်းမှာပဲ"

"ဒါဆို အဲဒီအမည်းစက်ကို နင် ဘာနဲ့ချေဖျက်မှာလဲ၊ နင့်အစ်

ကိုနဲ့အမေရဲ့ဂုဏ်သိက္ခာ၊ နင့်ရဲ့ဂုဏ်သိက္ခာအတွက် သူစိတ်ပါလက်ပါ

လုပ်ခဲ့တာများ မမှားမှား သူ တာဝန်ယူသင့်တဲ့ကိစ္စပဲလေ"

"ဟဲ့ ဟိုမှာ"

www.burmeseclassic.com



စကားပြောနေရင်းနှင့် နုဝါရဲ့အထိတ်တလန့် အော်သံကြောင့် လည်ပင်းလေးတွေလိမ်လျက် ခပ်လှမ်းလှမ်း ကားတစ်စီးပေါ်ကဆင်းလာသော စုံတွဲဆီ အကြည့်ရောက်သွားကြသည်။

"ဟင် ကိုကိုနဲ့စိမ်းသဖင်"

"ဘာ နင့်ကိုကိုဘေးက သူ့အရင်ရည်းစား စိမ်းသဖင်လား ဘာလဲဟ ပြုံးလို့ရွှင်လို့ သမီးရည်းစားအတိုင်းပါပဲလား၊ လင်းရောင်နီ အိမ်ထောင်ကျသွားပြီဆိုတာ ဒီမိန်းမ မသိသေးဘူးလား"

ဆိုင်တစ်ဆိုင်ထဲ အတူတွဲဝင်သွားသည့်ကိုကိုတို့ကို ကြည့်ကာ ဝမ်းနည်းဆို့နင့်နေသံဖြင့်

"ကိုကိုက လူမသိသူမသိ လက်ထပ်လိုက်တာပဲဥစ္စာ၊ မမစိမ်း ကိုလည်း အသိပေးချင်မှပေးမှာပေါ့"

"ဟာ ဒီလူလုပ်ပုံ မဟုတ်သေးပါဘူး မြခြူး၊ ဒီလူကို ငါ ...

သွားကြမ်းမယ်"

"ဟယ် အောင်ထွဋ်ပိုင် နင်နဲ့ဘာဆိုင်လို့လဲ၊ နင် အဲလိုလုပ်... ပိုရှုပ်ကုန်မှာ၊ အသာနေစမ်းပါဟယ် ထိုင်စမ်းပါ"

ဖွတ်ထနေသော အောင်ထွဋ်ပိုင်လက်ကိုဆွဲ၍ ပြန်ထိုင်ခိုင်းနေ... သည်။ ရွှေဥက တက်ခေါက်၍

"နင် ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး မြခြူး၊ လင်းရောင်နီ... နင်နဲ့ လက်ထပ်ပြီးသားဆိုတာ အဲဒီမိန်းမသိအောင်ပြော"

"ဟို နင်တို့ကလည်း"

"နင်တို့ကလည်းမလုပ်နဲ့ နင်မပြောရင် ငါတို့ပြောမယ်၊ ဒါ... နင်အရှုံးပေးမယ်ဆိုရင်တော့ ငါတို့သည်းခံမှာမဟုတ်ဘူး။ သူတယ်လော... ကြီးပဲ မှန်နေနေ၊ ဘာကောင်ကြီးပဲဖြစ်နေနေ အိမ်ထောင်ရေးဖောက်...





တဲ့ပုံစံမျိုးထိတော့ ခွင့်လွှတ်ထားလို့ မရဘူး"

"ဟုတ်တယ် မြခြူးယ် နင် အရှုံးခံနေတာတွေ များနေပြီ၊ ဒီပုံစံလုပ်နေတာ လင်းရောင်နီ အရမ်းကိုလူပါးဝလွန်းနေပြီ၊ နင့်အစ်ကိုနဲ့ အမေသိရင်ရော စိတ်ချမ်းသာမှာလား"

ဒီမေးခွန်းအတွက် သူမရင်ထဲ တော်တော်ထိရှသွား၏။ မေမေနှင့်ကိုကြီးသတင်းမေးတိုင်း အဆင်ပြေပါတယ်လို့ပြောဖြစ်တိုင်း

"လင်းရောင်က စိတ်ရင်းကောင်းပါတယ်၊ သူ့အဖေအိမ်ထောင်ရေးကြောင့် ငယ်ငယ်တည်းက စိတ္တဇလိုဖြစ်နေတဲ့အစွဲက တစ်ဖက်စွန်းရောက်ပြီး ဖျောက်ဖျက်ဖို့ခက်နေတာ၊ သူ့ဘက်က ပြောင်းလဲလာတဲ့အထိ ညီမလေးက နားလည်မှုပေးလိုက်ပါ၊ ညီမလေးတို့အိမ်ထောင်ရေးအဆင်ပြေမှ ကိုကြီးရော မေမေရောစိတ်ချမ်းသာနိုင်မှာ"

ကိုကြီးနှင့်မေမေလည်း သူမအတွက် နေ့စဉ်နေ့တိုင်း စိတ်မချမ်းမြေ့နိုင်ဖြစ်နေရတာ စိတ်မကောင်းပေ။ ဒီလိုတွေဖြစ်နေရတာ အချစ်အတွက် သူမ မိုက်မဲနေခဲ့တာကြောင့် မဟုတ်ပါလား။

ဒီသောကတွေ ဖြေသိမ့်ပေးနိုင်ဖို့အတွက်တော့ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

စိမ်းသဇင်ကိုတွေ့ရဖို့ တော်တော်လေး အချိန်ကုန်ခံကာ စောင့်လိုက်ရသည်။ စိမ်းသဇင်က ဒီရုံးရဲ့တာဝန်ခံအရာရှိတစ်ယောက်မို့ အစည်းအဝေးချိန်ကအစ စိမ်းသဇင်မပါလို့မပြီးသည့်ကိစ္စမျိုးပင်။

သူ့ဂုဏ်ဒြပ်နှင့်သူ ထည်ဝါစွာနေနိုင်သူမို့ အထင်ကြီးလေးစားမှုလေးတော့ ဖြစ်မိ၏။

"ဟော မြခြူး စောင့်နေတုန်းပါလား"

"ဟုတ်ကဲ့ မြခြူး ပြောစရာလေးရှိလို့ပါ"

"အင်း မမက ရုံးဆင်းချိန်မရောက်သေးလို့ မင်းပြောမယ့်စကားတွေကိုအပြင်လိုက်ပြီး နားထောင်လို့တော့ရမှာမဟုတ်ဘူး တို့ရုံးခန်းထဲမှာပဲ ပြောကြတာပေါ့"

"ဟုတ်ကဲ့"

စိမ်းသဇင်က ဝင်ထိုင်ပြီး ဘဲလ်လေးနှိပ်လိုက်သည်နှင့် ရုံးစာရေးမလေးတစ်ယောက်က စိမ်းသဇင်နှင့်မြခြူးယံအတွက် ကော်ဖီတစ်





ခွက်စီ လာချပေးသည်။

"သောက်ပါ မြခြူးယံ၊ ရုံးမှာဆိုတော့ ဒါပဲဧည့်ခံလို့အဆင်ပြေတယ်"

"ရပါတယ် ကျေးဇူးပါပဲ မမစိမ်း"

"မင်း ဘာပြောချင်တာလဲ တို့က လုပ်ငန်းခွင်မှာဆိုတော့ အချိန်နည်းနည်းပဲပေးလို့ရမှာ"

"ဟုတ်ကဲ့ ဟို ကိုကိုနဲ့မြခြူး လက်ထပ်ပြီးတာ မမစိမ်း သိပြီးပြီလားမသိဘူး"

"အင်း သိတယ်လေ ဘာဖြစ်လို့လဲ"

စိမ်းသဇင်က အံ့ဩဟန်မပြဘဲ ပေါ့ပေါ့ပါးပါးပဲ မေးခွန်းပြန်ထုတ်၏။ သူမ ဘာထပ်ပြောရမလဲ။ တော်တော်လေး အားတင်း စဉ်းစားနေရသည်။ ကိုကိုက သူမဘက်ကရပ်တည်ပေးသူမို့ တွယ်ကပ်နေသည့်သူကို ရန်တွေ့သတိပေးရတာမျိုး မဟုတ်ဘူးမဟုတ်လား။

"ဒီလိုပါ ကိုကိုနဲ့မမစိမ်းက အရင်ကလိုပုံစံမျိုးနဲ့ပဲ တွဲသွားတွဲလာပတ်သက်နေတာက"

"အရင်ကနဲ့ခုနဲ့ ဘာတွေများ ကွဲပြားခြားနားနေလို့လဲ"

"ရှင်"

"မင်းနဲ့မောင် လက်ထပ်တယ်ဆိုတာ စာချုပ်ပေါ်မှာလက်မှတ်ထိုးရုံပဲမဟုတ်လား၊ တို့နဲ့မောင်ရဲ့ ဆက်ဆံရေးက ဘယ်လိုပုံစံနဲ့ ထူးထူးခြားခြားပြောင်းလဲသွားစရာရှိလို့လဲ"

"အဲလိုတော့ မပြောပါနဲ့ မမစိမ်း၊ အိမ်ထောင်ကျသွားပြီဆိုတာနဲ့ လူ့ပတ်ဝန်းကျင်မှာ ဘယ်လိုပဲဖြစ်ဖြစ် စည်းခြားသွားတာပါပဲ၊ မြခြူးနဲ့ကိုကို ဘယ်လိုပုံစံမျိုးနဲ့လက်ထပ်ထပ် အရင်ရည်းစားနဲ့သွားလာ ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်ပြုံးပျော်နေတာ အိမ်ထောင်ရေးဖောက်ပြန်တာနဲ့ အတူတူပဲမဟုတ်လား''

''ဩော် သဝန်တိုနေတာပါလား မြခြူးယံ''

ခနိုးခနဲ့ လှောင်ပြောင်သလိုမို့ မြခြူးယံ ခံရခက်သွားသည်။ မျက်ရည်တွေရစ်ဝဲပြီး နှုတ်ခမ်းလေးကိုက် အံကြိတ်နေတာကို စိမ်းသဇင်က ပြုံးကြည့်နေပြီး

''မင်းအသက်ငယ်ငယ်လေးနဲ့ အချစ်ဆိပ်တက်ပြီး ရောက်လာတာ အံ့သြစရာပဲ''

''ချီးကျူးနေတာလား အပုပ်ချနေတာလား မမစိမ်း၊ ဒါမှမဟုတ် ကိုကို့လိုပဲ မြခြူးကိုအထင်သေးနေတာလား''

''တို့ကိုမင်း တစ်ခုခုအထင်လွဲနေတယ်ထင်တယ်၊ တို့ကို မင်းဒီလိုမျိုး လာပြောနေလို့လည်း တို့နဲ့မောင်ရဲ့ ဆက်ဆံရေးက နောက်ဆုတ်စရာအကြောင်းမရှိဘူး''

''ဘာ''

''ဒေါသမဖြစ်ပါနဲ့၊ တို့ပြောတဲ့အဓိပ္ပာယ်က မောင်နဲ့တို့က ဘယ်တုန်းကမှ ရှေ့တိုးဖို့မစဉ်းစားကြတဲ့ ဆက်ဆံရေးလေ၊ မင်းမိုးရိမ်တဲ့ကိစ္စမျိုး ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ပါဘူး မြခြူးယံ၊ အရမ်းကိုချစ်ပြီး လက်ထပ်ပါ့မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ တွဲခဲ့ကြတာ မဟုတ်ပါဘူး။ ဒီအကြောင်းကိုသိလို့ မင်းလည်း တို့ကိုတစ်ခါလာပြီး မထိမဲ့မြင်နဲ့ ပေါက်ပြသေးတယ်မဟုတ်လား''

''ရှင် ဟုတ် ဟုတ်ကဲ့''

''ဒါဆို ဘာကိုစိုးရိမ်ပြီး လာသတိပေးနေတာလဲ မြခြူးယံ၊ တို့မင်းတို့အိမ်ထောင်ရေးကို စိတ်မဝင်စားဘူး။ ကိုယ့်အခြေအနေကိုယ်





ဂုဏ်ဒြပ်နဲ့ ရပ်တည်နေနိုင်တဲ့အတွက် မောင့်လိုပဲ တို့လည်း ဘယ်တုန်းကမှ အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိခဲ့ဘူး''

''ဒါပေမဲ့ အခုထိ မောင်လို့ သုံးနှုန်းနေတာကြီးက''

စိမ်းသဇင် ရယ်သည်။ လင်းရောင်နီအပေါ် ဒီကောင်မလေး ချစ်တတ်လွန်းတာတော့ လေးစားစရာပါ။ ဒါပေမဲ့ လင်းရောင်နီက အချစ်ကို ခံစားတတ်သူ မဟုတ်တာမို့ ဒီကောင်မလေးပင်ပန်းမှာကို သိကာ သနားစာနာမိသည်။

''တကယ်ချစ်လာရင် အဲလို သဝန်တိုတတ်ကြတာပဲ ထင်တယ်နော်၊ တို့က မောင် အဲ လင်းရောင်လိုပဲ အချစ်ကို လေးလေးနက်နက် မခံစားတတ်ဘူး။ တခြားသူကို ယုံကြည်အားကိုးတတ်သူမဟုတ်တဲ့အတွက် ကိုယ့်ဘဝကိုစတေးပြီး သူများကို ချစ်ဖို့မစဉ်းစားမိဘူး ပြောရမှာပေါ့၊ လင်းရောင်နဲ့တို့က နားလည်မှုတွေနဲ့ တစ်ယောက်ကိုတစ်ယောက် ဖေးမပြီးတွဲဖြစ်ကြတာပါ၊ အဲလောက်ရှင်းပြရင် မင်းစိတ်သက်သက်သာသာ နေနိုင်ပြီမဟုတ်လား''

''ရှင် ဟုတ် ဟုတ်ကဲ့''

''မင်း အချစ်တကယ် စစ်မှန်ခဲ့ရင် တစ်နေ့နေ့ မင်းအချစ်ကို လင်းရောင်တုံ့ပြန်လာပါလိမ့်မယ်၊ ဒီကြားထဲမှာတော့ မင်းသည်းခံနိုင်အောင် ကြိုးစားပေါ့၊ တို့လည်း လင်းရောင်ကိုဖျောင်းဖျပေးပါမယ်''

''ကျေး ကျေးဇူးတင်ပါတယ် မမစိမ်း၊ မြခြူး အထင်လွဲမိသွားတာ တောင်းပန်ပါတယ်''

''ဟင့်အင်း တောင်းပန်စရာမလိုပါဘူး၊ တကယ်ချစ်လာရင်တော့ ဒီလိုမျိုး သဝန်တိုတတ်ကြမှာပဲလေ၊ တို့နားလည်ပါတယ်၊ ဒါပေမဲ့ လင်းရောင် နားလည်လာဖို့အတွက် အချိန်ကြာကြာစောင့်ရမယ်ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



လင်းရောင်အစွဲက ငယ်ငယ်တည်းကဆိုတော့ ကြီးမားတယ်လေ၊ သူ့အဖေက မိန်းမငယ်ငယ်ယူလိုက်လို့ သူ့အမေလည်းသေ သူလည်းနာကြည်းမှုဒဏ်ရာတွေရခဲ့တာဆိုတော့''

မြရှူးယံ နားလည်စွာပဲ ခေါင်းညိတ်ပြလိုက်ရသည်။ ဒီနားလည်မှုလေးရှိနေလို့လည်း အရာရာသည်းခံအရှုံးပေးဖို့ စဉ်းစားနေရတာပါ။ မဟုတ်ရင်တော့ သူမရဲ့ဥပေက္ခာတွေကို ရင်ဆိုင်နိုင်တော့မှာ မဟုတ်ပေ။

ပိုပြီးချစ်မိလာလေ ပိုပြီးခံစားရလေပဲမဟုတ်ပါလား။ အခု မမစိမ်းဆီက ပြန်လာချိန်မှာ နည်းနည်းစိတ်သက်သာသလိုရှိလာခဲ့ပြီး ကိုကိုကို ခွင့်လွှတ်နားလည်ပေးနိုင်ဖို့ ထပ်ပြီးကြိုးစားရပေလိမ့်ဦးမည်။

ကိုကိုရေ အမြဲတမ်းပဲ ချစ်နေခွင့်ရချင်ပါတယ်. . .။

■ ■ ■

## အခန်း (၃၇)

''ရုံးကအပြန်တွေ့ရအောင်ဆိုလို့ လာစောင့်နေတာ၊ ဘာတွေအရေးကြီးကိစ္စရှိလို့လဲ စိမ်း''

''ကန်တော်ကြီးမှာ လေညင်းသွားခံရင်းနဲ့ ပြောရအောင်ဟာ၊ နင့်ကားနဲ့ပဲ ငါလိုက်တော့မယ်''

''ဒါဆို ကားပေါ်တက်လေ''

''အေး နင်ကားကိုအရမ်းကြီးမမောင်းနဲ့နော်''

မောင်ဆိုသော နာမ်စားပျောက်သွားပြီး နင်တွေငါတွေ သုံးနှုန်းနေတာ ချက်ချင်းသတိထားမိလိုက်၏။ ပြီးခဲ့တဲ့ရက်တွေကတောင် မောင်ဆိုသော နာမ်စားက အကျင့်ပါနေတာမို့ တော်တော်နှင့်ပျောက်ဖျက်လို့ရသေးမှာမဟုတ်ဘူးလို့ ပြောခဲ့သော စိမ်းက ဘယ်လိုဖြစ်ပြီး ချက်ချင်းဆိုသလို ပြောင်းလဲသွားခဲ့တာပါလိမ့်။ ဒါပေမဲ့ မေးခွန်းမထုတ်ဖြစ်သေးဘဲ ကားလေးကို လေကောင်းလေသန့်ရှူနိုင်လောက်မည့် ကန်ပေါင်ဆီ မောင်းလာခဲ့သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘာမှလည်းစားချင်စိတ်မရှိဘူးဆိုတာကြောင့် ကုက္ကိုပင်အောက်က နှစ်ယောက်ထိုင်ခုံတန်းလေးမှာပဲ တခြားအတွဲတွေလို အတူယှဉ်တွဲကာ ထိုင်ဖြစ်သည်။

"ခဏလေးနော် ကိုယ် ကော်ဖီသွားဝယ်လိုက်မယ်"

တားချိန်မရလိုက်တဲ့ ကျောဘက်မှာရှိသောဆိုင်ကို လင်းရောင်နီ အပြေးလေး ထွက်သွားသည်။ ပြန်လာတော့ တစ်ခါသုံးကော်ဖီခွက်လေး နှစ်ခွက် လက်ထဲမှာကိုင်လာ၏။

"ရော့ စိမ်း တစ်ခွက်သောက်"

ကမ်းပေးသော ကော်ဖီခွက်ကို လက်လှမ်းယူရင်း ညစ်သိုးသိုး လေညင်းရန့်ကြောင့် နှာခေါင်းလေးရှုံ့လိုက်မိ၏။

"ကန်တော်ကြီးက ရေတွေလည်း အရင်လို မသန့်တော့ဘူးနော်၊ လေညင်းခံချင်လို့ ရှူရှိုက်လိုက်ရတာ အနံ့တွေမကောင်းတော့ဘူး"

"အင်း ဟုတ်တယ် လူတွေက စည်းကမ်းမှုမရှိကြတော့တာ၊ ပျော်ပွဲစားထွက်ကြ၊ အနားယူကြတယ်ဆိုပြီး အစားအသောက်အကြွင်းအကျန်တွေကို ကန်ရေထဲလွှင့်ပစ်နေကြတော့ အနံ့အသက်တွေက ဘယ်သန့်ရှင်းပါတော့မလဲ"

"ရန်ကုန်မှာလည်း ဒီကန်တော်ကြီးပတ်ပတ်လည်တစ်ခုပဲ အပျော်လေညင်းခံ အနားယူလို့ကောင်းတာတစ်ခုပဲ ရှိတယ်နော်၊ ကျန်တာက ငွေကြေးတတ်နိုင်တဲ့သူတွေအတွက်ပဲ အဆင်ပြေတာ"

"စိမ်း တစ်ခါမှ ကန်တော်ကြီးနဲ့ပတ်သက်ပြီး ဝေဖန်ဖူးတာ မရှိပါဘူး၊ အခု ဘာအကြောင်းပြောချင်လို့များ"

"ဪ ဒီကန်တော်ကြီးထဲကရေတွေကို စည်းကမ်းရှိရှိနဲ့ ကိုယ့်အသိစိတ်နဲ့ကိုယ် သန့်ရှင်းအောင်လုပ်ကြမယ်ဆိုရင် ကိုယ်ရှူလိုက်တဲ့လေ



က သန့်ရှင်းမှုကို ပြန်ရနိုင်တာပေါ့၊ အခုတော့ ကိုယ်ပြုတဲ့အကျိုးတရားအတိုင်း အနံ့အသက်တွေက ကောင်းမှုမကောင်းတာ၊ ဘယ်လိုအကြောင်းအရာပဲဖြစ်ဖြစ် ဒီအတိုင်းပဲ ဖြစ်လိမ့်မယ်ထင်တယ်"

"စိမ်း"

ပြောချင်တာကို တဲ့တိုးမပြောဘဲ သွယ်ဝိုက်နေသောစိမ်းကို သူ သိပ်စိတ်မရှည်ချင်ပေ။ စိမ်းက ဒါကို သဘောပေါက်ကာ သူ့ဘက်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး

"နေ့လယ်က ရုံးကို မြခြူးယံ လာသွားတယ်"

"ဘာ သူကဘာလို့"

"စိမ်းကိုလာတွေ့တာ၊ သူ အရဲစွန့်ပြီးလာခဲ့ရတယ်ဆိုတာ စိမ်းသိပါတယ်"

"ဘာတွေပြောသွားတာလဲ"

"သူနင်နဲ့လက်ထပ်ပြီးပြီတဲ့"

"ဟ အဲဒီအကြောင်း သူတကူးတက လာပြောမှ စိမ်းက သိရမှာလား၊ ဘာပြန်ပြောလိုက်လဲ စိမ်း"

"သိတယ်လို့ ပြောလိုက်တာပေါ့"

"အဲဒီတော့"

"သူ နင့်ကိုချစ်လို့သဝန်တိုနေတာ၊ ငါနဲ့အခုထိ ပတ်သက်နေတာကို သူ မခံစားနိုင်ဘူးထင်ပါတယ်"

"မပတ်သက်ဖို့လာပြောတာပေါ့၊ တောက် အဲဒါသူနဲ့ဘာဆိုင်လဲ အဲလိုဖယားတွေကြောင့် ငါ အိမ်ထောင်မပြုချင်တာ၊ လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို အဲဒီထောင်ချောက်ကြီးနဲ့ ဖမ်းအုပ်ထားချင်တဲ့ ရာဇဝင်ကြီးက ဘယ်သူထားခဲ့တာလဲ၊ တောက် ငါ ဒီလောက်ပြောထားရဲ့သားနဲ့တောင်

www.burmeseclassic.com



မြခြူးယံ ရောင့်တက်နေတာ အပြန်ကျရင် ငါနဲ့တွေ့မယ်''

မောင်ဆိုသည့် နာမ်စားပျောက်သွားတာလည်း မြခြူးယံကြောင့် ဖြစ်ရမည်လို့ တွေးမိလိုက်တာကြောင့် ဒေါ်သက ဘယ်လိုမှ ထိန်းချုပ် မရပေ။ အရင်ကလည်း စိမ်းသဖင် ခေါင်ခေါ်တာကို အထူးတလည် သာယာတတ်ခဲ့တာမျိုး မဟုတ်ပေမယ့် မြခြူးယံကြောင့် ထိန်းချုပ်လိုက်ရ တာကို အဖြစ်မခံချင်ပေ။

စိမ်းက သူ့ဒေါ်သကို ဖျောင်းဖျချင်သလို ပခုံးကိုဖတ်ခနဲ ပုတ်လိုက်ပြီး

''နင်က ဘာဖြစ်တာလဲ၊ အဲဒါ ဂုဏ်ယူရမှာ''

''ဘာ''

''နင့်ကိုသူချစ်လို့ သဝန်တိုတာလေ၊ အိမ်ထောင်တစ်ခုမှာ အဲလို ဝန်တိုမှုလေးတွေနဲ့ သံယောဇဉ်ကြိုး ချည်နှောင်ရတာ''

''သွားစမ်းပါ အပိုတွေ၊ တစ်ခုလောက်မေးကြည့်ဦးမယ်၊ မောင် ဆိုတဲ့နာမ်စားပျောက်သွားတာရော မြခြူးယံကြောင့်လား''

''အဟင်း သူသဝန်တိုတတ်တာလေးက ချစ်စရာလေးပါ အေးလေ ဟုတ်မှာပါပဲ၊ ငါက သူနဲ့နင် လက်ထပ်ပြီးတာတောင် မောင်လို့ ခေါ်နေသေးတာက သူ ဘယ်ခံစားနိုင်မှာလဲ၊ သွားတာလာတာကလည်း အရင်အတိုင်းပဲဖြစ်နေတော့ သူ အထင်လွဲမယ်ဆိုလည်း လွဲလောက်စရာ ပဲလေ၊ တကယ်ဆို ငါ့ဘက်က စည်းခြားသွားပြီဆိုပြီး အလိုက်တသိနဲ့ ဆင်ခြင်လိုက်ရမှာ''

လင်းရောင်နီ ခေါင်းတခါခါနှင့် တက်ခေါက်သည်။ လက်ထဲမှာ ကိုင်ထားသော ကော်ဖီခွက်ကို မသောက်ဖြစ်ဘဲ ရေကန်ထဲကိုပစ်ပေါက် မလိုလုပ်ပြီးမှ ခပ်ဝေးဝေးကို လွှင့်ပစ်ကာ





''ငါ့ကိုအချုပ်တွေနဲ့ လာမနှောယ်ဖို့ ပြောထားပြီးသား၊ ငါနဲ့ပတ် သက်သမျှတွေက သူနဲ့မသက်ဆိုင်ဘူး၊ သူ့ကိုလည်း ငါနဲ့လက်ထပ်ထား တာဆိုပြီး ဘာမှချုပ်ထားတာမရှိဘူး၊ သူ့သဘောနဲ့သူ သူနေချင်သလို နေခိုင်းထားတယ်''

''မိန်းကလေးတွေက ယောက်ျားတွေလောက် မပြတ်သားနိုင် ကြဘူး၊ လျစ်လျူမရှုနိုင်ကြဘူး လင်းရောင်၊ အားနွဲ့တဲ့မိန်းမသားဆိုတဲ့ အတိုင်း အရာရာပျော့ညံ့ပြီးသားတွေပါ၊ နင့်အနေနဲ့က မချစ်လို့ပြတ်သား နိုင်ပေမယ့် သူက နင့်ကိုချစ်နေတဲ့သူလေ၊ သူ သဝန်တိုမယ်၊ ခံစားမယ်၊ နာကျင်မယ်၊ နင့်ရဲ့ဥပေက္ခာတွေကိုလည်း သူ ဝမ်းနည်းမှာပဲ၊ နင့်ဒဏ်ရာ ကြီးမားခဲ့တာကို နားလည်လို့ သူ ငိုချင်မှတော့ ငိုမှာပေါ့ ဒါပေမဲ့''

''နင်ဘာလို့ သူ့ဘက်က ရပ်တည်နေတာလဲစိမ်းရယ်၊ ဒီအချိန် မှာ နင်လည်း သူ့ကြောင့် ငါနဲ့ဝေးရလို့ နာကျင်နေရမှာမဟုတ်ဘူးလား''

''ငါမှ သူ့လောက်နင့်ကိုမချစ်တာ''

''စိမ်း''

စိမ်းရဲ့ဝန်ခံမှုက သူ့ရင်ကို ခပ်စူးစူးလေးကျဉ်ရှစေ၏။ ဝမ်းမ နည်းသော်လည်း အချစ်ကို အလေးအနက်မကိုးကွယ်တတ်ကြတာ အတူ တူပဲဟု သိလိုက်ရသည်။ အခုတော့ မြခြူးယံဆီကအချစ်ကို တဖြည်း ဖြည်း သင်ယူရတော့မည်လား။

''လင်းရောင်''

''ဟင်''

''နင် ဘာတွေတွေးနေတာလဲ''

''မြခြူးယံကို ဒေါသဖြစ်နေတာ''

''နင်ဘယ်တော့လောက် သူ့ကိုချစ်ဖို့ စိတ်ကူးလဲ''



www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်လုံးမုန်းသွားမယ်လို့ သန္နိဋ္ဌာန်ချထားတယ်"

"ငါကတော့ နင် တစ်နေ့နေ့ သူ့ကိုချစ်လာလိမ့်မယ်လို့ အာမခံလိုက်တယ်"

"ဘာ စိမ်း နင်ဘာတွေလျှောက်ပြောလိုက်တာလဲ၊ ငါ ဘယ်တော့မှ"

"သူက ငယ်ပါသေးတယ်၊ ဒါပေမဲ့ ငါတို့ သူ့လောက်အချစ်ကို မသိကြဘူး၊ ဘယ်လောက်တန်ဖိုးရှိမှန်း အလေးအနက် မခံစားတတ်ကြဘူး"

"ခံစားနေရင် ပင်ပန်းမှာပေါ့၊ အဲလိုမပင်ပန်းအောင်လို့ တမင်တကာ အလေ့အကျင့်လုပ်ထားရတာ"

"အင်း ဟုတ်တယ် ငါတို့ အဲလိုပင်ပန်းမှာစိုးလို့ မချစ်တတ်အောင် မချစ်မိအောင် ကိုယ့်ကိုယ်ကို ဟန်ဆောင်ထိန်းချုပ်ပြီးတော့နေခဲ့ကြတယ်၊ ဒါပေမဲ့ မြခြူးယံကတော့ အဲလိုမဟုတ်ဘူး၊ နင့်ကိုအပင်ပန်းခံပြီးတော့တောင် ချစ်နေခဲ့တာ၊ နင့်ရဲ့ဥပေက္ခာတွေ အမုန်းတွေ ငြိုငြင်မှုတွေ ရက်စက်မှုတွေအတွက် သူ သေလောက်အောင် ခံစားနေရပေမယ့် အဲဒါကို သူ ကျေနပ်နေတာကိုက ဘယ်လောက်တောင် အံ့ဩစရာ လေးစားစရာကောင်းလိုက်သလဲ"

"နင်ရူးသွားပြီပဲ စိမ်း"

တိုးတိုးတိတ်တိတ်စွာ အံကြိတ်ပြောလိုက်တော့ စိမ်း နှုတ်ခမ်းလေးမဲ့ကာ ပြုံး၏။ ကော်ဖီခွက်လေးကိုကုန်အောင် မော့ပြီး တစ်ခါသုံးခွက်အခွံလေးကို ကြွပ်ကြွပ်အိတ်လေးနှင့်ထည့်၍ ဆလင်းဘတ်ကြီးကိုင်းလေးမှာ သေချာ ချည်နှောင်လိုက်သည်။

"အမှိုက်ကို အမှိုက်ပစ်ရမယ့်နေရာမှာပဲ ပစ်တော့မယ်၊ ရောက်





ဲကို စည်းကမ်းမရှိပစ်မိရင် အဲဒီရဲ့မကောင်းသော... ရှိက်ရမှာလေ"

"ဒဿနတွေ ရေရွတ်ပြလည်း နင့်ကဗျာတွေ ... မ်းရယ်၊ အချစ်ကို နားလည်ချင်ယောင်မဆောင်ပါနဲ့ မြခြူးယံ ... ယောင်းတာကို ငါတော့ ရင်မခုန်ဘူး"

"အဲဒါ နင့်သဘောပါ၊ လွမ်းလောက်စရာ နာကျင်မှုတွေနဲ့ ... င်ဘယ်တော့မှ မကျန်ရစ်ခဲ့ပါစေနဲ့လို့ ငါဆုတောင်းတယ်၊ အချစ်နဲ့ဝေး ... တဲ့အခါ ဝေဒနာဗရပွနဲ့ နင် နောင်တရတော့မှာ ငါ မြင်ယောင်နေတယ် ... သင်းရောင်၊ အချစ်က ကဗျာတစ်ပုဒ်ပန်းတစ်ပွင့်မဟုတ်ခဲ့ရင်တောင် ... ညှံ့သိမ်မွေ့တဲ့ခွန်အားတစ်ခုဆိုတာ ငါတော့ ... ခံလိုက်ပြီ၊ တစ်သက် ... လုံး အတူတူနေဖို့ မိသားစုဘဝတွေကို မွေးဖွားပေးတဲ့စွမ်းအားတွေရှိ ... တယ်၊ မချစ်ခဲ့ရင် ဘယ်သူက အဲဒီဒုက္ခတွေကိုခံမှာလဲ၊ မြခြူးယံကိုမုန်း ... နေဖို့ထက် အခုချိန်ကစပြီး နင် မလွမ်းတတ်...အောင် လေ့ကျင့်တော့ ... သင်းရောင်"

ကျိန်စာတစ်ခုကိုကြားလိုက်ရသလို ရင်မှာလှိုင်းထန်လျက် တုန် ... ခါသွား၏။ ဒါဟာ မြခြူးယံရဲ့စွက်ဖက်မှုတွေအတွက် ဒေါသဖြင့်ပေါက်ကွဲ ... ချင်နေတာပဲဖြစ်မှာပါ။

"ပြန်ရအောင် စိမ်း"

"အေးလေ ပြန်ကြတာပေါ့"

စောပါသေးတယ် ခဏနေရ...ဟု အရင်လိုမတားမိ၊ မှောင် ... သင့်ကာ စိုးရိမ်နေသည့် မြခြူးယံရဲ့သဝန်တိုမှုတွေကို စာနာမိသည်၊ ... သင်းရောင် အိမ်ပြန်နောက်ကျလျှင် ဘယ်သူနဲ့ဘယ်မှာရှိနေမလဲနဲ့ ... နာကျင်နေရှာမှာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး"

"စိမ်း"

ခုံတန်းလေးက ထရပ်ပြီး ကျောက်တုံးကိုကျော်လိုက်စဉ်မှာ ဒေါက်မြင့်ဖိနပ်ကြောင့် လူကယိမ်းယိုင်ချော်ကျသွားသော်လည်း လင်းရောင်နီ ပွေ့ဖက်ဖမ်းထိန်းထားလိုက်၍ သက်သာရာရသွားသည်။ ဒါပေမဲ့လည်း တိုက်ဆိုင်စွာ အနားကိုရောက်လာသော သက်တင်ရဲ့ဒေါသသံက သူမတို့နှစ်ယောက်ကို တုန်လှုပ်သွားစေကာ

"လင်းရောင် မင်းကွာ"

"ဟာ သက်တင်"

"ကိုသက်တင်"

"မင်းတို့သိပ်ကိုကြည်နူးနေကြတယ်ပေါ့၊ ငါ့ညီမနဲ့လက်ထပ်ပြီးတာတောင် မင်းနဲ့စိမ်းက တွဲနေကြတုန်းပဲလား"

"ဟင် မ မဟုတ်ဘူး ကိုသက်တင် စိမ်းတို့က"

"ဒီလိုနေရာမှာ ဒီလိုပုံစံနဲ့နှစ်ယောက်တွဲတွေ့တာတောင် ဘယ်လိုဆင်ခြေပေး ဖုံးကွယ်ချင်သေးလို့လဲ၊ ငါ့ညီမနဲ့လင်းရောင် လက်ထပ်ပြီးတာ မသိလို့များလား စိမ်း"

"ကိုသက်တင် စိမ်း ရှင်းပြမယ်"

"မရှင်းပြနဲ့ စိမ်း"

စိမ်းလက်ကိုဆွဲ၍ ဟန့်တားလိုက်တာကြောင့် လင်းရောင်နီကို သက်တင် မျက်ထောက်နီဖြင့် ကြည့်ပစ်လိုက်သည်။

"လင်းရောင် မင်းက ဘာသဘောလဲ"

"မင်းမြင်တဲ့အတိုင်းပဲ၊ အရင်တည်းက ငါ ဒီလိုနေတတ်တာ မင်းမသိဘူးလား၊ အချစ်ဖယားတွေမကြိုက်လို့ လမ်းကြောင်းတွေရှင်းပြီး





ငါတစ်ယောက်တည်းနေခဲ့တာ၊ မင်းလည်း ဒီအတိုင်းပါပဲ၊ အခုမှ မင်းညီမနဲ့ပတ်သက်ပြီး ငါ့အကြောင်းအရာတွေကို ဖွက်ဖက်တာ မမိုက်ဘူးထင်တယ်"

"လင်းရောင် မင်း ငါ့ကိုဒီစကားမျိုးပြောထွက်သလား၊ မင်းအိမ်ထောင်သည်ဖြစ်နေပြီဆိုတာ မေ့နေပြီလား"

"ဘယ်တော့မှ သတိမရအောင် ငါနေမှာ သက်တင်၊ ငါလိုလိုချင်ချင် လက်ထပ်ယူခဲ့ရတဲ့ အိမ်ထောင်ရေးမဟုတ်ဘူးဆိုတာ မင်းအသိဆုံးဖြစ်မှာပါ၊ မင်းကိုသူငယ်ချင်းအရင်းကြီးဆိုပြီး ထောက်ထားမှုမရှိခဲ့ရင် မင်းအမေကို ငါ့အမေနေရာကနေ ကိုယ်ချင်းစာတရားသာ မရှိခဲ့ဘူးဆိုရင် အခုလိုမျိုး မင်းညီမနဲ့ တစ်မိုးအောက်မှာ အတူနေဖြစ်မှာမဟုတ်ဘူး"

"လင်းရောင်"

စိမ်းက ဟန့်တားသလို ခေါ်လိုက်ပေမယ့် သွေးဆူနေသလိုဖြစ်နေသော လင်းရောင်နီက သက်တင်ကို ရင်ထဲရှိတာတွေ ပေါက်ကွဲချင်သလို ဖြစ်ကာ

"ငါ့ကိုယုတ်မာရိုင်းစိုင်းတဲ့သူဖြစ်အောင် လာမဆွနဲ့ သက်တင်၊ နှောင်ဖွဲ့ချုပ်ကိုင်မှုတွေကို ငါ အရမ်းမုန်းတယ်၊ မင်းညီမကို ငါတစ်သက်လုံးပေါင်းပါမယ်လို့ ငါ အာမခံထားတာမဟုတ်ဘူး"

"လင်းရောင် မင်း တောက်"

"ဟယ် လင်းရောင်ရယ် တော်ပါ၊ ကိုသက်တင် စိမ်းတောင်းပန်ပါတယ်၊ စိတ်လိုက်မာန်ပါတွေ မဖြစ်ကြပါနဲ့၊ ဆွေမျိုးတော်နေကြပြီးစွာခြေပါလက်ပါတွေ မကောင်းပါဘူး"

"မဟုတ်ဘူး စိမ်း၊ ဒီကောင်နှမသားချင်းမရှိသလို မေတ္တာစိတ်မရှိပြောနေတာ အရမ်းမိုက်ရိုင်းလွန်းတယ်၊ မြခြူးယံရဲ့အစ်ကိုဘာစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အနေနဲ့ ငါ့ဘက်ကလည်း စဉ်းစားကြည့်ပါဦး''

''စိမ်း နားလည်ပါတယ်၊ လင်းရောင်စိတ်ကိုလည်း ကိုသက်တင် နားလည်ပေးလိုက်ပါ၊ အရင်တည်းက ပေါင်းသင်းလာခဲ့တဲ့ သူငယ်ချင်းတွေမဟုတ်လား၊ တစ်ယောက်အကြောင်းလည်း တစ်ယောက်သိနေကြတဲ့ဟာကို၊ ကိုသက်တင်က စိတ်လျှော့လိုက်ပါနော်''

စိမ်းရဲ့တောင်းပန်တိုးလျှိုးမှုများကြောင့် ထိုးကြိတ်ဖို့ မြှောက်တင်ထားသောလက်တွေကို ပြန်ချလိုက်ရသည်။ ကိုယ့်ဘက်က ဆိုးရွားစွာပေါက်ကွဲမိလျှင် ညီမလေးပဲ စိတ်ဆင်းရဲရနိုင်သည်မဟုတ်လား။

အခုလည်း လင်းရောင်နီရဲ့ပြုမူဆက်ဆံရေးတွေကြောင့် ညီမလေး ဘယ်လောက်တောင် စိတ်ဆင်းရဲနေရရှာမလဲ။ ဖုန်းဆက်ကြည့်တိုင်း အဆင်ပြေပါတယ်လို့ချည်း ပြောနေတာကြောင့် မျက်နှာပူပူနှင့် သွားမတွေ့ခဲ့သောအချိန်ကာလတွေအတွင်းမှာ ညီမလေး စိတ်သောကတွေ ဖိစီးနေရှာသလား။

လင်းရောင်နီက အိမ်မှာ ညီမလေးကိုဘယ်လိုများ ချေးသိပ်နေသလဲ၊ အခြေအနေသိရအောင် သွားကြည့်ဦးမှတော့ ဖြစ်မည်။

တကယ်စိတ်ပင်ပန်းနေခဲ့သည်ဆိုလျှင်တော့ . . . ။

■ ■ ■

## အခန်း (၃၈)

''မြခြူးယံ''

''ရှင် လာပြီ ကိုကို''

ညြေ့ခန်းထဲကနေ ကျယ်လောင်သောခေါ်သံကြောင့် ရေချိုးပြီးစမှာ အဝတ်အစားပင် မဝတ်နိုင်သေးဘဲ ရင်လျားထားလျက်မှ ပခုံးပေါ်သဘက်စောင်လေးလွှားတင်၍ ပြေးထွက်ခဲ့ရသည်။

''ဟင်''

ခေါင်းလျှော်ပြီးစ ဆံနွယ်တွေ ရေမခြောက်တခြောက်နှင့် ကပိုကရို ပြေးထွက်လာသော မြခြူးယံရဲ့ဝင်းဝါဖွေးနုနေသည့်အလှမှာ တအင်မင်တက်ငေးမောသွားမိသည်။ ဒါပေမဲ့ ချက်ချင်းဆိုသလို ခေါင်းကိုတစ်ချက်ခါပစ်လိုက်ရင်း

''မင်းနေ့လယ်က စိမ်းကို ရုံးမှာသွားတွေ့တယ်ဆို''

''ရှင်''

www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့လက်ထပ်ပြီးပါပြီဆိုပြီး မဏ္ဍပ်တိုင်တက်ပြတာကရော ဘာသဘောလဲ၊ မောင်လို့မခေါ်ပါနဲ့လို့ သဝန်တိုရမယ့်အခွင့်အရေးကိုရော ငါက နင့်ကိုပေးထားမိလို့လား"

"မမစိမ်းက ကိုကို့ကို တိုင်လိုက်တာလား၊ သွေးထိုးမြှောက်ပင့်ပေးလိုက်တာလား"

"သူကတော့ နင့်ရဲ့အချစ်ဒဿနတွေကို ရှုံ့နှမ်းပြီးပြောပြလိုက်ပါ၊ နင်က အရမ်းကိုချစ်တတ်လို့ လေးစားသင့်တယ်တဲ့လေ၊ ဟား ငါကတော့ စိမ်းလိုမျိုး နင့်အချစ်ကို တန်ဖိုးထားသင့်တယ်လို့ထင်မှာမဟုတ်ဘူး မြခြူးယံ၊ ငါ ရှုံ့နှမ်းလို့ ချစ်တတ်လာခဲ့ရင်လည်း ငါ ချစ်မယ့်သူက နင်မဟုတ်ဘူး၊ နင့်အချစ်ကို လေးစားပြနေတဲ့ စိမ်းဖြစ်ရင်ဖြစ် ဒါမှမဟုတ် တခြားတစ်ယောက်"

"ကိုကို"

"မုန်းနေပြီးသားလူတစ်ယောက်ကို ချစ်လာဖို့က ဒီဘဝအတွက်တော့ မလွယ်တော့ဘူးလေ၊ ငါဆိုတဲ့ကောင်က သတိလက်လွတ်အများတစ်ခုအပေါ် ယောက်ျားပီပီသသ တာဝန်ယူလိုက်တယ်ဆိုပေမယ့် အိမ်ထောင်ရေးဆိုတဲ့ ထောင်ချောက်ထဲကို နင် ဘယ်လိုမိန်းကလေးမှန်းသိသိကြီးနဲ့ တိုးဝင်မှာမဟုတ်ဘူး၊ အေး ပြောသာပြောနေရတာပါ၊ နင်ကဟိုအရင်တည်းက ငါဘယ်လောက် ပိုးစိုးပက်စက် အထင်သေးပြီးပြောပြော အရှက်အကြောက် အနာအကျင်မရှိတဲ့မိန်းကလေးဆိုတော့ မျက်နှာပြောင်ပြောင်နဲ့ တွယ်ကပ်နေဦးမယ်ဆိုတာ ငါသိပါတယ်"

စကားလုံးတွေက မြားအစင်းတွေလို စူးဝင်ကာ သေရာပါဒဏ်ရာဖြစ်အောင် အဆိပ်တွေတက်နေခဲ့သည်။ မျက်တောင်များမှာ ခိုသီးလာသော မျက်ရည်စက်တို့ကို မျက်တောင်များတို့ဖြင့် ပုတ်ခတ်သိမ်း





ဆည်းပြီး အံကြိတ်ထားလိုက်၏။ နှုတ်ခမ်းဖူးလေးကို ဖိကိုက်ထားမိသည့်မှာ စိမ့်ထွက်သလို ခံစားလိုက်ရသည်။ သိက္ခာတရားတို့အတွက် ဘာကွယ်ဖို့ အင်အားမဲ့လို့တော့မဖြစ်ပါ။ ကိုကို့ကိုခပ်စူးစူး စိမ်းဆတ်စွာ ကြည့်လျက် လက်ကိုအားနှင့်လွှဲမြှောက်လိုက်ပြီး

"နင်ကများ"

"အား အမလေး"

သူမလက်က ကိုကို့ပါးပေါ် မရောက်ခင် ကိုကို့ရဲ့ယောက်ျားအားနှင့်ဆောင့်တွန်းခြင်း ခံလိုက်ရသည့်အတွက် ဆိုဖာခုံစောင်းနှင့် ဆောင့်မိပြီး သူမခါးတစ်ခြမ်းလုံး နာကျင်အောင့်မျက်သွား၏။ ရင်ဘတ်ပေါ် လွှားထားသော သဘက်စောင်လေး အောက်ကို လျှောကျသွားတာတောင် ဖုံးပေါ်ပြန်ကောက်မတင်နိုင်ဘဲ မျက်နှာလေးရှုံ့မဲ့ညည်းညူမိသည်။

ထိုအချိန်မှာ ပြန်ပိတ်မထားခဲ့သော တံခါးဝကနေ အလုံးစုံမြင်လိုက်ဟန်ရှိသည့် ကိုကြီးရဲ့လက်သီးချက်များက ကိုကို့ရဲ့မျက်နှာပေါ်မှာ တရစပ်။

"မင်း မိုက်ရိုင်းလှချည်လား၊ ဟောဒါ လူမဆန်တဲ့အတွက် ဒါက ငါ့ညီမလေးရဲ့နာကျင်မှုအတွက်၊ ဒါက နှမချင်းမစာမနာ အနိုင်ကျင့်တဲ့အတွက်"

"ကိုကြီး ကိုကြီး တော်ပါတော့ မလုပ်ပါနဲ့ မထိုးပါနဲ့၊ ကိုကြီးမြခြူး တောင်းပန်ပါတယ်၊ ကိုကြီးရယ် မြခြူးကို သနားရင်တော်ပါတော့နော်"

"တောက်"

မြခြူးယံရဲ့ငိုယိုဆွဲရုန်းမှုကြောင့် ရပ်လိုက်ရပေမယ့်သက်တင်ဘစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လောက်အောင် ဒေါသတွေကြွ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်။

"လင်းရောင်နီ ငါ့ညီမလေးကို မင်းကိုယ်ထိလက်ရောက် နှိပ်စက်ညှင်းပမ်းနေလိမ့်မယ်လို့ ငါမထင်မိဘူးကွာ၊ ငါ တကယ်မထင်မိဘူး။ မင်းအဲလောက်တောင် ငါ့ညီမလေးကို မုန်းနေတာလား၊ ညီမလေးရယ် နင်ပြောတော့ အဆင်ပြေတယ်ဆို အခုတော့ဟာ"

"ကို ကိုကြီး အဲလိုမဟုတ်ပါဘူး"

"တော်ပြီ မျက်မြင်ကိုယ်တွေ့မြင်နေတာတောင် နင် ဘာတွေ ထပ်လိမ်ချင်သေးလို့လဲ၊ လင်းရောင်နီ ငါ့ညီမကို အဲလောက်မုန်းနေတယ်ဆိုရင် ငါ ပြန်ခေါ်သွားပါမယ်"

"ဟင်"

"စိမ်းနဲ့မင်းကို ကန်တော်ကြီးထဲမှာတွေ့လိုက်တည်းက အခြေအနေကို စိတ်မချလို့ ငါလိုက်လာခဲ့တာ၊ မင်းအတွက် ငါ့ညီမလေးက အရှုပ်ထုပ်ဖြစ်နေခဲ့တာ ငါ စိတ်မကောင်းပါဘူး၊ လာ ညီမလေး သွားရအောင်"

"ကို ကိုကြီး အဲလိုလုပ်စရာမလိုပါဘူး၊ ဟို အဆင်ပြေသွားမှာပါ ကိုကြီးရယ်"

"တော်ပြီ ညီမလေး ကိုကြီး ဘာမှမကြားချင်တော့ဘူး၊ ညီမလေး ဒီလိုဖြစ်နေတာ အစ်ကိုတစ်ယောက်ရင်ထဲ ဝင်ကြည့်စမ်းပါဦး။ ဒီရင်ဘတ်ထဲမှာ မီးလိုပူလောင်နေတယ်၊ ဒီအချိန်မှာ လူသတ်မှုလည်း ဝန်မလေးတော့ဘူး။ နင် ငါ့ကိုလူသတ်ပြီး ထောင်ထဲဝင်တာ မြင်ချင်လို့လား"

"ကိုကြီးရယ်"

မြခြူးယ်ကို မေ့မသွားပါနဲ့လို့ တားပါလား ကိုကိုရယ်။ ငါ





မှားသွားပါတယ် တောင်းပန်ပါတယ်လို့ ဖြေသိမ့်ပေးပါလား ကိုကိုရယ်။

ဘာလို့ ဒီအတိုင်းပဲ ရပ်ကြည့်နေတာလဲ၊ ကိုကြီး ခွဲခေါ်ရာနောက် တွန့်ဆုတ်ရုန်းကန်ရင်း ကိုကို့ကို အားကိုးတကြီး လှည့်ပြန်ကြည့်နေတာ ကိုကို ဘာလို့မသနားတာလဲ။

မြခြူး မျက်ရည်တွေကို ဥပေက္ခာပြုရက်တာ မြခြူး ရင်နာရပါတယ် ကိုကို။ မြခြူးကို မမြင်ရရင် ကိုကိုကတော့ ဝမ်းသာနေမှာပါ။ ငါ့အနားမှာ အရှုပ်ထုပ်မရှိတော့ဘူးဆိုပြီး အောင်ပွဲများခံနေဦးမှာလား။

ရက်စက်လိုက်တာ ကိုကိုရယ်. . ။ ရက်စက်လိုက်တာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"ခင်ဗျား အရမ်းရက်စက်တတ်တဲ့လူ၊ သိပ်ရက်စက်တဲ့လူ၊ မြခြူးက ခင်ဗျားကြီးကိုချစ်လို့ သူ့ အဆုံးရှုံးခံလိုက်တာတွေ အများကြီး ဗျ၊ အဲဒါ ခင်ဗျားသိလား"

ဘလိုင်းကြီးလာပေါက်နေသော ကောင်လေးကို လင်းရောင်နီ ခပ်ချဉ်ချဉ်နှင့် မျက်ခုံးပင့်ကြည့်လိုက်သည်။ ညတုန်းက မြခြူးယံ့ကို သက်တင်လာခေါ်သွားပြီးချိန်မှာ သူ့စိတ်ထဲ မြခြူးယံကို မမြင်ရလို့ပေါ့ပါး မည်ထင်ခဲ့တာ။ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်မိမယ်လို့ ထင်ခဲ့တာ။

ဒါပေမဲ့ ပျော်ရွှင်မှု လွတ်လပ်မှုဆိုတာ ရှာမတွေ့ဘဲ ဘာလို့မှန်း မသိ နာကျင်သလိုလိုနှင့် ဝေဒနာတစ်ခုဖြစ်နေခဲ့သည်။ သက်တင်ထိုး ခဲ့သော ပါးပြင်ကလားဟု မရေမရာ စမ်းကြည့်တော့လည်းမဟုတ်။

သက်တင်ရဲ့စွပ်စွဲမှုတွေကို နာကြည်းမိတာကြောင့်လားဆိုပြီး အဖြေရှာစမ်းစစ်ကြည့်လို့မရ။



စိတ်ရှုပေါက်ပေါက်ရှိကာ တစ်ညလုံး အိပ်မရသော ကြောင် တောင်တောင်များနှင့်ပင် အပြင်ကို ထွက်လာပြီး လက်ဖက်ရည်ဆိုင် သွားဖို့အလာမှာ မြခြူးယံရဲ့သူငယ်ချင်းသုံးယောက်က သူ့ရှေ့ကနေ ပိတ်ရပ်နေကြသည်။

စိတ်ထဲမကြည်မလင်ဖြစ်နေတာမို့ ကောင်လေးရဲ့ အင်္ကျီရင် ဘတ်စကိုမြှောက်တက်သွားအောင် ဆောင့်ဆွဲပစ်လိုက်ပြီး

"မင်းကဘာလဲ မြခြူးယံရဲ့ရည်းစားလား"

"သူသာ ကျုပ်ကိုကြိုက်ခဲ့ရင် ခင်ဗျားလိုလူမျိုးနဲ့ လက်ထပ်ရ မယ့်အဖြစ်မျိုး ရောက်ပါ့မလား၊ သူ့ကို မိသားဖသားပီပီ အဆင့်အတန်း ရှိရှိ တခမ်းတနား ထည်ထည်ဝါဝါ လက်ထပ်ယူမှာဗျ နားလည်လား"

"ဟုတ်တယ် ကျွန်မတို့သူငယ်ချင်းက ရှင့်လို တစ်ဖက်စွန်း ရောက် အတ္တကြီးတဲ့သူကြောင့် အထင်သေးခံရတဲ့ဘဝရောက်နေတာ၊ ရှင့်လိုလူမျိုးကို ချစ်မိတဲ့အတွက် သူ့ဘဝမှာအရှုံးကြီးပဲ"

"နေပါဦး သူ ရှုံးနေတယ်ချည်းပြောရအောင် ငါက ဘာတွေ လုပ်နေလို့လဲ၊ ငါ့ဘဝကိုပဲ အိမ်ထောင်ရေးထောင်ချောက်ထဲ ရောက် အောင် အမိဖမ်းခဲ့တာ"

"မိန်းကလေးတစ်ယောက်ရဲ့အမိဖမ်းခံရအောင် ရှင်က အရမ်း ကို အ,ပြီး ညံ့နေခဲ့တဲ့လူကိုး၊ ဒီလိုဖြစ်သွားရတဲ့အကြောင်းအရင်းက ရှင့်ကြောင့်လား၊ မြခြူးယံကြောင့်လား ဆိုတာ ဟိုတယ်ဝန်ထမ်းကောင် လေးကို ရှင်သေသေချာချာ မေးကြည့်သင့်တယ်"

"ဘာ"

ဆတ်ခနဲ အော်လိုက်မိရင်း သုံးယောက်လုံးကို မျက်မှောင်ကြုတ် ၍ ကြည့်ပစ်လိုက်သည်။ ဘယ်လောက်သိထားလို့ သူ့ကိုဒိုင်းပြီး တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်နေကြတာလဲ၊

"မင်းတို့နဲ့ငါ ဘာမှပြောစရာအကြောင်းမရှိဘူး၊ မင်းတို့ပြောတာတွေကိုလည်း အချိန်ပေးပြီး နားမထောင်နိုင်ဘူး ရှေ့ကဖယ်ကြ"

"မဖယ်နိုင်ဘူး၊ ဒီနေ့ ကျုပ်တို့ပြောတာကို ခင်ဗျား ဆုံးအောင် နားထောင်သွား၊ ပြောချင်လို့ကို တမင်လာစောင့်နေကြတာ"

"ညတုန်းက ရှင့်ဆီကနေ သူ့အစ်ကို ဆွဲခေါ်လာပြီးတည်းက မြခြူးတစ်ညလုံး ငိုနေခဲ့တာ၊ ဘယ်လိုမှ ဖျောင်းဖျချော့မော့မရလို့ ကျွန်မတို့သုံးယောက်လုံးကို မြခြူးကို နှစ်သိမ့်ပေးပါဆိုပြီး သူ့အစ်ကိုလှမ်းခေါ်တယ်"

"အဲဒါ ညည်းတို့ကိစ္စလေ ငါ့ကိစ္စမှမဟုတ်တာ၊ ငါ့ကိုဘာလို့ လာပြောနေကြတာလဲ"

"မြခြူး အခုလိုဖြစ်တာ ရှင့်ကိစ္စမဟုတ်လို့ ဘယ်သူ့ကိစ္စဖြစ်နေမှာလဲ၊ မြခြူးက ရှင် မငြိုငြင်အောင်ဆိုပြီး ငွေရော အချိန်တွေ ခွန်အားတွေ ရင်းနှီးထားရတဲ့ သီချင်းဆိုတဲ့အလုပ်ကိုလည်း စွန့်လွှတ်လိုက်တယ် ပညာရေးကိုလည်း စွန့်လွှတ်လိုက်တယ်၊ ကျောင်းဆက်မတက်တော့တာ ရှင်သိလား"

"ဘာ"

မိုးလင်းတာနှင့်အိမ်ကထွက် မိုးချုပ်ညဥ့်နက်မှ အိမ်ပြန်လာတာမို့ သူမကျောင်းတက်လား မတက်လား သီချင်းဆိုဖို့လမ်းကြောင်းတွေ ဆက်လုပ်နေလား မလုပ်လား သူ ဘာမှမသိပေ။ သူ အံ့ဩသလိုဖြစ်နေတာကို တစ်ယောက်က

"သူ အရင်တည်းက ချစ်နေခဲ့တာဆိုပေမယ့် ရှင့်ကို သူ ပိုင်ဆိုင်ချင်ခဲ့တာ မဟုတ်ဘူး၊ တစ်သက်လုံး အိမ်ထောင်မပြုဘူးဆိုပြီး





ဆုံး ဖြတ်ထားတာကိုလည်း သူ သိတယ်၊ အဲဒါတွေကြောင့် သူကဒီအတိုင်း ချစ်နေခွင့်လေးပဲ ရချင်လို့ ရှင့်ချည်းကပ်ခဲ့တာ"

"မယုံရင်လည်း မတတ်နိုင်ဘူး ဦးလင်းရောင်၊ ရှင့်ကိုပိုင်ဆိုင်ချင်တဲ့အတ္တတွေမရှိတဲ့နဲ့ ဘာလို့ချစ်နေမှာလဲဆိုပြီး ကျွန်မတို့ တားပါသေးတယ်၊ ရှင်ပြောဆိုဆက်ဆံတာတွေ ရင့်သီးမောက်မာလွန်းလို့ အကြိမ်ကြိမ် နားချခဲ့တယ်၊ ဒါပေမဲ့ ရှင် ဘာပြောပြော အနာအကျင်မရှိ ပေးဆပ်ချစ်ချင်နေတဲ့ သူ့စိတ်ကို ဘယ်လိုမှဖျောင်းဖျနားချလို့မရခဲ့ဘူး၊ ဝဋ်ကြွေးတစ်ခုလိုလည်း မအောက်မေ့ဘဲ ရှင့်ကို ချစ်ချင်လို့ကို သူချစ်နေခဲ့တာ"

"မင်းတို့ကို ဒီစကားတွေ သူပြောခိုင်းတာလား"

"သူက ရှင့်ဆီကအချစ်ကို တောင့်တနေတဲ့သူမှ မဟုတ်တာ၊ ရှင့်ကိုသိအောင်ပြောခိုင်းပြီး ဘာလုပ်မှာလဲ၊ သူ့ဘာသာပဲ ခံစားနေမယ့်သူ"

"ဘာ ငါ့ဆီက"

နားမလည်လို့ မေးချင်ပေမယ့် စကားက အဆုံးထိမရောက်။ ကောင်မလေးတစ်ယောက်က နှုတ်ခမ်းကိုမဲ့ပြီး

"မြခြူးယံက ရှင် သူ့ကိုချစ်လာဖို့ မျှော်လင့်နေခဲ့တဲ့သူမဟုတ်ဘူး၊ ရှင်ချစ်လာအောင်လို့ အရာအားလုံး အဆုံးရှုံးခံပေးဆပ်နေတာလည်း မဟုတ်ဘူး ဦးလင်းရောင်၊ သူ့ဘက်က ချစ်စိတ်နဲ့ အနာကျင်ခံပြီး အထင်သေးခံ ဒုက္ခတွေခံပြီး သူ့အကျင့်စရိုက်တွေကို ပြောင်းလဲဖို့ ကြိုးစားနေခဲ့တာ"

"ကျွတ်"

စိမ်းပြောသော မြခြူးယံအချစ်က လေးစားဖို့ကောင်းတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ဒါတွေကိုပြောတာဖြစ်မည်။ သူ့ဆီကအချစ်ကို မမျှော်လင့်ဘူးတဲ့လား။ ရင်ဘတ်တစ်နေရာက ဝေဒနာစူးစူးကို သူ တစ်ခါမှမခံစားခဲ့ဘူးသလိုပင်။

"ကျုပ်တို့အားလုံး ခင်ဗျားကို ထိုးကြိတ်ရိုက်ပုတ်ပေါက်ကွဲပစ်လိုက်ချင်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားကို နာကျင်စေချင်တဲ့မြခြူးယံက ကျုပ်တို့ကို မုန်းသွားမှာစိုးလို့ ဒီလောက်ပဲပြောတာ၊ ခင်ဗျားနားလည်လာအောင် ရှင်းပြနေတာတော့ မဟုတ်ဘူးနော်၊ ခင်ဗျားကို မြခြူးယံ မေ့သွားနိုင်တဲ့အခါကျရင် မြခြူးယံကို ကျုပ်က တန်ဖိုးရှိရှိ ဂုဏ်သိက္ခာတွေမြှင့်ပေးနိုင်ဖို့အတွက် တင့်တောင့်တင့်တယ် တောင်းရမ်းလက်ထပ်ယူမှာ၊ ခင်ဗျားနဲ့ငြိစွန်းခဲ့လို့ မြခြူးယံမှာ ရင်သွေးပဲရှိရှိ"

"ဘာ ဘာပြောတယ်."

သူ သွေးလန့်ချောက်ချားသွားသည်။ ဟုတ်သားပဲ။ သူနဲ့မှားယွင်းခဲ့လို့ မြခြူးယံမှာ ကိုယ်ဝန်ရချင် ရနေနိုင်သည်။ မရခဲ့လျှင်ရော၊ မရခဲ့လျှင်လည်း မြခြူးယံအချစ်တွေက. . . ။

"ရှင်မစိုးရိမ်ပါနဲ့၊ သူ့မှာရင်သွေးရှိရှိ မရှိရှိ ရှင့်ကိုမချစ်တော့အောင် ရှင်နဲ့မပတ်သက်အောင် သူ့အစ်ကိုနဲ့အမေရော ကျွန်မတို့ရော သူ့ကိုဝိုင်းပြီး ဖျောင်းဖျနားချနှစ်သိမ့်ကြမှာပါ၊ ရှင့်အကြောင်းမတွေးဘဲ ရှင့်ကိုမေ့နိုင်ဖို့ သူ့ကိုကျွန်မတို့အားလုံး ပျော်အောင်ထားမယ်"

"သူ တကယ်လို့ ကိုယ်ဝန်ရှိပြီး မွေးလာခဲ့ရင်လည်း အဖေအမည်ဖော်စရာရှိအောင် ကျုပ် တာဝန်ယူလိုက်မယ်၊ မြခြူးအပေါ် လင်ယောကျ်ားကောင်းတစ်ယောက် ပီသအောင်နေပြီး ကလေးကိုလည်း ကိုယ့်သွေးသားအရင်းလို စောင့်ရှောက်မယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့အသွေးအသားတွေ မြခြူးကိုယ်ထဲ မစီးဝင်ခဲ့ရင်တော့ ပိုကောင်းတာပေါ့ဗျာ၊ ကလေးက





ခင်ဗျားလို အကြင်နာမဲ့ အတ္တကြီးတဲ့စရိုက်တွေပါလာရင် ကျုပ် သည်းပစ်မိမလား မပြောနိုင်လို့"

"ဟာ ဟိတ်ကောင် အာ"

ပြောချင်ရာပြောပြီး ထွက်သွားလိုက်ကြတာ ကိုယ့်ဘက်က ဘာမှ ပြောဖို့အခွင့်အရေးမရလိုက်။ ဒါပေမဲ့ သူ ဘာပြောရမှာလဲ။ မုန်းသူအကြောင်းကိုကြားပြီး ဘာပြောစရာရှိလို့လဲ။

ဟင့်အင်း ပြောစရာတွေရှိနေသလို ရင်ဘတ်ထဲမှာ လည်ချောင်းထဲမှာ ပြည့်သိပ်မွန်းကျပ်တစ်ဆို့နေသည်။ ဘာကြောင့်ဝေဒနာမျိုးနှင့် ပင်ပန်းရတာပါလဲ။

နောက်ကြောင်းလှည့်၍ ကွန်ဒိုကားပါကင်မှာ ထားသောကားကို ပြန်ယူကာ ဟိုတယ်ကို မောင်းထွက်လာခဲ့သည်။ ဝန်ထမ်းကောင်လေးဆီမှာ သူ သိရမဲ့ဖြစ်မည့်အကြောင်းတရားမှန်တွေရှိနေ၏။ မြခြူးယံ မင်းကြောင့် ငါ့ကသိကအောက် စိတ်အနှောင့်အယှက်တွေ ဖြစ်နေရပြီ။

ဘာလဲ မင်းက ငါ့အတွက် ဘာလဲ မြခြူးယံ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"မြခြူးယံ မင်းကိုငါမုန်းတယ်၊ မြခြူးယံ မင်း ငါ့ဘဝထဲကို ဝင်မလာနဲ့၊ ငါက ဘဝနဲ့ရင်းပြီး သိမ်းဆည်းသိုလှောင်တန်ဖိုးထားရမယ့် အချစ်တွေကို မလိုချင်ဘူး၊ ငွေပေးရင် ပေါပေါသီသီ ရတဲ့ခဏတာဖြုတ် သာယာမှုတွေမှ အများကြီး"

"ကို ကိုကို မလုပ်ပါနဲ့၊ မြခြူးလေး ကိုကိုပေးထားတဲ့ မိန်းကလေးမဟုတ်ပါဘူး ကိုကိုမုန်းတဲ့မြခြူးပါ"

"ဟုတ်တယ် မြခြူးယံကို ငါအရမ်းမုန်းတာ၊ ငါ့ကိုအပြုံးတွေနဲ့ ထောင်ချောက်ဆင် ဖြားယောင်းနေတဲ့ မြခြူးယံကြောင့် ငါ အရမ်းစိတ်ညစ်နေရတယ်၊ ငါ့မိသားစုနဲ့ပတ်သက်ပြီးတော့လည်း ငါ အရမ်းစိတ်လေနေတယ်ကွာ၊ ငါ့အပေါ် ဘယ်သူမှမကောင်းကြဘူး၊ ငါ့ကိုပျော်အောင် လုပ်ပေးစမ်းပါ၊ စိတ်ညစ်နေတာတွေ ပျောက်အောင်လုပ်ပေးစမ်းပါ၊ မင်း တောင်းသလောက် ငွေပေးမယ်၊ မင်းကျေနပ်တယ်မဟုတ်လား ဟုတ်ပြီနော်"





"ကိုကို ကိုကိုရေ မြခြူးကို လွှတ်ပါ၊ မြခြူးကြောက်တယ်၊ ဟင့်အင်း မြခြူးကို အဲလိုမလုပ်ပါနဲ့၊ တောင်းပန်ပါတယ်၊ ရှိခိုးပါတယ် ကိုကိုရယ်၊ မြခြူးလေ မြခြူး"

"အင်း မြခြူး မြခြူး"

ဝန်ထမ်းကောင်လေး ပြောပြနေသောအကြောင်းအရာကို နားထောင်ရင်းဖြင့် မြခြူးယံ နာမည်ကို နှင့်သီးစွာရေရွတ်မိသည်။ ကောင်လေးက သူပေးသောငွေကို အိတ်ကပ်ထဲထည့်လိုက်ပြီး

"အဲဒီအစ်မ အရမ်းသနားစရာကောင်းတယ် အစ်ကိုရဲ့ သူရောက်လာတော့ အစ်ကိုက အရမ်းကို ခေါင်းမထူနိုင်အောင် မူးနေတာ၊ သူက အစ်ကိုလိပ်စာပေးပြီး တက္ကစီနဲ့အိမ်ရောက်အောင် လိုက်ပို့ပေးပါလို့ အကူအညီတောင်းတယ်၊ ကျွန်တော်က ဆိုင်ခွဲကို ငွေသွားသိမ်းနေတဲ့ မန်နေဂျာကိုတင်ပြတယ်၊ မန်နေဂျာက ဟိုတယ်မှာ အိပ်မယ်ဆိုပြီး အစ်ကို့ဆီက အခန်းခလည်းယူပြီးပြီမို့ အဲဒီအခန်းမှာပဲ အိပ်ခိုင်းဖို့ပြောတယ်၊ တခြားညေ့သည်တွေလည်းရှိတော့ ကျွန်တော့်ကို အပြင်မထွက်စေချင်ဘူးလေ၊ အဲဒါနဲ့ အဲဒီအစ်မကိုပြောပြပြီး အဲဒီအစ်မနဲ့အတူတူ အစ်ကို့ အခန်းထဲလိုက်ပို့တာ"

"နေ နေဦး သူကလိုက်ပို့ပြီး ဘာလို့မပြန်တာလဲ၊ မူးနေတာ ခုတင်ပေါ်ရောက်တာနဲ့ ငါ တန်းခနဲ အိပ်မသွားဘူးလား"

"မအိပ်ပါဘူး အစ်ကိုရယ်၊ အဲဒီအစ်မကို ဖက်ထားလိုက်တာမှ လုံးဝမလွှတ်ဘူး၊ သူလည်း သနားစရာကောင်းပါတယ်၊ ကျွန်တော့်ကိုလည်း ရှက်တော့ သူ အရမ်းရှုန်းနေတာ"

"မင်း မင်းက ဘာလို့ဝင်မဆွဲတာလဲ"

"အစ်ကိုရယ် ကျွန်တော်တို့ဟိုတယ်မှာက ဒါမျိုးတွေ ရှိနေပြီ



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာတည်းက သဘောတူကြည်ဖြူပြီး လာကြတဲ့သူတွေလည်းရှိတယ်၊ ဒီကျမှ ညှိနှိုင်းပြီး အဆင်ပြေသွားကြတာလည်းရှိတယ်၊ အဲဒီအစ်မကတော့ အတွေ့အကြုံမရှိလို့ထင်တယ်၊ အစ်ကို ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံတာကို ဝမ်းနည်းလို့ပဲလား၊ အရမ်းငိုတာဗျ''

''သွားပြီကွာ''

ကိုယ့်ရဲ့မှားယွင်းမှုပါလားလို့ သေချာသိလိုက်ရချိန်မှာ မြခြူးယံရဲ့နာကျင်မှုများကို စာနာမိသွားလေသည်။ တကယ်တော့ မြခြူးယံက သူမရဲ့နာကျင်မှုများကို ဖုံးဖိပြီး သူ့ကို အချစ်တွေနှင့် ပေးဆပ်နေခဲ့တာပါလား''

''ညီလေး အစ်ကိုသောက်နေကျ အရက်နဲ့အမြည်းအစုံချ''

''ဟုတ်ကဲ့''

မချင့်မရဲဖြင့် ဘာလုပ်ရမှန်းမသိဘဲ သွေးပူအောင် အရက်မှာသောက်လိုက်သည်၊ ကိုယ်နေရာယူပြီး ထိုင်မိသည်က သီးသန့်ခန်းနှင့်ကပ်လျက် ဖြစ်နေ၏။

ဒီလိုဟိုတယ်တွေ စားသောက်ဆိုင်တွေက ယောကျ်ားမိန်းမကိစ္စအမျိုးမျိုး ဖြစ်တတ်ကြတာ ရိုးနေပြီဆိုသည့်စကားက ဝန်ထမ်းကောင်လေးပြောတာ မှန်ပေလိမ့်မည်။ သီးသန့်ခန်းဘက်မှာ ယောကျ်ားလေးနှင့်မိန်းကလေး အသံခပ်အုပ်အုပ်နှင့် ညှိနှိုင်းလို့အဆင်မပြေသည့် ပဋိပက္ခတွေကို မသဲမကွဲ ကြားနေရ၏။

''အစ်ကို ထည့်လိုက်မယ်နော်''

''အေး''

ကောင်လေး ငှဲ့ပေးသော အရက်ခွက်ကို ရေခဲမရော ရေမရောဘဲ နှစ်ခွက်သုံးခွက် ဆင့်သောက်ပစ်လိုက်၏။ ဒါမှ မြန်မြန်မူးမှာ။ မူး



ကိုယ့်ရဲ့ယုတ်ညံ့မှုတွေကိုမေ့ပျောက်နိုင်မှာ။

မြခြူးရေ ဒီကိစ္စမှာ မင်းရဲ့သွေးဆောင်ဖြားယောင်းမှု ထောင်ချောက်ဆင် အမိဖမ်းမှုတွေမဟုတ်ဘူးဆိုတာ ငါသေချာသိပါပြီ။ ငါတောင်းပန်သင့်တယ်။ ငါ ပြန်ပြီးမင်းကိုပေးဆပ်သင့်ပါတယ်။ ဒါပေမဲ့ ငါ့အနားမှာ မင်းမရှိတော့ဘူးလေ ငါ ဘာလုပ်ရမလဲ။

''အစ်ကို ရေခဲလေးနဲ့ ရောသောက်ပါနော်၊ အမြည်းလည်းစားပါ၊ တစ်ခုခုဖြစ်မှာစိုးလို့ ဟိုတစ်ခါလို အမူးလွန်ပြီး အိမ်မပြန်နိုင်ဖြစ်နေဦးမယ်''

''သတိပေးတာ ကျေးဇူးပဲ၊ ဒါပေမဲ့ တစ်ခါလို ငါ့အနားရောက်လာမယ့်သူ မရှိတော့ဘူးကွ၊ မူးရင်မူးမယ်၊ မှားယွင်းတာတော့ ထပ်မဖြစ်တော့ပါဘူး''

''ဟုတ်ကဲ့ ကျွန်တော့်ကိုလိုအပ်ရင် လှမ်းခေါ်လိုက်ပါ အစ်ကို၊ ကျွန်တော် တာဝန်ယူထားတဲ့ တခြားဝိုင်းရှိနေသေးလို့ သွားလိုက်ဦးမယ်''

''အိုကေ ညီလေး''

ကောင်လေး ထွက်သွားသည်နှင့် အရက်ခွက်ကို ထပ်ငှဲ့ပြီး သောက်လိုက်သည်။ အရက်က ဖြေဆေးဖြစ်နိုင်လားဆိုတာ မသိသလို ခပ်လှမ်းလှမ်းအကွယ် စားပွဲဝိုင်းကနေ သက်တင် အကဲခတ်စောင့်ကြည့်နေသည်ဆိုတာလည်း လင်းရောင်နီ မသိပေ။

''မင်း ငါ့ကို ဒီလိုကြောသွားလို့ရမလား ပျို့၊ ငါ မင်းကိုတောက်လျှောက်ပေးခဲ့တာ အများကြီး၊ အခုမှ အစ်ကိုက အားလုံးတာဝန်ယူလိုက်ပြီးအားလုံးစုအခြေအနေ ပြေလည်သွားလို့ ငါ့ကိုခွာချလိုက်တာ ငါ ဘာကောင်ဖြစ်သွားမလဲ၊ ငါက တန်ရာတန်ကြေး ပြန်ယူရမှ ကျေနပ်မှာ''

''ကျွန်မ အဲဒါတွေ အားလုံး ပြန်ပေးမယ်လို့ပြောပြီးပြီပဲ၊ ငွေ

www.burmeseclassic.com

www.burmeseclassic.com



က ဘယ်လောက်လဲ လက်ဆောင်ပစ္စည်းက သုံးပြီးသားရော မသုံးရသေးတာတွေရော ရှိတယ်''

''အဲဒါတွေ ငါက ဘာလုပ်ရမှာလဲ ဒါတွေပေးတာ လူကိုလိုချင်လို့ မျှားတယ်ဆိုတာ မင်းမသိဘူးလား''

''ရှင့်ကို အဲလိုလူယုတ်မာမှန်းသိလို့ ကျွန်မအစ်ကိုက မပတ်သက်ခိုင်းတာ''

''မင်းအစ်ကိုကရော ဘယ်လောက်ကောင်းတဲ့ကောင်မို့လဲ ယမင်းပျို၊ မြခြူးယံဆိုတဲ့ ကောင်မလေးကို နှမချင်းစာနာရမှန်းမသိဘဲ မကောင်းတဲ့ မိန်းကလေးတစ်ယောက်လို တန်ဖိုးမဲ့ဆက်ဆံပြီး ဒီအတိုင်းပစ်ချထားတာ ဟား သူ့ညီမ အဲလိုလုပ်ခံရရင် ဘယ်လိုနေမလဲသိချင်လိုက်ပါဘိ လာစမ်း ငါနဲ့''

''မလုပ်နဲ့ မလိုက်ဘူး၊ လွှတ် ရှင် မယုတ်မာနဲ့နော်''

''လာစမ်းပါ ငါ့ခြံထဲမှာ အေးအေးဆေးဆေး အပန်းဖြေအောင် မင်းအတွက် ငွေတွေအများကြီး ထပ်ပေးပါမယ်''

အသံဗလံတွေကြားလို့ နားစွင့်နေမိဆဲမှာ ယမင်းပျိုဆိုသည့်အသံကြောင့် ခေါင်းနပန်းကြီးသွားသည်။ ကိုယ့်ရှေ့ကနေ ဆွဲရုန်းခေါ်သွားတာမြင်လိုက်ရတော့ ချက်ချင်းဆိုသလိုပင် နောက်ကပြေးလိုက်မိ၏။ ကားနားကို သူအရောက်မှာ ညီမလေးကို ခေါ်တင်သွားသော ကားက ခပ်လှမ်းလှမ်းသို့ပင် ရောက်နေပြီဖြစ်သည်။

ထိုကားကိုမီအောင် အရှိန်မြှင့်ပြီး လိုက်ချင်ပေမယ့် ကားကရှမ်းပို့ခိုင်ကမိဖြင့် စိုးရိမ်စိတ်တွေ ကြီးမားနေခဲ့ရသည်။ ဒီကောင် ညီမလေးကို ဘယ်ခေါ်သွားတာလဲ၊ ဘယ်လိုတွေယုတ်မာမလို့လဲ၊ ရင်တွေပူလောင်လွန်းတာက မီးပြင်းပြင်းဖြင့် အရှို့ခံနေရသလို ခံစားနေရ၏။





သက်တင်ရော ဒီလိုပဲလား။ သူ့ရဲ့အနိုင်ကျင့် နှိပ်စက်မှုတွေ ယုတ်မာမှုတွေကြောင့် သူ့ညီမလေးအတွက် ဘယ်လောက်တောင် ဗလောင်ဆူခဲ့ရှာမလဲ။ ဘယ်လောက်တောင် နာကျင့်နင့်သီးနေခဲ့မလဲ။

သက်တင်ရယ် သူငယ်ချင်းရယ် မင်းကိုငါ ကိုယ်ချင်းစာတတ်ပါပြီကွာ။ ငါ့ကိုခွင့်လွှတ်ပါ။

တောင်းပန်ချင်ပါတယ် တောင်းပန်ခွင့်ရချင်ပါတယ်ကွာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

မြို့ပြင်ဘက်မောင်းသွားသော ကားက ခြံဝင်းတစ်ခုတည်းကို ချိုးကွေ့ဝင်သွားတာမို့ နောက်က တစ်ခါတည်း လိုက်ဝင်လာခဲ့သည်။ ညီမလေးပါသွားသောကားပေါ်က ယောကျ်ားလေးသုံးယောက် ဆင်းလာကာ သူ့ကိုရန်လိုစွာ ကြည့်ကြသည်။

"ဟိတ်ကောင် မင်းက ဘာသဘောနဲ့ ငါတို့နောက်က လိုက်လာတာလဲ"

"အဲဒါ ငါ့ညီမကွ ညီမလေး"

"ကိုနီ"

လင်းရောင်နီဆီ ပြေးသွားဖို့ ပြင်နေသော ယမင်းပျို့ကို ဖမ်းဆွဲထားလိုက်ပြီး ထွန်းဖော် ရှေ့တိုးလာ၏။

"မင်းညီမအတွက် စိုးရိမ်နေတာလား၊ သားမှတ်မှတ်မယားမှတ်မှတ် တစ်လလောက်ပေါင်းသင်းပေးပါမယ်၊ ငါပေးထားတာတွေနဲ့





တန်အောင်"

"ဟိတ်ကောင် မမိုက်ရိုင်းနဲ့၊ ငါ့ညီမလက်ကို အခုလွှတ်လိုက်စမ်း"

"မမိုက်စမ်းပါနဲ့ကွာ၊ မင်းလမ်းမင်း အေးအေးနောက်ကြောင်းပြန်လှည့်လိုက်ပါ၊ မင်းမသိတတ်ခင်က သူ အဆင်ပြေအောင် ပံ့ပိုးပေးထားရတာကွ"

"ဘယ်လောက်လဲ အဲဒီထက်မက ငါပေးနိုင်တယ် ငါပေးမယ်"

"ငွေကိုငွေပဲပြန်ရမယ်ဆိုရင် အတိုးချေးစားမှာပေါ့ကွ၊ ငါက လူကိုလိုချင်တာ၊ ဘယ်သူမှ မထိရမကိုင်ရသေးတဲ့ အသစ်လေးကို"

"ခွေးမသား"

မျက်လုံးထဲ ဘာမှမမြင်တော့ဘဲ လက်သီးချက်တွေ ခုန်ပျံ၍ တရစပ် ပစ်သွင်းလိုက်၏။ ဒါပေမဲ့ သုံးယောက်တစ်ယောက် ဖြစ်နေသလို အရက်သောက်ထားသည့်အရှိန်ကြောင့် ဟန်ချက်တွေကို မထိန်းနိုင်။

"ကိုနီ နောက်မှာ၊ ကိုနီ တုတ်ကြီးနဲ့ဝင်လာပြီ ရှောင်ရှောင်"

ညီမလေး သတိပေးနေ၍ သတိထားရှောင်တိမ်းနေသော်လည်း ခြေကုန်လက်ပမ်းကျကာ အထိနာနေခဲ့သည်။ သုံးယောက်က တုတ်ဓား လက်နက်တွေပါ ဆွဲထုတ်လာတာမို့ သူ သေဖို့သာရှိတော့၏။ ထိုအချိန်မှာ ခြံဝင်းထဲကို ကားတစ်စီး အရှိန်နှင့်တရကြမ်းမောင်းဝင်လာခဲ့ပြီး

"လင်းရောင်"

"ဟာ သက်တင်"

သက်တင် ဘယ်လိုက ဘယ်လိုရောက်လာသည်မသိပေမယ့် သူတော်တော်လေး အားရှိသွားကာ အသက်သခင် ကျေးဇူးရှင်လို့ပင် သတ်မှတ်မိလိုက်၏။ ဒါပေမဲ့ သုံးယောက်နှစ်ယောက် ဖြစ်သွားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်က ခါးရေးကျွမ်းကျင်သူတွေမို့ ...။

"လင်းရောင် လင်းရောင်"__

"ကိုနီ"

ဗိုက်ကို ဓားချက်ထိပြီး ခေါင်းကိုတုတ်ချမိသွားသည်မို့ သူ့ရဲ့ အမြင်အာရုံအသိအာရုံတွေ မှောင်အတိကျသွားခဲ့ကာ ...။

■ ■ ■

## အခန်း (၄၂)

သူ့အမြင်အာရုံတွေ ဝေဝါးနေဆဲပါ။ ဆေးရုံမျက်နှာကြက်က အဖြူရောင်လား အပြာရောင်လား ပန်ကာကရော လည်နေတာလား ရပ်နေတာလား။ သူ့အနားမှာ ဝိုင်းအုံနေတာကရော ဘယ်သူတွေလဲ။

"သား"

"ကိုနီ"

"သား ကိုနီ သတိရလာပြီလား"

ဖေဖေ ဒေါ်ကေသွယ်မျိုးနှင့် ညီမလေးယမင်းပျိုတို့ရဲ့ စိုးရိမ်ကြီးနေသောအသံကို ကြားလိုက်ရချိန်မှာ သူ့အနားမှာမိသားစုတွေရှိနေပါသားဆိုသည့် အသံကိုကြားလိုက်ရချိန်မှာ သူ့အနားမှာ မိသားစုတွေရှိနေပါလားဆိုသည့်အသိစိတ်နှင့် သူ မျက်လုံးတွေကိုအားယူ၍ဖွင့်လိုက်၏။ မိသားစုရဲ့မေတ္တာဓာတ်ကြောင့်လားမသိ။ သူ့အမြင်အာရုံတွေ ဝေဝါးမနေတော့ဘဲ တဖြည်းဖြည်း ကြည်လင်လာခဲ့သည်။

"ဖေဖေ ညီမလေး"



www.burmeseclassic.com

"ကို ကိုနီ"

"သား သားသတိရလာပြီ၊ သားရယ် သားတစ်ညနဲ့တစ်နေ့လုံး သတိမေ့နေတာ၊ ဆရာဝန်ကြီးက အသက်အန္တရာယ်မစိုးရဘူး ပြောပေမယ့် ဖေဖေတို့စိတ်ပူနေခဲ့တာ၊ မျိုးရော သားညီမလေးရော ဘယ်သူမှ မအိပ်ကြ မစားကြဘဲနဲ့ သားအနားမှာ စောင့်နေကြတာ"

"ကျေး ကျေးဇူးတင်ပါတယ်"

"မိသားစုဆိုတာ ကျေးဇူးတင်စကားမပြောရဘူး သား၊ အပြန်အလှန် တုံ့ပြန်မှုရှိတဲ့ မေတ္တာရဲ့နွေးထွေးမှုပဲ သားရဲ့"

နားလည်ပါပြီဆိုတဲ့စကားကို ဝန်မခံနိုင်သေး၊ မျက်လုံးများက တစ်စုံတစ်ယောက်ကို ဝေ့ဝဲရှာနေမိသည်။

"သက် သက်တင်ရော ဖေဖေ၊ သက်တင် ဘာဖြစ်သွားသေးလဲ"

"သက်တင်က ဘာမှအများကြီးမဖြစ်ပါဘူး၊ သားကိုကာကွယ်ပေးရင်းနဲ့ လက်ကိုတော့ နည်းနည်းဓားရှပ်ထိသွားတယ်၊ အဲဒါ ဆေးရုံတက်ဖို့လည်း ပြောလို့မရဘူး၊ ဆေးဖိုးလည်းမယူဘူး၊ ပတ်တီးစည်းပြီးတာနဲ့ ပြန်တော့တာပဲ"

"မြခြူးယံကိုပြန်ခေါ်သွားပြီး ကိုကို ဘယ်လိုနေမလဲ၊ ခံစားနေမလား ကြေကွဲနေမလား ပျော်နေမလားသိချင်စိတ်တွေနဲ့ ကိုကို့ကို လိုက်စောင့်ကြည့် အကဲခတ်နေရင်းက ညီမလေးတို့နောက်ကို ကိုကို မူးမူးရဲ့ကားမောင်းလိုက်သွားတာတွေ့လို့ စိုးရိမ်စိတ်နဲ့ သူလိုက်လာခဲ့တာ၊ ကိုကို့အသက်ကို ကယ်ဖို့ဖြစ်လာတာပေါ့"

"သူက လမ်းမှာတည်းက ရဲစခန်းနဲ့ ဖေဖေတို့ကိုဖုန်းဆက်အကြောင်းကြားတော့ အကုန်လုံးအချိန်မီရောက်လို့ သားအသက်ကို



ကယ်လိုက်နိုင်တာ သား၊ သက်တင်ကျေးဇူးကြောင့် သားတို့ အသက်ရှင်လျက် မြင်ခွင့်ရတာ"

ဖေဖေနှင့်ညီမလေး ပြောသောစကားတွေ နားထောင်ပြီး ဒုစိတ်မထိန်းနိုင်စွာ မျက်ရည်တွေကျလာသည်။ သူ့ရဲ့လူ့ဘဝနောက်ဆုံးအခါမှာ သက်တင် နားကြည်းမနေခဲ့ပါလား။

"ကျွ ကျွန်တော် အရမ်းမှားခဲ့ပါတယ် ဖေဖေရယ်၊ သက်တင်အပေါ်ရော မြခြူးယံအပေါ်ရော ပြီးတော့ ဖေဖေတို့အပေါ်ရော"

"မိသားစုအပေါ်မှာ မှားတာက မေတ္တာတွေနဲ့ခွင့်လွှတ်နားလည်ပေးလို့ရပါတယ်၊ မှားသင့်လို့မှားတာပဲလို့ ဖြေသိမ့်ပြီး တွေးပေးနိုင်တယ်၊ သက်တင်နဲ့မြခြူးယံအပေါ်တော့ တစ်ဖက်စွန်းရောက်တဲ့စိတ်တွေနဲ့ သားအရမ်းကို မှားခဲ့တယ် သားရယ်၊ သူတို့နားလည်ခွင့်လွှတ်ပေးလို့ရကြမှာမဟုတ်ဘူး"

"ကျွန်တော် တောင်းပန်မှာပါ၊ သူတို့ကျေနပ်တဲ့အထိ ကျွန်တော်တောင်းပန်မှာပါ ဖေဖေ၊ ဒါကိုမှ ခွင့်မလွှတ်နိုင်ရင်လည်း ကျွန်တော်တစ်သက်လုံး နောင်တတွေနဲ့ ပြန်ပေးဆပ်သွားမှာပါ"

"နောင်တဆိုတဲ့စကားကြားလိုက်ရတာ ဖေဖေ ကျေနပ်သွားပြီ သား၊ လူဆိုတာ အမှားကို အမှားမှန်းသိမှ ပြုပြင်ရမယ်ဆိုတဲ့စိတ်နဲ့ နောင်တရတတ်ကြတာ၊ နောင်တမရသေးရင် အဲဒါ ကိုယ့်အမှားကိုယ်မသိသေးလို့ပဲ၊ အမှားမသိရင် မပြုပြင်ဘူး၊ မပြုပြင်ရင် လူတွေရဲ့မေတ္တာနဲ့ဝေးမယ်၊ မေတ္တာနဲ့ဝေးရင် အထီးကျန်တာပေါ့ သားရယ်၊ အထီးကျန်ရပြီဆိုရင် ဘယ်လောက်ပဲမြင့်မားပြည့်စုံတဲ့ဘဝကိုရနေပါစေ ပျော်ရွှင်မှုနွေးထွေးမှုဆိုတာ ဘယ်တော့မှ မရနိုင်တော့ဘူး သား"

ဖေဖေ့စကားတွေက သူ့ရင်ထဲ တလှိုက်လှိုက် နှစ်ဝင်စေလျက်

www.burmeseclassic.com



အသိတရားတွေကို ရစေခဲ့သည်။ ဖေဖေ့ကို မျက်လုံးလှန်ကြည့်မိစဉ်မှာ ဖေဖေက မေတ္တာများဖြင့် ပြုံးပြ၏။

"ဖေဖေလည်း ဒီလိုအသိတရားတွေရလိုက်တာ သိပ်မကြာသေးဘူး သား။ သားက ညီမလေးအတွက် စိုးရိမ်စိတ်တွေနဲ့ ဖေဖေတို့ကို ထောက်ပံ့စောင့်ရှောက်လိုက်တဲ့အချိန်မှာ ဒါဟာ သွေးသားသံယောဇဉ် မေတ္တာတွေကြောင့်ပါလားလို့ နားလည်လိုက်တယ်၊ သားရဲ့ပေးကမ်းထောက်ပံ့မှုရတာကြောင့် မဟုတ်ပါဘူး။ မေတ္တာပေးလို့ မေတ္တာရတာယ်လို့ သဘောထားပါ သားရယ်"

"အခုချိန်ကစပြီး တို့တွေပြုပြင်နေထိုင်သွားရင် နောက်မကျသေးပါဘူး မောင်လင်းရောင်၊ မင်းအပေါ် အန်တီ မိခင်မေတ္တာတွေ ပေးခွင့်ရချင်ပါတယ်၊ နေထိုင်ပြုမူအမှားတွေအတွက် အန်တီ ပြန်ပေး ဆပ်ချင်ပါတယ်"

ဒေါ်ကေသွယ်မျိုးရဲ့စကားကို ကြားလိုက်ရချိန်မှာ သူ့ကိုယ်က ရှိန်းခနဲ တုန်ခါသွားလေသည်။ ဒါဟာ မိခင်တစ်ယောက်ရဲ့ မေတ္တာဓာတ်တွေ သူ့ကိုယ်ထဲ စိမ့်ဝင်စီးဆင်းနေတာပဲ ဖြစ်မှာပါ။

"သား သား ဘာလုပ်ချင်လို့လဲ ဘာဖြစ်လို့လဲ"

သူ လူးလဲကုန်းထချိန်မှာ ဖေဖေက စိုးရိမ်ကြီးစွာ မေ့ထူမေးသည်။

"ကျ ကျွန်တော် မြခြူးယံနဲ့ သက်တင်ကို သွားတောင်းပန်ချင်တယ် ဖေဖေ"

"အခုတော့ ဘယ်ဖြစ်ဦးမှာလဲ သားရယ်၊ မေးထိထားတဲ့သားနဲ့ ဗိုက်က ရှစ်ချက်တောင် ချုပ်ထားရတာ သားရဲ့၊ ခေါင်းက ငါးချက်ချုပ် ရတယ်၊ ဆရာဝန်ကြီးတွေက ခုတင်ပေါ်ကတောင် ဆင်းနိုင်းတာမဟုတ်





ဘူး၊ မဖြစ်ပါဘူး သားရယ်၊ နောက် သားသက်သာလာမှ"

"တစ်ရက် တစ်စက္ကန့်ပဲဖြစ်ဖြစ် စောပြီး တောင်းပန်မှ ကျွန်တော် အသေဖြောင့်နိုင်မှာ ဖေဖေ"

"ဘယ့်နှယ် သေစကားပြောနေတာလဲ သား၊ သားမသေနိုင်သေးပါဘူး၊ ဘာမှမဖြစ်တော့ပါဘူး၊ အဲလိုတောင်းပန်ချင်စိတ်ရှိတယ်ဆိုရင် သား မြန်မြန်သက်သာလာမှာပါ၊ ခဏလေးပဲ သည်းခံစောင့်ပါ သားရယ်နော်"

လင်းရောင်နီ ခေါင်းတခါခါနှင့်ပါးပြင်ပေါ်မှာ မျက်ရည်တွေ အဆက်မပြတ် လိမ့်ဆင်းကျနေသည်။ မြခြူးယံရဲ့အချစ်တွေ သက်တင်ရဲ့သံယောဇဉ်တွေက ဒဏ်ခတ်နေပြီ ထင်ပါရဲ့။

မတောင်းပန်ရမချင်း သားရင်တွေ အဆမတန် ပူလောင်နေတော့မည်ထင်သည်။ ကေသွယ်မျိုး ဘက်ကိုလှည့်ကြည့်လိုက်တော့ နားလည်ကြောင်း ခေါင်းညိတ်ပြ၏။

မိဘနေရာက စစ်မှန်သောမေတ္တာတွေပေးတော့မည်ဆိုလျှင် မိဘဝတ္တရားဆိုတာ ရှိလာပြီမို့ . . . ။

■ ■ ■

www.burmeseclassic.com

## အခန်း (၅၃)

"ငါ့ဝတ္တရားအတိုင်း လုပ်ပေးသင့်တာကိုလုပ်ပေးခဲ့ပြီးပြီ၊ နင် သူ့ဆီကိုမသွားရဘူး မြခြူး၊ ဒီကောင် နင့်အပေါ် ဘာကောင်းတာရှိလို့လဲ၊ ငါ့မျက်စိရှေ့မှာ နင့်ကိုကိုယ်ထိလက်ရောက် ဝှန်းထိုးလိုက်တာကို မြင်ပြီးကတည်းက ငါ ဒီကောင့်ကိုခွင့်လွှတ်လို့မရဘူး"

"အဲဒါ မြခြူးက သူ့ကိုပါးရိုက်ဖို့ ရွယ်လိုက်လို့ပါ၊ လူတိုင်းမှာ စိတ်ဆိုတာ ရှိကြတာပဲ ကိုကြီးရယ်၊ တကယ်ဆို အဲဒီနေ့ကိစ္စက မြခြူး ရှိင်းသွားတာပါ၊ ကိုယ့်ရဲ့လင်ယောက်ျား ဘာတွေပဲမှားမှား မိန်းမတစ်ယောက်က အဲလိုမလုပ်သင့်ဘူးလေ၊ ကိုကြီးက မြခြူးကို ချစ်တဲ့စိတ်နဲ့ ဒေါသဖြစ်သင့်ပါတယ်၊ ကိုကို့ကိုလည်း စိတ်ဆိုးသင့်ပါတယ်၊ ဒါပေမဲ့ မြခြူးအခုနေနဲ့ကျတော့ သူ ဒီလိုဖြစ်နေချိန်မှာ"

သက်တင် အံကြိတ်ကာ ခေါင်းခါပြသည်။ လင်းရောင်နီဆိုတဲ့ ကောင်က တစ်သက်လုံး သွေးမတော်သားမစပ်သလို ယမင်းပျိုအပေါ်





သူစိမ်းတစ်ယောက်လိုနေခဲ့တာတောင် တကယ့်အရေးမှာ အသက်ကို ရင်းရဲလောက်အောင် စိုးရိမ်စိတ်တွေကြီးနေခဲ့ပြီး ကိုယ့်ညီမကျတော့ နမချင်းမစာနာတတ်သူ မဟုတ်ပါလား။ အစ်ကိုတစ်ယောက်ဖြစ်သည့် ကိုယ့်အပေါ်လည်း ကိုယ်ချင်းမစာတတ်ပေ။

ကိုယ်ကသာ သံယောဇဉ်နှင့် သူ ဒုက္ခရောက်နေတာကို မ နှောင်နိုင်ခဲ့တာ။

"တကယ်ဆို နင့်ကိုခေါ်လာတဲ့အချိန်က ဘာပဲဖြစ်ဖြစ် သူ ဘားသင့်တယ်၊ မာနကြောင့် မတားဖြစ်ခဲ့ရင်လည်း ကွယ်ရာမှာ သူ ကြကွဲခံစားနေသင့်တယ် ညီမလေး၊ အခုတော့ အသောက်အစားမပျက် ဘူး"

"မြခြူးနဲ့ပြဿနာဖြစ်တဲ့ ဟိုတယ်မှာသူ့ကိုတွေ့ခဲ့တာမဟုတ် ဘား၊ အဲဒါ မြခြူးကိုသတိရလို့ဖြစ်ဖြစ် မြခြူးနဲ့ပတ်သက်ခဲ့တာကို မေ့ချင် ၍ဖြစ်ဖြစ် အဲဒီကို ရောက်သွားတာနေမှာပါ"

"နင်ဘာလို့ သူ့ဘက်ကပဲ တွေးပေးနေတာလဲ ညီမလေး၊ ဒီ ကိုရဲ့ရင်ထဲမှာ နင့်အတွက် ဘယ်လောက်တောင် ပူလောင်နေခဲ့မလဲ ဘာကတွေရောက်ပြီး မခံချင်ဖြစ်နေမလဲ မတွေးမိဘူးလား၊ မေမေဆို ည်း အရှမ်းကိုစိတ်ထိခိုက်နေခဲ့တာ"

"မြခြူး နားလည်ပါတယ်၊ ဒါပေမဲ့ မြခြူး မပိုင်ဆိုင်ချင်ဘူး ခဲ့တာကို ကိုကိုနဲ့မေမေ ဖွတ်အတင်း စီစဉ်ပြီး သူနဲ့လက်ထပ်ပေး ဘာနော်၊ တကယ်တော့ သူလိုက်မခေါ်တာ၊ မတားဆီးခဲ့တာကို မြခြူး ည်း မာနတွေနဲ့ မုန်းမေ့နိုင်အောင် ကြိုးစားလိုက်ချင်ပါတယ်၊ ဒါပေမဲ့

www.burmeseclassic.com



သူ ဒဏ်ရာတွေနဲ့ ဆေးရုံပေါ်ရောက်နေတယ်လို့ တွေးလိုက်တော့ ဘယ်လိုမှ နေလို့မရဘူး ကိုကြီး၊ သူ့ကိုတွေ့ချင်တယ်၊ သူဘယ်လိုတွေ ခံစားနေရလဲ၊ သူ့ကိုပြုစုချင်တယ်၊ သူ့အနားမှာနေချင်တယ်၊ သူသာ တစ်ခုခု ဖြစ်သွားရင် မြခြူး အရင်သေမှာ ကိုကြီးရယ်''

''မြခြူးရာ နှင်''

ဒီလောက်ချစ်တတ်နေသော ညီမကို မချင့်မရဲဖြစ်ကာ ထိုးကြိတ်ပစ်လိုက်ချင်သည်။ ဒီလောက်တောင် အနာအကျင်မရှိရမလားလို့ မေးမေးပြီးသာ ကိုင်ဆောင့်ပစ်ချင်၏။

ဒါပေမဲ့ ဒီညီမလေးကို ဒီလိုမလုပ်ရက်ပါ။ ရွှေပေါ်မြတင် ဖူးဖူးမှုတ်ပြီး အလိုလိုက်ချစ်လာခဲ့ရတာ။ မေမေက စိတ်မကောင်းသည့်မျက်နှာနှင့် သူတို့မောင်နှမနှစ်ယောက်အနား ဝင်ထိုင်၍

''သားတောင် သူငယ်ချင်းသံယောဇဉ်နဲ့ မနေနိုင်လို့ သူ့ကိုဝင်ကူညီခဲ့သေးတာ သမီးက သူ့ယောကျ်ားဒီလိုဖြစ်နေတာ ဘယ်လိုလုပ် ဥပေက္ခာပြုပြီးနေနိုင်မှာလဲ သားရယ်''

''သူက လင်ယောကျ်ားလို သဘောထားနေပေမယ့် ဟိုက သူ့ကို ဇနီးမယားတစ်ယောက်လို အသိအမှတ်ပြုတာမဟုတ်ဘူး မေမေ သူပဲစိတ်တွေထပ်ပြီး ပင်ပန်းရမှာ၊ ညီမလေး နာကျင်မှာကို ကျွန်တော် မမြင်ရက်တော့ဘူး မေမေ''

''သူ နောင်တတွေ ရနေပါပြီကွယ်''

''ဟင် အန်တီကေသွယ်''

လင်းရောင်နီရဲ့မိထွေးနှင့်ညီမလေး အိမ်ထဲဝင်လာတာကြောင့်



သက်တင်တို့မိသားစု အံ့သြနေကြသည်။ မေမေက ပျာပျာသလဲပင် ဧည့်ခန်းထဲမှ နေရာပေး၏။ ယမင်းပျိုက ညီမလေးအနားမှာ ဝင်ထိုင်သည်။

''ဘာကိစ္စများရှိလို့လဲ မကေသွယ်၊ ဆေးရုံကသတင်းရော ဘာကြားသေးလဲ''

''ကျွန်မတို့ ဆေးရုံကလာကြတာပါ''

''ကို ကိုကိုရော သက်သာလား အန်တီ၊ ဘယ်လိုနေသေးလဲ အသက်အန္တရာယ်မရှိတော့ဘူးမဟုတ်လားဟင်၊ သူ သတိရောရပြီလား''

''ညီမလေး နှင် ဘာလို့မေးခွန်းတွေ အများကြီးမေးပြီး အကဲပိုနေတာလဲ၊ လူကြီးတွေ စကားပြောနေတာ နားမလည်ဘူးလား''

''သားက ဒေါသနဲ့မအော်ပါနဲ့ကွယ်၊ ညီမလေးက စိုးရိမ်လို့ မေးတာပါ၊ အားနာပါတယ် မကေသွယ်ရယ်၊ သားက သူ့ညီမလေးဘက်က မခံမရပ်နိုင်ဖြစ်နေတော့ ဒေါသလည်းမထိန်းနိုင်တော့ဘူး''

ဒေါ်ကေသွယ်မျိုး နားလည်စွာ ခေါင်းညိတ်၍

''မောင်သက်တင် အမှားမဟုတ်ပါဘူး၊ ဒီထက်ပိုပြီး ဒေါသဖြစ်သင့်ပါတယ်၊ ပြီးတော့ မောင်လင်းရောင်အပေါ် သံယောဇဉ်တွေကျန်နေသေးလို့ ဒေါသဖြစ်နေတယ်ဆိုတာ နားလည်ပါတယ်၊ သံယောဇဉ်မရှိရင် မောင်လင်းရောင်ကို သူ ကူညီခဲ့ပါ့မလား၊ အဲဒီအတွက် မောင်လင်းရောင် နောင်တတွေရပြီး အရမ်းကို တောင်းပန်ချင်နေတယ်''

''ဟင်''

''ကိုကိုကလား''

''ဟုတ်တယ် သူ သတိရရချင်း သက်တင်နဲ့မြခြူးကို ခေါ်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပန်ရမှ အသေဖြောင့်မှာလို့ ပြောပြီး ဒီကိုဖွတ်လာဖို့ လုပ်နေတယ်၊ ဒဏ်ရာတွေက ဘယ်လိုမှ လှုပ်လို့မရသေးလို့ ကျွန်မတို့အားလုံး ဝိုင်းပြီး ဖျောင်းဖျထားရတာပါ၊ ဒီကိုလာတာ သူ့ကိုယ်စား ကျွန်မတို့လာပြီး တောင်းပန်တာပါ''

''သူ တကယ်နောင်တရနေတာလား အန်တီ''

သက်တင် မယုံကြည်ရဲသလို မေးလိုက်ချိန်မှာ ဒေါ်ကေသွယ်မျိုး အလေးအနက် ခေါင်းညိတ်ပြ၏။

''သူတကယ်ကို နောင်တရပြီး ငိုနေပါတယ် မောင်သက်တင်၊ သမီး ဒီလိုဖြစ်သွားတော့ အစ်ကိုနေရာကနေ သူ ကိုယ်ချင်းစာတတ်သွားတယ်၊ မြခြူးယံအချစ်တွေကို စော်ကားမိသလို ဖြစ်သွားတာကိုလည်း သူ ယူကျုံးမရကို ခံစားနေရရှာပါတယ်၊ အန်တီတို့မကြည့်ရက်လို့ သူ့ကို သနားလွန်းလို့ ဒီကိုလာခဲ့ကြတာပါ၊ သူ့အဖေက သူကိုယ်တိုင်လိုက်လာပြီး တောင်းပန်ချင်ပေမယ့် မောင်လင်းရောင်ကိုဖျောင်းဖျဖို့အတွက် နေခဲ့ရတယ်''

''ဟုတ်ပါတယ် ကိုသက်တင်၊ ဖေဖေ့ကို အစောင့်မထားခဲ့ရင် ကိုနီက ဒရစ်ပိုက်တွေတန်းလန်းနဲ့ ဒီကိုရောက်အောင် လာတော့မှာ၊ အဲလိုလုပ်တာနဲ့ ဗိုက်ကိုချုပ်ထားတဲ့ ချုပ်ရိုးတွေအကုန်ပြေပြီး အသက်အန္တရာယ်ထိနိုက်နိုင်တယ်''

''ဟင် အဲ အဲလိုတော့ ဘယ်ဖြစ်မှာလဲ၊ ကိုကြီးရယ် မြခြူးကို နားလည်ပေးပါ၊ မပေးနိုင်လည်း ရိုက်ချင်ရိုက်သတ်ချင်သတ်ပါ၊ မြခြူး ကိုကိုဆီသွားမယ် ကိုကြီး''





''ဟာ ညီမလေး ကိုကြီး လိုက်ပို့မယ် နေဦး''

မြခြူးယံနောက် အပြေးလိုက်ရသည်၊ ဒီကောင်မလေး တကယ် မလွယ်ပါလား။ အစ်ကိုကို ရှက်ရမှန်းမသိ ကြောက်ရွံ့ရမှန်းမသိ။

ကလေးတွေရဲ့အချစ်စွမ်းအားက ကိုယ့်လိုလူကြီးတွေ လိုက်မမီစွာဖြင့်. . . ။

■ ■ ■

www.burmeseclassic.com

## အခန်း (၄၄)

"ကိုကို"

"မြ မြခြူး"

ခုတင်နားကို အပြေးသွားကပ်ရင်း ကိုကို လက်တွေကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိသည်။ ဒဏ်ရာတွေကိုမြင်တော့ မြခြူးယံ ရင်နင့်စွာ မျက်ရည်ကျ၏။

"မသေကောင်းမပျောက်ကောင်း ကိုကိုရယ်၊ မြခြူး စိတ်မကောင်းလိုက်တာ၊ ကိုကို အရမ်းနာနေမှာပဲနော်"

"ဒီဒဏ်ရာတွေနဲ့ရင်းပြီး ရလိုက်တဲ့နောင်တက ကိုယ့်အတွက် တန်ဖိုးမဖြတ်နိုင်အောင်ပါပဲ၊ ကလေးရယ် အပြစ်ကြွေးတွေကို သေတပန် သက်တစ်ဆုံး ကိုကို ပြန်ပေးဆပ်ပါ့မယ်၊ အခုဒေါ်ကေသွယ်မျိုးတို့ လာပြီးတောင်းပန်လို့ ကိုကို့ကို ခွင့်လွှတ်နားလည်ပြီး လာတွေ့တာလား"

"သူတို့မလာခင် ကိုကို့သတင်းကိုကြားပြီးတည်းက မြခြူး စိုး



ရိမ်နေခဲ့တာပါ ကိုကို၊ ချက်ချင်းလာတွေ့ချင်ပေမယ့် ကိုကြီးက တားနေလို့လေ၊ မြခြူးကတော့ မြခြူးအပေါ် ကိုကို ဘာတွေပဲလုပ်လုပ် မငြိုငြင်ပါဘူး၊ အပြစ်မယူပါဘူး ကိုကိုရယ်"

"ကျေးဇူးတင်ပါတယ် မြခြူးရယ် မြခြူးအချစ်ကို ကိုကို လေးစားနေပါပြီ၊ သက်တင်ကိုလည်း ကိုကိုတောင်းပန်မှာပါ၊ အမေ့ကိုလည်း ရှိုနိုးဦးချပြီးတော့ တောင်းပန်မယ်၊ အခု သက်တင်နဲ့အမေ [illegible] လားဟင်"

"မေမေက အိမ်မှာကျန်ရစ်ခဲ့တယ်၊ ကိုကြီးကတော့ သူကိုယ်တိုင် ကားနဲ့လိုက်ပို့တာပါ၊ အခန်းထဲဝင်မလာသေးတာက ကိုကို့အမေက ခေါ်ပြီးတောင်းပန်နေလို့ပါ၊ မိဘဝတ္တရားအတိုင်း ခမ်းခမ်းနားနား တရားဝင် ပြန်လက်ထပ်ပေးပါမယ်လို့လည်း ပြောနေတယ်၊ ကိုကို့အဖေနဲ့ မိထွေးလည်း တကယ်ကို မိဘကောင်းတွေပီသသွားကြပြီနော်"

ယင်းရောင်နီ ပီတိနှင့်ကြည်နူးစွာပြုံးပြီး မြခြူးယံလက်ကလေးကို အားနှင့်ပြန်၍ ဆုပ်ကိုင်ထားလိုက်သည်။

"မြခြူး"

"ရှင်"

"ကိုကို တောင်းပန်ပါတယ်"

"မလိုပါဘူး ကိုကိုရယ်၊ မြခြူးက"

"ဟင့်အင်း တောင်းပန်တာကို လက်ခံပေးပါ မြခြူး ခွင့်လွှတ်ပါတယ်လို့လည်း မပြောပါနဲ့၊ ကိုကိုမှားခဲ့တဲ့အမှားတွေအတွက် အပြစ်ကြွေးတွေ ဆပ်နိုင်း၊ တစ်သက်လုံး ကျေကျေနပ်နပ်နဲ့ ကိုကို [illegible] ဆပ်ပါမယ်၊ မကျေနပ်ရင် နောင်ဘဝထိဆိုလည်း"

"ကျေနပ်စေချင်ရင် တစ်ခွန်းပဲပြောပါ ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

မေးလိုက်မှ ရှက်စနိုးလေးနှင့်မျက်နှာလေးနီကာ ငုံ့လျှိုးသွားတော့ ဒီချာတိတ်မလေး ဘာကိုတောင့်တနေတာလည်းဆိုတာ သူသဘောပေါက်လိုက်သည်။

"မြခြူး"

မြခြူး မထူးတော့ မျက်နှာလေးပေါ် ဝေ့ဝဲကျနေသောဆံနွယ်လေးတွေကို ဖွဖွရွရွ သပ်တင်ဖယ်ရှားလျက် မေးဖျားလေးကနေ ပင့်မကာ မြတ်နိုးစွာ ငေးကြည့်ရင်းဖြင့်

"အချစ်နတ်သမီးလေးကို ကိုကို အရမ်းချစ်တယ်"

"အချစ်နတ်သမီးက ဘယ်သူလဲ"

"ဒီချာတိတ်မလေးပေါ့၊ နောက်လည်း ကြီးမားနိုင်ခန့်တဲ့ မြခြူးရဲ့အချစ်စွမ်းအားတွေနဲ့ ကိုကို့ကို သိမ်းပိုက်ပါ မြခြူးရယ်၊ ကိုယ့်တခုလုံးကိုမြခြူးအပိုင်ယူပါ၊ ပြီးတော့ ကိုကို့ရဲ့ကိုယ်ပွားလေးတွေ မွေးဖွားပေးပြီး မိသားစုဘဝလေးတည်ဆောက်ပေးပါနော်"

"ကိုကို့ရယ်"

"အဟမ်း အဟမ်း"

အချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းများဖြင့် ကိုကို့မျက်နှာနားတိုးကပ်နေဆဲမှာ ကိုကြီးရဲ့ချောင်းဟန့်သံကြောင့် ပြုံးပျာထိတ်လန့်၍ နောက်ဆုတ်လိုက်ရ၏။ အားနာမှုများဖြင့် ထထိုင်ဖို့ ကြိုးစားလိုက်သော ကိုကို့မျက်နှာလေး ရှုံ့မဲ့သွားသည်မို့

"အို ကိုကို မထနဲ့လေ၊ အရမ်းနာနေမှာပေါ့"

"နင် အကဲမပိုစမ်းပါနဲ့၊ ဒီကောင်မသေနိုင်တော့ပါဘူး။ ကောင်း ကောင် နေသာလား"





"အေး အေး ကောင်းပါတယ်"

"မြန်မြန်နေကောင်းအောင်လုပ် ဟိတ်ကောင်၊ ငါ့ညီမကို တင့်တောင့်တင့်တယ် မိစုံဖစုံနဲ့ မင်္ဂလာထပ်ဆောင်ပေးရမယ်"

"ဟာ အေးပါကွာ ကျေးဇူးပါပဲ သက်တင်ရာ၊ ငါ့ကိုခွင့်လွှတ်နားလည်ပေးတာ တကယ်ကျေးဇူးတင်ပါတယ်ကွာ၊ မြခြူးလေးကို ငါ သေတပန်သက်တစ်ဆုံး ရိုးမြေကျ သစ္စာရှိရှိနဲ့ပေးဆပ်မှာပါ၊ ငါ့ကိုစိတ်ချယုံကြည်ပါတော့ သူငယ်ချင်း"

"ဟိတ်ကောင် အခုသူငယ်ချင်းမဟုတ်တော့ဘူး၊ နှမပေးထားရတာ"

"ဩော် အေး ဟုတ်သားပဲ၊ နှမပေး ယောက်ဖ"

"အေးပါ မင်းအသားယူလို့ကောင်းသွားတာပဲ၊ ငါကလည်း မင်းကိုကျေးဇူးတင်ပါတယ်၊ ငါ့ညီမလေးအပေါ် မင်းရဲ့စိတ်တွေ ပြောင်းလဲပေးလို့"

"စိတ်တွေကိုပြောင်းလဲလိုက်ရတဲ့အတွက် ငါ့စိတ်တွေ အရမ်းအေးချမ်းသွားပါပြီ၊ မိသားစု ဖနီးမယား ပတ်ဝန်းကျင် သူငယ်ချင်း အပေါင်းအသင်း၊ အားလုံးက ငါ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့အရာတွေပါပဲ၊ ငါ တစ်သက်လုံး တန်ဖိုးထားသွားမှာပါ"

"ကဲ သားလေး ကျန်းမာပါစေ၊ အားလုံးက ဆုတောင်းပေးမယ် သားက အမြန်ဆုံး သက်သာအောင် ကြိုးစား ဟုတ်ပြီလား၊ ဒါမှ သားနဲ့ချွေးမလေးရဲ့မင်္ဂလာပွဲကို အမြန်ဆုံးထပ်လုပ်ရမှာ"

"အခုကို နေကောင်းသွားပါပြီ ဖေဖေ"

"ဟော့ အဲလိုတော့ မလောနဲ့၊ စိတ်ကလေးတော့ နည်းနည်းရှည်ထားပါ"



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ထားလို့မရတော့ဘူး၊ ခဏလောက် အလိုက်တသိလေး ရှောင်ပေးကြပါလား"

"ဘာကွ"

သက်တင် အသံကျယ်ကျယ်ဖြင့်အော်တော့ အားလုံးရဲ့မျက်နှာတွေ ပြုံးသွားကြသည်။ ထိုအထဲမှာ မြခြူးယံအပြုံးကတော့ အချစ်များဖြင့် ပို၍လှပနေ၏။ အချစ်က နူးညံ့ခြင်းသဘောဖြင့် သိမ်မွေ့စွာ ဆွဲဆောင်တတ်လေရာ အသိမ်းပိုက်ခံနှလုံးသားများက လွန်ဆန်မှုမဲ့ကာ ကျရှုံးလျက်. . .။

လင်းရောင်နီ ချစ်တတ်သွားတာ သေချာပါပြီ. . .။

BURMESE CLASSIC

ပရိသတ်အတွက်
အမြဲတမ်း
ဂျူး



www.burmeseclassic.com